ဗေသနိမြန်မာစာပေ

# ကောလောသဲ ဩဝါဒစာ

ချားလ် (စ်) တန်

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသည့်ခုနှစ် | - | ၂၀၂၂၊ မေလ |
| ထုတ်ဝေသူ | - | ဦးသောမတ်(စ်)ဇာတီလ်<br>(၀၂၇၄၈)၊ ပေသနိမြန်မာစာပေ၊<br>၁၁၂/ခ၊ အထက်မင်းကြီးလမ်း၊<br>အရှေ့ရွာမ၊ အင်းစိန်၊ ရန်ကုန်။ |
| ပုံနှိပ်ခြင်း | - | နှစ်ခြင်းပုံနှိပ်တိုက်<br>၁၄၃၊ မင်းရဲကျော်စွာလမ်း၊<br>၈-ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ |
| တည်းဖြတ်သူ | - | မ လွမ်းသူ (ပဲခူး) |
| မျက်နာဖုံးနှင့် အတွင်းဒီဇိုင်း | - | လင်းအောင် |
| အုပ်ရေ | - | ၃၀၀ |
| တန်ဖိုး | - | |
| အကြိမ် | - | ပထမအကြိမ် |

# မာတိကာ


| **အခန်း** | | **စာမျက်နှာ** |
|---|---|---|
| စာရေးသူ၏အမှာစကား | | ၂ |
| ဘာသာပြန်သူ၏ အမှာစကား | | ၃ |
| နိဒါန်း | | ၄ |
| အခန်း(၁) | အသင်းတော်တည်းဟူသော ကိုယ်၏ဦးခေါင်း | ၆ |
| အခန်း(၂) | ထိုသခင်၌ ကျင်လည်ခြင်း | ၈၁ |
| အခန်း(၃) | ခရစ်တော်၏ နှုတ်ကပတ်တရားတော် | ၁၄၁ |
| အခန်း(၄) | ကာလအချိန်ကို ရွေးနှုတ်ခြင်း | ၁၇၉ |

# စာရေးသူ၏ အမှာစကား

## အရာရာ၌ ထူးမြတ်ခြင်းငှာ

ကောလောသဲအသင်းတော်သို့ ရေးသားသောစာ၌ တမန်တော် ပေါလု၏ ရည်ရွယ်ချက်များအနက် တစ်ခုမှာ သခင်ခရစ်တော်ယေရှုကို ချီးမွမ်း ထောပနာပြုရန် ဖြစ်သည်။

*အသင်းတော်တည်းဟူသော ကိုယ်၏ဦးခေါင်းဖြစ်တော်မူ၏။ အရာရာ၌ ထူးမြတ်ခြင်းငှါ မူလအရင်းဖြစ်၍၊ သေသောသူတို့တွင် သားဦးဖြစ် တော်မူ၏(ကော ၁း၁၈)။* ယေရှုခရစ်တော်၏ ထူးမြတ်ခြင်းသည် တမန်တော်ပေါလု၏ စိတ်နှလုံးတွင်း၌ ထင်ရှားစွာ နေရာယူထားသည်။ အကြောင်းမှာ သခင်ခရစ်တော်သည် -

၁။ အသင်းတော်တည်းဟူသော ကိုယ်၏ဦးခေါင်းဖြစ်သည်။

၂။ သေသောသူတို့တွင် သားဦးဖြစ်သည်။

၃။ အရာရာ၌ ထူးမြတ်ခြင်းငှာ မူလအရင်း ဖြစ်သည်။

တမန်တော်ပေါလုက ရှိနှင့်ပြီးသောအမှန်တရားများကို ဓမ္မကြောင်းကျကျ ရေးသားဖော်ပြရခြင်းသာ ဖြစ်သည်။ *'(သင်တို့သည်) စုံလင်ခြင်းရှိကြ၏။'* ကျွန်ုပ် တို့သည် သခင်ခရစ်တော်၌ စုံလင်ခြင်း ရှိကြသည် ဟူသောအမှန် တရား ကိုလည်း ရှင်ပေါလုအတိအလင်း ဖော်ပြလိုသည်။

*အကြောင်းမူကား၊ ဘုရားသခင်၏ဇာတိအဖြစ်တော်၏။ ပြည့်စုံခြင်းအပေါင်း သည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏။ အထွဋ်အမြတ် အာဏာစက်ရှိသမျှကို အုပ်စိုးတော်မူသော ထိုသခင်၌ သင်တို့သည် စုံလင်ခြင်းရှိကြ၏ (ကော ၂း၉-၁၀)။*

ကျွန်ုပ်တို့၏ ဝိညာဉ်ရေး လိုအပ်ချက်များအားလုံး သခင်ယေရှု ခရစ်တော် ၌ ရရှိပြီး ပြည့်စုံနေသည်ဟု သိရခြင်းသည် အလွန်အံ့ဩဖွယ်ကောင်းသော ဖြစ်သည်။ ကောလောသဲဩဝါဒစာမှ ခရစ်တော်၏ထူးမြတ်ခြင်းကို ရှာဖွေတွေ့ ရှိနိုင်ကြပါစေ။

**ပါစတာ ချားလ်(စ်) တန်**

# ဘာသာပြန်သူ၏အမှာစကား

ကောလောသဲဩဝါဒစာ၌ တမန်တော် ပေါလုသည် သခင်ယေရှုခရစ်တော်၏ ထူးမြတ်ခြင်းကို အဓိကထားဖော်ပြထားသောကြောင့် ခရစ်ယာန်များအတွက် အလွန်ပင် အရေးပါသော စာအုပ်ဖြစ်ပါသည်။ ပါစတာချားလ်(စ်)တန်သည် ကောလောသဲဩဝါဒစာကို ဆရာသမားကောင်းတစ်ဦးပီသစွာဖြင့် ကျွမ်းကျွမ်းကျင်ကျင်နှင့် ရှင်းရှင်းလင်းလင်း ထိမိစွာအနက်ဖွင့်ဖော်ပြထားသည်။

ဤစာအုပ်သည် ကောလောသဲဩဝါဒစာကို လေ့လာသူတိုင်းအတွက် အထောက်အကူ ဖြစ်လိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ကျွန်ုပ်၏ မြန်မာစာအရေးအသား ပို၍ပြတ်သားရှင်းလင်းစေရန် အကောင်းဆုံး တည်းဖြတ်ပေးပါသော ဆရာမဒေါ်လွမ်းသူနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် လိုအပ်သော စာအုပ်အတွင်းအပြင် ဒီဇိုင်းများ စိစစ်ရေးဆွဲပေးပါသော ဆရာလင်းအောင်တို့အား အထူး ကျေးဇူးတင်ပါသည်။ ဤစာအုပ်၏ မစုံလင်၊ မပြည့်စုံခြင်း အမျိုးမျိုးတို့သည် ဘာသာပြန်သူ ကျွန်ုပ်၏ အားနည်းချက်များသာ ဖြစ်ကြောင်း ရိုးသားစွာ ဝန်ခံပါသည်။

ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့၌ အစဉ်ကြီးပွားနိုင်ကြစေကြောင်း ဆုတောင်းလျက် -

ကျေးဇူးတော်မြတ်၌
ပါစတာ သောမတ်(စ်)ဇာတီလ်
၂၀၂၂၊ ဩဂုတ်လ

# နိဒါန်း

**မိတ်ဆက်ခြင်း**

**၁။ ကောလောသဲ ဩဝါဒစာ ရေးသူ**

က။ တမန်တော် ပေါလုသည် ကောလောသဲ ဩဝါဒစာ ရေးသူဖြစ်သည်။ (ကော ၁း၁)

ခ။ ရောမမြို့၌ ပေါလု ထောင်သားဖြစ်နေစဉ် ရေးသားသောကြောင့် *ထောင်မှ ရေးသောပေးစာ'* ဟု ခေါ်ကြသည်။

**၂။ ကောလောသဲ**

က။ ဖြူဂိပြည်ရှိ မြို့ဖြစ်သည်။

ခ။ ဖြူဂိပြည်သည် ရောမကိုလိုနီ ဖြစ်သည်။

ဂ။ တစ်ပါးအမျိုးသားများ ထူထပ်သော နေရာဖြစ်သည်။

ဃ။ ထိုမြို့၌ ယုဒလူမျိုးအသိုင်းအဝိုင်းလည်း အခိုင်အမာ ရှိသည်။

**၃။ ကောလောသဲအသင်းတော် တည်ထောင်သူ**

က။ ပေါလုသည် ကောလောသဲ အသင်းတော် တည်ထောင်သူ မဟုတ်။

ခ။ ထိုအသင်းတော်ကိုတည်ထောင်သူမှာ ဧပဖြ ဖြစ်နိုင်ချေ ရှိသည်။ (ကော ၁း၅-၇)

**၄။ ကောလောသဲ အသင်းတော်ရှိ အဓိက ပြဿနာ**

က။ အသင်းတော်သည် မိစ္ဆာဒိဋ္ဌိ တစ်မျိုးဖြစ်သော နော့စ်တစ်ဝါဒ (Incipient Gnosticism) ၏ လွှမ်းမိုးမှုကို ခံရသည်။

(၁) ခရစ်တော်၏ဘုရားဖြစ်ခြင်းအပေါ် သံသယရှိကြသည်။

(၂) လျှို့ဝှက်ထားသော အသိပညာ (Secret knowledge) သည် စစ်မှန်သော ကယ်တင်ခြင်းအဖို့ မရှိမဖြစ် လိုအပ်သည်။

ခ။ ဤမှားယွင်းသောသွန်သင်ချက်သည် ယုဒဘာသာကို အငွေ့အသက် လွှမ်းမိုးလျက်ရှိသည်။

(၁) အရေဖျားလှီးခြင်းသည် ကယ်တင်ခြင်းရရန် မရှိမဖြစ်သော အရာဖြစ်သည်။

(၂) ယုဒဘာသာ၏စည်းမျဉ်းများနှင့် ဘာသာရေးပွဲများကို လိုက်နာ စောင့်ရှောက်ရမည်။

## ၅။ ပေါလုသည် ယုံကြည်ခြင်းကို ခုခံကာကွယ်သူ

က။ တမန်တော်တို့၏ သမိုင်းဝင် ယုံကြည်ချက်ကို ခုခံကာကွယ်ရန် ပေါလုသည် ကောလောသဲလူတို့ထံ စာရေးခဲ့သည်။

ခ။ နော့စ်တစ်ဝါဒ ဟု လူသိများသော မိစ္ဆာဒိဋ္ဌိကို ဆန့်ကျင်တိုက်လှန်ရန် ပေါလု ရေးသားခဲ့ခြင်းဖြစ်သည်။

ဂ။ ပေါလု၏ အဓိကပြင်ဆင်ချက်မှာ ခိုင်ခံ့သော ခရစ်တော်ဗဟိုပြု ဓမ္မသဘောတရားကို တင်ပြရန်ဖြစ်သည်။

## ၆။ ကောလောသဲသြဝါဒစာမှ မျက်မှောက်ကာလဆင်ခြင်ခွန်အားယူရန် အချက်များ-

က။ ခရစ်ယာန်တို့၏ယုံကြည်ခံယူချက်ကို ခုခံကာကွယ်တတ်ပြီး သင်ယူကြရန်။

ခ။ ခရစ်တော်ကို ဗဟိုပြုအခြေခံသော ယုံကြည်ခြင်း တည်ဆောက်ကြရန်။

ဂ။ ယေရှုခရစ်၌သာ ရရှိသော အသိပညာ (knowledge) နှင့် ဉာဏ်ပညာ (wisdom) တို့၌ အစဉ်ကြီးထွားကြစေရန်။

# အခန်း (၁)

## အသင်းတော်တည်းဟူသော ကိုယ်၏ဦးခေါင်း

## 'ဘုရားသခင်၏အလိုတော်အားဖြင့် ယေရှုခရစ်၏ တမန်တော်ဖြစ်သော ငါပေါလု'
## (ကော ၁း၁)

ထင်ရှားကျော်ကြားသော ဘုရားသခင်၏ အစေခံကျွန် ပေါလုသည် ကောလောသဲ အသင်းတော်သို့ စာရေးသောအခါ မိမိကိုယ်ကို သခင်ယေရှု ခရစ်တော်၏ ကျွန်ဖြစ်ကြောင်း အတိအလင်း ဝန်ခံပြောဆိုသည်။

*ဘုရားသခင်၏ အလိုတော်အားဖြင့် ယေရှုခရစ်၏ တမန်တော်ဖြစ်သော ငါပေါလုနှင့် ငါ့ညီ တိမောသေသည်၊- (ကော ၁း၁)*

### ၁။ 'ယေရှုခရစ်၏တမန်တော်ဖြစ်သော ငါပေါလု'

က။ ပေါလုသည် ဤသို့ ထုံးတမ်းစဉ်လာနှင့်အညီ မိမိကိုယ်ကို မိတ်ဆက်ရန် ရွေးချယ်သည်။

ခ။ ထိုသို့ လုပ်ဆောင်ရခြင်း အကြောင်းရင်းမှာ-

(၁) ကောလောသဲအသင်းသူအသင်းသားများက ပေါလုကို မသိသေး သောကြောင့်ဇင်း၊

(၂) ခရစ်တော်၏ကိုယ်စားပြု တမန်တော်ဖြစ်ကြောင်းသိစေလိုသောကြောင့်ဇင်း၊

(၃) တမန်တော်ဟူသည်မှာ သခင်ခရစ်တော်ထံမှရရှိသည့်အခွင့် အာဏာနှင့် သက်ရှင်လှုပ်ရှားသူများဖြစ်ကြောင်း လူအများကလက်ခံထားသောကြောင့်ဇင်း၊

(၄) သို့မှသာ ရှင်ပေါလုရေးသားသည့်သြဝါဒစာ၏ ကြီးမားသောလေးနက်မှုကို ပိုမိုပေါ်လွင်စေမည်ဖြစ်သောကြောင့်ဇင်း ဖြစ်သည်။

### ၂။ 'ဘုရားသခင်၏ အလိုတော်အားဖြင့်'

က။ ပေါလုသည် ခိုင်ခံ့သော ထွက်ဆိုမှုကို ပြုခဲ့သည်။

ခ။ သူ၏တမန်တော်ဖြစ်ခြင်းမှာ ဘုရားသခင်၏အလိုတော်ကြောင့်ဖြစ်သည်။

ဂ။ သခင်ယေရှုခရစ်၏တမန်တော်အရာ၌ ပေါလုကို ခန့်ထားခြင်းသည် သခင်ဘုရား၌သာ ရှိသောလုပ်ပိုင်ခွင့်အာဏာ ဖြစ်သည်။

ဃ။ ဘုရားသခင်၏နာမတော်ကို အကျိုးအကြောင်းသင့်စွာ တိုင်တည်ထားသည်။
င။ ပေါလု၏ တမန်တော်ဖြစ်ခြင်းမှာ -
(၁) လူတို့ထံမှ မဟုတ်၊
(၂) မိမိအလိုအလျောက် သတ်မှတ်ခြင်းလည်း မဟုတ်။

## ၃။ '. . . နှင့် ငါ့ညီ တိမောသေသည်'

က။ ပေါလုသည် တိမောသေကို မိမိ၏သားအဖြစ် မိတ်ဆက်ပေးခြင်းမပြုပါ။
ခ။ ဤအချက်သည် သူရွေးချယ်သော ထုံးတမ်းအစဉ်အလာနှင့် သဟဇာတဖြစ်သည်။
ဂ။ တိမောသေကို သားအဖြစ် မိတ်ဆက်ရန် နက်ရှိုင်းသော ခင်မင်ရင်းနှီးမှုမျိုး ရှိနေရန် လိုအပ်မည် ဖြစ်သည်။
ဃ။ ထုံးတမ်းနှင့်အညီ မိတ်ဆက်ရာ၌ တိမောသေကို *'ငါ့ညီ'* ဟု မိတ်ဆက် ရခြင်းမှာ အလွန်သင့်လျော်ပေသည်။
(၁) ခရစ်တော်၌ ယုံကြည်သူအချင်းချင်းအား ဤသို့ခေါ်ဝေါ်သမုတ် ခြင်းသည် အစဉ်အလာဖြစ်သည်။
(၂) တိမောသေသည် တမန်တော်ပေါလု၏ခင်မင်ရင်းနှီးသော လုပ်ဖော်ဆောင်ဖက်ဖြစ်ကြောင်း သိရသည်။
(၃) *'ငါ့ညီ'* ဟု ခေါ်ရခြင်းသည် တိမောသေအပေါ် ပေါလုထားသောမေတ္တာနှင့် ခင်မင်မှုကို ထင်ရှားစွာ ဖော်ပြခြင်းပင်ဖြစ်သည်။

# 'သန့်ရှင်းသူတည်းဟူသော၊ခရစ်တော်ကို ယုံကြည်သော ညီအစ်ကိုတို့' (ကော ၁း၂)

## ဩဝါဒစာ လက်ခံသူများ

ပေါလုသည် ကောလောသဲအသင်းတော်သို့ စာရေးသောအခါ ဓမ္မပညာ (Theology) ကိုနှစ်သက်လိုလားစွာ အသုံးပြုသည်။ သူ၏အမြင်အရ ဘဝအသက်တာနှင့် ဓမ္မပညာတို့သည် တစ်ခုနှင့်တစ်ခု ပတ်သက်ဆက်နွယ်နေကြ သည်။

*ကောလောသဲမြို့၌နေသော သန့်ရှင်းသူတည်းဟူသော ခရစ်တော်ကို ယုံကြည်သောညီအစ်ကိုတို့ကို ကြားလိုက်ပါ၏။ သခင်ယေရှုခရစ်နှင့် ငါတို့အဘတည်းဟူသော ဘုရားသခင့်အထံတော်က ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော။ (ကော ၁း၂)*

## ၁။ ကောလောသဲယုံကြည်သူတို့အား တိုက်ရိုက် ရည်ရွယ်လျက်

က။ သူတို့ကို '*သန့်ရှင်းသူ*' ဟု ခေါ်သည်။

(၁) စာသားအဓိပ္ပာယ်မှာ '*သန့်ရှင်းသောသူတို့*' ဖြစ်သည်။

(၂) တစ်နည်းအားဖြင့် '*သန့်ရှင်းစင်ကြယ်သူများဟု သတ်မှတ်ခြင်းခံရ သောသူတို့*' ဟုလည်း ဆိုနိုင်သည်။

(၃) ယုံကြည်သူများကို သန့်ရှင်းသူများ ဟု ခေါ်ရခြင်းမှာ ယေရှုခရစ်တော်ကို ယုံကြည်ကိုးစားသောကြောင့် ဖြစ်သည်။

(၄) ခရစ်တော်၏ ကယ်တင်ခြင်းအမှုကြောင့် ယုံကြည်သူတို့ကို '*သန့်ရှင်းသောသူတို့*' ဟု ခေါ်နိုင်ပေသည်။

ခ။ သူတို့ကို '*ယုံကြည်သော ညီအစ်ကိုတို့*' ဟုလည်း ခေါ်သည်။

(၁) တိမောသေသည် ပေါလု၏ညီအစ်ကို ဖြစ်သကဲ့သို့ သူတို့သည်လည်း ပေါလု၏ '*ညီအစ်ကိုများ*' ဖြစ်ကြသည်။

(၂) ယုံကြည်သူတို့သည် ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ သားသမီးများ ဖြစ်လာကြသည်။ (ယော ၁း၁၂)

(၃) ဤ '*ညီအစ်ကိုတို့*' ၌ အမျိုးသမီးများလည်း ပါဝင်သည်။

(၄) '*ယုံကြည်သော*' ဟူသည့် စကားလုံးသည် အထူးပြုလိုသော သဘော ဖြစ်သည်နှင့်အညီ ပေါလုသည် ကောလောသဲ ယုံကြည်သူတို့ကို ချီး မွမ်းခြင်းလည်း ဖြစ်သည်။ သူတို့သည် ယုံကြည်ရသောသူ၊ သစ္စာရှိသော သူများဖြစ်ကြသည်။

**၂။ ကောလောသဲယုံကြည်သူတို့ တည်ရှိရာနေရာ**

က။ ဝိညာဉ်ရေး၌ သူတို့သည် '*သန့်ရှင်းသောသူများ၊ ခရစ်တော်၌ ယုံကြည် ရသော၊ သစ္စာရှိသော ညီအစ်ကိုများ*' ဖြစ်ကြသည်။

ခ။ ပထဝီအနေအထားအရ သူတို့သည် ကောလောသဲ မြို့၌ နေထိုင်ကြသည်။

**၃။ ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်း**

က။ ဤကောင်းချီးမင်္ဂလာတို့သည် ပုံမှန်အားဖြင့် အဖခမည်းတော်ထံမှသာ ဖြစ်ကြသည်။

ခ။ ပေါလုက ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သခင်ယေရှုခရစ်တော်ထံမှ ကရုဏာတော်သက်သက် ဖြစ်ကြောင်းဖော်ပြသည်။ ထို ဖော်ပြချက်သည် လည်း ဓမ္မကြောင်းနှင့် လုံးဝဆန့်ကျင်ခြင်း မရှိပါ။

**၄။ အရေးပါသော စကားဆက်သုံးခြင်း**

က။ စကားဆက် '*နှင့်*' ကို အသုံးပြုသည်။

ခ။ ဂရိဘာသာပညာအရ ဤ စကားဆက်ကို ပါရတိတ်တဒ် စကားဆက် (the paratactic kai) ဟုခေါ်သည်။ ၄င်း အသုံးအနှုန်းအရ အဖခမည်း တော်နှင့် သခင်ယေရှုခရစ်တော်သည် ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းတို့ အား ပေးသနားတော်မူရာ၌ အတူတကွပါဝင်ကြသည်။

## သခင်ယေရှုခရစ်နှင့် ငါတို့အဘတည်းဟူသော ဘုရားသခင့်အထံတော်က ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော . . .။ (ကော ၁း၂)

### ထုံးစံဖြစ်သော်လည်း ပို၍ရင်းနှီးစွာ

တမန်တော် ပေါလုသည် ကောလောသဲဩဝါဒစာကို ထုံးစံအတိုင်း အစပြုခဲ့သော်လည်း ခင်မင်ရင်းနှီးမှု မရှိကြောင့် မဟုတ်ပါ။ ကောလောသဲလူတို့အတွက် ဆုတောင်းပေးခြင်းဖြင့် သူတို့ကို ခင်မင်ရင်းနှီးကြောင်း ထင်ရှားခဲ့သည်။

> *ကောလောသဲမြို့၌နေသော သန့်ရှင်းသူတည်းဟူသော ခရစ်တော်ကို ယုံကြည်သောညီအစ်ကိုတို့ကို ကြားလိုက်ပါ၏။ သခင်ယေရှုခရစ်နှင့် ငါတို့အဘတည်းဟူသော ဘုရားသခင်အထံတော်က ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော။ (ကော ၁း၂)*

### ၁။ 'ငါတို့' (၁း၂၊ ၄)

က။ ပေါလုသည် ဤသို့ *'ငါတို့'*ဟု ဆိုရာ၌ တိမောသေ ပါဝင်စေကြောင်း ထင်ရှားသည်။

ခ။ ကောလောသဲလူတို့အတွက် ပေါလုနှင့်တိမောသေတို့ အဘယ်မျှလောက် ဆုတောင်းကြမည်ကို တွေးသိနိုင်ပါသည်။

### ၂။ 'ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်း'

က။ ပေါလုနှင့် တိမောသေသည် ကောလောသဲယုံကြည်သူတို့အတွက် တစ်ခါတစ်ရံသာ ထုံးစံအတိုင်း ဆုတောင်းပေးကြသည် မဟုတ်။

ခ။ သူတို့သည် ကျေးဇူးတော်ကို အစဉ် အောက်မေ့လျက် ရှိကြသည်။

ဂ။ ဘုရားသခင့်ထံမှ လာသော ငြိမ်သက်ခြင်းအတွက်လည်း ကျေးဇူးတော်ချီးမွမ်းကြသည်။

## ၃။ 'သခင်ယေရှုခရစ်နှင့် ငါတို့အဘတည်းဟူသော ဘုရားသခင့်'

 က။ ပေါလုသည် ဤဩဝါဒစာ၌လည်း သူပြုနေကျထုံးစံအတိုင်း ရေးသားပြောဆိုသည်။

ခ။ ဆုတောင်းချက်များအားလုံးသည် ခမည်းတော်ဘုရားသခင်ထံ ဦးတည်ရမည်။

(၁) ဤအချက်သည်ခရစ်တော်၏သွန်သင်ချက်နှင့်ညီသည်။ (မဿဲ ၆း၉)

(၂) ထိုသို့ပြုခြင်းသည် ခရစ်တော်ကိုယ်တိုင် ဆုတောင်းသည့်နည်း နှင့် ကိုက်ညီသည်။ (ယောဟန် ၁၇း၁)

ဂ။ ဘုရားသခင်အား သခင်ယေရှုခရစ်တော်၏ အဘခမည်းတော်အဖြစ် ဂုဏ်ပြုသတ်မှတ်သည်။

(၁) ဤအမှန်တရားကို ခရစ်တော်ကိုယ်တိုင် သွန်သင်ခဲ့သည်။

(၂) ဤသို့သော သွန်သင်ချက်သည် ခရစ်ဝင်ကျမ်းအားလုံးနှင့်လည်း ကိုက်ညီသည်။

(၃) သူက သူ့ခမည်းတော်ကို ချစ်သည်နည်းတူ သူ့တပည့်သားများ ဘုရားသခင်ကို သိ၍ ချစ်ကြရန် ခရစ်တော် အလိုရှိသည်။

(၄) ထို့ကြောင့် ယေရှုခရစ်သည် ဘုရားသခင်ကို 'ငါ့ခမည်းတော်' ဟု အစဉ်အမြဲခေါ်သည်။

## ၄။ 'သင်တို့၌ ရှိပါစေသော'

က။ ဆုတောင်းချက်နှင့် ကျေးဇူးတော်ချီးမွမ်းခြင်းဖြစ်သည်။

ဤနှစ်ချက်တို့သည် ဒွန်တွဲလျက်ဖြစ်နေသောအရာများ ဖြစ်ကြသည်။

ခ။ သင်တို့ အတွက်ဆုတောင်းပေးသည်။

(၁) ကောလောသဲယုံကြည်သူတို့အတွက် ဆုတောင်းခြင်းဟူသည် ငြီးငွေ့ဖွယ်သော အရာမဟုတ်။

(၂) ဘုရားသခင် ခမည်းတော်ဘုရားအား ချီးမွမ်းခြင်းနှင့် သူ့ထံတော်၌ ဆုတောင်းရခြင်းသည် ဝမ်းမြောက်ဖွယ်ဖြစ်သည်။

(၃) ပေါလု ကိုယ်တိုင်သည် ကိုယ်စားပြုဆုတောင်းခြင်း၌ မွေ့လျော်တတ်သောသူ ဖြစ်သည်။

# 'သင်တို့သည် ယေရှုခရစ်ကို ယုံကြည်၍. . .'
# (ကော ၁း၃)

## ခရစ်တော်ကို ယုံကြည်ခြင်း

သူတစ်ပါးအတွက်ဆုတောင်းရာ၌ မည်သည့်အရာက ဝမ်းမြောက်စေသနည်း။ အောက်ပါကျမ်းချက်၌ ထိုသို့ဝမ်းမြောက်ရခြင်း၏ အရင်းအမြစ်ကို တစေ့တစောင်းတွေ့ရသည်။

*သင်တို့သည် ယေရှုခရစ်ကိုယုံကြည်၍၊ သန့်ရှင်းသူအပေါင်းတို့ကိုချစ်ကြသည် ဟု ငါတို့သည်ကြားသဖြင့်ငင်း၊ (ကော ၁း၃-၄)*

## ၁။ 'ငါတို့သည် ကြားသဖြင့်'

က။ *'ကြားသဖြင့်'* ကို *'ကြားသောအခါ'* ဟုလည်း ပြန်ဆိုနိုင်သည်။

ခ။ ဂရိဘာသာစကား ဝါကျ ဖွဲ့စည်းပုံအရ 'ကြားသဖြင့်' သည် အချိန်ပြပုဒ်ဖြစ်သည်။

(၁) ပေါလုသည် ကောလောသဲလူတို့၏ ယုံကြည်ခြင်းကို ဧပဖြ ထံမှကြားသိရသည်။

(၂) ထိုသို့ သူတို့၏ယုံကြည်ခြင်းသတင်းကို ကြားသိရသောအခါ ပေါလု၏ နှလုံးသားမှ ဘုရားသခင်ခမည်းတော်ဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်းလျက် ရှိသည်။

## ၂။ မှတ်သားအပ်သော အချက်နှစ်ချက်

က။ *'ယေရှုကို ယုံကြည်'*

(၁) အခြားသောသူတို့က ခရစ်တော်ကို ယုံကြည်လာကြကြောင်း သိရသောအခါ နှလုံးသားသည် အလိုအလျောက် ဝမ်းမြောက်လျက်ရှိရမည်။

(၂) ခရစ်တော်အား ယုံကြည်ခြင်းသည် အသက်ဝိညာဉ်အတွက် ကယ်တင်ခြင်းအမှု ပြီးစီးကြောင်း ဖြစ်သည်။

(၃) အပြစ်သားများကို ရွေးနှုတ်ခံခြင်း ဖြစ်သည်။

(၄) ထို ကယ်တင်ခြင်း ရသောသူသည် ဘုရားသခင်၏သား ဖြစ်ပြီး၊ သန့်ရှင်းသောသူတို့နှင့် ညီအစ်ကိုတော် သောသူ ဖြစ်သည်။

ခ။ *'၍'*

(၁) ဂရိ စကားဆက် (kai) သည် ဓမ္မသစ်ကျမ်း၌ အသုံးအများဆုံးသော စကားဆက်ဖြစ်သည်။

(၂) ထို စကားဆက်ကို အဘယ်သို့ အသုံးပြုသည်ကို နားလည်ရန် ကြိုးစားရမည် ဖြစ်သည်။ ဤနေရာ၌ '၍' ဟု ပြန်ဆိုကြောင်း တွေ့ရသည်။

(၃) ဤစကားဆက် '၍' ကို ဆက်စပ်ပေးသော အရာအဖြစ်လည်း နားလည်ရမည် ဖြစ်သည်။

(၄) ထိုသို့ဆိုလျှင်၊ ဤစကားဆက်သည် ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့ကို ဆက်သွယ်ပေးသည်။

(၅) ထို့မှမက၊ ဤစကားဆက်ကို 'ထပ်မံဖြည့်စွက်ချက်' များအား ညွှန်ပြသော စကားလုံးအဖြစ်လည်း ရှုမြင်နိုင်သည်။

ဂ။ *'သန့်ရှင်းသူအပေါင်းတို့ကို ချစ်ကြသည်'*

(၁) ခရစ်တော်ကို ယုံကြည်ကိုးစားခြင်းသည် သူတစ်ပါးကို မကြိုစဖူးသော ခံစားချက်မျိုးဖြင့် ချစ်စေသည်။ ချစ်ခြင်းမေတ္တာသည် ယုံကြည်ခြင်း၌ထပ်မံ၍ ဖြည့်စွက်ပူးပေါင်းထားသောအရာဖြစ်သည်။

(၂) ထပ်မံဖြည့်စွက်ချက်ကို ဖော်ပြသော စကားဆက်(kai)သည် ထိုသို့ သူတော်စင်များအပေါ်ထားသော ချစ်ခြင်းမေတ္တာကို သိသာစွာထင်ဟပ်စေသည်။

(၃) ဤသို့သော မေတ္တာသည် ခရစ်တော်ကို အမှန်အကန် ယုံကြည်ရာမှ ပေါက်ဖွားလာသည်။

# 'သင်တို့အဘို့ ကောင်းကင်ဘုံ၌ သိုထားသောမြော်လင့်ရာကို ထောက်သဖြင့်' (ကော ၁း၅)

## ဘုန်းကျက်သရေနှင့်ပြည့်စုံသော မျှော်လင့်ချက်

သခင်ယေရှု၌တည်သော ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် အံ့သြဖွယ်ကောင်းသော ဘုရားသခင်၏ဆုကျေးဇူးဖြစ်သည်။ အောက်ဖော်ပြပါ ကျမ်းချက်သည် ထိုသို့သော ယုံကြည်ခြင်းအား ဘုရားပေးသော ဆုကျေးဇူးဖြစ် ခြင်းကို တစေ့တစောင်း ဖော်ပြကြောင်း တွေ့ရသည်။

*သမ္မာတရားတည်းဟူသော ဧဝံဂေလိတရားကို သင်တို့သည်အထက်က ကြားသိ ကြသည်အတိုင်း သင်တို့အဘို့ကောင်းကင်ဘုံ၌သိုထားသော မျှော်လင့်ရာကို ထောက်သဖြင့်၎င်း၊ သင်တို့အဘို့အစဉ်မပြတ်ဆုတောင်း၍ ငါတို့သခင်ယေရှု ခရစ်၏ခမည်းတော်တည်းဟူသောဘုရားသခင်၏ ကျေးဇူးတော်ကိုချီးမွမ်းကြ၏။* *(ကော ၁း၅)*

### ၁။ 'ထောက်သဖြင့်'

က။ ခရစ်တော်၌တည်သော ယုံကြည်ခြင်းသည် မွန်မြတ်သော ခံစားချက်သက်သက် မဟုတ်။

ခ။ ခရစ်တော်၌တည်သော ကျွန်ုပ်တို့၏ယုံကြည်ခြင်း၌ ရှိသည့် အရေးပါသော အကြောင်းအရာ တစ်ခုကို ပေါလု ဖော်ထုတ်သည်။

ဂ။ ကျွန်ုပ်တို့ ယုံကြည်ခြင်း၌ '*ထောက်သဖြင့်*' ဟူသော အချက် ရှိသည်။

### ၂။ 'သင်တို့အဘို့ ကောင်းကင်ဘုံ၌ သိုထားသောမျှော်လင့်ရာကို ထောက်သဖြင့်'

က။ '*မျှော်လင့်ချက်*' သည် အချည်းနှီးသောစိတ်ထင်ယောင်ထင်မှားဖြစ်ခြင်း မျိုးမဟုတ်။

ခ။ ကျွန်ုပ်တို့၏ မျှော်လင့်ချက်သည် ကောင်းကင်ဘုံ၌ အခြေအမြစ်တည်လျက် ရှိသည်။

ဂ။ ခရစ်တော်ကို အမှန်ယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့သည် စိတ်ချသေချာ၍ ခိုင်ခံ့သော မျှော်လင့်ချက် ရှိကြသည်။

ဃ။ ဤ မျှော်လင့်ချက်သည် ကောင်းကင်ဘုံ၌ သိုထားလျက်ရှိသည်။
(၁) သိမ်းထားခြင်း
(၂) သီးသန့်ထားခြင်း
(၃) ထိုအရာကို အကောင်အထည်ဖော်သော ပုဂ္ဂိုလ်မှာ သခင်ယေရှု ခရစ်တော်တစ်ပါးတည်းသာ ဖြစ်သည်။

## ၃။ 'သမ္မာတရားတည်းဟူသော ဧဝံဂေလိတရားကို သင်တို့သည် အထက်က ကြားသိကြသည်အတိုင်း'

က။ ဤမျှော်လင့်ချက်သည် ဧဝံဂေလိတရား၏ အစိတ်အပိုင်း ဖြစ်သည်။
ခ။ ဤမျှော်လင့်ချက်သည် သမ္မာတရားတည်းဟူသော ဧဝံဂေလိတရား၏ အစိတ်အပိုင်း ဖြစ်သည်။

## ၄။ တိကျသော နာမ်အညွှန်းပြ စကားလုံး အာတီကယ်(လ်) (definite article) သုံးရခြင်း

က။ အောက်ပါ နာမ်များအတွက် တိကျသော နာမ်အညွှန်းပြ စကားလုံးကိုသုံးသည်။
(၁) မျှော်လင့်ချက်
(၂) သမ္မာတရား
(၃) ဧဝံဂေလိတရား
ခ။ တိကျသော နာမ်ညွှန်ပြစကားလုံး အာတီကယ်(လ်)ကို သုံးရာ၌ ရည်ရွယ်ချက် နှစ်ခုရှိသည်။
(၁) သီးခြားသတ်မှတ်ရန် နှင့်
(၂) ဟောကြားသော ဧဝံဂေလိတရား၏ အစိတ်အပိုင်းဖြစ်သည့် ထိုအမှန်တရားများကို ထင်ဟပ်စေရန် စသည်တို့ဖြစ်သည်။

## 'သင်တို့၌ အသီးသီးခြင်း . . .'
## (ကော ၁း၆)

**အသီးသီးခြင်း**

ခရစ်တော်ယေရှုကိုယ်တိုင်က သူ့တပည့်တော်များအား အသီးသီးကြရမည်ဟု သွန်သင်ခဲ့သည်။ တပည့်တော်တို့သည် အကယ်စင်စစ် ခရစ်တော်၌တည်ကြလျှင် အသီး သီးကြမည်ဖြစ်သည်။

ယေရှုခရစ်တော်၏ သွန်သင်ချက် မှန်ကန်ကြောင်း ပေါလု လုံးဝယုံကြည်လက်ခံသည်။ ပေါလုကိုယ်တိုင်သည်လည်း မိမိအသက်တာ၌ များစွာသောအသီးသီးခဲ့သည်။ သူရေးသော စာပေများ၌လည်း အသီးသီးရမည့် အကြောင်း ရေးသားခဲ့သည် (ဂလာတိ ၅း၂၂-၂၃)။ အောက်ပါကျမ်းချက်၌ ကောလောသဲ ယုံကြည်သူတို့အသက်တာ၌ သီးသောအသီးများကို ပေါလု ရေးသားဖော်ပြသည်။

> *ထိုတရားသည် လောကီနိုင်ငံတလျှောက်လုံးကို နှံ့ပြားသည်နှင့်အညီ၊ သင်တို့ရှိရာသို့ ရောက်ခဲ့ပြီ။ သင်တို့၌ အသီးသီးခြင်း၊ တိုးပွားခြင်းကိုပြုသည်နည်းတူ အရပ်ရပ်၌ပင် ပြုတတ်၏။ (ကော ၁း၆)*

**၁။ 'အသီးသီးခြင်း'**

က။ သဘာဝ ဖြစ်သည်။
ခ။ ပုံမှန် ဖြစ်စဉ်လည်း ဖြစ်သည်။
ဂ။ ဤသို့ အသီးသီးခြင်းသည် အားလုံးကလက်ခံသောအမှန်တရားဖြစ်သည်။
ဃ။ ကောလောသဲယုံကြည်သူတို့သည် အသီးသီးခြင်းကြောင့် ချီးမွမ်းခံကြရသည်။

**၂။ အရင်းအမြစ်**

က။ ဘုရားသခင်၏ ကျေးဇူးတော်
(၁) အသီးသီးခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်နှင့် တိုက်ရိုက်သက်ဆိုင်သည်။ ကျေးဇူးတော်ကြောင့်သာ အသီးသီးနိုင်ခြင်းဖြစ်သည်။
(၂) ကယ်တင်ခြင်းအမှု၌ ကျေးဇူးတော် ပါဝင်သည်။
(၃) အသီးသီးခြင်း၌လည်း ကျေးဇူးတော် ပါဝင်သည်။

ခ။ သမ္မာတရား

(၁) နှုတ်ကပတ်တော် ဖြစ်သည်။

(၂) ဧဝံဂေလိတရားတော် ဖြစ်သည်။

## ၃။ နှုတ်ကပတ်တော်ကို တုံ့ပြန်ခြင်း

က။ ကြားနာခြင်း

(၁) နားလည်သဘောပေါက်ခြင်းနှင့်

(၂) ယုံကြည်လက်ခံခြင်းတို့နှင့်အတူ ကြားနာရသည်။

ခ။ အသိပညာ

(၁) တမန်တော်များ ကိုယ်တိုင် သွန်သင်ခဲ့သော အမှန်တရား၊

(၂) ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေးလေးနက်နက် သိကျွမ်းခြင်း၊

(၃) အသိပညာသည် ပို၍ကြီးမြတ်သော ကောင်းချီးမင်္ဂလာနှင့် ပိုမို လေးနက်သော အမြင်မှန်များကို ဖြစ်ပွားစေသည်။

## 'ဧပဖြသည် သင်တို့ကို သွန်သင်သည်အတိုင်း သင်တို့သည် ကြား၍. . .' (ကော ၁း၇)

### ဧပဖြ၏ အမှုတော်ကို အသိအမှတ်ပြုခြင်း

ကောလောသဲအသင်းတော်သည် တမန်တော်ပေါလုကိုယ်တိုင် ထူထောင်သောအသင်းတော် မဟုတ်။ ဧပဖြ ဦးဆောင်မှုအောက်၌ ထို အသင်း တော်သည် ကောင်းစွာ ကြီးထွားခဲ့ခြင်းဖြစ်သည်။

*သင်တို့အမှုကိုစောင့်၍၊ ခရစ်တော်ထံ၌သစ္စာရှိသောဆရာတည်းဟူသောငါတို့ ချစ်သော ကျွန်ချင်း ဧပဖြသည် သင်တို့ကို သွန်သင်သည်အတိုင်း သင်တို့သည် ကြား၍၊ ဘုရားသခင်၏ကျေးဇူးတော်ကို မှန်ကန်စွာဝန်ခံသောနေ့မှစ၍၊ ထိုသို့သောအကျိုးရှိ၏။ (ကော ၁း၇)*

### ၁။ ကောလောသဲယုံကြည်သူတို့၏ အခန်းကဏ္ဍ

က။ သူတို့သည် ကြားနာသင်ယူခဲ့ကြသည်။

ခ။ *'ကြား'* (နာသင်ယူ) ဟူသော စကားလုံးသည် 'တပည့်' ဟူသောစကားလုံးနှင့် ဆက်နွယ်မှု ရှိသည်။

(၁) ဧပဖြ သည် သာမန်သင်ကြားခြင်းအမှုထက် ပို၍လေးနက်သောအမှုကို ဆောင်ရွက်မည်မှာ သေချာသည်။

(၂) ခရစ်တော်ကို ယုံကြည်လာသောသူတို့ကို ဧပဖြသည် အချိန်ယူ၍ တပည့်များအဖြစ် မွေးထုတ်ခဲ့မည် ဖြစ်သည်။

(၃) တပည့်တော်မွေးထုတ်ခြင်းသည် သခင်ယေရှုခရစ်၏ နည်းဗျူဟာဖြစ်သည်။

(၄) ထိုနည်းကို တမန်တော်တို့လည်း ကျင့်သုံးကြသည်။

(၅) ဧပဖြသည် တမန်တော် ပေါလု၏တပည့် ဖြစ်သည်မှာ အံ့သြစရာမဟုတ်ပါ။

(၆) သူသည် ပေါလု၏တပည့်ခံခြင်းမှ များစွာအကျိုးရသောကြောင့်၊ သူကိုယ်တိုင်လည်း အခြားသူများကို တပည့်တော်များအဖြစ် ပျိုးထောင်ပေးနေရခြင်း ဖြစ်သည်။

**၂။ ဧပဖြ၏အခန်းကဏ္ဍကို ချီးမွမ်းဂုဏ်ပြုခြင်း**

က။ သူ၏နာမည်ကို ပေါလုက ရေးသားဖော်ပြသည်။

ခ။ သူ့ကို *'ချစ်သောသူ'* ဟု တင်စား၍ခေါ်သည်။ စာသားအဓိပ္ပာယ် အရ *'အချစ်ခံရသောသူ'* (Gk. agapestos) ဟု ဆိုလိုသည်။

ဂ။ သူ့ကို *'ကျွန်ချင်း'* ဟုလည်းခေါ်သည်။

(၁) သူ၏နာမည်သည် ပေါ်လွင်ထင်ရှားသော တမန်တော်ပေါလု၏နာမည် နှင့် အတူဖော်ပြခြင်း ခံရသည်။

(၂) သူသည် ကျွန်အဖြစ် (Gk.doulos) အမှုတော်ဆောင်ခြင်းအတွက် ထိုက်တန်စွာ ဂုဏ်ပြုခြင်း ခံရသည်။

ဃ။ သူသည် ထပ်မံ၍ ဂုဏ်ပြုခြင်း ခံရသည်။

(၁) သူသည် ခရစ်တော်၏ကျွန်(Gk.diakonos) ဟု ခေါ်ခြင်းခံရသည်။

(၂) ဧပဖြသည် အနိမ့်ကျဆုံးသော အနေအထားတွင်လည်း အမှုတော် ဆောင်ရန် ပြင်ဆင်ထားသည်။

င။ ဧပဖြသည် 'သစ္စာရှိသော' သူအဖြစ်လည်း ချီးမွမ်းခြင်း ခံရသည်။

(၁) သူသည် ဉာဏ်ပညာထက်မြက်သောသူ ဖြစ်သည်။

(၂) သူသည် သူ၏လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ ဆောင်ရွက်ပြီး စီးခဲ့သည်။

**၃။ စိန်ခေါ်ချက်တစ်ခု**

ကောလောသဲယုံကြည်သူတို့သည် သခင်ဘုရားအတွက် များစွာသော အသီးသီးခဲ့ကြသည်မှာ အံ့ဩစရာ မဟုတ်ပါ။ ကျွန်ုပ်တို့လည်း သူတို့ကဲ့သို့ သခင် ဘုရားအတွက် အသီးများစွာ သီးကြပါစို့။ ကျွန်ုပ်တို့ သည်လည်း ဖြောင့်မတ်တည် ကြည်စွာ အစဉ်ရပ်တည်နိုင်ရန် လေးနက်လှသော ယုံကြည်ခြင်းသင်ခန်းစာများကို အပြီးအပိုင် သင်ယူကြပါစို့။

# 'ဝိညာဉ်ပကတိမေတ္တာ'
# (ကော ၁း၈)

## မေတ္တာ အသီးအပွင့်

ကောလောသဲယုံကြည်သူတို့၏ အသက်တာ၌တွေ့မြင်ရသည့် အရေးပါဆုံးသောအသီးအပွင့်မှာ ဝိညာဉ်ပကတိနှင့်ဆိုင်သော မေတ္တာအသီးဖြစ်သည်။

*သင်တို့၌ရှိသောဝိညာဉ်ပကတိမေတ္တာကို ဧပေဖြသည် ငါတို့အားပြခဲ့ပြီ။*
*(ရော ၁း၈)*

## ၁။ 'ပြခဲ့ပြီ'

က။ ဧပေဖြသည် တမန်တော်ပေါလုနှင့် အဆက်အသွယ်ရှိနေသည်မှာ သိသာထင်ရှားသည်။

ခ။ သူသည် ကောလောသဲရှိ အမှုတော်နှင့်စပ်လျဉ်းသော သတင်းအချက်အလက် များကို တမန်တော် ပေါလုအား အချိန်နှင့်တစ်ပြေးညီအသိပေး အကြောင်းကြား နေမည်မှာ သေချာပါသည်။

ဂ။ *'ပြခဲ့ပြီ'* ဟူသော စကားလုံး၏ အဓိပ္ပာယ် -
(၁) ဖွင့်ပြခြင်း၊
(၂) ရှင်းပြခြင်း၊
(၃) ထင်ရှားပေါ်လွင်စေခြင်း စသည်တို့ ဖြစ်သည်။

ဃ။ ဤအချက်သည် ကနဦးအသင်းတော်များ အဘယ်သို့ ရှင်သန်လှုပ်ရှားခဲ့သည်ကို အရိပ်အယောင် ဖော်ပြလျက်ရှိသည်။
(၁) တမန်တော်များသည် တမန်တော်မဟုတ်သော အသင်းတော် ခေါင်းဆောင်များနှင့် အဆက်အသွယ်ရှိကြသည်။
(၂) တမန်တော်တို့သည် ရှင်သန်ကြီးထွားလာသော အမှုတော်အမျိုးမျိုးကို အထက်မှ ဆင်ခြင်သုံးသပ်ကာ စောင့်ကြည့်နေကြသည်။
(၃) ထို့ကြောင့်သာ တမန်တော်တို့သည် အသင်းတော်များ၏လိုအပ်ချက်များ၊ ပြဿနာများနှင့် အခက်ခဲများကို ကိုယ်တိုင်အလည်အပတ်သွားခြင်း (သို့မဟုတ်) ဩဝါဒစာများ ရေးသားခြင်းဖြင့် တုံ့ပြန်ဖြေရှင်းကြခြင်းဖြစ်သည်။

## ၂။ 'သင်တို့၌ရှိသော ဝိညာဉ်ပကတိမေတ္တာ'

က။ မေတ္တာအသီး သည် ဘုရားသခင်၏ ဝိညာဉ်တော်နှင့် လုံးဝသက်ဆိုင် နေသည်မှာ အမှန်ပင်ဖြစ်သည်။

ခ။ ထိုဝိညာဉ်ဘုရားကသာ လူတစ်ဦးအား ထိုသို့ မေတ္တာအသီးကိုသီးစေနိုင်သည်။

ဂ။ ဤ ဝိညာဉ်ပကတိမေတ္တာနှင့် ဂလာတိ ၅း၂၂ တွင်ဖော်ပြထားသော ဝိညာဉ်တော်၏အသီးအပွင့်များသည် အတူတူပင်ဖြစ်သည်ဟု ယူဆလျှင် မမှားနိုင်ပါ။

## ၃။ အသီးအပွင့်၏ အစုအဖွဲ့တစ်ခု

က။ ဝိညာဉ်ပကတိမေတ္တာကို ဂလာတိ ၅း၂၂-၂၃ တွင် ဖော်ပြထားသည့်အတိုင်း နားလည်ရန်အလွန် အရေးကြီးသည်။ ထိုသို့ ဖတ်ရှု၍ အနက်အဓိပ္ပာယ်ဖွဲ့ဆိုခြင်းသည်လည်း လိမ္မာပါးနပ်ခြင်းပင် ဖြစ်သည်။

ခ။ သန့်ရှင်းသော ဝိညာဉ်တော်၏ အသီးအပွင့်သည် ဘယ်သောအခါမှ တစ်ခု၊ တစ်လုံးတည်း မဖြစ်နိုင်။

ဂ။ ဝိညာဉ်တော်၏အသီးအပွင့်များသည် တစ်ခု၊တစ်လုံးတည်း မဟုတ်ဘဲ၊ တစ်စုတစ်စည်းတည်း ဖြစ်သည်။

## ၄။ ဘုရားသခင် ဝိညာဉ်တော်၏ အလုပ်

က။ သူသည် ဧပေဖြအားဖြင့် အလုပ်လုပ်သည်။

ခ။ သူသည် ဧပေဖြဟောပြောသော သမ္မာတရားနှင့်စပ်လျဉ်းသော နှုတ်ကပတ်အမှုတော် ကို ကောင်းချီးပေးသည်။

ဂ။ ကောလောသဲယုံကြည်သူတို့သည် သင်ကြားပို့ချသော ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည်လက်ခံတုံ့ပြန်သောကြောင့် အသီးသီးကြသည်။

ဃ။ သူတို့သည် အချိန်တန်သောအခါ များစွာသော အသီးအပွင့်များကို အစုလိုက်၊ အပြုံလိုက် သီးလာကြသည်။ ထိုအသီးများစွာတို့အနက် မေတ္တာသည် ထိပ်ဆုံးက နေရာယူပြီး ဖော်ပြထားခြင်းခံရသည်။

## 'ငါတို့သည်ကြားရသည့်နေ့မှစ၍သင်တို့အဘို့အလိုငှာ အစဉ်မပြတ်ဆိုတောင်းပဌနာပြုလျက်နေကြ၏' (ကော ၁း၉-၁၀)

ဆုတောင်းခြင်းသည် ဘဝအသက်တာနှင့်အမှုတော်မြတ်၌ မရှိမဖြစ်သော အစိတ်အပိုင်းဖြစ်သည်။ တမန်တော်ပေါလုသည် ကောလောသဲသြဝါဒစာကို စတင်ရေးသားသောအခါ ဆုတောင်းခြင်းကို ရှေးဦးစွာ တင်ပြကြောင်း တွေ့ရ သည် (ကော ၁း၂-၃)။ ဆုတောင်းခြင်းသည် ပေါလု၏ဘဝအသက်တာနှင့် အမှုတော်တို့၏ အဓိကကျသော အစိတ်အပိုင်း ဖြစ်သည်။ ကောလောသဲ ယုံကြည်သူတို့အတွက် ပေါလု၏ဆုတောင်းချက်သည် လေးနက်စွာ လေ့လာ သင်ယူရန် သင့်လျော်လှ ပေသည်။

> *သင်တို့အဘို့အလို့ငှာ အစဉ်မပြတ် ဆုတောင်းပဌနာပြုလျက် နေကြ၏။ ဆုတောင်းသောအချက်ဟူမူကား၊ သင်တို့ သည်ကောင်းသောအကျင့် အမျိုးမျိုးတည်းဟူသောအသီးကို သီးခြင်း၊ ဘုရားသခင်ကိုသိသော ဉာဏ်တိုးပွါးခြင်းရှိသဖြင့်၎င်း၊ ဝမ်းမြောက်သောစိတ်နှင့်အရာရာ၌ သည်းခံခြင်း၊ စိတ်ရှည်ခြင်းအလိုငှာ၊ ဘုန်းကြီးသောတန်ခိုးတော်အတိုင်း ခွန်အားနှင့် ပြည့်စုံသဖြင့်၎င်း၊ ခမည်းတော်ဘုရား၏ကျေးဇူးတော်ကို ချီးမွမ်းလျက်၊ သခင်ဘုရားနှင့်ထိုက်လျောက်စွာ ကျင့်၍အရာရာ၌ နှစ်သက်တော်မူစေခြင်းငှာ၊ ပညာအမျိုးမျိုး၊ ဓမ္မဉာဏ်အမျိုးမျိုးအားဖြင့် အလိုတော်ကိုအကုန်အစင်နားလည်ပါမည် အကြောင်း ဆုတောင်း ပဌနာပြု၏။ (ကော ၁း၁၀-၁၁)*

### ၁။ 'ထို့ကြောင့်'

က။ ဤအကြောင်းကြောင့် ဟု ပြန်ဆိုနိုင်သည် (Gk. dia touto)။

ခ။ ပေါလုက ကောလောသဲယုံကြည်သူတို့အတွက် ဆုတောင်းပေးခြင်း အကြောင်း ရင်းကား အဘယ်နည်း။

ဂ။ တိကျသေချာစွာ ပြောရလျှင် ခရစ်တော်၌တည်သော သူတို့၏ယုံကြည်ခြင်း ကြောင့် ပေါလု ထိုသို့ဆုတောင်းပေးရခြင်း ဖြစ်သည်။ (ကော ၁း၄)

(၁) ဤယုံကြည်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သိကျွမ်းခြင်း အသိပညာမှ ရရှိသော အရာဖြစ်သည်။
(၂) ဤယုံကြည်ခြင်းသည် ကောင်းသောအသီးများစွာ သီးသည်။
(ကောသ၁း၄၊၆-၇)

## ၂။ 'ငါတို့သည် ကြားရသောနေ့မှစ၍'

က။ ဧပဖြသည် ကောလောသဲရှိ သူ့အမှုတော်နှင့်စပ်လျဉ်း၍ ပေါလုနှင့် အစဉ်အမြဲ တိုင်ပင်ဆွေးနွေးလေ့ရှိသည်။

ခ။ ပေါလုနှင့် သူ့လုပ်ဖော်ဆောင်ဖက်များသည် အသင်းတော်၏ ကြီးထွားခြင်းအရေး၌ စိတ်အားထက်သန်စွာ ပါဝင်ကြစမြဲဖြစ်သည်။

## ၃။ 'သင်တို့အဘို့အလိုငှာ အစဉ်မပြတ်ဆုတောင်း ပဌနာပြုလျက်နေကြ၏'

က။ ဆုတောင်းခြင်းသည် ပေါလုအတွက် သူ့အလိုလို ဖြစ်ပေါ်လာသောအရာဖြစ်သည်။

ခ။ ဆုတောင်းခြင်းသည် ပေါလု၏ဘဝအသက်တာနှင့် အမှုတော်၌အရေးပါသော အခန်းကဏ္ဍ တစ်ခုဖြစ်သည်။

ဂ။ ထိရောက်သော ဆုတောင်းခြင်း၌ *'အစဉ်မပြတ်ဆုတောင်းခြင်း'* ဟူသော အချက်သည် အရေးပါသော ကဏ္ဍဖြစ်သည်။

(၁) ဆုတောင်းရာ၌ လုံ့လဝီရိယရှိခြင်း
(၂) ဆုတောင်းရာ၌ သစ္စာရှိခြင်း

## ၄။ ကောလောသဲယုံကြည်သူတို့အတွက် ဆုတောင်းသော အချက်

က။ *'ဓမ္မဉာဏ်အမျိုးမျိုးအားဖြင့် အလိုတော်ကိုအကုန်အစင် နားလည်ပါမည်အကြောင်း'*

(၁) ဤ ဘုရားသခင်၏အလိုတော်သည် သမ္မာကျမ်းစာကို သိကျွမ်းခြင်း၌ တွေ့ရှိရမည်ဖြစ်သည်။
(၂) ဘုရားသခင်၏အလိုတော်သည် အချိန်ကြာလာသည်နှင့်အမျှ ဆင်ခြင်စဉ်းစားပြီး နားလည်နိုင်သည်။

ခ။ *‘ပညာအမျိုးမျိုး၊ ဓမ္မဉာဏ်အမျိုးမျိုး’*
(၁) ဝိညာဉ်ပကတိနှင့်ဆိုင်သောအမြင်(အသိညာဏ်)ကို ရည်ရွယ်သည်။
(၂) ဝိညာဉ်သဘောဆောင်သော ပါးနပ်မှုနားလည်တတ်မှုကိုလည်း ဆိုလိုသည်။

# 'ဘုရားသခင်နှင့် ထိုက်လျောက်စွာ ကျင့်၍'
# (ကော ၁း၉-၁၁)

## အသိပညာနှင့်ဉာဏ်ပညာ

အသိပညာသည် အစဉ်ကောင်းမြတ်သည်။ သို့သော် ဉာဏ်ပညာနှင့် ဝိညာဉ်ပကတိနားလည်ခြင်း တို့သည်လည်း ထပ်မံ၍ရှိရမည့် အရာများဖြစ်ကြသည်။ ဤဉာဏ်ပညာနှင့်ဝိညာဉ်ပကတိနားလည်ခြင်းတို့သည် အသိပညာ၏ အကျိုးကျေးဇူးကို ထင်ရှားစေကြသည်။ ဘုရားသခင်၏ အလိုတော်သည် အသိပညာအားဖြင့် ဆင်ခြင်သိရှိနိုင်ခြင်း မရှိ။ ဉာဏ်ပညာနှင့်ဝိညာဉ် ပကတိနားလည်ခြင်း အားဖြင့်သာလျှင် ဘုရားသခင်၏အလိုတော်ကို သိရှိနားလည် နိုင်မည်ဖြစ်သည်။

အသိပညာသည် လွယ်ကူစွာ ရယူစုဆောင်းနိုင်သော အရာဖြစ်သည်။ သို့သော် ဉာဏ်ပညာနှင့် ဝိညာဉ်ပကတိနားလည်ခြင်း တို့သည် ဘုရားသခင် ဝိညာဉ်တော်၏ ဖွင့်ပြခြင်း (ဖော်ပြခြင်း)အားဖြင့်သာ ရရှိနိုင်သည်။ ဘုရားသခင်၏ အလိုတော်ကို သိကျွမ်းနားလည်ခြင်းသည် နှိမ့်ချစွာဆုတောင်းခြင်းအားဖြင့် သတိရှိရှိ ရှာဖွေအပ်သော အရာဖြစ်သည်။

## ဘုရားသခင်၏အလိုတော်အား သိကျွမ်းနားလည်ခြင်း၏ ရည်ရွယ်ချက်

ဘုရားသခင်၏အလိုတော်ကို သိကျွမ်းနားလည်ခြင်း၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ ပေါလုသည် အောက်ပါကျမ်းချက်၌ ထိုအချက်ကို ရှင်းပြသည်။

> *ဆုတောင်းသောအချက်ဟူမူကား၊ သင်တို့သည် ကောင်းသောအကျင့် အမျိုးမျိုးတည်းဟူသောအသီးကို သီးခြင်း၊ ဘုရားသခင်ကို သိသောဉာဏ် တိုးပွါးခြင်းရှိသဖြင့်၎င်း၊ ဝမ်းမြောက်သောစိတ်နှင့်အရာရာ၌ သည်းခံခြင်း၊ စိတ်ရှည်ခြင်းအလို့ငှာ၊ ဘုန်းကြီးသောတန်ခိုးတော်အတိုင်း ခွန်အားနှင့် ပြည့်စုံသဖြင့်၎င်း၊ ခမည်းတော်ဘုရား၏ကျေးဇူးတော်ကိုချီးမွမ်း လျက်၊ သခင်ဘုရားနှင့်ထိုက်လျောက်စွာ ကျင့်၍အရာရာ၌နှစ်သက်တော်မူစေခြင်း ငှာ၊ ပညာအမျိုးမျိုး၊ ဓမ္မဉာဏ်အမျိုးမျိုးအားဖြင့်အလိုတော်ကိုအကုန်အစင် နားလည်ပါမည် အကြောင်း ဆုတောင်းပဌနာပြု၏။*
>
> *(ကော ၁း၁၀-၁၁)*

**၁။ 'သခင်ဘုရားနှင့်ထိုက်လျောက်စွာကျင့်၍'**

က။ ဤစာကြောင်းကို အဓိကရည်ရွယ်ချက် စာကြောင်းအဖြစ် နားလည်ရမည်။

ခ။ သခင်ဘုရားနှင့် ထိုက်လျောက်စွာကျင့်ခြင်းသည် ကျွန်ုပ်တို့ စိတ်နှလုံး၌ စွဲလမ်းရမည့် မှန်မြတ်သော ရည်ရွယ်ချက် တစ်ခုဖြစ်သည်။

ဂ။ ဘုရားသခင်က ကျွန်ုပ်တို့အား ပေးသနားတော်မူသော ကယ်တင်ခြင်း ဆုကျေးဇူးသည် ကျွန်ုပ်တို့အား သူ (ဘုရားသခင်)၏ ခေါ်ခြင်း နှင့် ထိုက်လျောက်စွာ ကျင့်စေသောအကြောင်းအရာ ဖြစ်ရမည်။

**၂။ ဘုရားသခင်နှင့် ထိုက်လျောက်စွာ ကျင့်နိုင်ရန် ဆင်ခြင်အပ်သော အချက်သုံးချက်**

က။ *'အရာရာ၌ (ဘုရားသခင်အား) နှစ်သက်တော်မူစေခြင်း'*

(၁) ရွေးနှုတ်ခြင်းခံသောသူတို့သည် အပြစ်ထဲ၌ ဆက်လက်အသက်မရှင်သင့်။

(၂) ထိုသူသည် မိမိအလိုဆန္ဒအတိုင်း အသက်မရှင်သင့်ချေ။

(၃) သူ၏ အသစ်သော ရည်ရွယ်ချက်သည် သခင်ဘုရားအားမည်သို့ ပို၍ နှစ်သက်စေနိုင်မည် ဟူ၍သာဖြစ်ရမည်။

(၃) ဉာဏ်ပညာနှင့်ဝိညာဉ်ပကတိနားလည်ခြင်း တို့သည် ယုံကြည်သူအား များစွာ အထောက်အကူ ပြုမည် ဖြစ်သည်။

ခ။ *'ကောင်းသောအကျင့်အမျိုးမျိုးတည်းဟူသော အသီးကိုသီးခြင်း'*

(၁) ကောလောသဲယုံကြည်သူများ အသက်တာ၌ ကောင်းသောအကျင့် အမျိုးမျိုးတည်းဟူသော အသီးအပွင့်များတွေ့ရသည်။

(၂) သို့သော် သူတို့သည် သခင်ဘုရားအတွက် များစွာသောအသီးများ ပို၍ သီးနိုင်ကြရမည် ဖြစ်သည်။

(၃) ဉာဏ်ပညာနှင့်ဝိညာဉ်ပကတိနားလည်ခြင်းသည် ယုံကြည်သူတို့အား များစွာသော အသီးများ ပို၍သီးစေနိုင်သည်။

(၄) ပညာရှိသော ယုံကြည်သူသည် ကောင်းသောအမှုအမျိုးမျိုးတို့၌ များစွာသောအသီးများ ကြွယ်ဝစွာ သီးလာနိုင်သည်။

၈။ *'ဘုရားသခင်ကို သိသောဉာဏ်တိုးပွားခြင်း ရှိသဖြင့်'*

(၁) များစွာသောအသိပညာ ဗဟုသုတများ စုဆောင်းရှာဖွေ ရမည်ဖြစ်သည်။

(၂) ယုံကြည်သူသည် ဘုရားသခင်ကို သိသောဉာဏ်တိုးပွားရန် အမြဲကြိုးစားရမည်။

(၃) မှန်ကန်စွာအသိပညာကြွယ်ဝသော ယုံကြည်သူသည် ဘုရားသခင်နှင့် ထိုက်လျောက်စွာ ပို၍ကျင့်နိုင်(အသက်ရှင်နိုင်)မည် ဖြစ်သည်။

# 'ခွန်အားနှင့် ပြည့်စုံသဖြင့်'
# (ကော ၁း၁၁)

## အရေးပါသော ဝိညာဉ်ရေး ခွန်အား

ယောရှုသည် *'အားယူ၍ ရဲရင့်ခြင်း'* ရှိရန် တိုက်တွန်းခြင်း ခံရသည် (ယောရှု ၁း၆၊၇၊၉)။ ခါနန်ပြည်ကို သိမ်းပိုက်ရန် ဣသရေလလူမျိုးတို့အား ဦးဆောင်ရာတွင် ယောရှု၌ရယူနိုင်သော ခွန်အားအပြည့်အဝ လိုအပ်မည်ဖြစ်သည်။

ပေါလုသည် သူ့အသက်တာနှင့် အမှုတော်မြတ်အတွက် ကြီးမားသော ခွန်အား ရရှိခဲ့သည်။ ဘုရားသခင်၏ကျေးဇူးတော်ကို နားလည်သဘောပေါက်ခြင်း၊ မှီခိုကိုးစားခြင်းအားဖြင့် ပေါလုသည် ဘုရားသခင်၏အစွမ်းအစကို ခွန်အား အဖြစ် ရယူနိုင်ခဲ့သည်။ (၂ ကော ၁၂း၉-၁၀)

## ခွန်အားအတွက် ဆုတောင်းပဌနာပြုခြင်း

ဘုရားသခင်၏အစွမ်းခွန်အားကို ကောလောသဲယုံကြည်သူတို့၏ အသက်တာ၌ အမှန်တကယ်လက်တွေ့ခံစားရစေကြောင်း ပေါလုဆုတောင်း ပေးခဲ့သည်။

> *ဆုတောင်းသောအချက်ဟူမူကား၊ သင်တို့သည် ကောင်းသောအကျင့် အမျိုးမျိုးတည်းဟူသောအသီးကို သီးခြင်း၊ ဘုရားသခင်ကိုသိသော ဉာဏ်တိုးပွါးခြင်းရှိသဖြင့်၎င်း၊ ဝမ်းမြောက်သောစိတ်နှင့်အရာရာ၌ သည်းခံခြင်း၊ စိတ်ရှည်ခြင်းအလို့ငှာ၊ ဘုန်းကြီးသောတန်ခိုးတော်အတိုင်း ခွန်အားနှင့် ပြည့်စုံသဖြင့်၎င်း၊ ခမည်းတော်ဘုရား၏ကျေးဇူးတော်ကို ချီးမွမ်းလျက်၊ သခင်ဘုရားနှင့်ထိုက်လျောက်စွာ ကျင့်၍အရာရာ၌ နှစ်သက်တော်မူစေခြင်းငှာ၊ ပညာအမျိုးမျိုး၊ ဓမ္မဉာဏ်အမျိုးမျိုးအားဖြင့် အလိုတော်ကိုအကုန်အစင်နားလည်ပါမည် အကြောင်း ဆုတောင်းပဌနာပြု၏။*
> *(ကော ၁း၁၁)*

**၁။ 'ဘုန်းကြီးသောတန်ခိုးတော်အတိုင်း ခွန်အားနှင့်ပြည့်စုံသဖြင့်'**

က။ *'ခွန်အား'* ဟူသော စကားလုံးသည် ဂရိဘာသာအားဖြင့် (dunamis) ကို သုံးထားကြောင်း တွေ့ရသည်။

ခ။ ပေါလု၏ ဆုတောင်းချက်မှာ ကောလောသဲယုံကြည်သူတို့သည် သူတို့ ကိုယ်တိုင် ခံစားရရှိမည့်ခွန်အားဖြင့် အသက်တာနှင့်အမှုတော်တို့၌ စိတ်အား ထက်သန်၊သက်ဝင်လှုပ်ရှား နေကြရန် ဖြစ်သည်။

ဂ။ ခွန်အားတို့ပေါင်းစည်းခြင်းဖြင့် ခွန်အားပြည့်စုံခြင်း ဟုလည်း အနက်ဖွင့် ဆိုနိုင်သည်။

ဃ။ ဤသည်မှာ *'ကြီးမားသောခွန်အား'* ဟု ဖော်ပြခြင်းပင်ဖြစ်သည်။

**၂။ 'ဘုန်းကြီးသော တန်ခိုးတော်အတိုင်း'**

က။ ဘုရားတစ်ပါးတည်းသာလျှင် ဤတန်ခိုးကို ပိုင်ဆိုင်သည်။

ခ။ သခင်ဘုရားသည် သူ၏ဘုန်းကြီးသော တန်ခိုးတော်အတိုင်း ထိုအသက် ပါသော ခွန်အားမျိုးကို အသုံးပြုနိုင်သည်။

(၁) ဘုရားသခင်၌ အမြင့်မြတ်ဆုံးသော တန်ခိုးရှိသည်။

(၂) ဤ တန်ခိုးကိုလည်း 'ဘုန်းကြီးသော' အရာအဖြစ် ဖော်ပြနိုင်သည်။

**၃။ ပိုမိုများပြားသော ရည်ရွယ်ချက်များ**

က။ ဖော်ပြပြီးသော ရည်ရွယ်ချက်များ -

(၁) ထိုက်လျောက်စွာ အသက်ရှင်ရန်

(၂) များစွာသော အသီးများ သီးရန်

(၃) အသိပညာ၊ဉာဏ်ပညာနှင့်ဝိညာဉ်ပကတိနားလည်ခြင်းတို့၌ တိုးပွား ရန် တို့ဖြစ်ကြသည်။

ခ။ နောက်ထပ် ရည်ရွယ်ချက် သုံးချက် -

(၁) သည်းခံခြင်း၊ လုံ့လဝီရိယရှိခြင်း (Gk-hupomone)

(၂) စိတ်ရှည်ခြင်း၊

(၃) ဝမ်းမြောက်ခြင်း တို့ဖြစ်ကြသည်။

သွန်သင်ပေးခြင်း တစ်မျိုးတည်းအားဖြင့် အထက်ပါအကျိုးများ မဖြစ်ထွန်းနိုင်ကြောင်း ပေါလုကောင်းကောင်းသိသည်။ သူဆုတောင်းထားသော ဤအရာများသည် ဘုရားသခင်၏တန်ခိုးတော်အားဖြင့်သာ အမှန်ဖြစ်တည် စေနိုင်ကြောင်း ပေါလုသိသည်။ ဆုတောင်းပဌနာပြုခြင်း အမှုကို ပေါလုသည် မည်သည့်အခါမှ ပေါ့ပျက်စွာ မကျင့်သုံး။ ပေါလုသည် ထိုအရာများအတွက် ဉာဏ်ပညာအပြည့်၊ ဖွဲ့လုံ့လဝီရိယအပြည့်နှင့် ဘုရားသခင်အား ချဉ်းကပ်ရမည် ဖြစ်ကြောင်း နားလည်သဘောပေါက်ခဲ့သည်။

# 'ခမည်းတော်ဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်းလျက်' (ကော ၁း၁၁)

## ကျေးဇူးတော်ကို ချီးမွမ်းလျက် ဆုတောင်းခြင်းကို အဆုံးသတ်

ခမည်းတော်ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းလျက် ဆုတောင်းခြင်းကို အဆုံးသတ်သည်မှာ အလွန်တင့်တယ်ပေသည်။ ပေါလုသည် ဤသို့ ဆုတောင်းပဌနာပြုလျက် ရှိသည်။ သူ့ဆုတောင်းတိုင်း ကျေးဇူးတော် ချီးမွမ်းခြင်းပါလျက် ရှိတတ်သည်။

> *ဆုတောင်းသောအချက်ဟူမူကား၊ သင်တို့ သည်ကောင်းသောအကျင့်အမျိုးမျိုးတည်းဟူသောအသီးကို သီးခြင်း၊ ဘုရားသခင်ကိုသိသောဉာဏ်တိုးပွါးခြင်းရှိသဖြင့်၎င်း၊ ဝမ်းမြောက်သောစိတ်နှင့်အရာရာ၌သည်းခံခြင်း၊ စိတ်ရှည်ခြင်းအလို့ငှာ၊ ဘုန်းကြီးသောတန်ခိုးတော်အတိုင်းခွန်အားနှင့် ပြည့်စုံသဖြင့်၎င်း၊ ခမည်းတော်ဘုရား၏ကျေးဇူးတော်ကိုချီးမွမ်းလျက်၊ သခင်ဘုရားနှင့်ထိုက်လျောက်စွာ ကျင့်၍အရာရာ၌နှစ်သက်တော်မူစေခြင်းငှာ၊ ပညာအမျိုးမျိုး၊ ဓမ္မဉာဏ်အမျိုးမျိုးအားဖြင့်အလိုတော်ကိုအကုန်အစင်နားလည်ပါမည် အကြောင်း ဆုတောင်းပဌနာပြု၏။ အလင်း၌နေသောသန့်ရှင်းသူတို့၏ အမွေကိုငါတို့သည်ဆက်ဆံဝင်စားထိုက်မည်အကြောင်း ကျေးဇူးတော် ပြုတော်မူ၏။*
> *(ကော ၁း၁၁-၁၂)*

### ၁။ ခမည်းတော် ဘုရား

က။ ဆုတောင်းချက်များအားလုံးသည် ခမည်းတော်ဘုရားသခင်ထံသို့ ဦးတည်ပြီး ပူဇော်အပ်နှံရမည် ဖြစ်သည်။

ခ။ ယေရှုခရစ်တော်ကိုယ်တိုင် သင်ပေးသော အရာဖြစ်သည်။ (မဿဲ ၆း၉)

ဂ။ ခရစ်ဝင်ကျမ်း၌ ရေးသားထားသော ဆုတောင်းချက်များ၌ သက်သေ သာဓကအနေဖြင့် တွေ့ရသော အချက်လည်းဖြစ်သည်။ (ယောဟန် ၁၇)

ဃ။ တမန်တော်တို့ ကိုယ်တိုင် ကျင့်သုံးသော အချက်လည်း ဖြစ်သည်။

## ၂။ **'ခမည်းတော်ဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်း'**

က။ ခမည်းတော် ဘုရားသခင်ကို ကျေးဇူးတင်ရမည့် အကြောင်းရင်း များစွာ ရှိသည်။ (ဆာလံ ၁၀၃)

ခ။ ထာဝရဘုရားသခင်ကို အလိုအလျောက် ချီးမွမ်းတတ်သော နှလုံးသားပိုင်ဆိုင်နိုင်ရန် အစဉ်ကြိုးစားခြင်းသည် အရေးကြီး သည်။ (ဆာ ၁၄၅)

ဂ။ စဉ်ဆက်မပြတ် ကျေးဇူးတော် ချီးမွမ်းခြင်းသည် တင့်တယ်သည်။

(၁) ပေးသနားတော်မူသော ကောင်းချီးမင်္ဂလာများနှင့်၊

(၂) ဆုတောင်းသည့်အခါပေးသနားတော်မူသောအဖြေများအတွက် ကျေးဇူးတော်ချီးမွမ်းခြင်းသည် အလွန်တင့်တယ်သည်။

ဃ။ အမြင်မှန်ရပြီးသော စိတ်သဘောထားနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းသည် အလွန်ကောင်းပေသည်။

## ၃။ **ထူးကဲသော အကြောင်းတရားများ ဖော်ထုတ်ခြင်း**

က။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကြီးမားသော ဝိညာဉ်ပကတိနှင့် ဆိုင်သော အမွေကို ဆက်ဆံဝင်စားထိုက်သောသူများ ဖြစ်စေသည်။

(၁) ကျေးဇူးတော်ကြောင့်၊

(၂) ကရုဏာတော်ကြောင့်၊

(၃) ချစ်ခြင်းမေတ္တာတော်ကြောင့်။

ခ။ ခံရမည့်အမွေသည် လွန်စွာမှ ကြီးမြတ်သောကြောင့် ကျွန်ုပ်တို့၏ နှလုံးသားများသည် ဘုရားသခင်အားအစဉ်အမြဲကျေးဇူးတင်အပ်ပေသည်။

(၁) ကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးများ ဖြစ်ကြသောကြောင့် သူ၏ အမွေစားအမွေခံ များဖြစ်ကြသည်။ (ရောမ ၈း၁၇)

(၂) ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ အမွေခံများ ဖြစ်ကြသည်။ (ရောမ ၈း၁၇)

(၃) ကျွန်ုပ်တို့သည် မပျက်ဆီးနိုင်သော *'အမွေတော်'* ကို ပိုင်ဆိုင်ကြသည်။ (၁ ပေ ၁း၄)

(၄) ကျွန်ုပ်တို့သည် ကောင်းကင်ဘုံ၌ သိုထားသော အမွေတော်ပိုင်ဆိုင်သူများ ဖြစ်ကြသည်။ (၁ ပေ ၁း၄)

(၅) *'အလင်း'* မှ သယ်ဆောင်လာသော ကောင်းချီးမင်္ဂလာများကြောင့် သာ ကျွန်ုပ်တို့သည် ဤအချက်များကို နားလည်နိုင်ခြင်း ဖြစ်သည်။ (ယောဟန် ၁း၄-၅)

## 'မှောင်မိုက်တန်ခိုးမှလည်း ငါတို့ကိုနှုတ်၍. .' (ကော ၁း၁၃)

ဝိညာဉ်ပကတိနှင့်ဆိုင်သော လွတ်မြောက်ခြင်းအတွက် ဘုရားသခင်အား ကျေးဇူးတင်ခြင်း၊ သခင်ဘုရား၏ အမှုတော်ထမ်းဆောင်ရာ၌ သိသာ ထင်ရှားသော လက္ခဏာတစ်ခုဖြစ်သော ကျေးဇူးတော်ချီးမွမ်းတတ်သည့် ပေါလု ၏စိတ်ဓာတ်မှာ လွန်စွာ မှတ်သားစရာ ကောင်းပါသည်။ ထိုသို့သော ကျေးဇူးတော် ချီးမွမ်းတတ်သော စိတ်ဓာတ်ကို ပေါလုကိုယ်တိုင်ရေးသောစာများ၌ ထင်ရှားစွာ တွေ့ရပါသည်။ ဤ (ကောလောသဲ ၁း၁၃) ၌လည်း အောက်ပါအတိုင်း ဖတ်ရသည်။

*မှောင်မိုက်တန်ခိုးမှလည်း၊ ငါတို့ကိုနှုတ်၍ချစ်တော်မူသောသားတော်၏ နိုင်ငံထဲသို့ သွင်းတော်မူ၏။* *(ကော ၁း၁၃)*

### ၁။ ခမည်းတော်

က။ ကျွန်ုပ်တို့ကို မှောင်မိုက်တန်ခိုးမှ နှုတ်သောသူသည် ခမည်းတော်ဖြစ်သည်။

ခ။ *'သားတော်၏ နိုင်ငံတော်ထဲသို့'* ဟူသော စကားစုကြောင့်လည်း ခမည်းတော်ကိုယ်တိုင်က အကျွန်ုပ်တို့အား မှောင်မိုက်တန်ခိုးမှ နှုတ်သောသူ ဖြစ်ကြောင်း ထင်ရှားစေသည်။

ဂ။ ဖော်ပြပြီးသော အခန်းငယ်များ အရလည်း ခမည်းတော် ဘုရားသခင် သာလျှင် ကျွန်ုပ်တို့ကို မှောင်မိုက်တန်ခိုးမှ နှုတ်ယူသူဖြစ်ကြောင်း သိရသည်။

ဃ။ ထို့ကြောင့် အခန်းငယ် ၁၁-၁၂ တွင် ဖော်ပြထားသော ကျေးဇူးတော်ချီးမွမ်းခြင်းသည် အခန်းငယ် ၁၃ ထိအကျုံးဝင်သည်ဟု ဆိုရမည်။

### ၂။ 'မှောင်မိုက်တန်ခိုးမှ ငါတို့ကို နှုတ်၍'

က။ ပေါလုသည် ဝိညာဉ်ရေး နယ်ပယ်ရှိကြောင်း သံသယမရှိ လက်ခံသည်။

ခ။ ထိုဝိညာဉ်ရေး နယ်ပယ်သည် ခန္ဓာနယ်ပယ်ကဲ့သို့ပင် ဖြစ်သည်။

ဂ။ ထို ဝိညာဉ်ရေး နယ်ပယ်၌ စာတန်သည် အုပ်စိုးလျက် ရှိသည်။

ဃ။ စာတန်၏ နိုင်ငံတော်ကို မှောင်မိုက်တန်ခိုးဟု သရုပ်ဖော်ထားသည်။

င။ လူတို့၏ စိတ်နှလုံးသည် ထိုမှောင်မိုက်တန်ခိုးမှ ရွေးနှုတ်ခြင်းခံရသော အခါ ဝမ်းမြောက်နေရမည် ဖြစ်သည်။

**၃။ 'ချစ်တော်မူသော သားတော်၏ နိုင်ငံတော်ထဲသို့ သွင်းတော်မူ၏'**

က။ ဘုရားသခင်သည် လူတို့ကို မှောင်မိုက်တန်ခိုးမှ ရွေးနှုတ်ကယ်တင်ခြင်းမျှသာ လုပ်ဆောင်ပေးသည် မဟုတ်။

ခ။ ဘုရားသခင်သည် ကယ်တင်ခြင်းခံရသောသူအပေါင်းတို့ကို ယူဆောင်ပြီး သူ၏နိုင်ငံတော်ထဲသို့ သွင်းတော်မူသည်။

**၄။ သိမ်မွေ့သော ဖော်ပြချက်**

က။ ဘုရားသခင်၏နိုင်ငံကို အလွန်သိမ်မွေ့စွာ ဖော်ပြထားသည်။

ခ။ ထိုနိုင်ငံတော်သည် သခင်ယေရှုခရစ်၏နိုင်ငံတော် ဖြစ်သည်။

(၁) သခင်ယေရှုကို *'ချစ်တော်မူသော သားတော်'* ဟု ခေါ်သည်။

(၂) ခမည်းတော်နှင့်သားတော်တို့ နှစ်ဦးကြား တည်ရှိသော ခိုင်ခံ့သည့်မေတ္တာ နှောင်ကြိုးသည် သိသာထင်ရှားစွာ ပေါ်လွင်သည်။

**၅။ ပေါလု၏ကျေးဇူးတော်ချီးမွမ်းတတ်သော စိတ်ဓာတ်ကို လေးစားအသိအမှတ်ပြုခြင်း**

က။ ကျေးဇူးတော်ချီးမွမ်းခြင်းစိတ်ဓာတ် အပြည့်အဝ ရှိရခြင်းနှင့်စပ်လျဉ်း၍ ပေါလု၌ လေးနက်သော အကြောင်းတရားများစွာ ရှိသည်။

ခ။ ကျွန်ုပ်တို့အတွက်စိန်ခေါ်ချက်မှာ ပေါလု၏ကျေးဇူးတင်တတ်သောစိတ်သဘောထားကို အတုယူကြရန်ဖြစ်သည်။

# 'ထိုသားတော်၏အသွေးအားဖြင့် . . . '
# (ကော ၁း၁၄)

## ခရစ်တော်၌ တည်သော ကျွန်ုပ်တို့၏ ရွေးနှုတ်ကယ်တင်ခြင်း

ပေါလု၏ ကျေးဇူးတော်ချီးမွမ်းလိုသော စိတ်ဓာတ်ထက်သန်၍ ရှင်သန်လျက်ရှိရခြင်းအကြောင်းမှာ သခင်ယေရှုခရစ်တော်၌ တည်သော ကယ်တင်ခြင်းကို နက်နဲစွာ နားလည်ထားသောကြောင့် ဖြစ်သည်။ ပေါလုသည် အောက်ဖော်ပြပါ ကျမ်းချက်၌လည်း ဆက်လက်၍ ကျေးဇူးတော်ချီးမွမ်းပြီး နှစ်သက်ဝမ်းမြောက်လျက်ရှိသည်ကို တွေ့ရသည်။

> *ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကိုငါတို့သည် ခံရကြ၏။* *(ကော ၁း၁၄)*

## ၁။ ခရစ်တော်၌

က။ *'ထိုသားတော်'* သည် ခရစ်တော်ကို ရည်ညွှန်းသည်။

ခ။ အခန်းကြီး ၁၊ အငယ် ၁၃ အရလည်း 'သားတော်' သည် ခရစ်တော်ဖြစ်ကြောင်း ထင်ရှားသည်။

## ၂။ 'ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည် ခံရကြ၏'

က။ ဂရိကျမ်းစာ၌ ရွေးနှုတ်တော်မူခြင်းကို အာတီကယ် (article) ခေါ်တိကျသေချာမှု ပြသောစကားလုံးကို သုံးထားသည်။

ခ။ ပေါလုသည် ခရစ်တော်ယေရှု အားဖြင့် ရရှိသော ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကို ထင်ရှားပေါ်လွင်စေသည်။

ဂ။ *'ရွေးနှုတ်ခြင်း'* ဟူသော စကားလုံးသည် အကြွေးများအားလုံးမှ အကုန်အစင်လျော်ပေးလိုက်ခြင်း ကို ဆိုလိုသည်။

ဃ။ ခရစ်တော်၌ တည်သော ကျွန်ုပ်တို့၏ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့ကို အပြစ်ကြွေးများမှ လွတ်မြောက်ကြောင်း သေချာမှုဖြစ်စေသည်။

## ၃။ ‘ထိုသားတော်၏ အသွေးတော်အားဖြင့်’

က။ ကျွန်ုပ်တို့၏ ရွေးနှုတ်ခြင်းသည် အဖိုးအခ ကြီးသောအရာ ဖြစ်ကြောင်း ပေါ်လွင်စေသည်။

ခ။ ကျွန်ုပ်တို့အားလုံး ပြည့်စုံသော ကယ်တင်ခြင်းရဖို့အလို့ငှာ ခရစ်တော်ကိုယ်တိုင် အသွေးသွန်းရသည်။

## ၄။ ‘အပြစ်လွှတ်တော်မူခြင်းတည်းဟူသော’

 က။ အပြစ်ခွင့်လွှတ်ခြင်းသည် ခရစ်တော်၌တည်သော ရွေးနှုတ်ခြင်း၏ တိကျသေချာသော အစိတ်အပိုင်း တစ်ခုဖြစ်သည်။

ခ။ ဂရိကျမ်း၌တိကျသေချာမှုကို ဖော်ပြသောစကားလုံး(definite article) ကို *‘အပြစ်’* ဖော်ပြရာ၌ သုံးသည်။

ဂ။ ထိုသို့ အပြစ်ကို တိကျသေချာစွာ ဖော်ပြခြင်းကြောင့် အပြစ်အမျိုးအစားများကို သိရှိခွင့်ရသည်။

(၁) မူလပကတိ (ဝါ) ဗီဇအပြစ်

(၂) ဒုစရိုက်အပြစ်

- မပြုလုပ်မိသောကြောင့် ဖြစ်သော အပြစ်နှင့်
- ပြုလုပ်မိသောကြောင့် ဖြစ်သော အပြစ်တို့ဖြစ်သည်။

ဤအပြစ်များသည် လုံးဝခွင့်လွှတ်ခြင်း ခံရပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် လုံးလုံးလျားလျား ရွေးနှုတ်ခြင်း ခံကြရသည်။ ကျွန်ုပ်တို့သည် ဤစကားလုံးများအား ပေါလုရေးသားခြင်းဖြင့် သူ၏ကျေးဇူးတော်ချီးမွမ်းတတ်သော စိတ်နေစိတ်ထားကို ကောင်းစွာနားလည်ပေးနိုင်သည်။

## ‘ထိုသားတော်သည် မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဍာန်တော်. . . ’ (ကော ၁း၁၅)

### မျက်မြင်မရသော ဘုရား

မျက်မြင်မရသော ဘုရားသခင်ကို ယုံကြည်ခြင်းနှင့် ထိုသို့သော ယုံကြည်ချက်ကို ခုခံကာကွယ်ခြင်းသည် ကျွန်ုပ်တို့အတွက် အခက်ခဲဆုံးသော စိန်ခေါ်ချက်တစ်ခုဖြစ်သည်။ မယုံကြည်သူတို့ အဖို့ မျက်မြင်မရသော ဘုရား ဟူသော အယူအဆသည် နားလည်ရန် မလွယ်သည့်အပြင် လက်ခံရန်လည်း အလွန်ခက်ခဲပါသည်။

### ခရစ်တော်အား မျက်မြင်မရသောဘုရား၏ ပုံသဏ္ဍာန်တော် အဖြစ် တင်ဆက်ခြင်း

တမန်တော်ပေါလုသည် မျက်မြင်မရသော ဘုရားသခင်အား ယုံကြည်နေရခြင်းကို အောက်ဖော်ပြပါကျမ်းချက်၌ ရှင်းလင်းစွာတုံ့ပြန် ဖော်ပြထားသည်။

*ထိုသားတော်သည် မျက်မြင်မရသောဘုရားသခင်၏ပုံသဏ္ဍာန်တော်ဖြစ်၏။ ဝေနေယျသတ္တဝါအပေါင်းတို့တွင် သားဦးဖြစ်တော်မူ၏။*
*(ကော ၁း၁၅)*

### ၁။ ‘ထိုသားတော်’

က။ ဂရိကျမ်း၌ နာမ်စားပုဒ်ကို ညွှန်းပြသော စကားလုံးဖြင့် ဖော်ပြထားသည်။
ခ။ ထိုကြောင့် ‘ထိုသားတော်’ သည် ယေရှုခရစ်ကို ရည်ညွှန်းသည်။
ဂ။ နာမ်စားပုဒ်ပြစကားလုံး သုံးရခြင်း၏ အကြောင်းမှာ ပေါလုသည် ခရစ်တော်နှင့်စပ်လျဉ်းသော အရာများကို စာရင်းပြုစုနေသောကြောင့်ဖြစ်သည်။
(၁) ပေါလုသည် ခရစ်တော်အကြောင်းကို ဆက်လက် ဆင်ခြင်နေသည်။
(၂) ခရစ်တော်ကို ခမည်းတော်ချစ်သော သားအဖြစ် ဖော်ပြထားသည်။
(ကော ၁း၁၃)

(၃) ခရစ်တော်၌ ကျွန်ုပ်တို့သည် သူ၏အသွေးတော်အားဖြင့် ရွေးနှုတ်ခြင်း ရရှိကြသည်။ (ကော ၁း၁၄)
(၄) ခရစ်တော်၌ ကျွန်ုပ်တို့သည် မိမိတို့ကျူးလွန်သော အပြစ်များမှ ခွင့်လွှတ်ခြင်း ရရှိသည်။ (ကော ၁း၁၄)
(၄) ခရစ်တော်သည် မျက်မြင်မရသောဘုရားသခင်၏ပုံသဏ္ဌာန်တော်ဖြစ်သည်။ (ကော ၁း၁၅)

## ၂။ 'မျက်မြင်မရသော ဘုရားသခင်'

က။ ဘုရားသခင်သည် မျက်မြင်ရမှသာ အစစ်အမှန် ဖြစ်သည် မဟုတ်။
ခ။ ဘုရားသခင်ဟူသည် လူသားတို့၏စဉ်းစားဆင်ခြင်နည်းအတိုင်း ပြုမူနေရန် မလိုပါ။
ဂ။ ဘုရားသခင်သည် သူကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်သည့်အတိုင်း မျက်မြင်မရသောသူအဖြစ် ဆက်လက်တည်ရှိ နေနိုင်သည်။

## ၃။ 'မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဌာန်တော်'

က။ ပေါလုသည် *'ပုံသဏ္ဌာန်တော်'* အတွက် ဂရိစကားလုံး (eikon) ကို သုံးသည်။
ခ။ ဤဂရိစကား (eikon) ၌ အဓိပ္ပါယ်အမျိုးမျိုး ရှိသည်။
ဂ။ ဤစကားလုံး၏အသုံးအနှုန်းအား ကောင်းမွန်စွာ နားလည်ရန် ဂရိအတွေးအခေါ်ကို အရင်ဆုံး နားလည်သဘောပေါက်ရမည်ဖြစ်သည်။
(၁) ဘုရားသခင်ကို ကိုယ်စားပြုသည်။
(၂) ဘုရားသခင်၏ အဖြစ်တရားနှင့် ဆက်နွယ်သည်။
(၃) ဘုရားသခင်ကို မိမိဘာသာမိမိဖွင့်ပြခြင်း၌ ခရစ်တော်သည် ဘုရားသခင်ကို ကိုယ်စားပြုသည်။

## ၄။ 'ဝေနေယျသတ္တဝါ အပေါင်းတို့တွင်လည်း သားဦးဖြစ်တော်မူ၏'

*'သားဦး'* ဟူသော စကားလုံးသည် ခရစ်တော်၏ထူးကဲမှုနှင့် ဝေနေယျသတ္တဝါအပေါင်းတို့ထက် သာ၍မြတ်ခြင်းကို ဖော်ပြသည်။ သို့သော် ဤစကားလုံးသည် မည်သည့်နည်းနှင့်မျှ ခရစ်တော်သည် ဘုရားသခင်က အဦးဆုံးဖန်ဆင်းထားသော သူဖြစ်သည်ဟု လုံးဝမဆိုလိုပါ။

## 'ထိုသခင်အားဖြင့် . . . ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏'
## (ကော ၁း၁၆)

### လောကကို ဖန်ဆင်းခြင်း

ကမ္ဘာဦးကျမ်းကို သတိမမူဘဲ ဖတ်သောအခါ ဖန်ဆင်းခြင်းအမှုသည် ပုဂ္ဂိုလ်တစ်ဦးအားဖြင့်သာ ဖြစ်သည်ဟု ထင်မိနိုင်သည်။ အောက်ဖော်ပြပါ ကျမ်းချက်သည် သခင်ယေရှုခရစ်တော်ကို ပိုမိုနားလည်စေပြီး၊ ခရစ်တော်ကိုယ်တိုင်သည် ဖန်ဆင်းခြင်းအမှု၌ ပါဝင်ကြောင်း ထင်ရှားစေသည်။

*အကြောင်းမူကား၊ ထိုသားတော်သည်ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်း တန်ခိုးဖြစ်စေ၊ ထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်၎င်း၊ ထိုသခင်အဘို့ အလို့ငှာ၎င်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။*
*(ကော ၁း၁၆)*

### ၁။ အရေးပါသော ဝိဘတ်သုံးခု

က။ *'ထိုသားတော်သည် . . . ဖန်ဆင်းတော်မူ၏'*

သခင်ယေရှုခရစ်တော်သည် ဖန်ဆင်းခြင်းအမှုကို ကိုယ်တိုင်ဆောင်ရွက်သောသူ ဖြစ်သည်။

(၁) သူသည် ဘုရားသခင်၏ဖန်ဆင်းခြင်း အကြံအစည်တော်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

(၂) သူ၏တန်ခိုးအားဖြင့် ဖန်ဆင်းခြင်း ဖြစ်လာခဲ့သည်။

ခ။ *'ထိုသခင်အားဖြင့်'*

ဖန်ဆင်းခြင်းအမှု၌ သခင်ယေရှုခရစ်တော်ကိုယ်တိုင် ပါဝင်ကြောင်း ဖော်ပြခြင်းဖြစ်သည်။

(၁) ယေရှုသည် ဖန်ဆင်းခြင်း၌ ကိုယ်တိုင်ပါဝင်ခဲ့သည်။

(၂) ဖန်ဆင်းခြင်းနှင့်စပ်လျဉ်းသော အသေးစိတ်ဖြစ်စဉ်တို့၌ ခရစ်တော်သည် ရာနှုန်းပြည့် စိတ်ဝင်စားသည်။

ဂ။ *'ထိုသခင်အဘို့အလို့ငှာ'*

(၁) ဘုရားသခင်၏အကြံအစည်နှင့်ရည်ရွယ်ချက်တို့သည် ခရစ်တော်၌သာ ဗဟိုပြုထားသည်။

(၂) သခင်ယေရှုသည် ဘုရားသခင်၏အချစ်ခံ ပုဂ္ဂိုလ်ဖြစ်သည်။

## ၂။ ဖန်ဆင်းခံအရာတို့အား အချုပ်အားဖြင့် ဖော်ပြခြင်း

က။ မတူကွဲပြားခြင်းကို ထင်ရှားစေသည်။

ခ။ နားလည်သဘောပေါက်ခြင်းကို ဖြစ်ပေါ်စေသည်။

ဂ။ ထိထိမိမိလိုရင်းတိုရှင်း ဖော်ပြသည်။

(၁) ကောင်းကင်နှင့်မြေကြီးပေါ်မှာ ရှိသောအရာများ၊

(၂) ရူပအရာနှင့်အရူပအရာများ။

## ၃။ အရူပအရာများကို အလေးပေး ဖော်ပြခြင်း

က။ ရာဇပလ္လင်

ခ။ အစိုးရခြင်း တန်ခိုး

ဂ။ အထွဋ်အမြတ်

ဃ။ အာဏာစက်

# 'သားတော်သည်လည်း ခပ်သိမ်းသောအရာ မဖြစ်မှီ ဖြစ်တော်မူ၍' (ကော ၁း၁၇)

## ခရစ်တော်၏ နေရာနှင့်ရာထူး

လောကရှိ အာဏာနှင့်ဝါစဉ် ခပ်သိမ်းတို့နှင့်စပ်လျဉ်း၍ ခရစ်တော်၏ နေရာနှင့်ရာထူးမှာ အဘယ်နည်း။ တမန်တော်ပေါလုက အောက်ပါအတိုင်း ခိုင်မာစွာ ရေးသည်။

*သားတော်သည်လည်း ခပ်သိမ်းသောအရာမဖြစ်မှီဖြစ်တော်မူ၍*
*ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်အားဖြင့်သာတည်ကြ၏။*
*(ကော ၁း၁၇)*

## ၁။ 'သားတော်သည်လည်း ခပ်သိမ်းသော အရာမဖြစ်မှီ ဖြစ်တော်မူ၍'

က။ ဖန်ဆင်းခံ အရာခပ်သိမ်းတို့ မတည်ရှိမှီ ယေရှုသည် တည်ရှိနေပြီး ဖြစ်သည်ဟု ဖော်ပြထားသည်။

ခ။ ဤသို့ဆိုခြင်းဖြင့် ပေါလုသည် ခရစ်တော်၏ ထာဝရဖြစ်တည်ခြင်းကို ထင်ရှား စေရန် ဖော်ပြခြင်းဖြစ်သည်။

## ၂။ ပေါလု၏ စာသည်တမန်တော် ယောဟန်၏အရေးအသားများနှင့် ရာနှုန်းပြည့် အမြင်ချင်းတူလျက်ရှိသည်။

*အစအဦး၌နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည်ဘုရားသခင်နှင့် အတူ ရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ ယောဟန်သည် ထိုသခင်အကြောင်းကိုသက်သေခံ၍ ကြွေးကြော်သည် ကား၊ ငါ့ နောက်ကြွလာသောသူသည် ငါမရှိမှီရှိနှင့်သည်ဖြစ်၍ ငါ့ထက် သာ၍ကြီးမြတ်သည် ဟု ငါဆိုရာ၌ ထိုသူကို ဆိုလိုသည်ဟု သက်သေခံ လေ၏။* *(ယော ၁း၁၊ ၁၅)*

က။ ယောဟန်သည် သခင်ယေရှုကို ထာဝရနှုတ်ကပတ်တော်အဖြစ် မိတ်ဆက်ဖော်ပြသည်။
ခ။ သခင်ယေရှုသည် ဘုရားသခင်နှင့်အတူ ဖြစ်တည်သည်။
ဂ။ ဤသို့ဖြစ်ရခြင်းမှာ ခရစ်တော်သည် သူ၏နဂိုမူလ ဇာတိပကတိကပင်လျှင် ဘုရားဖြစ်သောကြောင့် ဖြစ်သည်။
ဃ။ တမန်တော်ရှင်ယောဟန်သည် ဗတ္တိဇံ ယောဟန်၏ သက်သေခံချက်ကို ထိန်းသိမ်းပြီး တင်ဆက်သည်။
(၁) သခင်ယေရှုသည် ဗတ္တိဇံယောဟန် မရှိမီ ရှိနှင့်သည် (ဖြစ်တည်ခြင်း)။
(၂) သခင်ယေရှုသည် ဗတ္တိဇံယောဟန်ထက်သာ၍ ကြီးမြတ်သည် (ရာထူး)။
(၃) *'ငါ့နောက်ကြွလာသောသူ'*ဟု ခရစ်တော်ကိုရည်ညွှန်းရာ၌သူ (ယေရှုခရစ်)၏ လောကအမှုတော်မြတ်ကို ဆိုလိုသည်။

## ၃။ **'ခပ်သိမ်းသော အရာတို့သည် တန်ခိုးအားဖြင့်သာ တည်ကြ၏'**

က။ ယေရှုသည် ပူးတွဲဖန်ဆင်းရှင်သာ မဟုတ်။
ခ။ သူသည် အရာခပ်သိမ်းတို့ကို တန်ခိုးအားဖြင့် တည်စေသည်။
ဂ။ ခပ်သိမ်းသော အရာတို့ ဖန်ဆင်းပြီးနောက် ယေရှုခရစ်သည် အလွန်အရေးပါသော အခန်းကဏ္ဍများကို ဆက်လက်ဆောင်ရွက်နေသည်။
(၁) သူသည် ခပ်သိမ်းသော အရာတို့ကို ဆုပ်ကိုင်ထိန်းသိမ်းနေသည်။
(၂) သူသည် ထိုအရာတို့ကို ကာကွယ်စောင့်ရှောက်နေသည်။
(၃) သူသည် ထိုအရာခပ်သိမ်းတို့အဖို့ လိုအပ်သောအရာများ ဖြည့်ဆည်းနေသည်။
(၄) သူ၏လက်တော်ဖြင့် ဖန်ဆင်းပြီးသော အရာခပ်သိမ်းတို့ကို တည်စေသည်။

## '(သူသည်) အသင်းတော်တည်းဟူသော ကိုယ်၏ ဦးခေါင်းဖြစ်တော်မူ၏. . . '
## (ကော ၁း၁၈)

### ခရစ်တော်နှင့်အသင်းတော်

သခင်ယေရှုသည် အသင်းတော်နှင့် ဆက်စပ်နေပုံကို ပေါလု အာရုံပြု တင်ဆက်ထားသည်။

*အသင်းတော်တည်းဟူသောကိုယ်၏ ဦးခေါင်းဖြစ်တော်မူ၏။ အရာရာ၌ ထူးမြတ်ခြင်းငှာ မူလအရင်းဖြစ်၍၊ သေသောသူတို့တွင် သားဦးဖြစ်တော်မူ၏။ (ကော ၁း၁၈)*

### ၁။ 'အသင်းတော်'

က။ လူ၏ကိုယ်ခန္ဓာ (ဂရိ-soma) အား အသင်းတော်နှင့် ခိုင်းနှိုင်းပြီး ဖော်ပြသည်။

ခ။ ပေါလုသည် အသင်းတော်ကို ဤသို့ဖော်ပြနေကျဖြစ်သည်။(ဧဖက် ၁း၂၃)

ဂ။ အသင်းတော်တည်ရှိခြင်းသည် ခရစ်တော်အားဖြင့် အစပြုခဲ့သည်။

(၁) ယေရှုခရစ်တော်သည် အသင်းတော်တည်ထောင်ခြင်းကို အစပြု မိတ်ဆက်ခဲ့သည်။ (မဿဲ ၁၆း၁၈)

(၂) သူသည် အသင်းတော် တည်ဆောက်ခြင်းအမှုအတွက် ခိုင်မာစွာ ဆက်ကပ်ထားသည်။ (မဿဲ ၁၆း၁၈)

(၃) ယေရှုခရစ်တော်သည် အသင်းတော်၏ဦးခေါင်း၊ ကိုယ်ခန္ဓာ၏ ဦးခေါင်း အဖြစ် တင်ပြထားသည်။

### ၂။ ယေရှု အဘယ်သူဖြစ်သည်ကို ထပ်မံဖော်ပြခြင်း

က။ သူသည် အရာရာထက် ထူးမြတ်၍ မူလအရင်းဖြစ်သည်။

(၁) ပေါလုသည် ခရစ်တော်အား ထာဝရတည်ရှိသူအဖြစ်ဖော်ပြသည်။

(၂) ဤအချက်သည်လည်း တမန်တော် ယောဟန်ရေးသားချက်နှင့် သဘောချင်း ထပ်တူတိုက်ဆိုင်လျက် ရှိသည်။ (ယော ၁း၁)

ခ။ သူသည် သေသောသူတို့တွင် သားဦးဖြစ်သည်။

(၁) *'သားဦး'* ဟု ဆိုရာတွင် ယေရှုသည် နေရာနှင့်ရာထူးဂုဏ်၌ ပြိုင်ဘက် မရှိခြင်းကို ဆိုလိုသည်။

(၂) *'သားဦး'* ဟု ဆိုရာတွင် ယေရှုသည် ရှင်ပြန်ထမြောက်ခြင်းနှင့်ဆိုင် သောခန္ဓာကိုယ်ကို အဦးဆုံးပိုင်ဆိုင်သူဟု ဆိုလိုသည်။

**၃။ ခရစ်တော်၏ ထူးမြတ်ခြင်း**

က။ ပေါလုက ခရစ်တော်သည် ဂုဏ်ပြုခြင်းကို ထိုက်တန်သောသူအဖြစ် ဖော်ပြ သည်။

ခ။ သခင်ယေရှု ကိုယ်တိုင်သည်လည်း အစဉ်ထာဝရ အရာရာ၌ ထူးမြတ်သော သူဖြစ်သည်။

(၁) ခရစ်တော်၏ ဖြစ်တည်မှုအမှန်တရားကြောင့် အမှန်ပင် ထူးမြတ်သော ပုဂ္ဂိုလ်ဖြစ်သည်။

(၂) အကျွန်ုပ်တို့၏ကယ်တင်ခြင်းအမှုနှင့်စပ်လျဉ်းပြီး ခရစ်တော်ပြုသော အမှုတို့ကြောင့် သူ (ယေရှုခရစ်)သည် ဧကန်အမှန် ထူးမြတ်သည်။

**၄။ အသင်းတော်အတွက် အထူးစိန်ခေါ်ချက်**

က။ ယေရှုခရစ်တော်အား သူနှင့်ထိုက်တန်သော ဂုဏ်ပြုခြင်း ပေးကြရန်။

ခ။ လက်တွေ့အသက်တာ၌ ခရစ်တော်အား အသင်းတော်၏ ဦးခေါင်းအဖြစ် အစဉ်အမြဲ နေရာပေးဖို့ မြတ်နိုးကြရန်။

ဂ။ ခရစ်တော်ဗဟိုပြု ဓမ္မသဘောတရားမှ မလွဲချော်မိဖို့ သတိရှိကြရန်။

## 'ခပ်သိမ်းသောပြည့်စုံခြင်းကို သားတော်၌ ကိန်းဝပ်စေခြင်း . . .' (ကော ၁း၁၉-၂၀)

### ပြည့်စုံခြင်း

ပြည့်စုံခြင်းသည် အလွန်လေးနက်သော အတွေးအခေါ် အယူအဆ တစ်ခုဖြစ်သည်။ သခင်ယေရှုသည် ဘုရားသခင်၏ ပုံသဏ္ဌာန်တော် ဖြစ်နေရ ခြင်းနှင့် စပ်ဆိုင်သော အတွေးအခေါ်၏ ဆိုလိုချက်ကို တမန်တော်ပေါလု ရှင်းပြရန် ကြိုးစားသည်။

> *အကြောင်းမူကား၊ ခပ်သိမ်းသောပြည့်စုံခြင်းကို သားတော်၌ ကိန်းဝပ်စေခြင်းငှာငင်း၊ လက်ဝါးကပ်တိုင်မှာ သွန်းသောအသွေးတော်အားဖြင့် ရန်ကိုငြိမ်းစေ၍၊ ကောင်းကင်အရာဖြစ်စေ၊ မြေကြီးအရာဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကိုသားတော်အားဖြင့် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့စေခြင်းငှာ ၎င်းအလိုရှိတော်မူ၏။ (ကော ၁း၂၀)*

### ၁။ ခက်ခဲသော ကျမ်းချက်

အနက်ဖွင့်ဆိုရန် လွန်စွာမှ ခက်ခဲသော ကျမ်းချက် ဖြစ်သည်။ ခွဲခြမ်းစိတ်ဖြာပြီး လေ့လာမှသာ ပေါလုဆိုလိုချက်ကို နားလည်နိုင်မည် ဖြစ်သည်။

### ၂။ 'အကြောင်းမူကား'

က။ အကြောင်းတရားပြ စကားလုံး (ဂရိ- hoti) ဖြစ်သည်။
ခ။ ဤစကားလုံး (ဂရိ-hoti) ကို ထို့ကြောင့် (သို့) အတွက်ကြောင့်ဟု ဘာသာပြန်ဆို လျက်ရှိကြသည်။

### ၃။ ရည်ညွှန်းချက်

က။ သခင်ယေရှုသည် မျက်မြင်မရသော ဘုရားသခင်၏ပုံသဏ္ဌာန်တော်ကို ဆောင်နေသူဖြစ်သည်။ (ကော ၁း၁၅)
ခ။ သူသည်လည်း အသင်းတော်၏ ဦးခေါင်းဖြစ်တော်မူသည်။ (ကော ၁း၁၈)

ဂ။ နောက်ဆုံး၌သခင်ယေရှုသည် အထူးမြတ်ဆုံးသောသူဖြစ်သည်။
(ကော ၁း၁၈)

**၄။ '(ဘုရားသခင်) အလိုရှိတော်မူ၏'**

က။ အဘယ်သူ အလိုရှိတော်မူသည်ကို မဖော်ပြပါ။

ခ။ အခြေအနေကွင်းဆက် (context)အားဖြင့် အလိုရှိသောသူမှာ ခမည်းတော် ဘုရားသခင် ဖြစ်ကြောင်း သိရသည်။

ဂ။ ခမည်းတော်ဘုရားသခင်အလိုရှိတော်မူ၏ဟုရေးသားခြင်းမှာလုံး၀ မမှား နိုင်ပါ။

**၅။ 'သားတော်၌'**

က။ သခင်ယေရှု ကို ရည်ညွှန်းသည်။

ခ။ ခရစ်တော်၌ ပြည့်စုံခြင်း တည်ရှိခြင်းမှာ ခမည်းတော် အလိုဖြစ်သည်။

**၆။ 'ကျိန်း၀ပ်စေခြင်းငှါ'**

က။ ဤစာကြောင်းသည် ရည်ရွယ်ချက်ကို ဖော်ပြသည်။

ခ။ ခရစ်တော်၌ ပြည့်စုံခြင်း တည်နေရန် ခမည်းတော်ဘုရားသခင် ရည်ရွယ် တော်မူသည်။

(၁) ဤပြည့်စုံခြင်းသည် ဘုရားသခင်၏အလိုတော်နှင့် အညီ ဖြစ်သည်။

(၂) ခရစ်တော်၏ ထူးမြတ်ခြင်းသည်လည်း ဘုရားသခင်၏ကြံစည်ခြင်း နှင့်အညီ ဖြစ်သည်။

(၃) သခင်ယေရှု၌ ပြုရသော ဂုဏ်ပြုခြင်း၊ရှိသေခြင်းတို့သည်လည်း ထာ၀ရ တည်ရန် ဖြစ်သည်။

(၄) '*ကျိန်း၀ပ်*'ဟူသော စကားလုံးသည် အစဉ်အမြဲ တည်နေခြင်း အဓိပ္ပာယ် ကို ဖော်ဆောင်သည်။

## 'ခပ်သိမ်းသောအရာတို့ကို သားတော်အားဖြင့် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့စေခြင်းငှါငှင်း' (ကော ၁း၂၀)

### ကယ်တင်ရွေးနှုတ်ခြင်းအမှု

တမန်တော် ပေါလုသည် ခရစ်တော်ကိုယ်တိုင် ဆောင်ရွက်ရသော ကယ်တင်ရွေးနှုတ်ခြင်းအမှုကို အပင်ပန်းခံ၍ ဖော်ပြသည်။ ထိုအမှု၌ အချက်သုံးချက်တို့ကို အလေးအနက်ထားပြီး ဖော်ပြသည်။

၁။ မှောင်မိုက်ခြင်း တန်ခိုးမှ ကယ်တင်မစခြင်း။ (ကော ၁း၁၃)

၂။ သခင်ယေရှုခရစ်တော်၏ နိုင်ငံတော်သို့ ကူးပြောင်းသင်းဝင်စေခြင်း။ (ကော ၁း၁၃)

၃။ အပြစ်များကို လုံးဝအကုန်အစင် ခွင့်လွှတ်ခြင်း။ (ကော ၁း၁၃)

### ပြန်လည်သင့်မြတ်ခြင်းအမှု

ရှင်ပေါလုသည် ရွေးနှုတ်ကယ်တင်ခြင်းအမှုအပြင် ပြန်လည်သင့်မြတ်ခြင်းအမှုကိုလည်း ထုတ်ဖော်ရေးသားသည်။ အောက်ပါကျမ်းချက်သည် ထိုပြန်လည်သင့်မြတ်ခြင်းအမှုနှင့်စပ်လျဉ်းသော အတွေးအခေါ် အယူအဆတို့၌ အလွန်ပြည့်စုံပေသည်။

> *လက်ဝါးကပ်တိုင်မှာ သွန်းသောအသွေးတော်အားဖြင့် ရန်ကိုငြိမ်းစေ၍၊ ကောင်းကင်အရာဖြစ်စေ၊ မြေကြီးအရာဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို သားတော်အားဖြင့် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့စေခြင်းငှာငှင်းအလိုရှိတော်မူ၏။* *(ကော ၁း၂၀)*

### ၁။ 'သားတော်အားဖြင့်'

က။ သခင်ခရစ်တော်ကို ရည်ညွှန်းသည်။

ခ။ ဤ *'အားဖြင့်'* ဟူသောနောက်ဆက်စကားလုံးသည် ပြန်လည် သင့်မြတ်ခြင်းအမှုကို ဖော်ပြရာ၌ အလွန့်အလွန် ထိရောက်သည်။ သခင်ယေရှုခရစ်တော်အားဖြင့်သာ ဘုရားသခင်နှင့်လူသားတို့ ပြန်လည်သင့်မြတ်နိုင်ကြောင်း ထင်ရှားစေသည်။

**၂။ 'မိဿဟာယဖွဲ့စေခြင်း၄ါ'**

ကျ။ ရန်ငြိုးနှင့်ရန်လိုမှုများကို အရင်ဖယ်ရှားရမည်။

ခ။ အပြစ်များကိုလည်း ခွင့်လွှတ်ရမည်။

ဂ။ ကယ်တင်ရွေးနှုတ်ခြင်းအမှုကိုလည်း မျှဝေရမည်။

(၁) ပြည့်ဝစုံလင်သော ပြန်လည်သင့်မြတ်ခြင်းအမှုသည် ရယူရန် အသင့်ရှိသည်။

(၂) ယုံကြည်သောသူသည် ခွင့်လွှတ်ခံအပြစ်သား သာမဟုတ်။

(၃) ထိုသူသည် ဘုရားသခင်နှင့်အတူ လုံးဝပြန်လည်သင့်မြတ်ပြီးသော ဘုရားသား၊သမီး တစ်ဦး ဖြစ်သည်။

(၄) ထိုသူသည် ဘုရားသခင်ကိုယ်တိုင်သူ့သားသမီးများအတွက် သီးသန့်စီမံထားသော ကောင်းကင်ဘုံနှင့်ဆိုင်သည့် အမွေကို မျှဝေခံစားသော သူ ဖြစ်သည်။

ဃ။ ခြွင်းချက်မရှိသော ခွင့်လွှတ်ခြင်းနှင့် ငြိမ်သက်ခြင်းတို့လည်း ပါရှိသည်။

**၃။ ခရစ်တော်ပြုသော အမှု၏ အတိုင်းအတာ**

ကျ။ ဘုန်းအသေရေနှင့်ပြည့်စုံစွာ အကျိုးသက်ရောက်လျက် ရှိသည်။

ခ။ ၎င်းအမှု၏ အတိုင်းအတာကို ဘုန်းကျက်သရေရှိရှိ ဖော်ပြထားသည်။

(၁) ကမ္ဘာမြေကြီးတစ်ခွင်လုံးသို့ ရောက်ရှိသည်။

(၂) ကောင်းကင်ထိတိုင်လည်း ရောက်သည်။

# 'ဘုရားသခင်နှင့် ကွာရှင်း၍ ဆိုးညစ်သော အကျင့်ကို ကျင့်သဖြင့်. . .' (ကော ၁း၂၁)

## ပွင့်လင်းစွာ ဖော်ပြခြင်း

တမန်တော် ပေါလုသည် ရွေးနှုတ်ကယ်တင်ခြင်းနှင့် ပြန်လည် သင့်မြတ်ခြင်း မရမီကာလ၌ လူသားတို့၏ အခြေအနေမှန်ကို ဖော်ပြရာတွင် သွယ်ဝိုက်မပြောဘဲ ပွင့်လင့်မြင်သာစွာ ဖော်ပြသည်။ ထိုသို့ပြောဆိုခြင်းသည် ရိုင်းစိုင်းခြင်း၊ ကြမ်းတမ်းခြင်း မဟုတ်။ ရိုးရှင်းစွာ စကားပြောခြင်းသာ ဖြစ်သည်။

> *အထက်ကဘုရားသခင်နှင့်ကွာရှင်း၍ ဆိုးညစ်သောအကျင့်ကိုကျင့်သဖြင့် စိတ်နှလုံး၌ရန်သူဖြစ်သောသင်တို့ကို၊ ကိုယ်ခန္ဓာတော်၌ အသေခံတော်မူသောအားဖြင့်၊ ယခုမိတ်သဟာယဖွဲ့စေတော်မူ၏။ (ကော ၁း၂၁)*

### ၁။ 'သင်တို့ကို'

က။ ကောလောသဲ ယုံကြည်သူများကို ရည်ညွှန်းသည်။
ခ။ ထပ်ဆင့်အားဖြင့်၊ ကယ်တင်ခြင်း မရသေးသောသူတိုင်းကို ဆိုလိုသည်။

### ၂။ 'အထက်က'

က။ အတိတ်ကာလတုန်းက အခြေအနေကို ရည်ညွှန်းသည်။
ခ။ ကယ်တင်ခြင်းမရမီ အချိန်ကို ဆိုလိုသည်။

### ၃။ ကယ်တင်ခြင်း မရမီ အပြစ်သားတို့၏ အခြေအနေမှန်ကို ဖော်ပြခြင်း

က။ *'ဘုရားသခင်နှင့်ကွာရှင်း၍'*

(၁) ဘုရားသခင်၏အလင်းတော်မှ ကွာခြင်း
(၂) ဘုရားသခင်၏ အသက်တော်မှ ခွာခြင်း
(၃) ဘုရားသခင်၏နိုင်ငံတော်မှ ခွဲခွာခြင်း

ခ။ *'စိတ်နှလုံး၌ ရန်သူဖြစ်'* ခြင်း

(၁) ဆိုးညစ်သော အကျင့်များကြောင့်

(၂) ဆိုးညစ်သော အကြံအစည်များကြောင့်

(၃) လူတချို့တို့ကသာ မိမိတို့သည် ဘုရားသခင်၏ 'ရန်သူဖြစ်' ကြောင်း သိကြသည်။

(၄) လူတချို့တို့ကသာ အပြစ်သားတိုင်းသည် ဘုရားသခင်နှင့်ရန်ငြိုး ရှိမှန်း နားလည်းသဘောပေါက်ကြသည်။

**၄။ 'ယခု မိတ်သဟာယ ဖွဲ့စေတော်မူ၏'**

က။ ဤအချက်သည် ခရစ်တော် ပြုသော အမှုဖြစ်သည်။

ခ။ ခပ်သိမ်းသော အရာတို့အား သူနှင့်ပြန်လည်သင့်မြတ်စေသည်။

ဂ။ ဤ ပြန်လည် သင့်မြတ်ခြင်းသည် အောက်ပါအတိုင်း ဖြစ်လာသည်။

(၁) လူတစ်ဦးဦးသည် ကယ်တင်ခြင်း ရဖို့အလို့ငှာ ခရစ်တော်ထံသို့ ဦးလှည့်လာသော အခါ၊

(၂) သခင်ယေရှုခရစ်တော်သည် ထိုအပြစ်သားအား (သူနှင့်အတူ) ချက်ခြင်း ပြန်လည်သင့်မြတ်စေသည်။

(၃) ဤပြန်လည် သင့်မြတ်ခြင်းသည် မပြောင်းလဲဘဲ ထာဝရတည်သော အရာ ဖြစ်သည်။

## သန့်ရှင်းစင်ကြယ်လျက် အပြစ်တင်ခွင့်နှင့် ကင်းလွတ်လျက်ရှိသော သင်တို့ကို ရှေ့တော်၌ ဆက်သမည်အကြောင်း (ကော ၁း၂၃)

### ဘုရားသခင်ရှေ့၌ ကျွန်ုပ်တို့ အနေအထား

ခရစ်တော်၏အပြစ်ဖြေလွှတ်ခြင်း အမှုသည် လွန်စွာပင် အကျိုးသက်ရောက်မှုရှိသည်။ အောက်ဖော်ပြပါကျမ်းချက်သည်အံ့ဖွယ်သော ထိုအမှန်တရားကို တစေ့တစောင်း ထုတ်ဖော်ပြသည်။

*အထက်ကဘုရားသခင်နှင့်ကွာရှင်း၍ ဆိုးညစ်သောအကျင့်ကိုကျင့်သဖြင့် စိတ်နှလုံး၌ရန်သူဖြစ်သောသင်တို့ကို၊ ကိုယ်ခန္ဓာတော်၌အသေခံတော်မူသောအားဖြင့်၊ ယခုမိတ်သဟာယဖွဲ့စေတော်မူ၏။ (ကော ၁း၂၁)*

*သင်တို့သည် ကိုယ်တိုင်ကြားရပြီးသော ဧဝံဂေလိတရား၏မျှော်လင့်ခြင်းမှ မရွေ့လျော့ဘဲ၊ တိုက်မြစ်ကျခြင်း၊ တည်ကြည်ခြင်းနှင့်တကွ မြဲမြံစွာယုံကြည်ကြလျှင်၊ သန့်ရှင်းစင်ကြယ် လျက်အပြစ်တင်ခွင့်နှင့်ကင်းလွတ်လျက်ရှိသော သင်တို့ကိုရှေ့တော်၌ ဆက်သမည်အကြောင်းတည်း။ (ကော ၁း၂၃)*

### ၁။ ‘ကိုယ်ခန္ဓာတော်၌’ (ကော ၁း၂၁)

က။ သခင်ယေရှုခရစ်တော်၏ ခန္ဓာကိုယ်ကို ရည်ညွှန်းသည်။
- (၁) သူသည် လူ့ဇာတိကို ခံယူသော နှုတ်ကပတ်တော် ဖြစ်သည်။ (ယော ၁း၁၄)
- (၂) သူသည် နိစ္စထာဝရဘုရားစစ်ဘုရားမှန်ဖြစ်သည်။ (ယော ၁း၁-၅)

ခ။ လူပုဂ္ဂိုလ် အဖြစ် ဖြစ်တည်ခြင်းကို ဆိုလိုသည်။
- (၁) သူသည် လူ့ဇာတိနှင့်သက်ဆိုင်သော ဖြစ်စဉ်များအတိုင်း ရှင်သန်ရသည်။
- (၂) သခင်ယေရှုသည် မိမိကိုယ်ကို နှိမ့်ချပြီး ဘုရားသခင်အား နာခံသည်။
- (၃) လူသားတို့ အဖို့ ကယ်တင်ခြင်း ရအံ့သောငှာ သခင်ယေရှုသည် အသေသတ်ခြင်းကို ခံရသည်။

## ၂။ သခင်ခရစ်တော်၏ အပြစ်ဖြေလွှတ်ခြင်းအမှု၏ အကျိုးဆက်များ

က။ ကျွန်ုပ်တို့အား ဘုရားသခင်၏ရှေ့တော်၌ ဆက်သရန်။ (ကော ၁း၂၃)

(၁) ရည်ရွယ်ချက် ပေါ်လွင်ထင်ရှားသည်။

(၂) အကျိုးသက်ရောက်မှုသည်အပြစ်ဖြေလွှတ်ခြင်းအမှု၏ တစ်ခုတည်းသောအဓိပ္ပာယ် ဖြစ်သည်။

ခ။ သခင်ခရစ်တော်ကို ယုံကြည်သောသူတို့အား ဘုရားသခင်ရှေ့တော်၌ ဆက်သခြင်း။ (ကော ၁း၂၃)

(၁) ကျွန်ုပ်တို့သည် သန့်ရှင်းစင်ကြယ်သောသူများဖြစ်ကြသည်။

(၂) ကျွန်ုပ်တို့သည် အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောသူများလည်း ဖြစ်ကြသည်။

(၃) ကျွန်ုပ်တို့သည် တစ်နည်းအားဖြင့် အပြစ်မရှိသောသူများဖြစ် ကြသည်။

ဂ။ *'ရှေ့တော်၌'*

(၁) ဘုရားသခင်ရှေ့တော်

(၂) ဘုရားသခင်၏မျက်မှောက်တော်

## ၃။ သခင်ခရစ်တော်ဆောင်ရွက်သော ပြန်လည်သင့်မြတ်ခြင်းအမှု၏ တစ်ပိုင်းတစ်စ

က။ အထက်က အကျိုးဆက်များကို သခင်ခရစ်တော် အကောင်အထည် ဖော်ဆောင်ရွက်သော ပြန်လည်သင့်မြတ်ခြင်းအမှု၏ အစိတ်အပိုင်းများအဖြစ် နှလုံးသွင်းကြရမည်။

ခ။ သခင်ခရစ်တော်၌တည်သော ကယ်တင်ခြင်းအမှုကို ပေါ့တန်စွာ ပြောဆိုခြင်း မပြုရ။

ဂ။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည်လွန်စွာ တန်ဖိုးကြီးသည်။ ကျွန်ုပ်တို့သည် သခင်ယေရှု၏ အသွေးတော်အားဖြင့် ရွေးနှုတ်ကယ်တင်ခံရသော သူများဖြစ်ကြသည်။

# 'သင်တို့သည်. . . တည်ကြည်ခြင်းနှင့်တကွ မြဲမြံစွာယုံကြည်ကြလျှင်' (ကော ၁း၂၃)

**စစ်မှန်သော ကယ်တင်ခြင်း**

ခရစ်တော်၏အပြစ်ဖြေခြင်းအမှုသည် လွန်စွာအံ့ဖွယ်သော အကျိုးကျေးဇူးများ ရှိနေပါသည်။ တစ်စုံတစ်ဦးသည် ဤသို့သော သွန်သင်ချက်အား အလွဲသုံးစား အသုံးချနိုင်သလား။ တစ်ဦးဦးသည် သခင်ခရစ်တော်၏ အပြစ် ဖြေလွှတ်ခြင်းအား ယုံကြည်လက်ခံပြီး အပြစ်နွံထဲ၌ ဆက်လက်အသက်ရှင်နိုင်သလား။ ပေါလုသည် အောက်ပါကျမ်းချက်၌ ဖြေကြားထားသည်။

*သင်တို့သည် ကိုယ်တိုင်ကြားရပြီးသော ဧဝံဂေလိတရား၏မျှော်လင့်ခြင်းမှ မရွေ့လျော့ဘဲ၊ တိုက်မြစ်ကျခြင်း၊ တည်ကြည်ခြင်းနှင့်တကွ မြဲမြံစွာယုံကြည်ကြလျှင်၊ သန့်ရှင်းစင်ကြယ် လျက်အပြစ်တင်ခွင့်နှင့်ကင်းလွတ်လျက်ရှိသော သင်တို့ကိုရှေ့တော်၌ ဆက်သမည်အကြောင်းတည်း။*
*(ကော ၁း၂၃)*

၁။ **'ဘဲ'**

က။ ဤစကားဆက် 'ဘဲ' (ဂရိ-ei) သည် အခြေအနေဖြစ်တည်မှုကို ဖော်ပြသည်။
ခ။ သို့သော် ဤစကားဆက် 'ဘဲ' သည် မသေချာမှု (ဝါ) သံသယ ကို ပေါ်လွင်စေရန် မဟုတ်။
ဂ။ ဤ စကားလုံးသည် အဖြစ်အပျက် (ဝါ) အစစ်အမှန် ကို ဖော်ပြသည်။

၂။ **'လျှင်'**

က။ ဤစကားဆက် 'လျှင်' (ဂရိ-ge) သည် လေးနက်မှုကို ထင်ရှားစေရန်သုံးသည်။
ခ။ ထို့ကြောင့် ဤစကားလုံးသည် 'အမှန်စင်စစ် (ဝါ) အကယ်စင်စစ်' ဟု အဓိပ္ပာယ်ရှိသည်။

ဂ။ ထို့ကြောင့် ဆရာယုဒသန်က *'မြဲမြံစွာယုံကြည်ကြ'* ဟု ပြန်ဆိုခြင်းမှာ အလွန်သင့်လျော်သည်။

## ၃။ 'မြဲမြံစွာ'

က။ ဤစကားစုသည် ဆက်လက်တည်နေခြင်းကို ဆိုလိုသည်။

ခ။ ဤစကားလုံးကို အောက်ပါအတိုင်း အနက်ဖွင့်ဆိုနိုင်သည်။

(၁) ဤစကားလုံး 'မြဲမြံ' ၏ အရင်းအမြစ်သည် သခင်ခရစ်တော်က သူ၌တည်နေကြရန် တပည့်တော်တို့အား သွန်သင်ရာ၌ အသုံးပြုသောစကား၏အရင်းအမြစ်နှင့် တူသည်။ (ယော ၁၅း၄-၇)

(၂) ရှင်ပေါလုသည် ထိုစကားလုံး *'မြဲမြံ'* နှင့် *'စွာ'* ကို ပေါင်းစပ်ပြီး လေးနက်မှုကို ပေါ်လွင်ထင်ရှား စေသည်။

ဂ။ ရှင်ပေါလုက အောက်ပါအတိုင်း ခံယူသည်။

(၁) ကယ်တင်ခြင်းခံရသောသူသည် ကယ်တင်ရှင်သခင်ခရစ်တော်၌ ဆက်လက်တည်နေမည် ဖြစ်သည်။

(၂) သခင်ခရစ်တော်အား မှန်ကန်စွာ သိကျွမ်းပြီးမှ သူ၌ ဆက်လက် မတည်နိုင်ခြင်းသည် လုံးဝ ဆင်ခြင်လက်ခံနိုင်ဖွယ် မရှိ။

## ၄။ 'ယုံကြည်'

က။ ဤ *'ယုံကြည်'* ဟူသော စကားလုံးသည် သက်ဝင်ယုံကြည်မှု (the faith) ကို ရည်ညွှန်းသည်။

ခ။ ဤ ယုံကြည်ခြင်းသည် အထက်ကဖော်ပြပြီးသော ယုံကြည်ခြင်းကို ရည်ညွှန်းသည်။ (ကော ၁း၄)

(၁) သခင်ယေရှုခရစ်တော်၌ တည်သော ယုံကြည်ခြင်းဖြစ်သည်။

(၂) ဝိညာဉ်တော်၏ အသီးအပွင့် ဖြစ်သော ချစ်ခြင်းမေတ္တာကို ပိုမို ပြည့်စုံစေသော ယုံကြည်ခြင်း ဖြစ်သည်။

ဂ။ ဤ ယုံကြည်ခြင်းသည် အစစ်အမှန်ဖြစ်ပါက၊ ယုံကြည်သူသည်ခရစ်တော်၌ အမှန်တကယ် မရွေ့လျော့ဘဲ တည်နေမည် ဖြစ်သည်။

## ‘တိုက်မြစ်ကျခြင်း၊ တည်ကြည်ခြင်း . . .’
## (ကော ၁း၂၃)

**အကျွန်ုပ်တို့သည် အဘယ်မျှလောက် ခိုင်မာနိုင်ကြမည်နည်း**

သခင်ယေရှုခရစ်တော်ကို ယုံကြည်ရာ၌ အကျွန်ုပ်တို့သည် ဆက်လက်ယုံကြည်နိုင်မည်ဟု အဘယ်မျှလောက် ခိုင်မာစွာ ပြောဆိုနိုင်ကြမည်နည်း။ အောက်ပါကျမ်းချက်အရ ကျွန်ုပ်တို့သည် အမှန်ပင် ယုံကြည်ခြင်း၌ တည်မြဲနိုင် ကြောင်း ဖော်ပြထားသည်။

> *သင်တို့သည် ကိုယ်တိုင်ကြားရပြီးသော ဧဝံဂေလိတရား၏မျှော်လင့်ခြင်းမှ မရွေ့လျော့ဘဲ၊ တိုက်မြစ်ကျခြင်း၊ တည်ကြည်ခြင်းနှင့်တကွ မြဲမြံစွာ ယုံကြည်ကြလျှင်၊ သန့်ရှင်းစင်ကြယ် လျက်အပြစ်တင်ခွင့်နှင့်ကင်းလွတ်လျက်ရှိသော သင်တို့ကိုရှေ့တော်၌ ဆက်သမည်အကြောင်းတည်း။*
>
> *(ကော ၁း၂၃)*

၁။ **‘တိုက်မြစ်ကျခြင်း’**

- က။ ဤစကားလုံးကို ဂရိသဒ္ဒါအရ စုံလင်ပြီးသော အချိန်ကာလပြအဖြစ် ရေးသားထားသည်။
- ခ။ ထိုကဲ့သို့ အချိန်ကာလပြ ကို အင်္ဂလိပ်သဒ္ဒါ အားဖြင့် ကောင်းစွာ ဖော်ပြနိုင်ခြင်း မရှိ။
- ဂ။ ထိုသို့သောစုံလင်ပြီးသော ကာလပြ၏ အနှစ်သာရကို နားလည်သဘောပေါက်ခြင်းသည် လွန်စွာ အရေးကြီးပါသည်။
  - (၁) အတိတ်တစ်ချိန်က ဖြစ်စဉ်တစ်ခုကို ဖော်ပြထားသည်။
  - (၂) ထိုဖြစ်စဉ်တစ်ခုသည် လက်ရှိအချိန်၌ ပြီးပြည့်စုံသော အရာတစ်ခုအဖြစ် ရှိသည်။
  - (၃) ထို့ကြောင့် ထိုပြီးမြောက်စုံလင်သော အရာသည် လက်ရှိ၌ လုံး၀ အကျိုးသက်ရောက်မှုရှိနေဆဲဖြစ်သည်။

## ၂။ 'တိုက်မြစ်ကျခြင်း'၏ အကျိုးဆက်များ

က။ အကျွန်ုပ်တို့ ခိုင်ခံ့စွာ တိုက်မြစ်ချခြင်းသည် လုံးဝဖြစ်နိုင်သောအရာဖြစ်သည်။

ခ။ ဤအမှုအရာသည် ဘုရားသခင်ကိုယ်တိုင် အစပြုသည်။ ဘုရားသခင်သည် ခရစ်တော်၌ အကျွန်ုပ်တို့ကို တိုက်မြစ်ချတော်မူ၏။

ဂ။ အမှန်ပင် ဘုရားသခင်သည် အကျွန်ုပ်တို့အား ယုံကြည်ခြင်း၌ တိုက်အဖြစ် တည်ဆောက်ဖို့ ရွေးချယ်ပါက -

(၁) အကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် လက်ရှိအကျိုးသက်ရောက်မှု ရှိနေသည်ကို ထင်ရှားစွာ တွေ့ရမည်။

(၂) အကျွန်ုပ်တို့၏ယုံကြည်ခြင်းသည်လည်း အသီးအပွင့်အားဖြင့် သိသာထင်ရှားလာမည် ဖြစ်သည်။

(၃) ခိုင်မာစွာ တိုက်မြစ်ချထားသော ယုံကြည်ခြင်းသည် ဘုရားပြုသောအမှုအရာဖြစ်သည်။

ဃ။ *'တိုက်မြစ်ကျခြင်း'* သည် အောက်ပါတို့ကို ရည်ညွှန်းသည်။

(၁) ဘုရားသခင်ကိုယ်တိုင် အုတ်မြစ်ချခြင်း၊

(၂) ယုံကြည်ခြင်းအုတ်မြစ်ကို ဘုရားသခင်ကိုယ်တိုင် အပြီးဆောင်ရွက်ခြင်းတို့ဖြစ်သည်။

## ၃။ 'တည်ကြည်ခြင်းနှင့်တကွ'

က။ စကားဆက် *'နှင့်တကွ'* သည် ယုံကြည်ခြင်းအုတ်မြစ်ချခြင်း၏ လေးနက်မှုကို ထင်ရှားစေသည်။

ခ။ သခင်ခရစ်တော်၌တည်သော အကျွန်ုပ်တို့၏ ယုံကြည်ခြင်း ဖွဲ့စည်းတည်ဆောက်ပုံ၊ သဘောသဘာဝကို ပို၍နားလည်စေသည်။

ဂ။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၌ အမှန်ပင် တည်ကြည်နိုင်ကြသည်။

ဃ။ ယုံကြည်ခြင်းအုတ်မြစ်ချခြင်းသည် တည်ကြည်ခိုင်ခံ့သော ယုံကြည်ခြင်းမျိုး ပိုင်ဆိုင်ရခြင်းနှင့် အမှန်ပင် သက်ဆိုင်နေသည်။

## 'ဧဝံဂေလိတရား၏ မျှော်လင့်ခြင်း'
## (ကော ၁း၂၃)

### မျှော်လင့်ခြင်း၏ နေရာမှန်

သခင်ယေရှုခရစ်တော်၌ တည်သော ယုံကြည်ခြင်း အကြောင်းပြောဆိုကြရာ၌ မျှော်လင့်ခြင်း၏ နေရာမှန်ကိုလည်း နားလည်သဘောပေါက်ရန် အလွန်အရေးကြီးပါသည်။ အောက်ပါ ကျမ်းချက်ကို ထပ်မံလေ့လာကြည့်မည်ဆိုလျှင်-

*သင်တို့သည် ကိုယ်တိုင်ကြားရပြီးသော ဧဝံဂေလိတရား၏မျှော်လင့်ခြင်းမှ မရွေ့လျော့ဘဲ၊ တိုက်မြစ်ကျခြင်း၊ တည်ကြည်ခြင်းနှင့်တကွ မြဲမြံစွာယုံကြည်ကြလျှင်၊ သန့်ရှင်းစင်ကြယ် လျက်အပြစ်တင်ခွင့်နှင့်ကင်းလွတ်လျက်ရှိသော သင်တို့ကိုရှေ့တော်၌ ဆက်သမည်အကြောင်းတည်း။*
*(ကော ၁း၂၃)*

### ၁။ ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်း

က။ ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းတို့သည် တစ်ခုကိုတစ်ခု ဆက်စပ်နေကြသည်။
ခ။ အရိုးရှင်းဆုံးပြောရလျှင် သက်ဝင်ယုံကြည်မှု (faith)သည် ယုံကြည်ခြင်း (believe) ဖြစ်သည်။
ဂ။ မျှော်လင့်ခြင်းသည် ဧဝံဂေလိတရားနှင့် ရောယှက်ကာ တည်ရှိသည်။

### ၂။ ပေါလု ဟောကြားသော ဧဝံဂေလိတရား

က။ ဧဝံဂေလိတရား တစ်ခုတည်းသာ ရှိသည်။
ခ။ ပေါလုနှင့်အခြားသော အမှုတော်ဆောင်များသည် ထိုတရားကို ဟောကြားသည်။

## ၃။ မျှော်လင့်ခြင်း၌ ပါဝင်သော အရာများ

အောက်ပါ အချက်အလက်များကိုသာ အလေးပေး ဖော်ပြထားသည်။

က။ သန့်ရှင်းသူတို့၏အမွေကို ဆက်ဆံဝင်စားထိုက်သော အရည်အချင်း။ (ကော ၁း၁၂)

ခ။ မှောင်မိုက်တန်ခိုးမှ ကယ်နှုတ်ခြင်း။ (ကော ၁း၁၃)

ဂ။ ဘုရားသခင်၏နိုင်ငံတော်သို့ ကူးပြောင်းခြင်း။ (ကော ၁း၁၃)

ဃ။ အကျွန်ုပ်တို့၏ ဝိညာဉ်အား ကယ်တင်ခံရခြင်း။ (ကော ၁း၁၄)

င။ ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခြင်း။ (ကော ၁း၂၀-၂၁)

စ။ သန့်ရှင်းပြီး၊ အပြစ်တင်ခြင်းအခွင့်နှင့်ကင်းလွတ်သောသူများအဖြစ် ဖော်ပြခြင်း။ (ကော ၁း၂၂)

## ၄။ ‘မရွေ့လျော့ဘဲ’

ဤအချက်တို့သည် ခရစ်တော်ကို ယုံကြည်ရာ၌ ပါဝင်သော ကျွန်ုပ်တို့၏ မျှော်လင့်ခြင်း အစိတ်အပိုင်းများ ဖြစ်ကြသည်။

က။ ရှင်ပေါလုက *‘လမ်းလွဲခြင်း’* ပြဿနာကို ဆိုလိုသည်။

ခ။ မျှော်လင့်ခြင်းသည် မျက်မြင်မရသောကြောင့် လွယ်ကူစွာ *‘လမ်းလွဲသွားခြင်း’* ဖြစ်နိုင်သည်။

ဂ။ သို့သော်လည်း ယုံကြည်ခြင်း၌ ခိုင်ခံ့စွာ အုတ်မြစ်ချပြီး အဆုံးထိ တည်ကြည်သွားနိုင်သည်။

(၁) ဘုရားသခင်ကိုယ်တိုင် ပါဝင်နေသောကြောင့်၊ သူ၏ကူညီမစခြင်းအားဖြင့် ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၌ ခိုင်ခံ့စွာ အုတ်မြစ်ချပြီး တည်ကြည်သွားနိုင်သည်။

(၂) မည်သည့်အခါမှ လမ်းမလွဲသွားမိရန် သန္နိဋ္ဌာန်ချ အသက်ရှင်ရမည်မှာ ကျွန်ုပ်တို့၏ တာဝန်သာ ဖြစ်သည်။

(၃) ပေါလုနှင့် အခြားယုံကြည်သူတို့သည် မရွေ့မလျော့ဘဲ အဆုံးထိတည်ကြည်နိုင်ကြောင်း သက်သေထူသွားကြသည်။ အကျွန်ုပ်တို့အတွက် စိန်ခေါ်ချက်မှာ သူတို့၏ ပုံသက်သေကို အတုယူရန် ဖြစ်သည်။

# 'သင်တို့အဘို့အလိုငှါ ဆင်းရဲခံခြင်း၌ ယခုဝမ်းမြောက်၍' (ကော ၁း၂၄)

## သတင်းကောင်းဖို့အလို့ငှာ ဆင်းရဲခံခြင်း

သတင်းကောင်း အမှုတော်နှင့် ဆင်းရဲခံခြင်းတို့သည် ပူးတွဲလျက်ရှိနေသည်မှာ အလွန်ပင်အံ့ဩစရာဖြစ်သည်။ တမန်တော် ပေါလုနှင့် အခြားအမှုတော်ဆောင်များသည် အမှန်ပင် ဒုက္ခဆင်းရဲခံလျက် သတင်းကောင်းကို ဟောပြောခဲ့ကြသည်။

> *ငါပေါလုသည် ထိုတရားကိုဟောသောဆရာဖြစ်သည်နှင့် သင်တို့အဘို့အလို့ငှာ ဆင်းရဲခံခြင်း၌ ယခုဝမ်းမြောက်၍ ခရစ်တော်၏ဆင်းရဲဒုက္ခအကြွင်းအကျန်ကို အသင်းတော်တည်းဟူသော ကိုယ်တော်အဘို့အလို့ငှာ ငါ့ကိုယ်ခန္ဓာ၌ပြည့်စုံစေ၏။ (ကော ၁း၂၄)*

## ၁။ ရှင်ပေါလု၏ဆင်းရဲဒုက္ခများ

က။ တမန်တော် ပေါလုသည် များစွာသော ဒုက္ခဆင်းရဲခြင်းကို ခံရသည်။ အောက်ပါတို့သည် ဖော်ပြရမည့် ဆင်းရဲဒုက္ခများ ဖြစ်သည်။

(၁) အရိုက်ခံရသည်။

(၂) ကျောက်ခဲနှင့်ပစ်ခံရသည်။

(၃) အလွန်အမင်း မုန်းတီးခြင်း ခံရသည်။

(၄) ထောင်ချခြင်း ခံရသည်။

ခ။ *'သင်တို့အဘို့အလိုငှါ ဆင်းရဲခံခြင်း၌ ယခုဝမ်းမြောက်၍'*

က။ ရှင်ပေါလုသည် ဝမ်းမြောက်တတ်သော စိတ်ရှိသည်။

ခ။ ဤဝမ်းမြောက်တတ်သော စိတ်ဓာတ်သည် ပေါလု ဆင်းရဲဒုက္ခ ရောက်သည့်အခါတိုင်း ပေါ်လွင်ထင်ရှားသော အရာဖြစ်သည်။

## ဂ။ 'သင်တို့အဘို့အလို့ငှါ'

(၁) ဤစကားစုသည် ရှင်ပေါလု၏ တစ်ပါးအမျိုးသားများ၌ အမှုတော်ဆောင်ခြင်းရှုထောင့်မှသာ နားလည်နိုင်သည်။

(၂) ပေါလုသည် တစ်ပါးအမျိုးသားများထံ သတင်းကောင်း ဟောကြား သောကြောင့် ယုဒလူမျိုးများ ဆင်းရဲဒုက္ခများစွာ ခံခဲ့ရသည်။
(၃) ကောလောသဲအသင်းတော်သည် လက်ရှိအခြေအနေအရ တစ်ပါး အမျိုးသားများအသင်းတော် ဖြစ်သည်။

## ၃။ ပေါလု၏ ဝမ်းမြောက်တတ်သောစိတ်ဓာတ်

ပေါလုသည် ဝမ်းမြောက်တတ်သောစိတ်ဓာတ်ကို ဒုက္ခဆင်းရဲခြင်းများ ခံစားနေရသည့်ကြားက အဘယ်သို့ ဆက်လက်ပိုင်ဆိုင်နိုင်သနည်း။ ရှင်ပေါလု အဘယ်အကြောင်းများကြောင့် ဒုက္ခဆင်းရဲခြင်းများ ခံစားနိုင်သနည်း။ အောက်ပါ အချက်များသည် ရှင်ပေါလု၏ ဒုက္ခဆင်းရဲခံစားနိုင်သည့် တချို့သော အကြောင်း အရာများ ဖြစ်သည်။

က။ သူ၏ ယုံကြည်ခြင်းကြောင့် ဖြစ်သည်။
ခ။ သူ၏ခိုင်ခံ့သော ခံယူချက်ကြောင့် ဖြစ်သည်။
ဂ။ သူ၏စိတ်နှလုံးထဲ၌ ထွေးပိုက်ထားသော မျှော်လင့်ခြင်းကြောင့်ဖြစ်သည်။
ဃ။ သူ၏ ဘုရားသခင်ကို သိခြင်း၌ နားလည်ကျွမ်းဝင်ခြင်းကြောင့်ဖြစ်သည်။
င။ ဒုက္ခဆင်းရဲခြင်းများစွာကို ခံရသော သခင်ယေရှုခရစ်တော်၏ ပုံသက်သေ ကြောင့်ဖြစ်သည်။
စ။ သူ၏ တည်ကြည်ခိုင်မြဲသော အကျင့်စာရိတ္တ ကြောင့်ဖြစ်သည်။
ဆ။ သတင်းကောင်းအတွက် ဆင်းရဲဒုက္ခခံရခြင်းမှာ မလွှဲမရှောင်သာသော အရာဖြစ်သည်ဟု သူယုံကြည် လက်ခံသောကြောင့် ဖြစ်သည်။
ဇ။ သူခံစားနေရသော ဒုက္ခဆင်းရဲခြင်းများမှ ကောင်းသောအရာ တစ်စုံတစ်ခု ဖြစ်လာနိုင်သည်ဟု ပေါလု ယုံကြည်မျှော်လင့်သောကြောင့်ဖြစ်သည်။

## 'အသင်းတော်အဘို့အလိုငှါ'
## (ကော ၁း၂၄)

**နက်ရှိုင်းသော အမြင်**

သူကိုယ်တိုင် ခံစားရသောဒုက္ခဆင်းရဲခြင်းများနှင့် ပတ်သက်၍ အောက်ပါကျမ်းချက်၌ ပေါလု ဤသို့ ဝေငှလိုက်သည်။

*ငါပေါလုသည် ထိုတရားကိုဟောသောဆရာဖြစ်သည်နှင့် သင်တို့အဘို့အလို့ငှာ ဆင်းရဲခံခြင်း၌ ယခုဝမ်းမြောက်၍ ခရစ်တော်၏ဆင်းရဲဒုက္ခအကြွင်းအကျန်ကို အသင်းတော်တည်းဟူသော ကိုယ်တော်အဖို့အလို့ငှာ ငါ့ကိုယ်ခန္ဓာ၌ပြည့်စုံစေ၏။ (ကော ၁း၂၄)*

**၁။ 'ခရစ်တော်၏ ဆင်းရဲဒုက္ခအကြွင်းအကျန်ကို အသင်းတော်တည်းဟူသော ကိုယ်တော်အဖို့အလို့ငှါ ငါ့ကိုယ်ခန္ဓာ၌ ပြည့်စုံစေ၏'**

ဤစာကြောင်းသည် မှားယွင်းစွာ နားလည်နိုင်သော ကျမ်းစကားဖြစ်သည်။ သေချာစွာ လေ့လာကြည့်ပါက -

က။ *'ခရစ်တော်၏ ဆင်းရဲဒုက္ခ'*

(၁) ထိုဆင်းရဲဒုက္ခများသည် ကျွန်ုပ်တို့၏ အပြစ်များကိုဖြေလွှတ်ခြင်းအတွက် မရှိမဖြစ်လိုအပ်သည်။

(၂) ကျွန်ုပ်တို့ကို ကယ်တင်ရန်အတွက် သခင်ခရစ်တော်သည် များစွာသော ဆင်းရဲဒုက္ခကို ခံစားရသည်။

(၃) ကျွန်ုပ်တို့အား ကယ်တင်ရန်အတွက် သခင်ခရစ်တော် ခံစားရသော ဆင်းရဲဒုက္ခသည် ပြီးပြည့်စုံလျက် ရှိသည်။

ခ။ ရှင်ပေါလု မဆိုလိုသော အချက်များမှာ-

(၁) သခင်ခရစ်တော်၏ ဆင်းရဲဒုက္ခသည် ပြီးပြည့်စုံခြင်း မရှိဟု ရှင်ပေါလု ပြောနေသည် မဟုတ်။

(၂) ကျွန်ုပ်တို့အတွက် ကယ်တင်ခြင်း ပြည့်စုံစေရန် သခင်ခရစ်တော်၏ ဆင်းရဲ ဒုက္ခများ၌ ပေါလု၏ဆင်းရဲဒုက္ခများ ထပ်ဖြည့်စွက်ရန် လိုအပ်သည်ဟု မဆိုလို။

(၃) ပေါလု ပြောသောအရာသည် ခရစ်တော်၏ ကယ်တင်ခြင်းစီမံကိန်း နှင့် လုံးဝ မသက်ဆိုင်ပါ။

ဂ။ ပေါလု ဆိုလိုသော အရာမှာ-

(၁) ပေါလုပြောသောအရာသည် အသင်းတော်တည်ဆောက်ခြင်းနှင့် သက်ဆိုင်သည်။

(၁) အသင်းတော် တည်ဆောက်ရေး၌ များစွာသော ဒုက္ခဆင်းရဲခြင်းခံရမည်ကို ပေါလုသိသည်။

(၂) အသစ်သော အဖွဲ့အစည်းဖြစ်သော အသင်းတော် တည်ဆောက်ခြင်းသည် မလွယ်ကူသောအရာဖြစ်သည်။

(၃) အတိုက်အခံများနှင့် ဆင်းရဲဒုက္ခများ သူ့အပေါ် ကျရောက်လာ လိမ့်မည်ကို ပေါလု ကြိုမြင်ထားပြီး ဖြစ်သည်။

## ၂။ 'အသင်းတော်တည်းဟူသော ကိုယ်တော်အဖို့အလို့ငှာ'

က။ ပေါလု၌ အသင်းတော်နှင့်စပ်လျဉ်းသည့် ခိုင်ခံ့သော ဓမ္မသဘောတရား ရှိသည်။

ခ။ ပေါလုက အသင်းတော်ကို လူဖန်တီးထားသော အသင်းအဖွဲ့အဖြစ် ရှုမြင်ခြင်းမရှိ။

ဂ။ ပေါလုအနေဖြင့် အသင်းတော်ကို ခရစ်တော်၏ခန္ဓာကိုယ်အဖြစ် ရှုမြင်သည်။

ဃ။ ထိုသို့ အသင်းတော်ဟူသည် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ရသော သခင်ခရစ်တော်၏ခန္ဓာကိုယ် အဖြစ် လေးနက်စွာခံယူခြင်းကြောင့် သူခံစားရသော ဒုက္ခဆင်းရဲများကို သတ္တိရှိရှိ ဝမ်းမြောက်ကျေနပ်စွာ သည်းခံနိုင်ရခြင်းဖြစ်သည်။

**ကြီးမားသော စိန်ခေါ်ချက်**

အကျွန်ုပ်တို့အတွက် ပေါလု ထူထောင်ပေးသော ပုံသက်သေသည် အလွန်ကြီးမြတ်ပေသည်။ အသင်းတော်အဖို့ ပေါလု၏ ဒုက္ခဆင်းရဲခံစားပုံကို အတုယူကြရမည်။ အသင်းတော်ကို သခင်ခရစ်တော်၏ ခန္ဓာကိုယ်အဖြစ် ရှုမြင်ခြင်းသည် အသင်းတော်နှင့်စပ်ဆိုင်သော မိမိတို့အမြင်များကို ပို၍လေးနက်စေကြရမည်။ ဤအချက်သည် အလွန်ပင် နက်ရှိုင်းသောအတွေးအခေါ် ဖြစ်သည်။ အမြတ်တနိုးထားပြီး ခံယူကြရမည် ဖြစ်ပါသည်။

## 'ငါသည် အသင်းတော်၌ ဓမ္မဆရာ၏အဖြစ်သို့ ရောက်ရပြီ' (ကော ၁း၂၆)

### အမှုတော်ကို နားလည်သဘောပေါက်ခြင်း

တမန်တော်ပေါလုသည် သူထမ်းဆောင်နေရသော အမှုတော်ကို အလွန်လေးနက်စွာ နားလည်သဘောပေါက်သည်။ သူထမ်းဆောင်နေရသောအမှုတော်နှင့်စပ်လျဉ်းပြီး သုံးကြိမ်သုံးခါ ဖော်ပြကြောင်း တွေ့ရသည်။

*ယခုတွင် သန့်ရှင်းသူတို့အား ဘော်ပြသောနက်နဲရာတည်းဟူသော ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို အကုန်အစင်ဟောပြော စေခြင်းငှာ၊ သင်တို့အကျိုး ကိုထောက်၍၊ ငါ့အားအပ်ပေးတော်မူသော ဘုရားသခင်၏သာသနာတော်နှင့် အညီ၊ ငါသည်အသင်းတော်၌ဓမ္မ ဆရာ၏အဖြစ်သို့ ရောက်ရပြီ။ (ကော ၁း၂၆)*

*ဘုရားသခင်၏အလိုတော်အားဖြင့်ယေရှုခရစ်၏တမန်တော် ဖြစ်သော ငါပေါလုနှင့် ငါ့ညီတိမောသေ သည်၊- (ကော ၁း၁)*

*ငါတို့ကိုကယ်တင်တော်မူသောအရှင်ဘုရားသခင်နှင့်၊ ငါတို့မျှော်လင့် ခြင်းအကြောင်းဖြစ်သော ယေရှုခရစ်၏ပညတ်တော်အားဖြင့်၊ ထိုသခင်၏တမန်တော်ဖြစ်သော ငါပေါလုသည်၊ (၁တိ ၁း၁)*

### ၁။ အမှုတော်မြတ်၏ မတူကွဲပြားသော အစိတ်အပိုင်း သုံးခု ဝေငှခြင်း

က။ ထိုအစိတ်အပိုင်းတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်နွယ်နေကြသည်။

ခ။ ၎င်းတို့သည် တစ်ခုကိုတစ်ခု အမှီသဟဲပြုလျက် ဖြည့်စွက်ပေးနေကြသည်။

## ၂။ ‘ဓမ္မဆရာ’

က။ ဤစကားလုံးသည် ဂရိအားဖြင့် (diakonos) ဖြစ်သည်။ ၎င်းသည် အလွန်နိမ့်ကျသော ရာထူးလုပ်ငန်းများအတွက် သုံးသောစကားလုံးဖြစ်သည်။

ခ။ ၎င်းစကားလုံး၏ မူလအရင်းအမြစ်မှာ (deacon) ဟူသော ဝေါဟာရမှ ဆင်းသက်လာခြင်းဖြစ်သည်။

ဂ။ ၎င်းစကားလုံးဖြင့် ဖော်ပြသောသူသည် ထောင့်စုံလုပ်နေရသောသူ၊ အခိုင်းအစေလုပ်ရသော လုပ်သား ဖြစ်သည်။

## ၃။ ‘နှင့်အညီ’

က။ တမန်တော် ပေါလုသည် သခင်ဘုရား၏ နိမ့်ကျသော ဓမ္မဆရာဖြစ်လာရခြင်း အကြောင်းရင်း ရှိသည်။

ခ။ အကြောင်းရင်း နှစ်မျိုးကို ဖော်ပြမည်။

(၁) *‘ဘုရားသခင်၏ သာသနာတော်နှင့်အညီ’* (ကော ၁း၂၆)

အဓိက ဖော်ပြလိုသောအရာမှာ ဘုရားသခင်၏အကြံအစည်ဖြစ်သည်။ ဘုရားသခင်၏အကြံအစည်ကြောင့် ပေါလုသည် ဓမ္မဆရာဖြစ်လာရသည်။

(၂) *‘ဘုရားသခင်၏ အလိုတော်အားဖြင့်’* (၁ တိမောသေ ၁း၁)

အဓိက ထုတ်ဖော်လိုသောအရာမှာ ဘုရားသခင်၏ အမိန့်အာဏာဖြစ်သည်။ ဘုရားသခင်၏ အလိုရှိခြင်းသည် အမိန့်အာဏာ ပင်ဖြစ်သည်။ ထိုအလိုတော်ကြောင့် ပေါလုသည် ဓမ္မဆရာ ဖြစ်လာရသည်။

ဂ။ အကြောင်းရင်း နှစ်ခုစလုံး အကျုံးဝင်သည်။

(၁) ဘုရားသခင်၏အကြံအစည်အရ ပေါလုသည် တစ်နေ့တစ်ချိန် ဘုရားသခင်၏အမှုတော်ကို ထမ်းဆောင်ရန် ဘုရားသခင်က ကြိုတင်ပြင်ဆင်ထားပြီးဖြစ်သည်။

(၂) ထိုအကြံအစည်တော်ကို ဘုရားသခင်သည် သူ၏အခွင့်အာဏာ (ဝါ) အလိုတော်အမိန့်အားဖြင့် အတည်ပြု လိုက်သည်။

### ၄။ ဘုရားသခင်၏အလိုတော်

က။ ဘုရားသခင်၏ အလိုတော်လည်း ပါဝင်သည်။

ခ။ ဘုရားသခင်၏ အကြံအစည်နှင့် မိန့်မှာချက်များသည် သူ၏အလိုတော်နှင့် တစ်ညီတစ်ညွတ်တည်း ဖြစ်ကြသည်။

ဂ။ ကျွန်ုပ်တို့အတွက် ပြီးပြည့်စုံသော ပုံရိပ်မရမချင်း ထိုအကြောင်းရင်း တစ်ခုစီတို့သည် အံဝင်ခွင်ကျ ရုပ်လုံးပေါ်လာကြသည်။

ပေါလုသည် ဘုရားသခင်၏အမှုတော်မြတ်နှင့်စပ်လျဉ်း၍ လေးနက်စွာ ခံယူသည်။ ဤသို့ ကြီးမားစွာ စိတ်စွဲလမ်းသောကြောင့် ပေါလုသည် ဘုရားသခင်၏ အမှုတော်ကို ထိထိရောက်ရောက်နှင့် သစ္စာရှိစွာ ထမ်းဆောင်နိုင်ရ ခြင်းဖြစ်သည်။

## 'တရားတော်ကို အကုန်အစင် ဟောပြောစေခြင်းငှါ' (ကော ၁း၂၆)

### မြင့်မားသော ရည်ရွယ်ချက်ပန်းတိုင်

ရှင်ပေါလုသည် သခင်ဘုရား၏အစေကို ခံရာ၌ အလွန်မြင့်မားသော ရည်ရွယ်ချက်ပန်းတိုင် ရှိသည်။ ထိုအချက်ကို အောက်ပါ ကျမ်းချက်၌ ဖော်ပြထားသည်။

> *ယခုတွင် သန့်ရှင်းသူတို့အား ဖော်ပြသောနက်နဲရာတည်းဟူသော ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို အကုန်အစင်ဟောပြောစေခြင်းငှါ၊ သင်တို့အကျိုးကို ထောက်၍၊ ငါ့အားအပ်ပေးတော်မူသောဘုရားသခင်၏သာသနာတော်နှင့် အညီ၊ ငါသည်အသင်းတော်၌ဓမ္မဆရာ၏အဖြစ်သို့ ရောက်ရပြီ။ (ကော ၁း၂၆)*

### ၁။ 'သင်တို့အကျိုးကို ထောက်၍၊ ငါ့အားအပ်ပေးတော်မူသော'

က။ ပေါလုသည် ဘုရားသခင်၏ အစေခံကျွန်အဖြစ် အမှုတော်ထမ်းဆောင်နေရကြောင်းကို သွယ်ဝိုက်သောအားဖြင့် ဆိုလိုသည်။

ခ။ အထူးသဖြင့် တစ်ပါးအမျိုးသားတို့အတွက် ဘုရား၏ အစေခံကျွန်အဖြစ် ပေါလုကို ဘုရားသခင် ရွေးချယ်ထားသည်။

### ၂။ ပေါလု ထမ်းဆောင်နေသော အမှုတော်မြတ်၏ အရိပ်အယောင်

ပေါလုသည် တခြားကျမ်းချက်များ၌လည်း သူ၏အမှုတော်မြတ်အကြောင်းဖော်ပြလျက်ရှိသည်။ အောက်ဖော်ပြပါ ကျမ်းချက်သည် သူ၏အမှုတော်မြတ်ကို တစေ့တစောင်းအားဖြင့် ဖော်ပြထားသည်။

> *ထိုတရားကိုဟောပြောသောသူအရာ၌ ၎င်း၊ တမန်တော်အရာ၌၎င်း၊ တပါးအမျိုးသားတို့၏ဆရာအရာ၌၎င်း ငါ့ကိုခန့်ထားတော်မူပြီ။ (၂တိမောသေ ၁း၁၁)*

က။ သူသည် တရားဟောဆရာ အဖြစ် အစပြုခဲ့သည်။
ခ။ သူသည် တမန်တော်အရာ၌ ခန့်အပ်ခြင်း ခံရသည်။
ဂ။ ထို့နောက် သူသည် 'တစ်ပါးအမျိုးသားတို့၏ဆရာ'အဖြစ် ခန့်ထားခြင်းခံရသည်။

## ၃။ စိတ်ထဲမှာ စွဲလမ်းရသော ရည်ရွယ်ချက်

က။ ဘုရားသခင်သည် ပေါလုကို 'တမန်တော်၊ ဆရာ' စသော ရာထူးများပေးခြင်းဖြင့် ဂုဏ်ပြုသည် မဟုတ်။
ခ။ ပေါလုသည် ထိုရာထူးများ၌ မြင့်မားသော ရည်ရွယ်ချက်ရှိသည်ဟု သိသည်။ ထိုရည်ရွယ်ချက်မှာ-
(၁) ဘုရားသခင်၏နှုတ်ကပတ်တရားတော် နှင့် သက်ဆိုင်သည်။
(၂) ဘုရားသခင်၏ နှုတ်ကပတ် တရားကို အကုန်အစင် ပြည့်စုံစေခြင်းနှင့် သက်ဆိုင်သည်။
(၃) ပေါလုအား ပေးသနားတော်မူသော ရာထူးများသည် ပြည့်စုံစေရန်ရည်ရွယ်ထားရမည့်အရာ (လုပ်ငန်းများ) ဖြစ်ကြသည်။

## ၄။ ပြည့်စုံစေခြင်း၏ အဓိပ္ပာယ်

ပြည့်စုံစေခြင်း၏ အဓိပ္ပာယ်မှာ အဘယ်နည်း။ အောက်ပါအတိုင်းနားလည်နိုင်သည်။

က။ စစ်မှန်ပြီး ခိုင်ခံ့သော ယုံကြည်ခြင်း၊
ခ။ ခန့်အပ်သော လုပ်ငန်းတာဝန်များအပေါ် သစ္စာရှိခြင်း၊
ဂ။ ဖွင့်ပြပြီးသော ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို လုံးဝနာခံခြင်း၊
ဃ။ အမှုတော်၌ အသီးများစွာ သီးခြင်း၊
င။ ဧဝံဂေလိတရားတော်၏ ရန်သူများကို တိုက်ခိုက်ရာ၌ ကြောက်ရွံ့မှုမရှိခြင်း၊
စ။ ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် ပြည့်ဝနေရန် အစဉ်အားထုတ်ခြင်း။

## 'ရှေးကပ်ကာလပတ်လုံး ဝှက်ထားလျက်ရှိ . . . နက်နဲရာ'
## (ကော ၁း၂၅-၂၆)

### နက်နဲရာ ဟူသည်မှာ

*'နက်နဲရာ'* ဟူသော စကားလုံးသည် ဓမ္မသဘောကြောင်း၌ အလွန့်အလွန် အဓိပ္ပာယ်ရှိသည်။ ၎င်း၏ကျမ်းသဘောအဓိပ္ပာယ်ကို သာမန်အသုံး အနှုန်းမှ ခွဲခြားနားလည်ရမည်။ တမန်တော်ပေါလု အသုံးပြုရှင်းပြချက်အရ ဤစကားလုံး၏ ဓမ္မသဘောအသုံးအနှုန်းမှာ လုံးဝခြားနားသည်။

> *'ရှေးကပ်ကာလပတ်လုံး ဝှက်ထားလျက်ရှိ . . . နက်နဲရာတည်းဟူသော ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို အကုန်အစင်ဟောပြော စေခြင်းငှာ၊ သင်တို့အကျိုး ကိုထောက်၍၊ ငါ့အားအပ်ပေးတော်မူသော ဘုရားသခင်၏သာသနာတော်နှင့် အညီ၊ ငါသည်အသင်းတော်၌ဓမ္မ ဆရာ၏အဖြစ်သို့ ရောက်ရပြီ။ (ကော ၁း၂၅၊ ၂၆)*

### ၁။ 'ရှေးကပ်ကာလပတ်လုံး ဝှက်ထားလျက်ရှိ' သောနက်နဲသောအရာ (ကော ၁း၂၅)

 က။ ဘုရားသခင်၏ ဉာဏ်ပညာကို ဆိုလိုသည်။

ခ။ ဘုရားသခင်၏ဉာဏ်ပညာအား သာမန်လူသားတို့ လေ့လာသိရှိနိုင်ခြင်းမရှိ။

(၁) လူတို့၏ဦးနှောက်အသိတရားအားဖြင့် ဆင်ခြင်သိနိုင်ခြင်း မရှိ။ (၁ကော ၂း၆-၁၆)

(၂) ဇာတိလူသည် ဝိညာဉ်သဘောတရားကို မည်သို့မျှ မသိနိုင်။ (၁ကော ၂း၁၄)

ဂ။ လောကီဉာဏ်ပညာအားဖြင့် အဘယ်သူမျှ ဘုရားသခင်ကို နားမလည်နိုင်။ (၁ ကော ၁း၂၁)

**၂။ ရှည်လျားသော ကာလ**

က။ *'ရှေးကပ်ကာလပတ်လုံး'* ဟူသော စကားစုသည် ရှည်လျားသောအချိန်ကာလကို ဖော်ပြသည်။

ခ။ ရှေးကာလများတစ်လျှောက်လုံး လူတို့သည် ဘုရားသခင်ကို မသိနား မလည်ကြပေ။

ဂ။ လူတို့သည် မိမိကိုယ် မိမိသွန်သင်နိုင် (autodidact) သည် ဟူသော အဆိုသည် လှည့်ဖြားခြင်း တစ်မျိုးသာ ဖြစ်သည်။

**၃။ 'ယခုတွင် သန့်ရှင်းသူတို့အား ဖော်ပြသော' (ကော ၁း၂၆)**

က။ ကျေးဇူးတော်အားဖြင့် ဘုရားသခင်သည် ဖွင့်ပြခြင်း (revelation) ပေးသနားတော်မူသည်။

ခ။ ဘုရားသခင် ဖွင့်ပြခြင်းအားဖြင့်သာ အောက်ပါတို့ကို နားလည်နိုင်သည်။

(၁) ဘုရားသခင်၏ ဉာဏ်ပညာတော်

(၂) ဘုရားသခင်၏ အလိုတော်

(၃) ဘုရားသခင်၏ မိမိကိုယ်မိမိ ဖွင့်ပြခြင်း

(၄) ဘုရားသခင်၏ အဆိုအမိန့်များ

**၄။ 'သန့်ရှင်းသူတို့အား'**

က။ သူတို့သည် ဘုရားသခင်၏ လူများ ဖြစ်ကြသည်။

ခ။ သူတို့သည် သခင်ခရစ်တော်ကို ယုံကြည်လာသောသူများ ဖြစ်ကြသည်။

ဂ။ ထိုသူတို့သည် သခင်ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ကို သိကျွမ်းလာကြသည်။

ဃ။ ထိုသူတို့သည် သခင်ခရစ်တော်၏ သွန်သင်ခြင်းအားဖြင့် ဘုရားသခင်ကို နားလည်လာကြသည်။

င။ ပေါလုနှင့်ကျန်တမန်တော်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော် တရားဖွင့်ပြခြင်း၊ဖော်ပြခြင်း အမှုတော်မြတ်အတွက် ခိုင်ခံ့စွာ ဆက်ကပ်ခဲ့ကြသည်။

## 'သိစေခြင်းငှါ၊ ဘုရားသခင်အလိုရှိတော်မူ၏. .'
## (ကော ၁း၂၇)

### ဝှက်ထားခြင်းနှင့်ဖွင့်ပြခြင်း

နက်နဲသော အမှန်တရားများကို ဝှက်ထားခြင်းနှင့် ဖွင့်ပြခြင်းသည် ဘုရားသခင်၌သာ ရှိသော လုပ်ပိုင်ခွင့် ဖြစ်သည်။ လျှို့ဝှက်ထားသော အရာများကို နက်နဲသောအရာများဟု ခေါ်သည်။ ဘုရားသခင်သည် ထိုနက်နဲသော အရာ များကို သန့်ရှင်းသောသူတို့ သိစေခြင်းဖို့ အဘယ်သို့ ဖွင့်ပြတော်မူသည်ကို ပေါလုက အောက်ပါအတိုင်းရေးသားသည်။

> *တပါးအမျိုးသားတို့တွင် ဤနက်နဲသောအရာနှင့်ဆိုင်သော မဟာစည်းစိမ်ကား၊ အဘယ်မျှလောက်ကြီးသည်ကို သန့်ရှင်းသူတို့သည် သိစေခြင်းငှာ၊ ဘုရားသခင် အလိုရှိတော်မူ၏။ ထိုစည်းစိမ်ကား၊ ဘုန်းအသရေကို မျှော်လင့်ခြင်းအကြောင်း တည်းဟူသောသင်တို့အထဲ၌ တည်တော်မူသော ခရစ်တော်ပေတည်း။* *(ကော ၁း၂၇)*

### ၁။ 'တပါးအမျိုးသားတို့တွင်'

က။ သူတို့ကို သန့်ရှင်းသူများ ဟုလည်း ခေါ်သည်။ (ကော ၁း၂၊၂၆)

ခ။ သခင်ခရစ်တော်ကို ယုံကြည်ကိုးစားခြင်းဖြင့် သန့်ရှင်းသူများဖြစ်လာကြသည်။

ဂ။ အခြားသော အသုံးအနှုန်းများမှာ-

(၁) *'ယုံကြည်သော'*(ဝါ) သစ္စာရှိသော ညီအစ်ကိုတို့၊ (ကော ၁း၂)

(၂) *'အလင်း၌နေသော သန့်ရှင်းသူတို့၏အမွေ ဆက်ဆံဝင်စားထိုက်' သောသူတို့၊* (ကော ၁း၁၂)

### ၂။ 'ဘုရားသခင်အလိုရှိတော်မူ၏'

က။ ထိုသို့ အလိုရှိခြင်းသည် ဘုရားသခင်၌သာ ရှိသောဘုရားလုပ်ပိုင်ခွင့် (divine prerogative) ဖြစ်သည်။

ခ။ ကာလကြာရှည်စွာ ဝှက်ထားသော နက်နဲသောအရာကို သန့်ရှင်းသူတို့
နားလည်သိရှိစေခြင်းငှာ ဘုရားသခင်အလိုတော် ရှိသည်။

**၃။ 'ထိုနက်နဲသောအရာ၏ ဘုန်းအသရေ'**

က။ ဤနက်နဲသော အရာသည် ဘုန်းအသရေနှင့် ပြည့်စုံသည်။
ခ။ ထိုနက်နဲသော အရာသည် ဘုန်းအသရေနှင့်စပ်လျဉ်းသော *'စည်းစိမ်'*
ဟု လည်း ဖော်ပြထားသည်။

**၄။ စာဖတ်ပရိတ်သတ်ကို တိကျစွာ ဖော်ပြထားသည်။**

က။ ဤအချက်သည် နက်နဲသော အရာ၏ အစိတ်အပိုင်း ဖြစ်သည်။
ခ။ ဣသရေလ လူမျိုး မဟုတ်ဘဲ၊ တစ်ပါးအမျိုးသားများသည် ထိုနက်နဲ
သောအရာကို လက်ခံရရှိသော သူများဖြစ်ကြသည်။

**၅။ ထိုနက်နဲသောအရာ၌ ပါဝင်သောအရာများ**

က။ ထိုနက်နဲသောအရာ၌ ပါဝင်သောအရာများကို ဤကျမ်းပိုဒ်တို၌ အကျဉ်း
ချုပ် ဖော်ပြထားသည်။
ခ။ ထိုနက်နဲသောအရာမှာ *'သင်တို့အထဲ၌ တည်တော်မူသော ခရစ်တော်'* ပင်
ဖြစ်သည်။
ဂ။ ထပ်မံရှင်းပြရန် *'မြော်လင့်ခြင်းအကြောင်းတည်းဟူသော'* စာကြောင်းကို
ပေါလုရေးသားလိုက်သည်။
(၁) သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏ ဘုန်းအသရေနှင့်ဆိုင်သောမျှော်လင့်
ချက် ဖြစ်သည်။
(၂) သခင်ခရစ်တော်သည် ကျွန်ုပ်တို့ထဲ၌တည်တော်မူသည်။
(၃) ဤအချက်သည် လွန်စွာ အံ့သြဖွယ်ကောင်းသော အမှန်တရားဖြစ်သည်။
ထိုအမှန်တရားသည် ယခုကာလ၌ပင် ဘုရားသခင် ဖွင့်ပြထားခြင်းဖြစ်
သည်။
(၄) ဤအမှန်တရားသည် ကျွန်ုပ်တို့ ကောင်းကောင်းမွန်မွန် နားမလည်
နိုင်၊ တန်ဖိုးမထားနိုင်ကြသော ထာဝရအမှန်တရား ဖြစ်သည်။

# 'ခရစ်တော် . . . ကို ဟောပြောကြ၏. . .'
# (ကော ၁း၂၈)

## လက်ခံရန် ခက်ခဲသော အမြင်

တစ်ပါးအမျိုးသားများအပါအဝင် ယုံကြည်သူတိုင်း၌ သခင်ခရစ်တော် ကိန်းအောင်းတည်ရှိသည် ဟူသောယုံကြည်ချက်သည် လူတိုင်း လက်ခံရန် ခက်ခဲသော အရာဖြစ်သည်။

### ၁။ မယုံကြည်သော ယုဒလူမျိုး

က။ သခင်ခရစ်တော်ကို မယုံကြည်ကြသော ယုဒလူမျိုးတို့သည် ဤသွန်သင်ချက်ကိုလုံးဝ ငြင်းပယ်ကြသည်။

ခ။ သူတို့၏ ကယ်တင်ရှင် ခရစ်တော်သည် တစ်ပါးအမျိုးသားများနှင့်ထိုသို့ အကျွမ်းတဝင် ပတ်သက်နေရခြင်းကို မယုံကြည်သော ယုဒလူမျိုးတို့သည် လုံးဝ ယုံကြည်လက်ခံနိုင်ခြင်း မရှိကြ။

### ၂။ မယုံကြည်သော တစ်ပါးအမျိုးသား

က။ ဤအချက်သည် မယုံကြည်သော တစ်ပါးအမျိုးသားတို့အတွက် အလွန်လေးနက်လွန်းသည်။

ခ။ သခင်ယေရှုခရစ်တော်သည် ယုံကြည်သူတို့၏ စိတ်နှလုံးထဲ၌ အဘယ်သို့ ကိန်းအောင်းတည်ရှိ နိုင်မည်နည်း။

## တမန်တော်တို့၏ တရားဟောကြားခြင်း

ပေါလုနှင့်အခြားသော တမန်တော်တို့သည် ဤနက်နဲသောအရာဖြစ်သည့် ခရစ်တော်၏တရားဟောကြားခြင်းကို အပြည့်အဝ ဆက်ကပ်ကြသည်။

*ခရစ်တော်အားဖြင့် လူတိုင်းစုံလင်ခြင်းသို့ရောက်၍ လူခပ်သိမ်းတို့ကို ဆက်သအံ့ သောငှာ၊ ငါတို့သည် လူခပ်သိမ်းတို့ကို သတိပေး၍ ပညာအမျိုးမျိုးနှင့်ဆုံးမ သွန်သင်လျက် ခရစ်တော်၏တရားကို ဟောပြောကြ၏။ (ကော ၁း၂၈)*

**၁။'ခရစ်တော်၏ တရားကို ဟောပြောကြ၏'**

က။ ပေါလုက ဤသို့ *'ဟောပြောကြ၏'* ဟု ဆိုရာ၌ အထူးလေးနက်စေလိုသော သဘောရှိသည်။

ခ။ တရားဟောပြောခြင်းနှင့်ဆိုင်သော အချက်များမှာ အဘယ်နည်း။

(၁) ခိုင်မာသော ကြေညာခြင်း/တိကျသေချာသောကြေညာချက်

(၂) ရှင်းလင်းတိကျသော ဖော်ထုတ်ခြင်း/ချက်

ဂ။ ဟောပြောသော အချက်မှာ 'ဘုန်းအသရေ ---သင်တို့အထဲ၌ တည်တော်မူသောခရစ်တော်' ပင်ဖြစ်သည်။

**၂။ အခြား ဆက်သွယ်ခြင်း နည်းနာများ**

က။ *သတိပေး'*ခြင်းသည် ဆက်သွယ်မှုနည်း တစ်ခုဖြစ်သည်။ ထိုသတိပေးခြင်း၌ ကြားနာသောသူတို့အား နားလည်သည်အထိ ဆွေးနွေးတိုင်ပင်ခြင်း (coun seling)လည်း ပါသည်။

ခ။ *'ဆုံးမသွန်သင်'* ခြင်းသည်လည်း ဆက်သွယ်ခြင်း နည်းတစ်မျိုးဖြစ်သည်။

ဂ။ မိမိကိုယ် မိမိသွန်သင်ခြင်း(autodidact)သည် ခရစ်ယာန်တို့၏ လမ်းစဉ်၊ မူစနစ် မဟုတ်ပါ။

**၃။ သွန်သင်ခြင်း**

က။ ဉာဏ်ပညာ အရေးပါကြောင်း ဖော်ပြသည်။

ခ။ ယုံကြည်ခံယူချက် အပြည့်နှင့် သွန်သင်ခြင်းသည်လည်း လွန်စွာအရေးကြီးသည်။

## ၄။ တိကျသော ရည်မှန်းချက်

တမန်တော်ပေါလုသည် ယုံကြည်သူတိုင်း *'စုံလင်'* သောသူများအဖြစ် ဆက်သအံ့သောငှါ စိတ်ဆန္ဒပြင်းပြစွာ ဆက်ကပ်သောသူ ဖြစ်သည်။ ဤ *'စုံလင်'* သည် ဟူသောစကားလုံးသည် အပြည့်အဝ ရင့်ကျက်ခြင်းကိုသာ ဆိုလိုသည်။

## ‘တန်ခိုးတော်ပြုပြင်အားထုတ်တော်မူသည်အတိုင်း . . ’
## (ကော ၁း၂၉)

### ခိုင်ခံ့သော ဆက်ကပ်မှု

ပေါလုသည် သူ့အားအပ်နှံထားသော လုပ်ငန်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အဘယ်သို့ကြိုးစားအားထုတ်သည်ကိုပွင့်လင်းစွာရေးသား သည်။

*ထိုသို့အလိုငှာ ငါသည်အမှုဆောင်ရွက်၍ ငါ၌တန်ခိုးတော်ပြုပြင်*
*အားထုတ်တော်မူသည်အတိုင်း ကြိုးစားအားထုတ်လေ့ရှိ၏။*
*(ကော ၁း၂၉)*

### ၁။ ‘ထိုသို့အလိုငှါ’

က။ ပေါလု၌ ရှင်းလင်းတိကျသော ပန်းတိုင်များ ရှိသည်။

ခ။ သူသည် ထိုရည်ရွယ်ချက်ပန်းတိုင်များကို အဆုံးထိ ဆောင်ရွက်ရန် စိတ်အား ထက်သန်သည်။

(၁) ဘုရားသခင်ပေးသနားတော်မူသော ရည်ရွယ်ချက်များဖြစ်သည်။

(၂) ဤရည်ရွယ်ချက်ပန်းတိုင်များကို ပေါလု သေချာစွာ နားလည်ထားသည်။

(၃) ဤအရာများကို ပေါလုသည် စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်လက်ခံ ထား သည်။

### ၂။ ‘ငါသည် အမှုဆောင်ရွက်၍’

က။ အမှုဆောင်ရွက် (ဂရိ-kopio) ဟူသော စကားလုံးသည် ခန္ဓာကိုယ်အား ဖြင့်အလုပ်ခွင်၌ ကြိုးစားလုပ်ကိုင်နေသော အလုပ်သမားကို ရည်ညွှန်းသည်။

ခ။ အမှုတော်မြတ်၌ ပေါလုသည် ကြီးမားသော ပေးဆပ်မှု၊ ပင်ပန်းစွာ အားစိုက် ထုတ်မှု များပြုရသည်။

**၃။ 'ကြိုးစားအားထုတ်လျက်'**

က။ ဤ *'ကြိုးစားအားထုတ်'* စကားလုံး၌ ပြင်းထန်စွာ နာကျင်ခြင်းလည်းပါဝင်သည်။

ခ။ အတားအဆီးများစွာနှင့်အခက်ခဲများစွာ ရင်ဆိုင်ကျော်လွှားစရာများ ရှိသည်။

(၁) ပြင်းထန်စွာ တိုက်လှန်နေသော ရန်သူများ ရှိသည်။

(၂) ပေါလုကို ဆန့်ကျင်တိုက်လှန်နေသော ဝိညာဉ်ဆိုးများလည်းရှိသည်။

(၃) ခန္ဓာ၌ ခံစားနေရသော ဆူးသည်လည်း ပေါလုကို နာကျင်မှုများစွာဖြစ်စေသည်။

ဂ။ သို့သော်လည်း ခရစ်တော်၏ခန္ဓာဖြစ်သော အသင်းတော်အတွက် ပေါလုဆက်ပြီး ကြိုးစားအားထုတ်သည်။

**၄။ ပေါလုသည် ဤသို့ လုပ်ဆောင်အားထုတ်ရာ၌ အဘယ်မှာ ခွန်အားတန်ခိုးရသနည်း။**

က။ *'တန်ခိုးတော် ပြုပြင်'*

(၁) *'တန်ခိုး'* ကို စွမ်းအား၊ အင်အား ဟုလည်း ပြန်ဆို နိုင်သည်။

(၂) ဤတန်ခိုးသည် ဘုရားသခင်၏ တန်ခိုးသာ ဖြစ်သည်။

(၃) ပေါလုသည်ပြင်းထန်စွာ လုပ်ဆောင်နိုင်ရန် လိုအပ်သော စွမ်းအားကို သခင်ဘုရားထံမှ ရရှိသည်။

(၄) ဘုရားသခင်က ပေးသနားတော်မူသော တန်ခိုးနှင့်စွမ်းအားကြောင့် ပေါလုသည် ခွန်အားကြီးစွာ လုပ်ဆောင်နိုင်သည်။

ခ။ *'ငါ၌ တန်ခိုးတော် ပြုပြင်အားထုတ်တော်မူသည်အတိုင်း'*

(၁) ပေါလုသည် တန်ခိုးနှင့်စွမ်းအား၊ အင်အားတို့နှင့်ဆက်စပ်လာသည်။

(၂) *'အားထုတ်'* ဟူသော စကားလုံးသည် စွမ်းအားကို ဖော်ပြသည်။

(၃) ဘုရားသခင်သည် သူ့ကို အစွမ်းပေးပြီး၊ တန်ခိုးနှင့်လွှမ်းခြုံပေးသည် ဟု ပေါလု အသိအမှတ်ပြုသည်။

(၄) ပေါလုသည် အမှုတော် ဆောင်ရွက်ရာ၌ ဘုရားသခင်၏တန်ခိုးပြုပြင်သည့်အတိုင်း သူကိုယ်တိုင်လည်း အားထုတ်ပြီး အစွမ်းကုန် လုပ်ဆောင်ခဲ့သည်။

# အခန်း (၂)

# ထိုသခင်၌ ကျင်လည်ခြင်း

## 'အဘယ်မျှလောက်ကြီးသော တိုက်လှန်ခြင်း . . .'
## (ကော ၂း၂)

### အတိဒုက္ခနှင့်စုံစမ်းနှောက်ယှက်ခြင်းများ

သခင်ယေရှုသည် သူ၏နောက်လိုက်တပည့်တော်တို့ကို ဆင်းရဲဒုက္ခများ ရင်ဆိုင်ရလိမ့်မည်ဟု သတိပေးခဲ့သည်။ သူကိုယ်တိုင်သည်လည်း များစွာသော ဒုက္ခဝေဒနာ ခံစားရသည်။ အဆုံး၌ အသေခံခြင်းကိုလည်း ရန်သူများအားဖြင့် သခင်ခရစ်တော် ရင်ဆိုင်ရသည် (မာကု ၈း၃၁)။ သခင်ခရစ်တော်၏ တမန် တော်တို့သည် အတိဒုက္ခနှင့် စုံစမ်း နှောက်ယှက်ခြင်း များကို အမှန်ပင် ရင်ဆိုင်ကြရသည်။

၁။ အချို့သောသူတို့သည် ရိုက်နှက်ခြင်း ခံရသည်။ (တမန် ၄း၃)
၂။ အချို့မှုကား ထောင်ချခြင်း ခံရသည်။ (တမန် ၅း၁၈)
၃။ သတေဖန်သည် အသင်းတော်၏ ပထမဆုံးသော မာတုရဖြစ်သည်။ (တမန် ၇း၆၀)
၄။ အသင်းတော်ကို ဆန့်ကျင်သော အစုလိုက်သတ်ဖြတ်ခြင်းကြောင့် ယုံကြည်သူ အများစုသည် နေရာအနှံ့ ပြန့်ကျဲသွားကြရသည်။ (တမန် ၈း၁)

### အမှုတော်၌ တိုက်လှန်တိုက်ခိုက်ခြင်း

ပေါလုသည် အမှုတော်မြတ်ရှိ တိုက်လှန်တိုက်ခိုက်ခြင်းများနှင့် မကြုံဖူးသူ မဟုတ်။ သို့သော်လည်း ကောလောသဲရှိ ယုံကြည်သူအများစုသည် ပေါလုကို မမြင်ဖူးကြ။ ပေါလုသည် သူကိုယ်တိုင်သည်လည်း သူ့အမှုတော်နှင့်အသက်တာ၌ အခက်ခဲများ၊ တိုက်လှန်တိုက်ခိုက်ခြင်းများ ရင်ဆိုင်နေရကြောင်း ထိုသူတို့အား သိစေလိုသည်။

> *သင်တို့နှင့် လောဒိကိမြို့သူ မြို့သားတို့မှစ၍ ငါ့မျက်နှာကိုမမြင်ဘူး သောသူ ရှိသမျှတို့သည်၊ မေတ္တာချင်းထုံးဖွဲ့၍၊ ခမည်းတော်ဘုရားနှင့် ခရစ်တော်၏နက်နဲသောအရာကို နားလည်နိုင်သော ဝိစိကိစ္ဆာနှင့် ကင်းစင်သောညာဏ်၏စည်းစိမ်အပေါင်းနှင့် ပြည့်စုံ၍ စိတ်နှလုံး သက်သာစေမည် အကြောင်း အဘယ်မျှလောက်ကြီးသောတိုက်လှန် ခြင်းကို ငါခံရသည်ဟု သင်တို့သိစေခြင်းငှာ ငါအလိုရှိ၏။*
> *(ကော ၂း၂)*

**၁။‘သင်တို့သိစေခြင်းငှါ ငါအလိုရှိ၏’ (ကော ၂း၂)**

က။ ဤသို့ပင် ပေါလုသည် အမှုတော်ဆောင်လျက် ရှိသည်။

ခ။ ပေါလုသည် သူ့ဘာဝအသက်တာနှင့် အမှုတော်ကို ပွင့်လင်းစွာ ဝေငှသက်သေခံလျက်ရှိသည်။

ဂ။ သခင်ယေရှုခရစ်တော်သည်လည်း ထိုနည်းတူပင် အမှုတော်ဆောင်ခဲ့သည်။

ဃ။ သခင်ခရစ်တော်သည် သူခံစားရမည့် ဒုက္ခဝေဒနာများနှင့် အသေခံခြင်းတို့ကိုပင် ရိုးရှင်းစွာ ပြောပြလျက်ရှိသည်။

**၂။ ‘အဘယ်မျှလောက်ကြီးသော တိုက်လှန်ခြင်းကို ငါခံရသည်’**

က။ ဤအချက်သည် သူ့ရန်သူများကြောင့် ခံစားနေရသည့် များစွာသောအခက်ခဲများ၊ ဆင်းရဲဒုက္ခများကို ပေါလုရည်ညွှန်းခဲ့ခြင်းဖြစ်သည်။

ခ။ သူ၏များစွာသောရန်သူတို့သည် ပေါလုကို ဆန့်ကျင်ကြသည်။
(တမန် ၁၃း၅၀၊၁၄း၁၉)

ဂ။ ဂရိဘာသာအားဖြင့် ဤ *‘တိုက်လှန်ခြင်း’* သည် အောက်ပါအချက် နှစ်ခုကို ဖော်ပြသည်။

(၁) ပြင်းထန်သော နာကျင်မှု

(၂) စိတ်သောက

**၃။ ‘သင်တို့’ (ကော ၂း၁)**

*‘သင်တို့’* ဟု ဖော်ပြခြင်းသည် -

က။ ကောလောသဲယုံကြည်သူများ

ခ။ လောဒိကိရှိ ယုံကြည်သူများ နှင့်

ဂ။ ပေါလုကို မမြင်ဖူးသေးသော သူအပေါင်းတို့ကို ရည်ညွှန်းသည်။
ဤသူတို့သည် တစ်ပါးအမျိုးသားယုံကြည်သူများဖြစ်ကြသည်။

## ‘စိတ်နှလုံးသက်သာစေမည့်အကြောင်း. . .’
## (ကော ၂း၂)

### ရည်ရွယ်ချက်နှင့်ပန်းတိုင်

တမန်တော်ပေါလုသည် သူ့ဘဝအတွက် တိကျသော ရည်ရွယ်ချက် ရှိသည်။ မြင့်မားသော ရည်ရွယ်ချက် (မာကု ၁း၃၈)နှင့် အသက်ရှင်ကြရန် မိမိအသက်တာ ပုံသက်သေဖြင့် တပည့်တော်တို့အား သွန်သင်ပေးသော သခင် ယေရှုခရစ်တော်၏ ခြေရာနောက်ကို ပေါလုသေချာစွာ လိုက်လျှောက်သည်။ ဤသို့သော ရည်ရွယ်ချက်သည် ရှင်ပေါလုရေးသားသော သြဝါဒ စာများကို ထိထိမိမိ အကျိုးသက်ရောက်မှု ရှိစေသည်။

ရှင်ပေါလုသည် စိတ်ထဲ၌ ရှင်းလင်းသော ပန်းတိုင်များရှိသည်။ ရည်ရွယ်ချက် နှင့်ပန်းတိုင်နှင့် ပူးပေါင်းခြင်းဖြင့် ခိုင်မာတောင့်တင်းသော အမှု ဖြစ်လာသည်။

*မေတ္တာချင်းထုံးဖွဲ့၍၊ ခမည်းတော်ဘုရားနှင့် ခရစ်တော်၏နက်နဲသော အရာကို နားလည်နိုင်သော ဝိစိကိစ္ဆာနှင့်ကင်းစင်သောဉာဏ်၏ စည်းစိမ်အပေါင်းနှင့် ပြည့်စုံ၍ စိတ်နှလုံးသက်သာစေမည့် အကြောင်း အဘယ်မျှလောက်ကြီးသောတိုက်လှန်ခြင်းကို ငါခံရသည်ဟုသင်တို့သိစေခြင်းငှာ ငါအလိုရှိ၏။ (ကော ၂း၂)*

### ၁။ ရည်ရွယ်ချက် ပိုင်ဆိုင်မှု

က။ ဤအချက်ကို (ဂရိ- hina) က ရှင်းလင်းစွာ ဖော်ပြထားသည်။

ခ။ ရှင်ပေါလုသည် သူရင်ဆိုင်နေရသော တိုက်လှန်ခြင်းများကို ရည်ရွယ်ချက်ရှိရှိ ဝေငှသည်။

ဂ။ ပေါလုသည် စာဖတ်ပရိသတ်တို့ကို စိတ်သက်သာရာ ရစေရန်နှင့် ခွန်အားရစေရန် အလိုရှိသည်။

## ၂။ ပန်းတိုင်များ ဖော်ပြခြင်း

က။ စိတ်နှလုံးသားအား ခွန်အားပေးခြင်းသည် လျောက်ပတ်သော ရည်ရွယ်ချက် ဖြစ်သည်။

ခ။ ထိုကဲ့သို့သော စိတ်နှလုံးသက်သာစေခြင်းသည် *'မေတ္တာချင်း ထုံးဖွဲ့'* ခြင်းအမှု ဖြစ်စေတတ်သည်။

(၁) သခင်ဘုရားကို ချစ်ခြင်း၊

(၂) ခရစ်ယာန်ယုံကြည်ခြင်းအား မြတ်နိုးခြင်း၊

(၃) ခရစ်တော်၏ ခန္ဓာကိုယ်ဖြစ်သောအသင်းတော်ကို ချစ်မြတ်နိုးခြင်း၊

(၄) အချင်းချင်း ချစ်ခင်ခြင်း။

## ၃။ 'ဝိစိကိစ္ဆာနှင့် ကင်းစင်သောဉာဏ်၏ စည်းစိမ်အပေါင်းနှင့် ပြည့်စုံ၍'

က။ စဉ်းစားဆင်ခြင်ရမည့် နက်ရှိုင်းသော နားလည်ခြင်း စည်းစိမ်များစွာ ရှိသည်။

ခ။ နက်ရှိုင်းသော နားလည်သဘောပေါက်ခြင်းနှင့်အတူ ပို၍ ကျိန်းသေခြင်း လည်းရှိသည်။

ဂ။ *'ခမည်းတော်ဘုရားနှင့် ခရစ်တော်၏နက်နဲသော အရာကို နားလည်နိုင်သော'*

(၁) ဘုရားသခင်ကို သိကျွမ်းခြင်း ပညာဉာဏ်သည် အလွန်ကြီးမား၍၊ လွန်စွာမှ နက်ရှိုင်းသော ကြောင့် *'နက်နဲသောအရာ'* ဖြစ်သည်။

(၂) ခမည်းတော်ဘုရားသခင်ကို သိသောဉာဏ်ပညာ ရှိသည်။

(၃) ခရစ်တော် ယေရှုကို သိသောဉာဏ်ပညာ ရှိသည်။

### ဘုရားသခင်ကို သိသောဉာဏ်ပညာကို ပို၍လေးနက်စေခြင်းမှာ စိန်ခေါ်ချက်တစ်ခု

ကယ်တင်ရှင် သခင်ယေရှုခရစ်တော်နှင့် ဘုရားသခင်ကို သိကျွမ်း သော ဉာဏ်ပညာ၌ အစဉ် တိုးတက်ပြီး၊ နက်ရှိုင်းစေရန် ကြိုးစားကြရမည်။ သမ္မာကျမ်းစာမှ ဖော်ပြသော အမှန်တရားများ သိကျွမ်းခြင်း၌သာ အကျွန်ုပ်တို့ ကျေနပ်၍မနေကြရန် လွန်စွာ အရေးကြီးသည်။

## 'ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့သည် . . .'
## (ကော ၂း၃)

**ခရစ်တော်ကို ဗဟိုပြုထားသော ယုံကြည်သက်ဝင်မှု**

တမန်တော်ပေါလုသည် ခရစ်တော်ကို ဗဟိုပြုထားသော ယုံကြည်သက်ဝင်မှုကို တင်းပြည့်ကျပ်ပြည့် လက်ခံကျင့်သုံးသောသူ တစ်ဦးဖြစ်သည်။ သူရေးသားသော ဤကောလောသဲသြဝါဒစာ၌ ပေါလုသည် သခင်ယေရှု ခရစ်တော် ၏ အခန်းကဏ္ဍကို အလေးပေး ဖော်ပြထားသည်ကို တွေ့ရသည်။

**၁။ သခင်ခရစ်တော်နှင့်စပ်လျဉ်း၍ အဓိကကျသော ယုံကြည်ခံယူချက်များရှိသည်။ အချက် (၁၀) ချက်ကို ဖော်ပြလိုပါသည်။**

က။ သူသည် ဘုရားသခင်ချစ်တော်မူသော သားဖြစ်သည်။ (ကော ၁း၁၃)

ခ။ သူ၏အသွေးတော်အားဖြင့် အပြစ်လွတ်ခြင်း ခံကြရသည်။ (ကော ၁း၁၄)

ဂ။ သူသည် မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဍာန်တော်ဖြစ်သည်။ (ကော ၁း၁၅)

ဃ။ သူသည် ဘုရားသခင်နှင့် ပူးတွဲ ဖန်ဆင်းရှင် ဖြစ်သည်။(ကော ၁း၁၆)

င။ သူသည် ဖန်ဆင်းထားသောအရာခပ်သိမ်းတို့ကို တန်ခိုးတော်အားဖြင့် တည်စေသောသူ ဖြစ်သည်။ (ကော ၁း၁၇)

စ။ သူသည် အသင်းတော်၏ ဦးခေါင်း ဖြစ်သည်။ (ကော ၁း၁၈)

ဆ။ သူသည် အရာရာ၌ အစဉ်အမြဲ ထူးမြတ်သောသူ ဖြစ်သည်။ (ကော ၁း၁၈)

ဇ။ ဘုရားဖြစ်ခြင်းနှင့် စပ်လျဉ်းသော ပြည့်စုံခြင်းအရာသည်လည်း သူ၌သာလျှင် ပြည့်စုံသည်။ (ကော ၁း၁၉)

ဈ။ သူသည် အရာခပ်သိမ်းတို့ကို သူနှင့်အတူ ပြန်လည်သင့်မြတ် (မိတ်သဟာယဖွဲ့) စေသည်။ (ကော ၁း၂၀)

ည။ သူသည် ယုံကြည်သူတိုင်းတို့အား ဘုရားသခင်ရှေ့တော်၌ သန့်ရှင်းပြီး၊ အပြစ်တင်ခွင့်ကင်းသောသူများအဖြစ် ဆက်သနိုင်သောသူ ဖြစ်သည်။ (ကော ၁း၂၃)

### ၂။ အခြေခံ အမှန်တရားများ

က။ ဤယုံကြည်ချက်တို့သည် အခြေခံအမှန်တရားများဖြစ်ကြသည်။

ခ။ ဤယုံကြည်ချက်များကို ခရစ်တော်၏တမန်တော်တို့မှ အမှန်အကန် သွန်သင်ကာ၊ အခိုင်အမာ ခုခံလျက် ရှိကြသည်။

## ဖြည့်စွက်ထားသော အတွေးအမြင်များ

တမန်တော် ပေါလု ဖော်ပြနိုင်သော သခင်ခရစ်တော် ယေရှုနှင့် စပ်လျဉ်းသည့် အရာများစွာ ရှိသေးသည်။ အောက်ပါကျမ်းချက်၌ ပေါလုသည် အလွန်နက်ရှိုင်းသော အတွေးအခေါ်တစ်ခုကို ဖော်ပြသည်။

> *ထိုနက်နဲသောအရာတို့၌ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့သည် ဝှက်ထား လျက်ရှိကြ၏။* *(ကော ၂း၃)*

### ၁။ ခရစ်တော်ထဲ၌သာ

*'နက်နဲသောအရာ'* သည် ခရစ်တော်ကိုယ်တိုင် ဖြစ်သည်။

### ၂။ 'ဝှက်ထားလျက်ရှိ'

က။ မဖွင့်ပြသေးသော အခြေအနေ၌ ရှိနေသည်။

ခ။ ဤ *'ဝှက်ထားခြင်း'* အတွေးအခေါ်သည် *'နက်နဲသောအရာ'* နှင့် ပတ်သက်သည်။

### ၃။ အပြန်အလှန် ဆက်စပ်နေသော အရာနှစ်ခု

က။ ပညာနှင့်ဉာဏ် တို့သည် ဆက်စပ်နေသော ဘဏ္ဍာများ ဖြစ်ကြသည်။ ၎င်းတို့သည် သခင်ခရစ်တော်၌သာ တွေ့ရှိရသော အရာများ ဖြစ်ကြသည်။ ဘုရားသခင်ကို သိကျွမ်းသော ပညာကို ရှာဖွေရာ၌ သခင်ခရစ်တော်ကို လျစ်လျူရှု မထားသင့်ချေ။

## 'အဘယ်မည်သောသူမျှ၊ ဖြားယောင်းသောစကားအားဖြင့် သင်တို့ကို မလှည့်ဖြားစေခြင်းငှါ၊'
## (ကော ၂း၄)

### ယုံကြည်ခြင်း ခုခံကာကွယ်သူ ရှင်ပေါလု

ရှင်ပေါလုသည် ဆရာသမားအဖြစ်လည်းကောင်း၊ ယုံကြည်ခြင်းကို ခုခံကာကွယ်သူ အဖြစ်လည်းကောင်း လွန်စွာမှ ထက်မြက်သောသူဖြစ်သည်။ ယုံကြည်ခြင်းဘက်၌အစဉ်ရပ်တည်နေရန် လိုအပ်ကြောင်း တမန်တော်တို့ ခံစားမိကြသည်။ ဓမ္မသစ်ရေးသောသူ အပေါင်းတို့သည်လည်း ခေတ်အဆက်ဆက်ခံယူလက်ခံခဲ့သော ခရစ်ယာန်ယုံကြည်ခြင်းကို တစ်နည်းတစ်ဖုံ ခုခံကာကွယ်ကြသည်။ ခွန်အားကြီးသော အတိုက်အခံလုပ်သူများ၊ မိစ္ဆာဆရာများ နှင့် ဇဝ်ဂေလိ ရန်သူများကို ဆန့်ကျင်လျက် ယုံကြည်ခြင်းကို ကာကွယ်လျက် မားမားမတ်မတ် ရပ်တည်ကြရသည်။ ရှင်ပေါလုသည်လည်း ကောလောသဲကို ရေးသားရာ၌ ထိုသို့ပင် ယုံကြည်ခြင်းကို ကာကွယ်နေကြောင်း တွေ့ရသည်။

> *အဘယ်မည်သောသူမျှ ဖြားယောင်းသောစကားအားဖြင့် သင်တို့ကို မလှည့်ဖြားစေခြင်းငှာ၊ ဤစကားကိုငါပြောဆို၏။ (ကော ၂း၄)*

### ၁။ 'ဤစကားကို ငါပြောဆို၏'

က။ ပေါလုက ရည်ရွယ်ချက် ရှိရှိ ရေးသားသည်။

ခ။ ပေါလုသည် ထိထိမိမိ ရေးသားသည်။

ဂ။ ပေါလုသည် သူ့စကားလုံးများကို ပါးနပ်စွာ အသုံးပြုသည်။

### ၂။ အန္တရာယ်ကို သုံးသပ်မိခြင်း

က။ လှည့်ဖြားခြင်း အန္တရာယ်

(၁) ရန်သူများသည် သူတို့၏ အကြောင်းပြချက်များအား လက်ခံနိုင်ဖွယ် ဖြစ်နိုင်ဖွယ်ရှိစေသည်။

(၂) သို့သော် နောက်ဆုံး၌ ရှင်ပေါလုက အသေအချာ သုံးသပ်ရာ *'လှည့်ဖြား'* ခြင်း သက်သက်ဖြစ်ကြောင်း မှတ်ယူလိုက်သည်။

(၃) လှည့်ဖြားခြင်းသည် ပုံသဏ္ဍာန်အမျိုးမျိုး ဆောင်သော်လည်း၊ သေချာစွာဂရုပြုလေ့လာသောအခါ *'လှည့်ဖြား'* ခြင်းသာ ဖြစ်နေမည်။

(၄) ထို့ကြောင့် ယုံကြည်သူတို့သည် သတိမရှိ၊ဆင်ခြင်ဉာဏ်မရှိလျှင်၊ လှည့်ဖြားခြင်း ခံရမည်သာ ဖြစ်သည်။

ခ။ *'ဖြားယောင်းသော စကား'* တို့၏ အန္တရာယ်

(၁) အတိုက်အခံလုပ်သောသူများသည် အလိမ္မာစကားများ ပြောတတ်ကြသည်။

(၂) သူတို့၏ ရည်ရွယ်ချက်များကို ဖုန်းကွယ်လျက် သူတစ်ပါးကို လှည့်ဖြား၍ ပြောဆိုတတ်ကြသည်။

(၃) စိတ်သဘောနူးညံ့သောသူတို့ကို လှည့်စား၍ အနိုင်ယူရန် *'ဖြားယောင်းသောစကား'* များကို အသုံးပြုကြသည်။

(၄) ထိုကဲ့သို့သော အန္တရာယ်များသည် ယနေ့ထိတိုင် ရှိနေသည်။

**ယနေ့ စိန်ခေါ်ချက်များ**

ယနေ့စိန်ခေါ်ချက်တို့ကြောင့် ကျွန်ုပ်တို့သည်လည်း ယုံကြည်ခြင်းကို ခုခံကာကွယ်သူများအဖြစ် ထင်ရှားလာရန် အရေးကြီးပါသည်။ အသင်းတော်သည် ပြင်းထန်စွာ တိုက်ခိုက်ခြင်း ခံရသည်။ သုံးခုသော စိန်ခေါ်ချက်ကို အလေးပေးဖော်ပြလိုပါသည်။

၁။ သခင်ယေရှုခရစ်တော်၌တည်သော ခေတ်အဆက်ဆက်လက်ခံကျင့်သုံးခဲ့သော ခရစ်ယာန်ယုံကြည်ခြင်း၏ ခေတ်မီ လျော်ကန်မှုကို သံသယရှိသောမေးခွန်းများ ထုတ်လာကြသည်။

၂။ သမ္မာကျမ်းစာ မှန်ကန်မှုနှင့် ဩဇာအာဏာ ကိုလည်း ဝေဖန်သုံးသပ်ပြီး စိန်ခေါ်လာကြသည်။

၃။ ဘုရားကျောင်းတက်ရခြင်း၏ အကျိုးကျေးဇူးများကိုလည်း မေးခွန်းများစွာနှင့် စုံစမ်းလာကြသည်။

**ယုံကြည်ခြင်းကို ခုခံကာကွယ်သူ**

သင်၏ယုံကြည်ခြင်းအား သင်ခုခံကာကွယ် နိုင်သလား။ အသင်းတော် အား တိုက်ခိုက်ခံရလျှင် သင်ကာကွယ်ပေးနိုင်မည်လား။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အသေအချာသိရန် အချိန်ပေးလေ့လာ ကြရမည်။ ဘုရားတရားမရှိသော လောက၌ သခင်ခရစ်တော်ကို ယုံကြည်နေရခြင်းအား ခုခံနိုင်ကြရန် အခိုင်အမာ ဆုံးဖြတ်ကြရမည်။ သခင်ခရစ်တော်၌ တည်သော ကျွန်ုပ်တို့၏ ယုံကြည်သက်ဝင်မှုကို အစဉ်ခုခံကာကွယ်နိုင်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား ခွန်အားနှင့် ကျေးဇူးတော်များ ပေးသနားရန် ဆုတောင်းကြရမည်ဖြစ်ပါသည်။

## 'ခရစ်တော်၌ ခိုင်ခံ့စွာ ယုံကြည်'
## (ကော ၂း၅)

### အတူရှိနေခြင်းသည် အမြဲမဖြစ်နိုင်

ရှင်ပေါလုသည် အသင်းတော်ကို ကာကွယ်စောင့်ရှောက်နိုင်သူ တစ်ဦး ဖြစ်သည်။ မိစ္ဆာဆရာများနှင့်သူတို့၏ သွန်သင်ချက်များကို ဆန့်ကျင်တိုက်ခိုက်ရာ ၌ ပေါလုသည် ကြောက်စိတ်မရှိသောသူလည်း ဖြစ်သည်။ သို့သော် အသင်းတော်ကို ဒုက္ခပေးနေသော မိစ္ဆာဆရာများကို ရင်ဆိုင်ဖြေရှင်းနေရန်၊ ယုံကြည်သူများ နှင့်အတူ ရှိနေရန် ပေါလု မတတ်နိုင်။ ထိုမှားယွင်းသော သွန်သင်ချက်များအား ကောလောသဲ ယုံကြည်သူများသည် အဘယ်သို့ တိုက်လှန်ကြရမည်ကို သင်ပေးရန် ပေါလုဆုံးဖြတ် လိုက်သည်။

*ငါသည် ကိုယ်ခန္ဓာအားဖြင့် သင်တို့နှင့်ကွာ၍ နေရသော်လည်း၊*
*စိတ်ဝိညာဉ်အားဖြင့်သင်တို့နှင့်အတူရှိသည် ဖြစ်၍၊သင်တို့သည်*
*လျောက်ပတ်စွာ စီရင်ပြုပြင် တတ်သည်ကိုငှင်း၊ ခရစ်တော်၌ ခိုင်ခံ့စွာ*
*ယုံကြည်သည်ကိုငှင်း မြင်လျှင် ဝမ်းမြောက်ခြင်းရှိ၏။ (ကော ၂း၅)*

### ၁။ လက်တွေ့ကျသော အမှန်တရား

က။ ရှင်ပေါလုသည် အသင်းတော်ကို ခုခံကာကွယ်ရန် ခန္ဓာအားဖြင့် အမြဲရှိနေ နိုင်မည်မဟုတ်။

ခ။ သို့သော် ပေါလုသည် စိတ်ဝိညာဉ်အားဖြင့် ယုံကြည်သူများနှင့် အတူရှိခဲ့သည်။

ဂ။ ဤအမှန်တရား ၏ အဖြစ်မှန်သည် စိတ်နှလုံးသားကို လွန်စွာခွန်အားပေး နေရမည် ဖြစ်သည်။

### ၂။ 'ဝမ်းမြောက်ခြင်း'

က။ ဝမ်းမြောက်ခြင်းသည် ရှင်ပေါလု၏ သိသာထင်ရှားသော လက္ခဏာတစ်ခု ဖြစ်သည်။

ခ။ သခင်ခရစ်တော်ကို ယုံကြည်ကိုးစားရခြင်းကြောင့် ပေါလုသည် ခိုင်ခံ့သော ဝမ်းမြောက်ခြင်းကို အမြဲပိုင်ဆိုင်သည်။

ဂ။ ယုံကြည်ခြင်းကို ကာကွယ်ရာ၌ ထိုကဲ့သို့ ဝမ်းမြောက်တတ်သော စိတ်ဓာတ်သည် ကျွန်ုပ်တို့အား ကြီးစွာ အကျိုးရှိစေမည် ဖြစ်သည်။
ဃ။ မိစ္ဆာဆရာများအား တိုက်ခိုက်နေရချိန်၌လည်း ပေါလုသည် အစဉ်ဝမ်းမြောက်လျက်ရှိသည်။
င။ အတုအယောင်ဆရာသမားများကြောင့် ပေါလု မည်သည့်အခါမှ စိတ်ပျက်၊ လက်လျှော့သွားခြင်း မရှိခဲ့ပေ။
စ။ စစ်မှန်၍ ခိုင်ခံ့သော ယုံကြည်သူများအတွက် ကြီးမားသော ခွန်အားနှင့် ဝမ်းမြောက်ခြင်းသည် ဘုရားသခင် ပေးသော ဆုကျေးဇူးများ ဖြစ်ကြသည်။

## ၃။ ဝမ်းမြောက်စရာ ဖြစ်သော အရာနှစ်ခု

က။ *'လျောက်ပတ်စွာ'*

(၁) သင့်လျော်လျောက်ပတ်ခြင်းသည် အသင်းတော်၌ ရှိရမည်။
(၂) ထိုအရာသည် ယုံကြည်သူညီအစ်ကို အချင်းချင်းကြား၌လည်း ရှိရမည်။
(၃) မှားယွင်းသော သွန်သင်ခြင်းများသည် သင့်တင့် လျောက်ပတ်ခြင်းကို ဖျက်ဆီးတတ်သောသဘောရှိသည်။
(၄) သင့်လျော်လျောက်ပတ်ခြင်း သည် အသင်းတော်ကို ခုခံကာကွယ်ရာ၌ များစွာ အထောက်အမ ဖြစ်သည်။

ခ။ *'ခိုင်ခံ့စွာ'*

(၁) ရန်သူများသည် ခိုင်ခံ့ခြင်းကို ဖျက်ဆီးလို ကြသည်။
(၂) ထိုသို့သော ကြံစည်ခြင်းအား မည်သည့်အခါမှ ခွင့်မပြုသင့်ချေ။
(၃) အသင်းတော်သည် မိမိသခင်အပေါ် အစဉ်သစ္စာရှိပြီး ခိုင်ခံ့စွာယုံကြည်နေရမည်။
(၄) အသင်းတော်သည် အမှန်စင်စစ် ခိုင်ခံ့တည်ကြည်မှုရှိသောအခါအဘယ်သို့သော ရန်သူများဖြစ်စေကာမူ အနိုင်ယူထိုးဖောက်နိုင်မည်မဟုတ်။

# 'ထိုသခင်၌ ကျင်လည်ကြလော' (ကော ၂း၆)

## သခင်ဘုရားနှင့်အတူ ကျင်လည်ခြင်း

ခရစ်ယာန် ယုံကြည်သက်ဝင်မှုသည် မည်သည့်အခါမှ အကျိုးမဲ့ အချည်းနှီးသော ဘာသာရေးမျိုး မဟုတ်။ ခရစ်ယာန်ယုံကြည်သက်ဝင်မှုကို တစ်ခါတစ်ရံ *'ကျင်လည်ခြင်း၊ လျှောက်လှမ်းခြင်း'* ဟု ဖော်ပြထားသည်။

၁။ ယုံကြည်သူသည်သခင်ဘုရားနှင့်အတူ လျှောက်လှမ်း အသက်ရှင်ရသည်။
၂။ ထိုသူသည် သခင်ယေရှုခရစ်တော်၏ ခြေရာကို လိုက်၍ အသက်ရှင်ရသည်။
၃။ ထိုသို့ အတူတကွကျင်လည်ခြင်းအမှု၌ တစ်ဦးနှင့်တစ်ဦး အနက်အဓိပ္ပာယ်ရှိသော မိတ်သဟာယဖွဲ့ခြင်း လည်း ရှိသည်။
၄။ ယုံကြည်သက်ဝင်မှုသည် အကျိုးကျေးဇူးများစွာရှိသော ဘုရားသခင်နှင့် အတူ ကျင်လည် အသက်ရှင်ခြင်း ဖြစ်သည်။

## သခင်ဘုရားနှင့်အတူ ကျင်လည်ခြင်းအမှုကို အစဉ်ထိန်းသိမ်းခြင်း

ရှင်ပေါလုသည် ကောလောသဲယုံကြည်သူများကို ဘုရားသခင်နှင့်အတူ ကျင်လည်နေရန် အစွမ်းကုန် အားထုတ်ကြရန် အားပေးတိုက်တွန်းသည်။

*ထို့ကြောင့် သင်တို့သည် သခင်ယေရှုခရစ်ကို ခံယူပြီးသည်ဖြစ်၍ . . .*
*ထိုသခင်၌ ကျင်လည်ကြလော့။* *(ကော ၂း၆-၇)*

### ၁။ ရန်သူများက တိုက်ခိုက်ခြင်း

က။ ရန်သူများသည် သခင်ဘုရားနှင့်အတူ ကျွန်ုပ်တို့ ကျင်လည် အသက်ရှင်ခြင်းကို တိုက်ခိုက်လိမ့်မည်။
ခ။ သခင်ကိုယ်တော်နှင့်အတူ ကျွန်ုပ်တို့ လျှောက်လှန်းအသက်ရှင်ခြင်းကိုရန်သူများသည် ကြိုးစားဖျက်ဆီးရန် အားထုတ်ကြလိမ့်မည်။

## ၂။ 'ထို့ကြောင့် သင်တို့သည် သခင်ယေရှုခရစ်ကို ခံယူပြီးသည်ဖြစ်၍'

ကျ။ သခင်ယေရှုကို လက်ခံယုံကြည်လာသော နေ့ရက်အချိန်အခါကို အောက်မေ့နေခြင်းသည် ကောင်းမြတ်လှပေသည်။

ခ။ ကယ်တင်ခြင်း ရရှိသော နေ့ရက်သည် အကျွန်ုပ်တို့ကို သစ္စာရှိစေခြင်းငှာလည်းကောင်း၊ ယုံကြည်ခြင်း၌ ခိုင်ခံ့စေခြင်းငှာလည်းကောင်းဖြစ်စေသည်။

ဂ။ သခင်ခရစ်တော်ကို လက်ခံယုံကြည်သောအချိန်က ဝမ်းမြောက်ခဲ့ခြင်းကို သတိရအောက်မေ့ပါ။

ဃ။ ထို ဝမ်းမြောက်သော နေ့ရက်သည် ကျွန်ုပ်တို့ ယုံကြည်ခြင်းကို ရန်သူများတိုက်ခိုက်သောအခါ ခိုင်ခံ့စွာ ရပ်တည်နိုင်ရန် များစွာ အထောက်အမဖြစ်သည်။

(၁) သခင်ခရစ်တော်ကို ယုံကြည်သောအမှု၌ မည်သူ့ကြောင့်ပင်ဖြစ်စေ ကျွန်ုပ်တို့သည် သံသယရှိရန် မလိုပါ။

(၂) သခင်ခရစ်တော်ကို ယုံကြည်သောအမှု၌ မည်သူ့ကြောင့်ပင် ဖြစ်စေ ကျွန်ုပ်တို့စိတ်နှလုံးထဲ၌ သံသယမျိုးစေ့ မကြဲမိစေရန် သတိရှိရမည်။

## ၃။ 'ထိုသခင်၌ ကျင်လည်ကြလော'

ကျ။ သခင်ခရစ်တော်နှင့်အတူ ဆက်လက် လျှောက်လှမ်းကျင်လည်ကြရန် ပေါလုတိုက်တွန်းအားပေးသည်။

ခ။ ထိုသို့ ခရစ်ယာန်တို့၏ သက်ရှင်ကျင်လည်ခြင်းသည် စစ်မှန်သော ယုံကြည်သက်ဝင်မှု၏ အလိုအလျောက်ဖြစ်ပေါ်လာသော ဖြစ်စဉ် တစ်ရပ်ဖြစ်သည်။

ဂ။ ဘုရားသခင်နှင့် အတူ ထိုသို့လျှောက်လှမ်းသောအခါ ကောင်းချီးမင်္ဂလာများစွာ ရှိသည်။

(၁) ဉာဏ်ပညာနှင့် အသိတရားတို့၌ ကြီးထွားခြင်း၊

(၂) ဝမ်းမြောက်ခြင်းနှင့်အစွမ်းသတ္တိ၊

(၃) တည်ကြည်ခြင်း၊ စည်းလုံးခြင်း နှင့် လျောက်ပတ်စွာ နေထိုင်ခြင်း။

ဃ။ ကြီးမားစွာ ပေးဆက်လျက် သခင်ခရစ်တော်နှင့်အတူ လျှောက်လှမ်း ကျင်လည်ခြင်းကို စောင့်ရှောက်ရန် သန္နိဋ္ဌာန်ချ ကြရမည်ဖြစ်ပေသည်။

## ‘ထိုသခင်၌ စိုက်ပျိုးခြင်း၊တည်ဆောက်ခြင်းရှိလျက်’ (ကော ၂း၇)

### အုတ်မြစ်ပေါ် တည်ဆောက်ခြင်း

အကျွန်ုပ်တို့၏ ယုံကြည်ခြင်း အတိုက်အခိုက်ခံရသောအခါ အဘယ်သို့ ခုခံကာကွယ် ကြသနည်း။ တမန်တော် ပေါလုသည် ကောလောသဲ ယုံကြည်သူများကို အောက်ပါအတိုင်း အသင့်တော်ဆုံးသော တိုက်တွန်းနှိုးဆော်ခြင်း စကားဆိုခဲ့သည်။

> *ထိုသခင်၌ စိုက်ပျိုးခြင်း၊တည်ဆောက်ခြင်းရှိလျက်၊ နည်းဥပဒေသကို ခံပြီးသည်အတိုင်း ယုံကြည်ခြင်း၌ မြဲမြံစွာစွဲလမ်းလျက်၊ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ယုံကြည်ခြင်း တိုးပွားပြည့်စုံလျက်၊ ထိုသခင်၌ ကျင်လည်ကြလော့။* *(ကော ၂း၇)*

### ၁။ ဂရိဓမ္မသစ်ကျမ်း၏အဆိုကို ထောက်ထားခြင်း

က။ ဤကျမ်းပိုဒ်ကို လေ့လာသောအခါ မူရင်းဘာသာ ဂရိအားဖြင့် လေ့လာရန် လိုအပ်သည်။

ခ။ *‘စိုက်ပျိုးခြင်း’* ဟူသည့် စကားလုံးကို အခြားသောစကားများနှင့် မတူခြားနားကြောင်း ဦးစွာနားလည်ရမည်။

### ၂။ ‘စိုက်ပျိုးခြင်း’

က။ ဝါကျ တည်ဆောက်ပုံမှာ (Perfect Passive Participle) ဖြစ်ပြီး ခံရသူပြဖြစ်သည်။

ခ။ ထို့ကြောင့် အတိတ်တစ်ချိန်က ဖြစ်ခဲ့ပြီးသော လုပ်ဆောင်ချက် တစ်ခုကို ရည်ညွှန်းသည်။

ဂ။ ၎င်း ဖြစ်ပြီးပြ (Perfect tense) ဝါကျ၏ ထူးခြားမှုမှာ လက်ရှိအခြေအနေ၌ အကျိုးတက်ရောက်နေခြင်းပင် ဖြစ်သည်။

၃။ **'တည်ဆောက်ခြင်း ---- မြဲမြံစွာစွဲလမ်းလျက်'**

က။ ဤ စကားလုံး နှစ်မျိုးစလုံးတို့သည် လက်ရှိကာလပြ (Present tense) ဖြစ်ကြသည်။

ခ။ နှစ်မျိုးစလုံးတို့သည် ခံရသူပြ (Passive Participle) များဖြစ်ကြသည်။

ဂ။ အဓိက ဖော်ဆောင်လိုသောအရာမှာ လက်ရှိဆောင်ရွက်နေရသော လုပ်ငန်း၊ ဖြစ်စဉ် ဖြစ်သည်။

(၁) ကောလောသဲယုံကြည်သူများသည် တည်ဆောက်ခြင်း ခံခဲ့ကြရသည်။

(၂) သူတို့သည် လက်ရှိအချိန်၌လည်း ဆက်လက်၍ မြဲမြံစွာစွဲလန်းအောင် ပြုပြင်ခြင်း ခံကြရသည်။

၄။ **ခံရသူပြ ဝါကျ၏ အကျိုးကျေးဇူးများမှာ**

က။ ကောလောသဲယုံကြည်သူတို့သည် လက်ခံရရှိသူများသာ ဖြစ်ကြသည်။

ခ။ သူတို့အတွက် (ဘုရားသခင်က) လက်ရှိဆောင်ရွက်လျက်ရှိသောအရာများကို အဓိက ဖော်ထုတ်လိုခြင်း ဖြစ်သည်။

(၁) သူတို့သည် အတိတ်တစ်ချိန်က စိုက်ပျိုးခြင်း ခံခဲ့ကြရသည် (Perfect Passive Participle)။ ထိုပြီးမြောက်သော လုပ်ဆောင်ချက်မှာ လက်ရှိတွင် အကျိုးသက်ရောက်မှု ရှိနေဆဲဖြစ်သည်။

(၂) သူတို့သည် တည်ဆောက်ခြင်း ခံကြရသည် (Present Passive Participle)။ လက်ရှိအချိန်၌ ဖြစ်နေသောအရာဖြစ်သည်။

(၃) သူတို့သည် မြဲမြံစွာစွဲလမ်းအောင် ပြုပြင်ခြင်း ခံကြရသည် (Present Passive Participle)။ လက်ရှိ ဖြစ်နေသော အကျိုးကျေးဇူးကို ဖော်ပြသည်။

ဂ။ ကောလောသဲယုံကြည်သူများသည် မည်သည့်အရာမျှ မလုပ်ဘဲနေကြသည် မဟုတ်။

ဃ။ သူတို့သည် ကောလောသဲအသင်းတော်ကို သွန်သင်သောသူများနှင့်ဧပဖြ၏ ကြိုးစားလုပ်ဆောင်ခြင်းများ၏ အကျိုးကို ရရှိကြသည့် မင်္ဂလာရှိသော ယုံကြည်သူများ ဖြစ်ကြသည်။

## ‘ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ယုံကြည်ခြင်း၌ တိုးပွားပြည့်စုံလျက်’ (ကော ၂း၇)

**ယုံကြည်ခြင်း တိုးပွားခြင်း၏ အစိတ်အပိုင်းများ**

တမန်တော် ပေါလုသည် ယုံကြည်ခြင်း တိုးပွားခြင်း၏ အစိတ်အပိုင်းများကို ဖော်ပြထားသည်။ ကောလောသဲယုံကြည်သူတို့သည် ထိုအချက်များကို နားလည်ရန်အလွန်အရေးကြီးသည်။

> *ထိုသခင်၌ စိုက်ပျိုးခြင်း၊တည်ဆောက်ခြင်းရှိလျက်၊ နည်းဥပဒေသကို ခံပြီးသည်အတိုင်း ယုံကြည်ခြင်း၌ မြဲမြံစွာစွဲလမ်းလျက်၊ကျေးဇူး တော်ကို ချီးမွမ်းခြင်းနှင့်တကွ ယုံကြည်ခြင်း တိုးပွားပြည့်စုံလျက်၊ ထိုသခင်၌ ကျင်လည်ကြလော့။ (ကော ၂း၇)*

သခင်ယေရှုခရစ်တော်၌ တည်သော ယုံကြည်သက်ဝင်မှု၏ တိုးတက်ခြင်းကို ရုပ်လုံးဖော်ရန် ပေါလုသည် အစိတ်အပိုင်း ခုနစ်ခုကို အဓိကထားဖော်ပြထား သည်။

**၁။ ‘သခင်ယေရှုခရစ်ကို ခံယူပြီးသည် ဖြစ်၍’ (Aorist tense) (ကော ၂း၆)**

က။ ယေရှုခရစ်ကို လက်ခံခြင်းဖြင့် ယုံကြည်သက်ဝင်မှု အစပြုသည်။
ခ။ သခင်ခရစ်တော်ကို ကယ်တင်ရှင်နှင့်သခင်အရှင် အဖြစ်လက်ခံရသည်။

**၂။ ‘ထိုသခင်၌ ကျင်လည်ကြလော့’ ( Present Tense) (ကော ၂း၇)**

က။ လက်ရှိ ဆက်လက်ဖြစ်နေသော အရာဖြစ်သည်။
ခ။ ယေရှုကိုလက်ခံခြင်းသည် တစ်ကြိမ်တစ်ခါသာ ပြုရသည့်အရာဖြစ်သည်။
ဂ။ ထိုသခင်နှင့်အတူ ကျင်လည်ခြင်းအမှုသည် ဆက်လက်ဖြစ်တည်နေသော အရာဖြစ်သည်။

**၃။ 'စိုက်ပျိုးခြင်း' (Perfect Passive Participle)** (ကော ၂း၇)

က။ စိုက်ပျိုးခံခြင်းသည် မပြောင်းမလဲအတည် ဖြစ်နေခြင်းကို ဆိုလိုသည်။

ခ။ ထိုအချက်ကို ကောင်းစွာ အမှတ်ပြုစွဲလမ်းရမည်။

ဂ။ စိုက်ပျိုးခံခြင်းသည် လက်ရှိဘဝအခြေအနေများ၌ ပေါ်လွင်ထင်ရှားနေရမည်။

**၄။ 'တည်ဆောက်ခြင်း' ( Present Passive Participle)** (ကော ၂း၇)

က။ လက်ရှိဖြစ်နေသော အရာဖြစ်သည်။

ခ။ တည်ဆောက်ခံခြင်းသည်လက်ရှိဆောင်ရွက်လျက်ရှိသော အလုပ်ကိုရည်ညွှန်းသည်။ ထိုအလုပ်သည် ဘုရားသခင်က ဆောင်ရွက်လျက်ရှိနေသည်။

**၅။ 'မြဲမြံစွာစွဲလမ်း' (Present Passive Participle)** (ကော ၂း၇)

က။ လက်ရှိဖြစ်နေသော အရာဖြစ်သည်။

ခ။ မြဲမြံစွာစွဲလမ်းနေစေခြင်းသည် လက်ရှိ (ဘုရားသခင်) ဆောင်ရွက်လျက်ရှိသော အလုပ်ဖြစ်သည်။

**၆။ 'နည်းဥပဒေသကို ခံပြီးသည့်အတိုင်း' (Aorist Passive Participle)**

က။ *'ပြည့်စုံနေခြင်း'* သည် လက်ရှိလုပ်ဆောင်ချက် တစ်ခုဖြစ်သည်။

ခ။ ကောလောသဲယုံကြည်သူတို့သည် ကိုယ်တိုင်ပါဝင်လုပ်ဆောင် နေသောသူများဖြစ်ကြသည်။

ဂ။ ယေရှုခရစ်တော်ကို ယုံကြည်ရခြင်းသည် ယုံကြည်သူတိုင်းအား ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့် ပြည့်ဝစေမည်ဖြစ်သည်။

## 'အဘယ်သူမျှ မလုယူမဖျက်ဆီးစေခြင်းငှါ သတိပြုကြလော့' (ကော ၂း၈)

**ဒုတိယအကြိမ်သတိပေးခြင်း**

အောက်ပါကျမ်းချက်၌ မိစ္ဆာဆရာများအား သတိထားကြရန် ဒုတိယအကြိမ်သတိပေးခြင်းကို တွေ့ရသည်။ ပထမအကြိမ်သတိပေးခြင်းကို မူ (ကော ၂း၄) ၌ တွေ့ရသည်။

> *ခရစ်တော်၏တရားကို မလိုက်၊ လူအဆက်ဆက်ခံသော နည်းဥပဒေနှင့် လောကီတရားနုကို လိုက်၍၊ လောကီပညာနှင့်အချည်းနှီးသော ပရိယာယ်အားဖြင့် သင်တို့ကိုအဘယ်သူမျှ မလုယူမဖျက်ဆီးစေခြင်းငှါ သတိပြုကြလော့။ (ကော ၂း၈)*

**၁။ 'သတိပြုကြလော့'**

က။ ဤစကားသည် *'မြင်'* သည်ဟူသော စကားလုံးမှ ဆင်းသက်သည်။
ခ။ *'မြင်'* နေရခြင်းသည် 'သတိပြု' ခြင်း၏ တိုက်ရိုက် အဓိပ္ပာယ် ဖြစ်သည်။
ဂ။ *'သတိပြု'* နေရခြင်းမှာမူ သွယ်ဝိုက် အဓိပ္ပာယ်သာ ဖြစ်သည်။
ဃ။ ဂရိ (imperative mode) သဒ္ဒါအရ၊ သတိပြုခြင်း သည် မရှိမဖြစ် လုပ်ဆောင်အပ်သော အရာဖြစ်သည်။

**၂။ 'သင်တို့ကိုအဘယ်သူမျှ မလုယူမဖျက်ဆီးစေခြင်းငှါ'**

က။ *'မလုယူ မဖျက်ဆီး'* ဟူသော စကားလုံးသည် မူလဂရိစကား၏ အဓိပ္ပာယ်ကို ထိရောက်စွာ ဖော်ထုတ်သည်။
ခ။ မူရင်း ဂရိစကား၏ ဆိုလိုချက်၌ အောက်ပါအချက်နှစ်ချက် ပါသည်။
 (၁) အမိအရ ဖမ်းဆီးခြင်း
 (၂) လုယူသိမ်းပိုက်ခြင်း
ဂ။ အန္တရာယ်ကို အသိပေးဖော်ထုတ်ခြင်း
 (၁) မိစ္ဆာဆရာများ ရှိနေသည်။

(၂) သူတို့သည် မဆင်ခြင်တတ်သော ယုံကြည်သူများကို ဖမ်းဆီးချုပ်နှောင်လိမ့်မည်။
(၃) သူတို့သည် ယုံကြည်သူများကိုလည်း လုယူသိမ်းပိုက်လိမ့်မည်။

**၃။ မည်သည့်အရာများကို လုယူနိုင်သနည်း။**

က။ သခင်ဘုရား၌ တည်တော်မူသော ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်း၊
ခ။ ယုံကြည်ခြင်း၌ ကျွန်ုပ်တို့၏ ကြွယ်ဝချမ်းသာခြင်း၊
ဂ။ ကျွန်ုပ်တို့၏ တိုးပွားခြင်း (ကြီးထွားခြင်း)၊
ဃ။ ခရစ်တော်၌ ကျွန်ုပ်တို့၏ တည်ကြည်ခိုင်ခံ့ခြင်း တို့ဖြစ်သည်။

**၄။ ကျွန်ုပ်တို့၏ တာဝန်ဝတ္တရား**

က။ မြင် နေရန်
ခ။ သတိပြု နေရန်
ဂ။ မှားယွင်းသော အရာများကြောင့် မိမိ၌ရှိသော အရာများ လုယူသိမ်းပိုက်မခံမိစေခြင်းငှာ အစဉ်စောင့်ရှောက်ကြရန် တို့ဖြစ်သည်။

## 'လောကီတရားနု . . .'
## (ကော ၂း၈)

**မိစ္ဆာဆရာတို့၏ နည်းဗျူဟာကို ဖော်ထုတ်ခြင်း**

ရှင်ပေါလုသည် ဝိညာဉ်ရေးတိုက်ပွဲများနှင့် စပ်လျဉ်း၍ မတွေ့မကြုံဖူးသူ မဟုတ်ပါ။ များစွာသော အတွေ့အကြုံများကြောင့် တမန်တော် ပေါလုသည် မိစ္ဆာဆရာတို့၏ လုပ်ဆောင်လှည့်ဖျားခြင်းများကို ကွက်ကွက်ကွင်းကွင်း နားလည် ထားသည်။ ကောလောသဲယုံကြည်သူများနှင့် သူ၏အမြင်များကို အောက်ပါကျမ်းချက်၌ ဖော်ပြဝေငှလိုက်သည်။

> *ခရစ်တော်၏တရားကို မလိုက်၊ လူအဆက်ဆက်ခံသော နည်းဥပဒေသနှင့် လောကီတရားနုကို လိုက်၍၊ လောကီပညာနှင့် အချည်းနှီးသော ပရိယာယ်အားဖြင့် သင်တို့ကို အဘယ်သူမျှ လုမယူမဖျက်ဆီးစေခြင်းငှါ သတိပြုကြလော့။ (ကော ၂း၈)*

**၁။ 'လောကီပညာ'**

က။ လောကီပညာကို အင်္ဂလိပ်ဘာသာအားဖြင့် ဒဿနိက ဟုခေါ်သည်။

ခ။ ဒဿနိကကိုဂရိဘာသာအားဖြင့် ဖီလို (philo) နှင့် ဆိုဖီယာ (sophia) တို့ ပေါင်းစပ်ထားသည်။

(၁) ဖီလို သည် ချစ်ခြင်းမေတ္တာ ဖြစ်သည်။

(၂) ဆိုဖီယာ သည် ဉာဏ်ပညာ ဖြစ်သည်။

(၃) ဒဿနိကဟူသည် ဉာဏ်ပညာကို မြတ်နိုးခြင်း ဟု အဓိပ္ပာယ်ရသည်။

(၄) ဒဿနိက သည် ဘဝနှင့်စပ်လျဉ်းသော လောကီအမြင်(တရား) နှင့် ဆိုင်သည်။

(၅) ၎င်းသည်ဘဝအသက်တာ၏ အနက်အဓိပ္ပာယ်ကို ကြိုးစားဖော်ထုတ်သည်။

ဂ။ ဓမ္မသဘောနှင့်ညီသော ဘဝအမြင်

ဘဝ၏ အဓိပ္ပာယ်ကို သမ္မာကျမ်းစာမှ ကောက်နုတ်ထားပြီး၊ ၎င်း၏ အမြင်ကို အောက်ပါအတိုင်း ဖော်ပြပါသည်။

(၁) ဘုရားသခင် တည်ရှိခြင်းကို ယုံကြည်လက်ခံခြင်း၊
(၂) သခင်ယေရှုခရစ်တော်၏ အခန်းကဏ္ဍ၊
(၃) ဝိညာဉ်တော်ဘုရားသခင်၏ အခန်းကဏ္ဍ၊
(၄) သမ္မာကျမ်းစာ၏ အခန်းကဏ္ဍ၊
(၅) ကယ်တင်ခြင်းနှင့်စပ်လျဉ်းသော ယုံကြည်ခံယူချက်၊
(၆) လောကကမ္ဘာ၌ ခရစ်ယာန်အသက်တာ၊
(၇) ထာဝရဘုရားသခင်ကို ယုံကြည်သက်ဝင်မှုရှိခြင်း၊
(၈) နောက်ဆုံး တရားစီရင်ခြင်း၊
(၉) ကိုးကွယ်ဝတ်ပြုခြင်း (ဘုရားသခင်အား ကိုးကွယ်ခြင်း)
(၁၀) ထာဝရ ဖြစ်တည်ခြင်း စသည်တို့ ဖြစ်သည်။

## ၂။ လောက-လောကီ တရားနု

က။ သမ္မာကျမ်းစာ၏ ခံယူချက်များကို ငြင်းပယ်ခြင်း၊

ခ။ ဘုရားသခင်၏ အခန်းကဏ္ဍမပါဘဲ လူတို့၏စည်းမျဉ်းဥပဒေ၊ ဓလေ့ ထုံးတမ်းစဉ်လာများကို ရှေ့တန်းတင်ဟောပြောခြင်း၊

ဂ။ လူ့အတွေးအခေါ်ဖြင့် သွန်သင်ခြင်း၊

## 'အချည်းနှီးသော ပရိယာယ်'
## (ကော ၂း၈)

### ကျမ်းတတ်ပုဂ္ဂိုလ် ရှင်ပေါလု

ကောလောသဲယုံကြည်သူများ၏ ယုံကြည်ခြင်းကို ခြိမ်းခြောက် တိုက်ခိုက်လာသော မိစ္ဆာဆရာများကို ပြန်လည်ချေပတိုက်ခိုက်ရန် ပေါလုသည် ကောင်းကောင်းမွန်မွန် ပြင်ဆင်ထားသူ ဖြစ်သည်။ ထိုကြောင့် ပေါလုသည် အမှန်ပင် မိစ္ဆာဆရာများကို ထိရောက်စွာ ကိုင်တွယ်နိုင်ခဲ့သည်။

> *ခရစ်တော်၏တရားကို မလိုက်၊ လူအဆက်ဆက်ခံသော နည်းဥပဒေသနှင့် လောကီတရားနုကို လိုက်၍၊ လောကီပညာနှင့် အချည်းနှီးသော ပရိယာယ်အားဖြင့် သင်တို့ကို အဘယ်သူမျှ လုမယူမဖျက်ဆီးစေခြင်းငှါ သတိပြုကြလော့။* (ကော ၂း၈)

### ၁။ ပေါလု၏ ပညာရေးနောက်ခံ

က။ သူသည် ဂရိဘာသာစကား ပြောသည်။ (တမန် ၂၁း၃၇)
ခ။ သူသည် ဟေဗြဲဘာသာစကားကိုလည်း ပြောသည်။ (တမန် ၂၂း၂)
ဂ။ သူသည် ထင်ပေါ်ကျော်ကြားသော ဆရာကြီး ဂါမလျေလထံ၌ တပည့်ခံခဲ့သည်။ (တမန် ၂၂း၃)

### ၂။ ပေါလု၏ လူမှုရေး နောက်ခံ

က။ သူသည် ဖာရိရှဲ အဖြစ် ကြီးပြင်းလာခဲ့သည်။ အကျင့်သီလနှင့်ဆိုင်၍ အလွန်စိတ်အား ထက်သန်သောသူ ဖြစ်သည်။ (တမန် ၂၃း၆)
ခ။ သူသည် ရောမနိုင်ငံသား အဖြစ်လည်း နေရသည်။ (တမန် ၂၂း၃၊၂၈)

### ၃။ ပေါလု၏ဘာသာရေး နောက်ခံ

က။ ဘာသာရေး၌ လွန်စွာစိတ်အား ထက်သန်မှုကြောင့် ပေါလုသည် တစ်ယူသန်ဖြစ်သည်။

ခ။ သူသည် ခရစ်ယာန်များကိုပင်လျှင် ပြင်းထန်စွာ ညှဉ်းပန်း နှိပ်စက်ခဲ့သည်။ (တမန် ၂၂း၄)

**ပြောင်းလဲသွားသော ရှင်ပေါလု**

ပေါလု၏ပြောင်းလဲမှုသည် သိသာထင်ရှားလှသည်။ သူ၏အတွေ့အကြုံများမှာ မေ့ပျောက်၍မရနိုင်ပါ။

၁။ သူအပြစ်ရှိနေကြောင်း သဘောပေါက်လာခဲ့သည်။ (တမန် ၉း၁-၉)

၂။ သူသည် လုံးလုံးလျားလျား ပြောင်းလဲသွားခဲ့သည်။ (တမန် ၉း၂၀-၂၂)

၃။ သခင်ယေရှုခရစ်တော်၏ အမှုတော်ကို ဆောင်ရန် ရာနှုန်းပြည့် ဆက်ကပ်ထားသောသူ ဖြစ်သည်။ (၁ တိမောသေ ၁း၁၂-၁၇)

က။ ဧဝံဂေလိတရားကို ဟောပြောရန်၊

ခ။ ဧဝံဂေလိတရားတော်ကို ခုခံကာကွယ်ရန်၊

ဂ။ အသင်းတော်ကို တိုက်ခိုက်ခြိမ်းခြောက်သော မိစ္ဆာဆရာများကို ပြန်လည်ချေပတိုက်ခိုက်ရန်။

**အချည်းနှီးသော ပရိယာယ် တိုက်ဖျက်ခြင်း**

သူ့ခေတ်သူ့အခါ၌ မှားယွင်းသော ဒဿနိကဆိုင်ရာ အတွေးအမြင် များကို ပေါလု အသေအချာ သိရှိနားလည်သည်။

၁။ *'အချည်းနှီးသော ပရိယာယ်'*

ပေါလုသည် သူ့ခေတ်က မှားနေသော ဒဿနိက အတွေးအမြင်များကို အချည်းနှီးသော ပရိယာယ် အဖြစ်နားလည်သည်။

၂။ မိစ္ဆာဆရာများသည် သူတို့၏ခံယူချက်များကို လိမ်လည်လှည့်ဖျားပြီး ပရိယာယ်ဖြင့် ဖြန့်ကြဲကြသည်။

၃။ မည်သို့ပင် ငြင်းခုံပြောဆိုကြစေကာမူ၊ သူတို့၏ ဒဿနိက အတွေးအမြင် များသည် အချည်းနှီးသော ပရိယာယ်သာ ဖြစ်သည်။ သူတို့၏ သွန်သင်ချက်များသည် ခရစ်တော်ကို ယုံကြည်လာသောအခါ ပေါလု နှင့် ယုံကြည်သူတိုင်းတို့ ခံစားကြုံတွေ့ရသော အသက်တာပြောင်းလဲခြင်းမျိုးကို ဆောင်ကြဉ်းမပေးနိုင်ပါ။

## 'လူအဆက်ဆက်ခံသော နည်းဥပဒေသ . . .'
## (ကော ၂း၈)

### ကျမ်းစာကို အသေအချာ သတိရှိရှိ လေ့လာအနက်ဖွင့်ခြင်း

ကျွန်ုပ်တို့သည် ရှင်ပေါလုကို အထင်မမှားမိရန် အလွန်အရေးကြီးသည်။ အောက်ပါကျမ်းချက်ကို လေ့လာကာ ပေါလု၏ စိတ်ရင်းမှန် သဘောထားကို လွဲမှားစွာ အနက်မဖွင့်ဆိုမိရန် သတိထားရမည် ဖြစ်သည်။

> *ခရစ်တော်၏တရားကို မလိုက်၊ လူအဆက်ဆက်ခံသော နည်းဥပဒေသနှင့် လောကီတရားနုကို လိုက်၍၊ လောကီပညာနှင့် အချည်းနှီးသော ပရိယာယ်အားဖြင့် သင်တို့ကို အဘယ်သူမျှ လုမယူမဖျက်ဆီးစေခြင်းငှါ သတိပြုကြလော့။ (ကော ၂း၈)*

### ၁။ 'လူအဆက်ဆက်ခံသော နည်းဥပဒေသ'

က။ ပေါလုသည် ထုံးတမ်းအစဉ်အလာတိုင်းကို ဆန့်ကျင်သည် မဟုတ်။

ခ။ အစဉ်အလာများသည် အောက်တွင်ဖော်ပြထားသော အရာများမှ ပေါက်ဖွားလာသည်။

(၁) သမိုင်း

(၂) ရိုးရာယဉ်ကျေးမှု

(၃) လူမှုကွန်ရက်

ဂ။ ခရစ်တော်၌တည်သောရှင်သန်ခြင်း မဟုတ်ဘဲ ထုံးတမ်းအစဉ်အလာအတိုင်း ရှင်သန်ခြင်းသည်သာ မှန်သည်ဟု ခံယူနေကြသောသူများကို ပေါလု ဆန့်ကျင်သည်။

### ၂။ ဤသို့သောစာကို ရေးသားချိန်၌ ပေါလုသည် မည်သည့်အရာအား စိတ်စွဲလမ်းခြင်း ရှိနေမည်နည်း။

က။ ဘာသာရေး အစဉ်အလာ

(၁) ဖာရိရှဲ အဖြစ် ကြီးပြင်းလာသော ပေါလုသည် ဘာသာရေးအစဉ်အလာများနှင့် လွန်စွာမှ ရင်းနှီးမှုရှိသည်။

(၂) ၄င်းအစဉ်အလာတို့သည် အပေါ်ယံအားဖြင့် အလွန်ပင် အထင်ကြီး စရာဖြစ်သည်။
(၃) သို့သော် ၄င်းအစဉ်အလာတို့သည် ဆိုးရွားလှသော မပြည့်စုံမှုများဖြစ် ကြသည်။

ခ။ *'လူအဆက်ဆက်ခံသော နည်းဥပဒေသ'*
(၁) အစဉ်အလာသည် ဘဝ ဒဿနိက (a philosophy of life) ဖြစ်လာ သည်။
(၂) ဤအစဉ်အလာ (ထုံးတမ်းအစဉ်အလာ) သည် ဘဝအမြင် (လော ကအမြင်) (a world-view of Life) ကို ဆောင်ကြဉ်းပေးသည်။
(၃) ဘာသာရေးအစဉ်အလာသည် ယေရှုခရစ်တော်က သူ့တမန်တော်တို့ အား ကိုယ်တိုင်သွန်သင်ပေးသော ယုံကြည်သက်ဝင်မှုနှင့် မတူပါ။

## ၃။ 'လိုက်၍' (according to)

က။ ဂရိဘာသာစကားအားဖြင့် 'kata' (ကာတာ) ဖြစ်သည်။
ခ။ ဤ *'ကာတာ'* သည် တစ်စုံတစ်ခု၏ အရင်းအမြစ်ကို ဖော်ပြပေးသည်။
ဂ။ အတည်ပြုပြောဆိုနေသော အကြောင်းအရာသည် လူအဆက်ဆက်ခံသော နည်းဥပဒေသ (လူတို့၏ အစဉ်အလာ)မှ ဖြစ်သည်။
(၁) ပေါလုသည် ဖာရိရှဲအဖြစ် ဘိုးဘွားတို့မှ ဆင်းသက်လာသော လူတို့၏အစဉ်အလာကို တသွေမတိမ်း လိုက်လျှောက်ခဲ့သူဖြစ်သည်။
(၂) ထိုသို့ အစဉ်အလာကို သေသေချာချာ လိုက်နာခြင်းကြောင့် ပေါလု သည် သူနှင့်အတူ သဘောထားချင်း၊ ဘာသာရေး အမြင်ချင်း မတူ သောသူများကို မုန်းတီးဖျက်ဆီးလိုသော အစွန်းရောက် တစ်ယူသန် သမား ဖြစ်ခဲ့ခြင်းဖြစ်သည်။
(၃) ပေါလုသည် ခရစ်တော်၌ တည်သော သူ့၏အသက်တာပြောင်းမြောက် ထူးခြားမှုနှင့် ယှဉ်ကြည့်သောအခါ သူ၏ အစဉ်အလာ သိက္ခမ်းမှု နှင့် ကျင့်သုံးမှုတို့သည် မည်သည့် အကျိုးမျှ မရှိသည်ကိုသဘောပေါက် နားလည်သည်။

## ‘လောကီတရားနုကို လိုက်၍ . . . .’
## (ကော ၂း၈)

### ထပ်မံ သုံးသပ်စစ်ဆေးခြင်း

ကောလောသဲယုံကြည်သူများအား အန္တရာယ်ပေးနေသည့် မှားယွင်းနေသော ဒဿနိကစနစ်ကို ပေါလုသည် ထပ်မံ၍ သုံးသပ်စစ်ဆေးသည်။

> *ခရစ်တော်၏တရားကို မလိုက်၊ လူအဆက်ဆက်ခံသော နည်းဥပဒေသနှင့် လောကီတရားနုကို လိုက်၍၊ လောကီပညာနှင့် အချည်းနှီးသော ပရိယာယ်အားဖြင့် သင်တို့ကို အဘယ်သူမျှ လုမယူမဖျက်ဆီးစေခြင်းငှါ သတိပြုကြလော့။ (ကော ၂း၈)*

### ၁။ ‘လောကီတရားနုကို လိုက်၍’

က။ *‘တရားနု’* သည် ခံယူဆုပ်ကိုင်ထားသော ဒဿနိက၏ အခြေခံ၊ အရင်းအမြစ်ကို ရည်ညွှန်းသည်။

ခ။ *လိုက်၍’* ဟူသော စကားလုံးသည် ဂရိဘာသာအားဖြင့် ‘Kata’ ဟု ခေါ်သည်။ ၎င်းသည် တွေးတောဆင်ခြင်မှု၏ ပုံစံကို ထင်ဟပ်စေသည်။

ဂ။ *‘တရားနု’*

(၁) ဤစကားလုံးကို (ဟေဗြဲ ၅း၁၂)၌ *‘ရှေးဦးစွာ သင်ရသောတရားနု’* ဟု ပြန်ဆိုထားသည်။

(၂) ဤဆင်ခြင်မှုစနစ်သည် လုံး၀ အားရ နှစ်သက်ဖွယ် မရှိပေ။

(၃) *‘လောကီတရားနု’* သည် နားလည်ရန် ခက်ခဲသော လောကနိယာမကြီးကို အဘယ်သို့ ရှင်းလင်းတိကျအောင်အဖြေ ပေးနိုင်မည်နည်း။

### ၂။ ‘ခရစ်တော်၏တရားကို မလိုက်’

က။ ပေါလုက ခရစ်ယာန်တို့၏ ဆင်ခြင်မှုစနစ်ကို ဖော်ပြနေသည်။

(၁) ပေါလုက ခရစ်ယာန်တို့၏ ယုံကြည်သက်ဝင်မှုကို စနစ်တစ်ခုအဖြစ် ဖော်ကျူးသည်။

(၂) ပေါလုက ခရစ်ယာန်တို့၏ ယုံကြည်သက်ဝင်မှုစနစ်သည် '*လောကီပညာနှင့် အချည်းနှီးသောပရိယာယ်*' တို့ထက် ပိုမိုကောင်းမွန်ကြောင်း အခိုင်အမာပြောဆိုသည်။

ခ။ '*ခရစ်တော်ကို လိုက်*' ၍ ဟူသော အချက်သည် ပေါလု၏ ဆင်ခြင်ပုံ၊ ဆင်ခြင်နည်း ဖြစ်သည်။

ဂ။ ပေါလုသည် ခရစ်တော်ကိုဗဟိုပြုသော သီဩဲလော်ဂျီ ဆင်ခြင်မှုစနစ်ကို အခိုင်အမာ ဖော်ပြသည်။

(၁) ခရစ်တော်သည် သခင်(ဘုရား) ဖြစ်သည်။ (ကော ၁း၂)

(၂) ခရစ်တော်သည် မျက်မြင်မရသော ဘုရားသခင်၏ပုံသဏ္ဌာန်တော် ဖြစ်သည်။ (ကော ၁း၁၅)

(၃) ခရစ်တော်သည် ဘုရားသခင်နှင့်အတူ ဖန်ဆင်းရှင်ဖြစ်သည်။ (ကော ၁း၁၆)

(၄) ခရစ်တော်သည် အသင်းတော်၏ ဦးခေါင်းဖြစ်သည်။ (ကော ၁း၁၈)

(၅) ခရစ်တော်၌သာ ခပ်သိမ်းသောပြည့်စုံခြင်း ကျိန်းဝပ်လျက်ရှိသည်။ (ကော ၁း၁၉)

(၆) ခရစ်တော်သည် လူသားတို့အား ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်စေသောသူ ဖြစ်သည်။ (ကော ၁း၂၀)

(၇) ခရစ်တော်သည် အကျွန်ုပ်တို့အား ဘုရားသခင်ရှေ့တော်၌ အပြစ်တင်ခြင်း နှင့်ကင်းလွတ်သောသူများအဖြစ် ဖော်ပြသည်။ (ကော ၁း၂၃)

(၈) သခင်ယေရှုသည် ယုံကြည်သူတိုင်း၌ ကျိန်းဝပ်လျက် ရှိသည်။ (ကော ၁း၂၇)

ဃ။ ခရစ်ယာန်တို့၏ ယုံကြည်သက်ဝင်မှု၌ တွေ့ရသောဘုန်းကျက်သရေနှင့် ပြည့်စုံသော သွန်သင်ချက်များကို မည်သည့် ဒဿနိက သဘောများနှင့်မျှ မယှဉ်နိုင်ပါ။

## 'ဘုရားသခင်၏ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းအပေါင်း . . .'
## (ကော ၂း၉)

**ခရစ်တော်၏ ပုဂ္ဂိုလ်ဖြစ်ခြင်း (The Person of Christ)**

တမန်တော် ပေါလုသည် သခင်ယေရှုခရစ်တော် အပေါ်ထားရှိသော သူ၏သီသြော်လော်ဂျီ အမြင်မှ သူ့ကို သွေဖယ်ထားခြင်းမရှိပေ။

*အကြောင်းမူကား၊ ဘုရားသခင်၏ ဇာတိအဖြစ်တော်ပြည့်စုံခြင်း အပေါင်းသည် ခရစ်တော်ကိုယ်တိုင်၌ ကိုယ်အားဖြင့် ထင်ရှား၍ ကျိန်းဝပ်တော်မူ၏။ (ကော ၂း၉)*

### ၁။ 'ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်ကိုယ်တိုင်၌ ကိုယ်အားဖြင့် ထင်ရှား၍ ကျိန်းဝပ်တော်မူ၏'

အောက်ပါအချက်သုံးချက်တို့၏ ဆက်စပ်မှုကို အချိန်ယူကာ ဆင်ခြင်ကြရမည် ဖြစ်သည်။

က။ ခရစ်တော်သည် မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဍာန်တော်ဖြစ်သည်။ (ကော ၁း၁၅)

ခ။ ခရစ်တော်၌ ခပ်သိမ်းသောပြည့်စုံခြင်း ကျိန်းဝပ်ရန် ခမည်းတော်ဘုရားသခင် အလိုရှိသည်။ (ကော ၁း၁၉)

ဂ။ ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏။ (ကော ၂း၉)

### ၂။ ခရစ်တော်အား စဉ်းလဲစွာတိုက်ခိုက်ခြင်းများ

က။ ခရစ်တော်နှင့် စပ်လျဉ်းသော ပေါလု၏သီသြော်လော်ဂျီကို ဆန့်ကျင်သော သူများ ရှိကြသည်။

ခ။ မဟုတ်မမှန် ပြောဆို ငြင်းခုံ တတ်သောသူများလည်း ရှိကြသည်။

ဂ။ အောက်ပါအချက်များသည် ခရစ်တော်နှင့်စပ်လျဉ်း၍ ဧဝံဂေလိတရားကို ဆန့်ကျင်သော ရန်သူတို့၏ အမြင်များဖြစ်သည်။

(၁) ခရစ်တော်သည် ဘုရား မဟုတ်။

(၂) သူသည် ဘုရားသခင်နှင့် အရည်အချင်းတူသောသူလည်း မဟုတ်။
(၃) သူသည် ဘုရားသခင်က ဖန်ဆင်းထားသောသူ ဖြစ်သည်။ အများထက် မြင့်မြတ်သော သူဖြစ်သော်လည်း ဖန်ဆင်းခံသောသူသာဖြစ်သည်။
(၄) ခရစ်တော်သည် ဘုရားသခင်ထက် ဇာတ်နိမ့်သောသူ ဖြစ်သည်။ အကြောင်းရင်းမှာ သူ၌ ခန္ဓာကိုယ် ရှိသောကြောင့် ဖြစ်သည်။
(၅) ခန္ဓာကိုယ်သည် ဝတ္ထုပစ္စည်းဟု မှတ်ယူကြသည်။ ထိုဝတ္ထုပစ္စည်းသည် မကောင်းသောအရာဟုလည်း မှတ်ယူကြသည်။

## ၃။ ခရစ်တော်၏ ဘုရားဖြစ်ခြင်းကို ခိုင်မာစွာ ခုခံခြင်း

က။ သူသည် ဘုရားသခင်၏ ပုံသဏ္ဍာန်တော် ဖြစ်သည်။
(၁) ဘုရားသခင်၏ဖြစ်ခြင်းသည် ခရစ်တော်၏ဖြစ်ခြင်း ဖြစ်သည်။
(၂) ရှင်ပေါလုက တမန်တော်တို့၏အမြင်ကို ပြန်လည်ထင်ဟပ်စေသည်။
ခ။ ခမည်းတော်ဘုရားသခင် အလိုရှိ၏။
(၁) ခရစ်တော်အား ဘုရားအဖြစ် သတ်မှတ်ရန် ခမည်းတော်ဘုရား အလိုရှိသည်။
(၂) ဘုရားသခင်၏ ဇာတိအဖြစ်တော်ပြည့်စုံခြင်းအပေါင်းတို့သည် ခရစ်တော်ကိုယ်တိုင်၌ ကျိန်းဝပ်နေရန် ခမည်းတော်ဘုရား အလိုရှိသည်။
ဂ။ ဘုရားသခင်၏ ဇာတိအဖြစ်တော်ပြည့်စုံခြင်းအပေါင်းတို့သည် ခရစ်တော်၌ ကိုယ်ခန္ဓာအားဖြင့် ထင်ရှားပြီး တည်လျက်ရှိ၏။
(၁) ခရစ်တော်သည် ရာနှုန်းပြည့် လူသားနှင့် ရာနှုန်းပြည့် ဘုရားဖြစ်သည်။
(၂) ဤအချက်ကို ခရစ်တော်၏ ဒွန်တွဲနေသော ပင်ကိုယ်သဘာဝဖြစ်ခြင်းဟု ခေါ်သည်။
(၃) ခရစ်တော်၌ ခန္ဓာကိုယ်ရှိသည်။ အကြောင်းရင်းမှာ လူသားတို့ကို အပြစ်မှ ကယ်တင်ခြင်းငှာ ကြွလာသောသူ ဖြစ်သည်။

# 'ထိုသခင်၌ သင်တို့သည် စုံလင်ခြင်းရှိကြ၏'
# (ကော ၂း၁၀)

**ခရစ်တော်၌ တည်သောကျွန်ုပ်တို့၏ ယုံကြည်ခြင်း ဆက်စပ်မှု**

ယုံကြည်ခြင်း၏ ရန်သူများသည် ခရစ်တော်ကိုယ်တိုင်ကို ပြင်းထန်စွာ တိုက်ခိုက်ကြသည်။ ထိုသူတို့က ခရစ်တော်အား ယုံကြည်ကိုးစားခြင်းသည် (ကယ်တင်ခြင်းအတွက်) လုံလောက်ခြင်းမရှိဟု အခြေအတင် ပြောဆိုကြသည်။ တမန်တော် ပေါလုသည် ထိုသွန်သင်ချက်ကို လုံးဝငြင်းပယ်သည်။ ထိုမှားယွင်းသော သွန်သင်ချက်ကို တုံ့ပြန်သောအားဖြင့် ပေါလုသည် အောက်ပါအတိုင်း ခိုင်မာစွာထွက်ဆိုသည်။

*အထွဋ်အမြတ်အာဏာစက်ရှိသမျှကို အုပ်စိုးတော်မူသောထိုသခင်၌*
*သင်တို့သည် စုံလင်ခြင်းရှိကြ၏* *(ကော ၂း၁၀)*

**၁။ 'ထိုသခင်၌ သင်တို့သည် စုံလင်ခြင်းရှိကြ၏'**

က။ *'စုံလင်ခြင်း'* ကို ဖြစ်ပြီးကာလပြ (Perfect Passive Tense) ဖြင့် ရေးသားသည်။

ခ။ ဤစကားလုံး၏ ဆိုလိုချက်များမှာ-

(၁) ပြီးပြည့်စုံခြင်းသည် ပြီးဆုံးသောလုပ်ငန်း (အမှု) ကို ရည်ညွှန်းသည်။

(၂) ဤအမှုသည် သခင်ယေရှုခရစ်ကိုယ်တိုင် လုပ်ဆောင်သောအမှုဖြစ်သည်။

(၃) ကျွန်ုပ်တော်တို့သည် ခရစ်တော်၌စုံလင်ဖို့ရန် ကျွန်ုပ်တို့လုပ်ဆောင်ရမည့် အရာ တစ်စုံတစ်ခုမျှ မရှိပါ။

(၄) ကျွန်ုပ်တို့သည် ဤပြီးပြည့်စုံခြင်းကို ပျော်ရွှင်စွာ လက်ခံရရှိသောသူများ ဖြစ်ကြသည်။

(၅) ခရစ်တော်၌ ကျွန်ုပ်တို့သည် စုံလင်လျက် ရှိနေကြသည်။

(၆) ခရစ်တော်နှင့်ကျွန်ုပ်တို့၏ ဆက်သွယ်မှု (နှီးနွယ်ဆက်စပ်မှု) ၌ ကျွန်ုပ်တို့သည် မစုံမလင် လိုအပ်နေသော အရာတစ်စုံ တစ်ခုမျှ မရှိပါ။

## ၂။ ကျွန်ုပ်တို့အတွက် စုံလင်ခြင်းရရှိစေသော ခရစ်တော်သည် အဘယ် သူနည်း။

က။ သူသည် သခင် (ဘုရား) ဖြစ်သည်။

ခ။ သူ၌သာ ဘုရားသခင်၏ဇာတိအဖြစ်တော်သည် ကျိန်းဝပ်လျက်ရှိသည်။

ဂ။ သူသည် ဖန်ဆင်းခြင်းအရာအားလုံးတို့၏ ဦးခေါင်းဖြစ်သည်။

(၁) *'အထွဋ်အမြတ် အာဏာစက်ရှိသမျှ'* သည် ခွန်းအားတန်ခိုးကြီးသော နာမ်ဝိညာဉ်များ ကိုဆိုလိုသည်။

(၂) တန်ခိုးကြီးသော ကောင်းကင်တမန်များစွာ ရှိနေသော်လည်း၊ ခရစ်တော်သည် ထိုအာဏာစက်ရှိသမျှတို့၏ ဦးခေါင်းဖြစ်သည်။

(၃) ခရစ်တော်သည် (ခရစ်ယာန်ယုံကြည်သက်ဝင်မှုကို ဆန့်ကျင်ဖျက်ဆီး နေသော သူများ တွေးထင်သကဲ့သို့) တန်ခိုးကြီးသော အာဏာစက် များမှ တစ်ဦး မဟုတ်ပါ။

ဃ။ ခရစ်တော်သည် ကျွန်ုပ်တို့အား သူ၌ စုံလင်သောသူများ ဖြစ်စေခြင်းငှာလုံးဝ ဥဿုံ တတ်စွမ်းနိုင်သော၊ ထိုသို့ဆောင်ရွက်ရန် အခွင့်အာဏာ ရှိသောသူ ဖြစ်သည်။

## ၃။ ကျွန်ုပ်တို့သည် ခရစ်တော်၌ အဘယ်သို့ စုံလင်ကြသနည်း။

က။ ခရစ်တော်ကို အကျွန်ုပ်တို့၏ ကယ်တင်ရှင်နှင့် အရှင်သခင်အဖြစ် လက်ခံ ယုံကြည်ခြင်း အားဖြင့်၊

ခ။ လက်ဝါးကပ်တိုင်၌ ခရစ်တော်ပြုသောအပြစ်ဖြေလွှတ်ခြင်း အမှုအားဖြင့်၊

ဂ။ ခရစ်တော်သွန်းလောင်းသော သူ၏အသွေးတော်အားဖြင့် ကျွန်ုပ်တို့သည် မိမိတို့ အပြစ်များမှ သန့်ရှင်းစင်ကြယ်စွာ ရပ်တည်ရသော အခွင့်ရှိကြသည်။

ဃ။ ခရစ်တော်အားဖြင့်သာ ကျွန်ုပ်တို့သည် ပြန်လည်သင့်မြတ်ခြင်းသို့ ပြီးပြည့်စုံ စွာရောက်ကြရသည်။

င။ ထိုခရစ်တော်ပြုသော စုံလင်ခြင်းအမှုနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့က ထပ်၍ ဖြည့်စွက်ဆောင်ရွက်ရန် တစ်ခုမျှ မရှိပါ။

## 'ခရစ်တော်၏အရေဖျားလှီးခြင်း'
## (ကော ၂း၁၁)

### အရေဖျားလှီးခြင်း ဝတ်

အရေဖျားလှီးခြင်းဝတ်သည် အာဗြဟံနှင့်ပြုသော ထာဝရ ပဋိညာဉ် ကို အတည်ပြုသော အမှတ်လက္ခဏာအဖြစ် အာဗြဟံအား ဘုရားသခင်ပေးသော ပဋိညာဉ်အမှတ်အသား ဖြစ်သည် (ကမ္ဘာ ၁၇း၁-၁၄)။ သူငယ်တော်ယေရှု သည်လည်း ရှစ်ရက်မြောက်သောနေ့၌ အရေဖျား လှီးခြင်း ခံရသည် (လုကာ ၂း၂၁)။ တမန်တော် ပေါလုသည် ခရစ်တော်၏ အရေဖျား လှီးခြင်း၏ အကျိုးသက်ရောက်မှုကို အောက်ပါ ကျမ်းချက်၌ ဖော်ပြသည်။

> *ခရစ်တော်၏ အရေဖျားလှီးခြင်းအားဖြင့် ဇာတိပကတိအပြစ်၏*
> *ကိုယ်ကိုပယ်ရှား၍၊ လက်ဖြင့်မလုပ်သော အရေဖျားလှီးခြင်းကို*
> *ထိုသခင်၌ သင်တို့သည် ခံကြသည်ဖြစ်၍- (ကော ၂း၁၁)*

### ၁။ 'ထိုသခင်၌'

က။ ရှင်ပေါလုသည် သူရေးသားသော ကောလောသဲဩဝါဒစာ၌ *'ထိုသခင်၌'* ဟူသော စာသားကို မကြာခဏ အသုံးပြုသည်။

ခ။ နာမ်စား *'ထိုသခင်'*သည် သခင်ယေရှုခရစ်တော်ကို တိုက်ရိုက် ရည်ညွှန်းသည်။

### ၂။ 'ခရစ်တော်၏ အရေဖျားလှီးခြင်း'

က။ ဤစာကြောင်းကို ဝါကျ၏ အစ၌တွေ့ရသည်။

ခ။ ခရစ်တော်၏ အရေဖျားလှီးခြင်းကို တိကျသေချာစွာ ညွှန်ထားသည်။

### ၃။ ခရစ်တော်၏အရေဖျားလှီးခြင်းဆိုင်ရာ အကျိုးသက်ရောက်မှု

က။ သခင်ယေရှု ကိုယ်တော်နှင့်ဆိုင်သော အကျိုးသက်ရောက်မှု -

(၁) ယေရှုသခင်သည် အာဗြဟံအားပေးထားသော ပဋိညာဉ်အောက်၌ အရေဖျားလှီးခြင်း ခံရမည်။

(၂) သူသည် ဖြောင့်မတ်ခြင်းတရား အလုံးစုံကို ပြည့်စုံစေရမည်။ ဆိုလိုသည်မှာ သခင်ယေရှုသည် ပညတ်တရား၏ တောင်းဆိုချက် အားလုံးကို ပြည့်စုံစေရမည်။

ခ။ သီအြော်လိုဂျီနှင့်ဆိုင်သော အကျိုးသက်ရောက်မှု

(၁) သခင်ယေရှုကို ယုံကြည်သောသူအပေါင်းတို့အပေါ် အကျိုးသက်ရောက်သည်။

(၂) ယုံကြည်သူတို့သည် ခရစ်တော်နှင့်အတူ ဝိညာဉ်ရေး၌ တစ်လုံး တစ်ဝတည်း ရှိကြသည်။

(၃) ထို တစ်လုံးတစ်ဝတည်း ဖြစ်ခြင်း၌ ခရစ်တော်၏ အရေဖျားလှီးခြင်း၏ အကျိုးသက်ရောက်မှုလည်း ပါရှိသည်။

ဂ။ ဝိညာဉ်ရေး အကျိုးသက်ရောက်မှု

(၁) ဤအချက်ကို ခရစ်တော်၏ အရေဖျားလှီးခြင်းဖြင့် ရုပ်လုံးဖော်ထားသည်။

(၂) ဤဝိညာဉ်ရေး အကျိုးကို *'လက်ဖြင့်မလုပ်သော အရေဖျားလှီးခြင်း'* ဟု ခေါ်သည်။

ဃ။ သင်္ကေတ အကျိုးသက်ရောက်မှု

(၁) *'ဇာတိပကတိအပြစ်၏ ကိုယ်ကိုပယ်ရှား'* ခြင်း ဖြစ်သည်။

(၂) ကျွန်ုပ်တို့သည် အရေဖျားလှီးခြင်းကိုလက်တွေ့ခံယူ ကြရန် မလိုအပ်ချေ။

(၃) ယုံကြည်သူများအဖို့အလို့ငှာ၊ သင်္ကေတနှင့် ဝိညာဉ်သဘောဆောင်သော အရေဖျားလှီးခြင်း သည် ခရစ်တော်၌ ဖြစ်တည်လျက်ရှိသည်။

(၄) ထိုသို့ သင်္ကေတ၊ဝိညာဉ်သဘောဆောင်သော အရေဖျားလှီးခြင်းနှင့် အာဗြဟံနှင့်ဆိုင်သော ပဋိညာဉ်အောက်၌ သခင်ယေရှု၏ အရေဖျားလှီးခြင်းတို့၏ ဆက်စပ်မှုကို ရှင်ပေါလုအား ဘုရားသခင်က ဖော်ပြခြင်းအားဖြင့်သာ သိနိုင်သောအရာ ဖြစ်သည်။

## 'ထိုသခင်နှင့်အတူ ထမြောက်ခြင်းသို့ ရောက်ကြ၏'
## (ကော ၂း၁၂)

**သခင်ယေရှု၏ အသက်တာ**

အလွန်အရေးကြီးသော ဝိညာဉ်ရေးသင်ခန်းစာကို ရှင်ပေါ်လုသည် သခင်ယေရှု၏အသက်တာမှ ရယူထားသည်။ တမန်တော်ပါလုသည် သခင်ယေရှုအသက်တာမှ အရေးပါသော တချို့အချက်အလက်များကို ရွေးနှုတ်ဖော်ပြထားသည်။

*ဗတ္တိဇံအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုလ်ခြင်းကို ခံကြ၏။ ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူသော ဘုရားသခင်၏ ပြုပြင်အားထုတ်တော်မူခြင်းကို ယုံကြည်သောအားဖြင့်၊ ဗတ္တိဇံကို ခံ၍ ထိုသခင်နှင့်အတူ ထမြောက်ခြင်းသို့ ရောက်ကြ၏။ (ကော ၂း၁၂)*

**၁။ သခင်ယေရှု အရေဖျားလှီးခြင်း**

ဎင်း၏ အကျိုးကျေးဇူးသည် (ကော ၂း၁၁) ၌ ဖော်ပြထားပြီး ဖြစ်သည်။

**၂။ 'ထိုသခင်နှင့်အတူ သင်္ဂြိုလ်ခြင်း'**

က။ ထိုသို့ဆိုရာမှာ လက်ဝါးကပ်တိုင်၌ ခရစ်တော်၏ဒုက္ခဝေဒနာများလည်းပါသည်။

ခ။ ခရစ်တော်၏ အသေခံခြင်းနှင့်

ဂ။ ခရစ်တော်၏ သင်္ဂြိုဟ်ခြင်း များ ပါဝင်သည်။

**၃။ 'ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူသော'**

က။ သခင်ယေရှုကို ဘုရားသခင်သည် သေခြင်းမှ ထမြောက်စေသည်။

ခ။ ဤအမှုသည် *'ဘုရားသခင်ပြုပြင်အားထုတ်တော်မူ'* သောအရာဖြစ်သည်။

ဂ။ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသည် သီသြော်လိုဂျီ အကျိုးအမြတ်ကြီးလှသည်။

(၁) ၄င်းသည် ခရစ်တော်ပြုသော ကယ်တင်ခြင်းအမှု ပြီးဆုံးကြောင်း သင်္ကေတ အဖြစ် ရုပ်လုံးဖော်သည်။

(၂) ထာဝရ ဘုရားသခင်သည် သခင်ယေရှု၏ အပြစ်ဖြေလွှတ်ခြင်းအမှုကို ဘုရားသခင်၏သိုးသူငယ် ယဇ်ပူဇော်ခြင်းအဖြစ် လက်ခံသည်။

## ၄။ ထိုကြီးမားသော သင်္ကေတအားဖြင့် ဖော်ပြရသော အမှန်တရားများကို ကိုယ်စားပြုသော သင်္ကေတကြီး

က။ ထိုသင်္ကေတကြီးမှာ ဗတ္တိဇံ ဖြစ်သည်။ (ရှင်မဿဲ ၃း၁၃)

ခ။ ဗတ္တိဇံအားဖြင့် ယုံကြည်သူသည် ခရစ်တော်နှင့်အတူ ထပ်တူဖြစ်လာသည်။

ဂ။ ယုံကြည်သူသည် ခရစ်တော်၌ တည်သောသူ ဖြစ်သည်။

ဃ။ ဗတ္တိဇံအားဖြင့် ကိုယ်စားပြုဖော်ပြထားသောအရာများမှာ-

(၁) ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ အသေခံကြသည်။

(၂) ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ သင်္ဂြိုဟ်ခြင်း ခံကြသည်။

(၃) ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ ရှင်ပြန်ထမြောက်ခြင်းခံကြသည်။

## ၅။ ယုံကြည်ခြင်း၏ အခန်းကဏ္ဍ

က။ ယုံကြည်ခြင်းအားဖြင့် ဤအမှန်တရားများသည် ကျွန်ုပ်တို့နှင့် သက်ဆိုင်၍ အကျိုးသက်ရောက်လာသည်။

ခ။ ယုံကြည်သူတိုင်းသည် ခရစ်တော်ကို မှန်ကန်စွာ ယုံကြည်ကိုးစား နေရမည်။

## ‘သေလျက်ရှိနေသော သင်တို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေ၍’ (ကော ၂း၁၃)

### လေးနက်သောသွန်သင်ချက်ကို နားလည်ရန် ကြိုးစားအားထုတ်ခြင်း

သူ့စာဖတ်ရိသတ်များသည် ဤလေးနက်သော သွန်သင်ချက်များအား နားလည်ရန် အခက်ခဲတွေ့နေကြမည်ဟု တမန်တော်ပေါလု နားလည်ထားသည်။ လွန်စွာအရေးကြီးသော အမှန်တရားများဖြစ်သောကြောင့် မှန်မှန်ကန်ကန် နားမလည်မချင်း ဆင်ခြင်စဉ်းစားနေရန် ထိုက်တန်ကြသည်။

> *ဒုစရိုက်အပြစ်၌၎င်း၊ ဇာတိပကတိ၏ အရေဖျားလှီးခြင်းကို မခံသော အဖြစ်၌၎င်း သေလျက်ရှိနေသော သင်တို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေ၍၊ သင်တို့အပြစ်ရှိသမျှတို့ကို လွှတ်တော်မူ၏-*
> *(ကော ၂း၁၃)*

**၁။ ဤအမှန်တရားများသည် တစ်ပါးအမျိုးသားများနှင့် သက်ဆိုင်သလား။**

က။ သက်ဆိုင်ပါသည်။

ခ။ *‘ဇာတိပကတိ၏ အရေဖျားလှီးခြင်းကို မခံသော’* သူတို့ သည် တစ်ပါး အမျိုးသားများကို ရည်ညွှန်းသည်။

**၂။ ဤအမှန်တရားများသည် ဝိညာဉ်ရေး၌သေလျက်ရှိသောသူတို့နှင့် သက်ဆိုင်သလား။**

က။ သက်ဆိုင်ပါသည်။

ခ။ ဒုစရိုက်အပြစ်ကြောင့် လူများသည် ဝိညာဉ်ရေး၌ သေနေကြသည်။

(၁) ဤအမှန်တရားသည် ယုဒလူမျိုးများနှင့်သက်ဆိုင်သည်။

(၂) ဤအမှန်တရားသည် တစ်ပါးအမျိုးသားများနှင့်လည်း သက်ဆိုင်သည်။

**၃။ ဘုရားသခင်၏ တစ်မူထူးခြားသော ပြုပြင်ခြင်း**

က။ *‘ဘုရားသခင်၏ ပြုပြင်အားထုတ်တော်မူခြင်း’* အကြောင်းကို (ကော ၂း၁၂) ၌ ပေါလု ဖော်ပြထားသည်။

ခ။ ထို *'ဘုရားသခင်၏ပြုပြင်အားထုတ်တော်မူခြင်း'* ကို (ကော ၂း၁၃) ၌ ပို၍ ပြည့်စုံစွာ ပေါ်လု ရှင်းပြထားသည်။

(၁) ဝိညာဉ်ရေး သေခြင်းရှိသည်ကို ဘုရားသခင် သိမှတ်တော်မူသည်။

(၂) ထို ဝိညာဉ်ရေးသေခြင်းသည် ဒုစရိုက်အပြစ်၏ အကျိုးဆက်ဖြစ်ကြောင်း သိမှတ်တော်မူသည်။

(၃) ထိုအပြစ်အားလုံးကို ခွင့်လွှတ်ရန် ဘုရားသခင်သည် ကြီးမားသော ကျေးဇူး တော်နှင့်မေတ္တာကရုဏာကို ပြတော်မူသည်။

(၄) ဝိညာဉ်ရေး၌ သေလျက်ရှိသောသူတို့ကို ခရစ်တော်နှင့်အတူအသက် ရှင်စေသည်။

## ၄။ ဤအမှန်တရားများအား ခံယူလျက် ရုပ်လုံးဖော်ခြင်း

ကႋ ယုံကြည်ခြင်း ရှိရမည်။ (ကော ၂း၁၂)

ခ။ ယုံကြည်ခြင်းအားဖြင့် ဤအမှန်တရားများသည် လက်တွေ့၌ အစစ်အမှန် ဖြစ်လာသည်။

(၁) နှိမ့်ချသော ယုံကြည်ခြင်းမျက်စိအားဖြင့် ကျွန်ုပ်တို့၌ အပြစ်ရှိကြောင်း သိမှတ်ပြီး ဝန်ချတောင်းပန် နိုင်ကြသည်။

(၂) ကျေးဇူးသိတတ်သော နှလုံးသားဖြင့် ကျွန်ုပ်တို့သည်သခင်ယေရှုကိုမိမိ တို့၏ကယ်တင်ရှင်နှင့်အသက်သခင်အဖြစ် လက်ခံကြသည်။

(၃) ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် အပြစ်ခွင့်လွှတ်ခြင်းကို ရရှိခံစား ကြသည်။

(၄) ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ရှေ့မှောက်တော်၌ အသက်ရှင်လာ ကြရသည်။

(၅) ယုံကြည်ခြင်းအားဖြင့်ခရစ်တော်ယေရှုအပေါ်၌ရှိသော မိမိတို့၏ ကျေးဇူး အကြွေးများကို ကျွန်ုပ်တို့သည် လေးနက်စွာ အသိအမှတ်ပြုကြသည်။

# 'လက်ဝါးကပ်တိုင်မှာ ရိုက်ထားလျက်'
# (ကော ၂း၁၄)

## အကျွန်ုပ်တို့၏ အပြစ်များကို ဖြေရှင်းခြင်း

ကျွန်ုပ်တို့၏အပြစ်များကို ဖြေရှင်းရန် အံ့ဖွယ်သော အကြံအစည် ဘုရားသခင်၌ ရှိသည်ဟု သိလိုက်ရခြင်းသည် လွန်စွာမှ အရေးပါသော အချက် ဖြစ်သည်။ အချို့သောသူတို့သည် အပြစ်တရားဟူသည် အမှန်အကန် ရှိသည်ဟု လက်မခံကြပါ။ တချို့ကလည်း အပြစ်တရား၏အဖိုးအခကို အလေးမထားဘဲ နေကြသည်။ တမန်တော်ပေါလုသည် အပြစ်တရားကို အရိုးရှင်းဆုံး သုံးသပ်ပြီး၊ အောက်ပါကျမ်းချက်၌ ဝမ်းသာစရာဖြစ်သော သွန်သင်ချက် တစ်ခုကို ပေးသည်။

> *ငါတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော ဝိနည်းအထုံးအဖွဲ့နှင့်စပ်ဆိုင်သော လက်မှတ်ကိုချေ၍၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားလျက်၊ ငါတို့စပ်ကြားထဲက ပယ်ရှင်းတော်မူပြီ၊-* (ကော ၂း၁၄)

## ၁။ အပြစ်နှင့်ဆိုင်သော ဥပမာ

က။ အပြစ်ကို 'လက်မှတ်' (Gk- cheirophon) နှင့် ခိုင်းနှိုင်းထားသည်။

ခ။ ဤစကားလုံး၏ အဓိပ္ပာယ်မှာ လက်ရေးဖြင့် မှတ်သားထားသော အကြွေးစာရင်းကို ဆိုလိုသည်။

ဂ။ အပြစ်တိုင်းသည် အကြွေးသဖွယ်ဖြစ်ကြသည်။ ၎င်းတို့ကို သေချာစွာ လက်ရေးဖြင့် ရေးမှတ်ထားကြရသည်။

ဃ။ ဤသို့ အကျွန်ုပ်တို့၏အပြစ်များကို အကြွေးများနှင့်ဥပမာပေးပြီး ခိုင်းနှိုင်းခြင်းသည် အလွန်ပင် ထိရောက်လျက် ရှိသည်။

## ၂။ 'ဝိနည်းအထုံးအဖွဲ့နှင့်စပ်ဆိုင်သော လက်မှတ်'

က။ *'ဝိနည်းအထုံးအဖွဲ့'* သည် နည်းဥပဒေသများနှင့်ပညတ်ချက်များကို ဆိုလိုသည်။

ခ။ အပြစ်ကျူးလွန်မိသောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နည်းဥပဒေသနှင့် ပညတ်ချက်များကို ချိုးဖောက်နေကြရသည်။

ဂ။ ထိုကျူးလွန်ချိုးဖောက်သော အပြစ်များကို လက်ဖြင့် ရေးသားမှတ်သား ကြရသည်။
ဃ။ ဤအပြစ်များသည် ကျွန်ုပ်တို့အား အမှန်ပင် ဆန့်ကျင်လျက် ရှိနေမည်။
င။ အကျွန်ုပ်တို့၏ အပြစ်များသည် အကျွန်ုပ်တို့ကို ဆန့်ကျင်လျက်ရှိကာ ထိ ရောက်စွာ ဆိုးကျိုးပေးနေမည်။

**၃။ ကျွန်ုပ်တို့၏အပြစ်များနှင့်စပ်ဆိုင်ပြီး ဘုရားပြုသောအမှုသည် နက်ရှိုင်းလျက် အံ့ဖွယ်ဖြစ်သည်။**

က။ အကျွန်ုပ်တို့၏ အပြစ်များကို ဘုရားသခင်သည် 'ချေ' ပေးသည်။
ခ။ ကျွန်ုပ်တို့ကို ဆန့်ကျင်လျက် ဆိုးကျိုးပေးနေသော အပြစ်ကြွေးများကို ဘုရား သခင်သည် ချေဖျက်လိုက်သည်။
ဂ။ ကျွန်ုပ်တို့၏အပြစ်များကို ဘုရားသခင်သည် လုံးဝသုတ်သင်ရှင်းလင်းလိုက် သည်။
ဃ။ ထိုရှိသမျှသော အပြစ်ကြွေးများကို ဘုရားသခင်သည် လက်ဝါးကပ်တိုင်မှာ ရိုက်ထားပြီး ဖြစ်သည်။

## အပြစ်တရားကို ဘုန်းကျက်သရေရှိရှိ ဖြေရှင်းခြင်း

အပြစ်တရားကို ဖြေရှင်းချက်ပေးသော ဘုရားသခင်ပြုသော အမှုသည် အဘယ်မျှလောက် ဘုန်းကျက်သရေနှင့် ပြည့်စုံသနည်း။ ကျွန်ုပ်တို့ အပြစ်များ၏ ဆိုးသောအကျိုးဆက်များနှင့်စပ်လျဉ်းပြီး စိုးရိမ်ပူပင်စရာ မလိုတော့ပေ။ ထိုအပြစ်ကြွေးများနှင့်ပတ်သက်ပြီး အံ့သြဖွယ်ကောင်းသော ဖြေရှင်းချက် ဘုရားသခင်ပေးတော်မူပြီ။ နောင်တစ်ချိန် ခရစ်တော်အသေခံရာ လက်ဝါးကပ် တိုင်ကို အောက်မေ့မိတိုင်း၊ ဘုရားသခင်ပြုတော်မူသော အမှုကို သတိရ အောက်မေ့ကြရမည် ဖြစ်သည်။

၁။ ကျွန်ုပ်တို့အပြစ်တရား၏ အဖိုးအခကို ဘုရားသခင်သည် တစ်ချိန်တည်းမှာပင် ထာဝရအတွက် ဖြေရှင်းပြီးဖြစ်သည်။
၂။ ကျွန်ုပ်တို့၏ စိုးရိမ်ပူပန်မှုများကို ဘုရားသခင်သည် လုံးဝ ဖယ်ထုတ်လိုက်ပြီး ဖြစ်သည်။

၃။ သခင်ခရစ်တော်၏အသေခံခြင်းသည် ကြီးလေးသော အပြစ်၏ပြဿနာအတွက် တစ်ခုတည်းသော ဖြေရှင်းချက် ဖြစ်သည်။

၄။ သခင်ယေရှုခရစ်တော်၏ အပြစ်ဖြေလွှတ်ခြင်းအမှု (atonement) ကို ကျွန်ုပ်တို့သည် မည်သည့်အခါမှ ပေါ့လျော့စွာ မခံယူသင့်ပေ။

## 'အထွဋ်အမြတ်၊ အာဏာစက်များကို. . . အောင်ပွဲကို ခံတော်မူပြီ'
## (ကော ၂း၁၅)

**ခက်ထန်သော တိုက်လှန်ခြင်း**

သခင်ယေရှု လောက၌ အမှုတော်ဆောင်နေစဉ် ဝိညာဉ်ရေးတိုက်ပွဲများစွာ ရင်ဆိုင်ခဲ့ကြောင်း ခရစ်ဝင်ကျမ်းရေးသူတို့က မှတ်သားခဲ့ကြ သည်။

၁။ သခင်ယေရှုကို စာတန်ကိုယ်တိုင်က စုံစမ်းခဲ့သည်။ (မဿဲ ၄၊ လုကာ ၄)

၂။ နတ်ဆိုးစွဲသောသူများသည် သခင်ယေရှု၏ဩဇာအာဏာကို ဆန့်ကျင်သကဲ့သို့ ဖြစ်နေသည်။

က။ သခင်ယေရှုသည် နတ်ဆိုးတို့ကို အနိုင်ယူခဲ့သည်။

ခ။ ဘုရားသခင်၏သားတော် ဖြစ်သောသခင်ယေရှု၏ စကားတော်ကို နတ်ဆိုးတို့က နာခံကြရသည်။ (မာကု ၅း၇)

၃။ မကောင်းဆိုးဝါးသည် ယုဒ၏ နှလုံးသားထဲကို ဝင်ရောက်ပြီး သခင်ယေရှုကို သစ္စာဖောက်စေခဲ့သည်။ (ယောဟန် ၁၃း၂၇)

စာတန်သည် သခင်ယေရှုနှင့် သခင်ယေရှု၏သာသနာကို တိုက်ခိုက်ခဲ့သည်။ စာတန်သည် ခရစ်တော်နှင့်တိုက်ရသော တိုက်ပွဲတိုင်း၌ ရှုံးနိမ့်ခဲ့ရသည်။ သို့သော် စာတန်သည် လက်လျှော့ အရှုံးမပေးချေ။ သခင်ယေရှုကို သတ်နိုင်ခဲ့ လျှင် နောက်ဆုံး၌ အနိုင်ယူရလိမ့်မည်ဟု စာတန် တွေးထင်မိသည်။

**မိစ္ဆာတန်ခိုးများကို အောင်နိုင်ခြင်း**

ခရစ်တော်နှင့် စာတန်တို့အကြား ပြင်းထန်သော တိုက်ခိုက်မှုနှင့် စပ်လျဉ်းပြီး တမန်တော် ပေါလု အောက်ပါအတိုင်း ရေးသားသည်။

*အထွဋ်အမြတ်၊အာဏာစက်များကိုလုယူလျှင်၊ ထင်ရှားစွာထုတ်ပြ၍ လက်ဝါးကပ်တိုင်တော်အားဖြင့် အောင်ပွဲကို ခံတော်မူပြီ။*
*(ကော ၂း၁၅)*

## ၁။ မြင်ကွင်း

ကက။ ဤကျမ်းပိုဒ်ကို (ကော ၂း၁၄) နှင့်အတူ လေ့လာဖတ်ရှု ရမည်။
ခ။ မြင်ကွင်းမှာ သခင်ယေရှု အသေခံရာ ကားတိုင်တော်၌ ဖြစ်သည်။
ဂ။ လက်ဝါးကပ်တိုင်တော်၌ သခင်ယေရှု အသေခံသည်။
(၁) ယုဒရှကာယုတ်မှ သစ္စာဖောက်သည်။
(၂) ယုဒဘာသာရေး လွှတ်တော်မှ မှားယွင်းစွာ ပြစ်တင်စွပ်စွဲသည်။
(၃) ရောမစစ်သားများကလက်ဝါးကပ်တိုင်၌ အသေသတ်ကြသည်။

## ၂။ သခင်ယေရှု အောင်ပွဲခံရာ

က။ သူသည် သေခြင်းအားဖြင့် ရှုံးနိမ့်သွားခြင်း မရှိ။
ခ။ သူသည် ***'အထွဋ် အမြတ်၊ အာဏာစက်များကို'*** (စာတန်နှင့် သူ့အပေါင်းပါတို့၏ တန်ခိုးများ) အနိုင်ယူခဲ့သည်။
ဂ။ သူသည် ထို ***'အထွဋ်အမြတ်၊အာဏာစက်များကို'*** (စာသား၏အဓိပ္ပာယ်အရ၊ အုပ်စိုးသောသူများ၊ အစိုးရသောသူများ ဟု ဆိုလိုသည်) အောင် နိုင်ခဲ့သည်။
ဃ။ သူသည် ထိုအစိုးရသောအာဏာစက်များကို ***'ထင်ရှားစွာထုတ်ပြ'*** တော်မူသည်။
(၁) စစ်ပွဲအောင်သောဗိုလ်ချုပ်တစ်ဦးက သူဖမ်းချုပ်ထားသော ရန်သူများကို ရှေ့ကဦးဆောင်ပြီး ခေါ်ဆောင်လာနေသော စိတ်ကူးပုံရိပ် တစ်ခု ဖြစ်သည်။
(၂) သခင်ယေရှု၏ အသေခံခြင်းသည် စာတန်နှင့် မှောင်မိုက်တန်ခိုး အပေါင်းတို့၏ကျရှုံးခြင်းကို ထင်ရှားစွာ ထုတ်ဖော်သည်။

သခင်ယေရှုသည် သူ၏အသေခံခြင်းအားဖြင့် အကျွန်ုပ်တို့ အလွန် ကြောက်ရွံ့ရသော ရန်သူစာတန်ကို အနိုင်ယူပြီး ဖြစ်သောကြောင့် သူ(ခရစ်တော်)၏အသေခံခြင်းသည် ကျွန်ုပ်တို့အတွက် ကြီးမားသော ဝမ်းမြောက်ခြင်းကို ဆောင်ကြဉ်းပေးသည်မှာ အမှန်ပင်ဖြစ်သည်။

## 'ထို့ကြောင့် စားသောက်ခြင်းအမှု၊ . . . သင်တို့ကို အဘယ်သူမျှ မစစ်ကြောမစီရင်စေနှင့်'
## (ကော ၂း၁၆)

### ခရစ်တော်အသေခံခြင်း၏ အကျိုးသက်ရောက်မှုကို အလေးပေး ဖော်ထုတ်ရခြင်း၏ အကြောင်းရင်းများ

တမန်တော်ပေါလုသည် သခင်ယေရှု အသေခံခြင်း၏ အကျိုးသက်ရောက်မှုကို အပင်ပန်းခံ ရှင်းပြသည်။ ထိုသို့ ရှင်းပြရခြင်း၏ တချို့သောအကြောင်းရင်းများမှာ အဘယ်နည်း။ အကြောင်းရင်းနှစ်ချက်ကို အောက်ပါအတိုင်း ဖော်ပြလိုသည်။

၁။ ခရစ်တော်၏ အသေခံခြင်းသည် (အကျွန်ုပ်တို့၏ကယ်တင်ခြင်း အတွက်) လုံလောက်ခြင်းမရှိဟူသော မှားယွင်းသည့်ခံယူချက်ကို ကိုင်တွယ်ဖြေရှင်းရန်နှင့်

၂။ စုံလင်သော ကယ်တင်ခြင်းရရှိရန် အခြားသောအရာများ ထပ်ပြီး ပေါင်းစပ်ကာ ကျင့်ကြံအားထုတ်ရမည် ဟူသော မှားယွင်းသည့် သွန်သင်ချက်ကို ရင်ဆိုင်ဖြေရှင်းရန် တို့ ဖြစ်သည်။

### အသက်ထက်မျှအရေးပါသော ဤသွန်သင်ချက်အား လက်တွေ့ဖော်ဆောင်ခြင်း

တမန်တော် ပေါလုသည် ဤအရေးပါသော သွန်သင်ချက်၏ အကျိုးသက်ရောက်မှုနှင့် အဓိပ္ပာယ်လေးနက်မှုတို့ကို ချက်ချင်းပင် လက်တွေ့အကောင် အထည်ဖော်လိုက်သည်။

> *ထို့ကြောင့် စားသောက်ခြင်းအမှု၊ ပွဲနေ့၊လဆန်းနေ့၊ ဥပုသ်နေ့တို့ကို စောင့်ခြင်းအမှုတွင် သင်တို့ကို အဘယ်သူမျှ မစစ်ကြော မစီရင်စေနှင့်။* *(ကော ၂း၁၆)*

**၁။ 'ထို့ကြောင့်'**

က။ ဤစကားလုံးသည် ကျိုးကြောင်းပြ စကားဆက် ဖြစ်သည်။

ခ။ အကျိုးနှင့်အကြောင်း တို့ကို ဆက်စပ်ပေးသောကြောင့် *'ထို့ကြောင့်'*ဟု ပြန်ဆိုခြင်းသည် လွန်စွာမှ သင့်လျော်ပေသည်။

**၂။ လက်ရှိ ပြဿနာ**

က။ တချို့သော မိစ္ဆာဆရာများက အချို့သောထုံးတမ်းစဉ်လာများသည်တစ်သဝေမတိမ်း လိုက်နာရမည်ဟု အခိုင်အမာ ပြောဆိုကြသည်။

ခ။ (၄င်း မိစ္ဆာဆရာသမားများက) အောက်ဖော်ပြပါ အချက်များအားလိုက်နာကျင့်သုံးခြင်းက အကျိုးရှိသည်ဟု သွန်သင်ကြသည်။

(၁) တချို့သော အစားအသောက်များ ရှောင်ရှားခြင်း၊

(၂) ပွဲလမ်းသဘင်များ ကျင်းပခြင်း၊

(၃) လဆန်းနေ့များ စောင့်ထိန်းခြင်း၊

(၄) ဥပုသ်နေ့များကို စောင့်ရှောက်ခြင်း စသည်တို့ဖြစ်ကြသည်။

**၃။ လက်ဝါးကပ်တိုင်၌ ခရစ်တော်အသေခံခြင်းနှင့် စပ်လျဉ်းသော ပေါလု၏ သဘောထားနှင့် အမြင်**

က။ ခရစ်တော်၏အသေခံခြင်းသည် အကျွန်ုပ်တို့၏အပြစ်ကြွေးများကို အကုန်အစင်ပေးဆပ်ဖြေရှင်းသည်။

ခ။ အကျွန်ုပ်တို့၏အပြစ်များသည် ခရစ်တော်နှင့်အတူ လက်ဝါး ကပ်တိုင်၌ ရိုက်သတ်ခြင်း ခံရသည်။

ဂ။ စာတန်နှင့် သူ၏အပေါင်းပါများသည် (လက်ဝါးကပ်တိုင်၌)ခရစ်တော်အားဖြင့် အပြီးအပိုင် ရှုံးနိမ့်သွားကြသည်။

ဃ။ ထို့ကြောင့် ဝိညာဉ်ရေး အကျိုးအမြတ်အတွက် ဘာသာရေးဝိနည်းများကို မည်သူမျှ ဆက်လက်၍ လိုက်နာစောင့်ထိန်းရန် မလို။

**၄။ ဘာသာရေး ထုံးတမ်းစဉ်လာများကို စောင့်ထိန်းခြင်း**

က။ ၄င်းတို့၏တန်ဖိုးတရားများကို အလွန်အကျွံ ဖော်ညွှန်းထားသည်။

ခ။ လူတချို့တို့သည် ၄င်းတို့ကို ဆက်လက် မစောင့်ထိန်းနိုင်ခဲ့လျှင် တစ်စုံတစ်ခု မပြည့်စုံ (လိုအပ်နေ) သကဲ့သို့ ခံစားကြသည်။

ဂ။ ထိုကဲ့သို့သော အယူအဆများကို ချက်ချင်း ငြင်းပယ်ရမည်။

ဃ။ ခရစ်တော်၏ အပြစ်ဖြေလွှတ်ခြင်းအမှု (the atonement of Christ) သည် ကျွန်ုပ်တို့၏ဝိညာဉ်ရေး လိုအပ်ချက်များတို့အတွက် လုံးဝဥဿုံ လုံလောက်လျက်ရှိသည်။

# 'နောက်ဖြစ်လတံ့သောအရာတို့၏ အရိပ်ဖြစ်ကြ၏. . .'
# (ကော ၂း၁၇)

## ဘာသာရေး ကျင့်စဉ်များ၏ အရင်းအမြစ်

ထာဝရဘုရားသခင်ကိုယ်တိုင်က ဣသရေလလူမျိုးတို့အား သူတို့၏ ဘာသာရေး ဝတ်နည်းများကို ပေးခဲ့သည်။ ဘုရားသခင်ကိုယ်တိုင်က ထိုသူတို့အား အောက်ပါတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် မိန့်မှာ ထားခဲ့သည်။

၁။ အစားသောက်နှင့်ဆိုင်သော ပညတ်ချက်များ၊

၂။ ဘာသာရေးပွဲများ၊

၃။ ဥပုသ်နေ့များ စသည်တို့ ဖြစ်ပါသည်။

ဤပညတ်ချက်များကို အထူးသဖြင့် ဝတ်ပြုရာကျမ်းနှင့် တရားဟောရာကျမ်းတို့၌ ရေးသားထားသည်။ ဣသရေလလူမျိုးတို့ကို ထိုပညတ်များနှင့် ထုံးတမ်းစဉ်လာများ လိုက်နာကြရန် ဘုရားသခင် မိန့်မှာထားသည်။

## အဓိပ္ပာယ် ပျောက်ကွယ်သွားခြင်း

အချိန်ကြာလာသည်နှင့်အမျှ ဣသရေလလူမျိုးတို့သည် ဤဘာသာရေး ထုံးတမ်းစဉ်လာများ၏ အဓိပ္ပာယ်များကိုလည်း သိနားလည်ခြင်း မရှိကြတော့ပေ။ နားမလည်ဘဲ ထိန်းသိမ်းစောင့်ရှောက် နေရသော ဘာသာရေးထုံးတမ်းစဉ်လာများ ဖြစ်လာကြသည်။ ဘုရားသခင်သည် ထိုပြဿနာကို ဖြေရှင်းရန် ပရောဖက်များကို မွေးထုတ်ခဲ့သည်။ ထိုဘာသာရေး ပညတ်ချက် များကို အစဉ်အလာအရသာ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ဘုရားသခင် မနှစ်သက်ကြောင်း ပရောဖက်ဟောရှာယ ပြောခဲ့သည် (ဟောရှာ ၁း၁၁-၁၅)။ ဘုရား၏ လူမျိုးတော်တို့သည် သန့်ရှင်းဖြောင့်မတ်သော အသက်တာများ စဉ်ဆက်မပြတ် ပိုင်ဆိုင်ရန် ဘုရားသခင်အလိုတော်ရှိသည်။ ဘာသာရေးကို အကြောင်းပြကာ လုပ်ဆောင်သောအမှု ရိုးရာဓလေ့များသည် ဘုရားသခင် အလိုရှိသည် မဟုတ်။

**အရိပ်နှင့် ကိုယ် (အကောင်အထည်)**

တမန်တော် ပေါလုသည် ကောလောသဲယုံကြည်သူများကို အရေးကြီး သော အမှန်တရားအား နားလည်သဘောပေါက်စေသည်။

*ထိုအရာတို့သည် နောက်ဖြစ်လတံ့သောအရာတို့၏ အရိပ်ဖြစ်ကြ၏။*
*ကိုယ်မူကား ခရစ်တော်၏ ကိုယ်ဖြစ်၏။ (ကော ၂း၁၇)*

**၁။ 'ထိုအရာတို့သည် နောက်ဖြစ်လတံ့သောအရာတို့၏ အရိပ်ဖြစ်ကြ၏'**

က။ ဘာသာရေး ထုံးတမ်းစဉ်လာများသည် တန်ဖိုးမရှိသော အရာများမဟုတ်။

ခ။ ဤဓလေ့များကို ဂရိဘာသာစကားအားဖြင့် 'skia' ဟုခေါ်သည်။

(၁) ၄င်းစကားလုံးသည် 'အရိပ်ပြခြင်း၊ အရိပ်အယောင်ဖြင့် ဖော်ပြခြင်း' (a shadowing) ကို ရည်ညွှန်းသည်။

(၂) ၄င်းစကားလုံးသည် 'အကြမ်းဖျင်းဖော်ပြချက်' (outline) ဟုလည်း ရည်ညွှန်းသည်။

(၃) ၄င်းစကားလုံးသည် နောင်တွင် ဖြစ်လာမည့် အရာများကို ဖော်ပြ လျက်ရှိသည်။

**၂။ 'ကိုယ်မူကား ခရစ်တော်၏ ကိုယ်ဖြစ်၏။'**

က။ 'ကိုယ်' ဟူသောစကားလုံးသည် လွန်စွာမှ စိတ်ဝင်စားစရာ ဖြစ်သည်။

ခ။ သို့သော် ရိုးရှင်းစွာ 'ကိုယ်' (သို့မဟုတ်) 'ခန္ဓာကိုယ်' ဟု ပြန်ဆိုနိုင်ပါသည်။ 'ကိုယ်' ဟု ဆိုရာ၌ ခရစ်တော်၏ ခန္ဓာကိုယ်ကို ဆိုလိုသည်။

ဂ။ ခရစ်တော်သည် 'ကိုယ်' (ခန္ဓာကိုယ်) ဖြစ်သည်ဟု ဆိုရာ၌ သခင်ယေရှုခရစ်တော်၏ လူပုဂ္ဂိုလ် (the Person of the Lord Jesus Christ) ကို ရည်ညွှန်း သည်။

**၃။ ခရစ်တော် ကြွလာသောအခါ**

က။ အရိပ်သည် ကိုယ် (ခန္ဓာကိုယ် ဖြစ်သော အကောင်အထည်) ကို နေရာ ပေးရမည်။

ခ။ သင်္ကေတ ဖြစ်သော အရာတို့သည် ခရစ်တော်၌တည်သော အစစ်အမှန် တရားများမှ အစားထိုးသွားရန် ဖြစ်သည်။

၈။ အကျွန်ုပ်တို့၏ ဝိညာဉ်ရေး ရှင်သန်မှု (spiritual reality) သည် သခင်ယေရှု ခရစ်တော်၏လူပုဂ္ဂိုလ်၌ (in the Person of the Lord Jesus Christ) သာ တွေ့ရမည် ဖြစ်သည်။

# 'သင်တို့ဆုကို မလုမယူစေနှင့်'
# (ကော ၂း၁၈)

**မိစ္ဆာဒိဋ္ဌိဝါဒတို့၏ အန္တရာယ်**

နောက်တစ်ကြိမ် တမန်တော်ပေါလုသည် မိစ္ဆာဒိဋ္ဌိအယူအဆများ၏ အန္တရာယ်ကို မြင်သာအောင် ဖော်ထုတ်သည်။

*ဦးခေါင်းတော်ကို အမှီမပြု၊ ဇာတိပကတိ၏ စိတ်နှလုံးအချည်းနှီး ထောင်လွှားလျက်၊ မိမိမသိမမြင်သောအရာကို စူးစမ်းလျက်၊ စိတ်နှိမ့်ချခြင်း၌၎င်း၊ ကောင်းကင်တမန်ကို ကိုးကွယ်ခြင်း၌၎င်း မွေ့လျော်သောသူတစုံတယောက်မျှ သင်တို့ဆုကို မလုမယူစေနှင့်။*

*(ကော ၂း၁၈)*

## ၁။ 'တစုံတယောက်မျှ သင်တို့ဆုကို မလုမယူစေနှင့်'

က။ *'လုယူခြင်း'* အမှုကို ပေါလုသည် အထူးပြု ဖော်ပြသည်။

ခ။ မိစ္ဆာဆရာများသည် သခင်ဘုရားထံမှ ရရှိသောယုံကြည်သူများ၏ ဆုများကို လုယူခိုးသွားကြသည်။

(၁) ခရစ်တော်အား ယုံကြည်ကိုးစားရာမှ ရရှိသောအရာများ ဖြစ်သည်။

(၂) ခရစ်တော်နှင့် (ယုံကြည်သူတို့ကြား) ဟန်ချက်ညီသော ဆက်သွယ်မှုမှ ရရှိသောအရာများ ဖြစ်သည်။

ဂ။ ဘာသာရေးဓလေ့များ စောင့်ထိန်းလိုက်နာခြင်းသည် သခင်ခရစ်တော်ကို ယုံကြည်ကိုးစားရာမှ ရရှိခံစားရသော ဆုများကို ယုံကြည်သူများထံမှ *'လုယူခြင်း'* သာ ဖြစ်စေသည်။

## ၂။ 'မွေ့လျော်'

က။ မိစ္ဆာဆရာများသည် သူတို့၏တပည့်များက သူတို့နောက် တကောက်ကောက် လိုက်နေသည်ကို လိုချင်ကြသည်။

ခ။ အောက်ပါအချက်တို့၌ မွေ့လျော်ရန် သူတို့တပည့်များကို သွန်သင်ကြသည်။

(၁) မမှန်ကန်၊ မရိုးသားသော နှိမ့်ချခြင်း၊

(၂) ကောင်းကင်တမန်များအား ကိုးကွယ်ခြင်း စသည်တို့ ဖြစ်သည်။

ဂ။ ဤအချက်များကို သခင်ယေရှုခရစ်တော်သည် မည်သည့်အခါမျှ မသွန်သင်ခဲ့ပေ။

**ဤမူမမှန်သော ယုံကြည်မှုများနှင့် ဖောက်ပြန်သော အကျင့်ဓလေ့များ၏ အရင်းအမြစ်**

တမန်တော် ပေါလုသည် ဤဘာသာရေး သွန်သင်ချက်များနှင့်အကျင့်ဓလေ့များ၏ အရင်းအမြစ်ကို သေချာနောက်ကြောင်းပြန်၍ ရှာဖွေသည်။ ထိုမိစ္ဆာဆရာများနှင့် စပ်လျဉ်းသော ကြောက်လန့်စရာ ကောင်းသောအချက် အလက်များကို တမန်တော်ပေါလု ဖော်ထုတ်ရန် လိုအပ်လာသည်။

၁။ သူတို့ အသိပညာ၏ အရင်းအမြစ်သည် ဘုရားသခင် မဟုတ်။ ဘုရားသခင်ထံမှလည်း မဟုတ်။

၂။ ထိုသူတို့ (ပညာနှင့် သွန်သင်ချက်တို့၏) မူလအရင်းအမြစ်သည် သူတို့ကိုယ်တိုင်၏ ဇာတိစိတ်သဘောထား ဖြစ်သည်။

၃။ သူတို့၏စိတ်နှလုံးတို့သည် ၎င်းတို့၏ စိတ်ကူးအမြင်များကြောင့် ဘဝင်မြင့် လျက်ရှိသည်။

- က။ သူတို့သည် မိမိတို့ အမှန်မမြင်၊မသိသော ဝိညာဉ်ရေး နယ်ပယ်ထဲသို့ ဝင်ရောက်နေသည်ဟု စိတ်ကူးကြသည်။
- ခ။ ဘုရားသခင်နှင့် နက်ရှိုင်းသော တွေ့ဆုံမှု ရှိသကဲ့သို့ သူတို့သည် မဟုတ်မမှန် ပြောဆိုတတ်ကြသည်။
- ဂ။ သူတို့အား အထင်ကြီး လေးစားလာရန် သူတို့နောက်လိုက်များကို ရသမျှသောနည်းလမ်းမျိုးစုံဖြင့် အားထုတ် သွေးဆောင်ကြသည်။

## ၄။ သူတို့၏ လွှမ်းမိုးမှုများကို စိစစ်ရမည်။

သူတို့သည် မည်သို့သောသူများ ဖြစ်ကြသည်ကို ဖော်ထုတ်ရမည်။ ထိုသို့ မဖော်ထုတ်ပါက အသင်းတော်နှင့် ယုံကြည်သူတစ်ဦးချင်းတို့ကို ပို၍ ဆိုးဝါးစွာ ဖျက်ဆီးနိုင်သည်။

## 'ဦးခေါင်းတော်ကို အမှီမပြု'
## (ကော ၂း၁၈)

**အဓိကကျသော အမှား (A Fundamental Error)**

မိစ္ဆာဆရာသမားများ၏ ဓမ္မကြောင်း ဆင်ခြင်မှု၌ အဓိကကျသော အမှားမှာ အဘယ်နည်း။ သူတို့သည်လည်း မိမိတို့ကိုယ်တိုင် ခရစ်ယာန်များ ဖြစ်ကြသည်ဟု ခံယူကြသည်။ တမန်တော် ပေါလုသည် တစ်ခုတည်းဖြစ်သည့် အဓိကကျသော အမှားကို ထောက်ပြဖော်ထုတ်သည်။

*ဦးခေါင်းတော်ကို အမှီမပြုရဦးခေါင်းတော်မှ တကိုယ်လုံးသည်*
*အဆစ်အပိုင်းအထုံးအဖွဲ့ များအားဖြင့်၊ အားဖြည့်၍ ထုံးဖွဲ့လျက်၊*
*ဘုရားသခင်၏အလိုတော်နှင့်အညီ ကြီးပွါးတတ်၏။*
*(ကော ၂း၁၈-၁၉)*

**၁။ 'ဦးခေါင်းတော်ကို အမှီမပြု'** (ကော ၂း၁၈)

က။ မိမိကိုယ်ကို ခရစ်ယာန်ဖြစ်သည်ဟု အတိအလင်းပြောဆိုသောသူသည် ခရစ်တော်ကို ဦးခေါင်းတော်အဖြစ် အသိအမှတ်ပြု ရမည်။

ခ။ ဓမ္မကြောင်းကျ ဆင်ခြင်မှုတစ်ခုသည် ခရစ်ယာန်ယုံကြည်သက်ဝင်မှုဖြစ် သည်ဟု ဆိုပါက ထိုဆင်ခြင်မှုသည်လည်း ခရစ်တော်ကို ဦးခေါင်းအဖြစ် အသိအမှတ်ပြု ရမည်။

ဂ။ ထိုမျှမက၊ ခရစ်တော် ဖြစ်သော ဦးခေါင်းတော်ကို အမှီပြု နေရမည်။

ဃ။ ခရစ်တော်ကို ဦးခေါင်းတော်အဖြစ် အသိအမှတ်မပြုခြင်း၊ သို့မဟုတ်ခရစ် တော်ကို ဦးခေါင်းတော်အဖြစ် အမှီမပြုခြင်းသည် အဓိက ကျသောအမှား အယွင်း တစ်ခု ဖြစ်သည်။

**၂။ ခရစ်တော်၏ ရာထူး**

က။ သူသည် အသင်းတော်ဖြစ်သော ခန္ဓာကိုယ်၏ ဦးခေါင်းအဖြစ်သမုတ်ခြင်း ခံရသည်။ (ကော ၁း၁၈)

ခ။ သူသည် အထွဋ်အမြတ်အာဏာဆက်ရှိသမျှတို့ကို အုပ်စိုးတော်မူသောသခင် လည်းဖြစ်သည်။ (ကော ၂း၁၀)

၈။ ဦးခေါင်းတော်ကို အမှီမပြုခြင်းသည် ဆိုးဝါးသော ပြဿနာ ဖြစ်သည်။
(၁) ခရစ်တော်၏ ရာထူး နေရာမှန်ကို ငြင်းပယ်ခြင်း ဖြစ်သည်။
(၂) ခရစ်တော်ကို အလဲအလှယ်လုပ်ခြင်း ဖြစ်သည်။
(၃) ခရစ်တော်နေရာမှာ အခြားအရာများကို အစားထိုးခြင်းဖြစ်သည်။
(၄) သို့သော် အမှန်တရားမူကား၊ အသက်တာနှင့် အမှုတော်မြတ်၌ ခရစ်တော်ကို မည်သည့်အရာနှင့်မျှ အစားထိုး၍ မရ။ ခရစ်တော်ကို အစားထိုးနိုင်သော အရာမရှိ။

**ခရစ်တော်ပြုသော အမှုကို ပြန်လည်နှလုံးသွင်းခြင်း**

အကျွန်ုပ်တို့၏ အသက်တာနှင့် သီးသြော်လိုဂျီ၌ ခရစ်တော်၏ နေရာနှင့် ရာထူး တည်တန့်ခိုင်မြဲရန် သခင်ခရစ်တော်ပြုသောအမှုကို တစ်ခါတစ်ရံ ပြန်လည်နှလုံးသွင်း သင့်ပေသည်။ အရှင်ယေရှုခရစ်တော်၏ နေရာနှင့် အခန်းကဏ္ဍသည် မည်သည့်အရာနှင့်မျှ အစားထိုး၍ မရချေ။

၁။ သူသည် မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဍာန်ဖြစ်သည်။ (ကော ၁း၁၅)

၂။ သူ၌ ခပ်သိမ်းသောအရာတို့သည် တည်လျက် ရှိကြသည်။ (ကော ၁း၁၇)

၃။ သူ၌ ဘုရားသခင်၏ဇာတိပကတိနှင့်ဆိုင်သော ခပ်သိမ်းသောပြည့်စုံခြင်းသည် ကိန်းဝပ် လျက်ရှိသည်။ (ကော ၁း၁၉)

၄။ သူ့အားဖြင့် ခပ်သိမ်းသောအရာတို့သည် ဘုရားသခင်နှင့်အတူ ပြန်လည် သင့်မြတ်ကြသည်။ (ကော ၁း၂၀-၂၁)

၅။ သူသည် လက်ဝါးကပ်တိုင်၌ အကျွန်ုပ်တို့၏အပြစ်ကြွေးများကို ချေဖျက် တော်မူခဲ့သည်။ (ကော ၂း၁၄)

၆။ သူသည် ရှိသမျှသော အထွတ်အမြတ်အာဏာစက်များကို အောင်နိုင်ခဲ့သည်။ (ကော ၂း၁၅)

၇။ သူသည် ကိုယ် (အသင်းတော်)၏ ဦးခေါင်းဖြစ်တော်မူသည်။ (ကော ၂း၁၉)

## 'အားဖြည့်၍ ထုံးဖွဲ့လျက်'
## (ကော ၂း၁၉)

**ခရစ်တော်၏ခန္ဓာ (ကိုယ်)**

ဦးခေါင်းနှင့်ကိုယ်တို့ကြား၌ လွန်စွာ အရေးပါသော ဆက်နွယ်မှုရှိသည်။ ထို ဆက်စပ်မှုကို အောက်ပါကျမ်းချက်၌ ဖော်ပြထားသည်။

*ဦးခေါင်းတော်မှ တကိုယ်လုံးသည် အဆစ်အပိုင်းအထုံး အဖွဲ့များ အားဖြင့်၊ အားဖြည့်၍ ထုံးဖွဲ့လျက်၊ ဘုရားသခင်၏အလိုတော်နှင့် အညီ ကြီးပွါးတတ်၏။ (ကော ၂း၁၉)*

**၁။ 'ဦးခေါင်း'**

က။ ဦးခေါင်းသည် ခန္ဓာ၏ ကျန်အစိတ်အပိုင်းများနှင့် ဆက်စပ်ထားသည်။
ခ။ ဦးခေါင်းမရှိသော ခန္ဓာကိုယ်သည် အသေ ဖြစ်သည်။

**၂။ 'ကိုယ်'**

က။ ခန္ဓာကိုယ်၏ အစိတ်အပိုင်းများသည် တစ်ခုကိုတစ်ခု ဆက်စပ် နေကြသည်။
ခ။ အဆစ်အပိုင်းများသည် အချင်းချင်း ဆက်နွယ်လျက် ရှိကြသည်။

**၃။ 'အားဖြည့်၍ ထုံးဖွဲ့လျက်'**

က။ အချင်းချင်း အားဖြည့် နေကြသည်။
ခ။ အချင်းချင်း အံ့သြစွာ ဆက်နွယ်လျက် ထုံးဖွဲ့နေကြသည်။

**၄။ အကျိုးရလဒ်များ**

က။ ကြီးထွားခြင်း ရှိသည်။
ခ။ ထိုကြီးထွားခြင်းသည် ဆက်လက်ပြီး တိုးတက်နိုင်သည်။

### ၅။ ဘုရားသခင်၏အခန်းကဏ္ဍ

က။ ဘုရားသခင်သည် ကြီးထွားခြင်းကို ဖြစ်စေသည်။

ခ။ ဤသို့ညီညွတ်စွာကြီးထွားခြင်းသည် ဘုရားသခင်၏ အကြံအစည် ဖြစ်သည်။

### ဘုရားသခင်၏ မြင့်မြတ်သော အစီအမံ

ဘုရားသခင်၏ မြင့်မြတ်သော အစီအမံကို နားလည်ရန် အရေးကြီး သည်။ ၄င်းကို အောက်ပါအတိုင်း ရိုးရှင်းစွာ ဖော်ပြနိုင်သည်။

၁။ ခရစ်တော်သည် ဦးခေါင်းဖြစ်သည်။

၂။ ကိုယ်(ခန္ဓာကိုယ်)သည် ဦးခေါင်းနှင့် အဆက်ပြတ်ပြီး သီးသန့် မတည်ရှိနိုင်။

၃။ သခင်ခရစ်တော်သည် သူ၏ကိုယ်ခန္ဓာ ကောင်းမွန်သော ကြီးထွားမှုကို ဖြစ်စေမည်။

၄။ ဦးခေါင်းသည် ကိုယ်(ခန္ဓာကိုယ်)အဓိပ္ပာယ်ရှိရှိ ကြီးထွားရန် လိုအပ်နေသော အားများကို ဖြည့်ပေးမည်။

၅။ ဦးခေါင်းဖြစ်သောခရစ်တော်၏ အခန်းကဏ္ဍကို အသိအမှတ်ပြုကာ ရှိသေရမည်။

၆။ ခရစ်တော်၏ ကိုယ်ဖြစ်သော အသင်းတော်မှ သူ၏ထူးမြတ်ခြင်းကို ပယ်ရှားရန်၊ ပယ်ထုတ်ရန် မည်သည့်အချိန်အခါမှမကြိုးစားသင့်ချေ။

## 'သင်တို့သည် ခရစ်တော်နှင့်အတူသေ၍. . '
## (ကော ၂း၂၀)

### ဝိညာဉ်ရေး၌ အရေးပါသော လက်တွေ့လုပ်ဆောင်ခြင်း

သခင်ယေရှုခရစ်တော်နှင့်ယုံကြည်သူတို့၏ အရေးပါသော ဝိညာဉ် ပကတိ ဆက်စပ်မှုကို တမန်တော် ပေါလုဖော်ထုတ်ရန် ကြိုးစားသည်။ အကျွန်ုပ်တို့သည် လောက၌ အဘယ်သို့ အသက်ရှင်ရမည်နည်း။

*သင်တို့သည် ခရစ်တော်နှင့်အတူသေ၍၊ လောကီတရားနှုမှ စုတော့ကြသည်မှန်လျှင်၊* *(ကော ၂း၂၀)*

ဤကျမ်းချက်ကို နားလည်သဘောပေါက်နိုင်ရန်၊ ၄င်း၌ဖော်ပြထားသော အတွေးအမြင်များကို ရိုးရှင်းစွာ ဖော်ထုတ်ကြရမည်ဖြစ်သည်။

### ၁။ ခရစ်တော်နှင့်လောကီ

က။ အမှန်တည်ရှိသော အရာနှစ်မျိုး ရှိသည်။

ခ။ မတူကွဲပြားသော စနစ်နှစ်မျိုး ရှိသည်။

### ၂။ 'သင်တို့သည် ခရစ်တော်နှင့်အတူသေ၍'

က။ သခင်ခရစ်တော်နှင့်အကျွန်ုပ်တို့၏ ဆက်စပ်မှု ကိုဖော်ပြသည်။ ဤသို့ထွက်ဆိုခြင်းသည် တစ်နည်းအားဖြင့် အကျွန်ုပ်တို့၏ယုံကြည် သက်ဝင်မှုကို ဖော်ပြခြင်းလည်း ဖြစ်သည်။

ခ။ အကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း ဖြစ်သည်။

ဂ။ *'ခရစ်တော်နှင့်အတူသေခြင်း'* ဟု စိတ်ကူးပုံဖော်ခြင်းသည် ဆိုလိုရင်း အဓိပ္ပါယ်ကို အလွန်ထိရောက်စွာ ဖော်ထုတ်သည်။

ဃ။ အကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ အမှန်သေကြလျှင်၊ ဤလောကီနှင့်မသက်ဆိုင်ကြ။ တစ်နည်းအားဖြင့်ဆိုသော်၊ ကျွန်ုပ်တို့သည် လောကီ၏ ချုပ်နှောင်ခြင်းကို မခံကြရ။

### ၃။ **'လောကီတရားနု'**

ကျ။ လောကစနစ်နှင့် သက်ဆိုင်သော စည်းမျဉ်းများ၊ဥပဒေသများကို ရည်ညွှန်းသည်။

ခ။ ခရစ်တော်၌ မတည်သောသူတို့သည် ဤလောကီတရားနုကိုသာ ထိန်းသိမ်းစောင့်ရှောက်လိမ့်မည်။

ဂ။ ၄င်းတရားနုသည် ထိုသူတို့ကို (ခရစ်တော်၌ မတည်သောသူတို့ကို) လုံးလုံးလျားလျား အုပ်ချုပ်လိမ့်မည်။

### ၄။ **ရှင်သန်ခြင်းကို ဆက်နွယ်နေသော ရှုထောင့်နှစ်မျိုးမှ ရှုမြင်ခြင်း**

က။ ခရစ်တော်၌ တည်လျက် ရှင်သန်ခြင်းနှင့်၊

ခ။ လောက၌ လက်ရှိ ရှင်သန်ခြင်း တို့ဖြစ်သည်။

ဂ။ အကျွန်ုပ်တို့၏ *'ခရစ်တော်၌ ရှင်သန်ခြင်းနှင့် လောက၌ အသက်ရှင်ခြင်း'* တို့သည် လောကီတရားနု၏ သြဇာလွှမ်းမိုးခြင်းကို မခံမယူ။

### ၅။ **ဥပဒေသများနှင့်စည်းမျဉ်းများ၏ အချုပ်အနှောင်ကို ခံရခြင်း**

က။ လောကီတရားနုသည် အမှန်စင်စစ် စည်းမျဉ်းများ၊ဥပဒေသများဖြင့်ဖွဲ့စည်းထားသည်။

ခ။ လူတို့က များစွာသော ပညတ်ချက်များ၊စည်းမျဉ်းများကို လူတို့အားအတင်းအဓမ္မ လိုက်နာစေသည်။

ဂ။ ဤကဲ့သို့ လူလုပ်သော ပညတ်ချက်များအား လိုက်နာခြင်းကို တမန်တော်ပေါလုသည် လက်မခံ၊ ပယ်ဖျက်သည်။

ဃ။ ထိုသို့ လူတို့ပြုသော ပညတ်ချက်များ လိုက်နာခြင်း၌ မည်သည့်အကျိုးကျေးဇူးမျှ မရှိသောကြောင့် လိုက်နာစရာလည်း မလိုအပ်ပေ။

င။ ခရစ်တော်နှင့်အတူသေခြင်း၊ ခရစ်တော်၌ ရှင်သန်ခြင်းဖြင့် အကျွန်ုပ်တို့သည် ထိုလောကီပညတ်ချက်များမှ လွတ်မြောက်ပြီး ဖြစ်သည်။

## ‘မတို့နှင့်၊မမြည်းနှင့်၊ မကိုင်နှင့် . . .’
## (ကော ၂း၂၁)

**စည်းမျဉ်းဥပဒေသများနှင့်ဆိုင်သည့် တချို့သော ဥပမာများ**

အောက်ပါကျမ်းချက်၌ မိစ္ဆာဆရာများက သွန်သင်ပေးသော စည်းမျဉ်းများ၊ဥပဒေသများသည် မည်သို့သောအရာများဖြစ်ကြောင်း တွေ့နိုင်သည်။

*မတို့နှင့်၊ မမြည်းနှင့်၊ မကိုင်နှင့်ဟူသော ပညတ်စကားကို လောကီ အသက်ရှင်သေးသကဲ့သို့ အဘယ်ကြောင့် နားထောင်ကြသနည်း။*
*(ကော ၂း၂၁)*

**၁။ ဘာသာရေး စည်းမျဉ်းများ**

က။ မတို့ရ၊
ခ။ မမြည်းရ၊
ဂ။ မကိုင်ရ စသည်တို့ ဖြစ်ကြသည်။

**၂။ ဤစည်းမျဉ်းများ၏ တစ်မူထူးခြားချက်များမှာ အဘယ်နည်း။**

က။ ခြိုးခြံခြင်း ပုံစံတစ်မျိုး ဖြစ်နိုင်သည်။
ခ။ ဥပမာအားဖြင့်၊ တစ်ဦးတစ်ယောက်သည် အစားအသောက်ကို ရှောင်ကြဉ် ရမည်ဟု သွန်သင်ခံရသည်။
ဂ။ မည်သူမဆို မိမိကိုယ်ကျိုးအတွက်နှင့် သူတစ်ပါး ကောင်းစားရေးအတွက် လောကီနှင့် ဝေးဝေးရှောင်နေ ရမည်။
ဃ။ တခြားသောသူအတွက်ဆိုလျှင်၊ ခြိုးခြံစွာနေထိုင်ခြင်း၊ အစားအသောက်များကို မစားဘဲရှောင်ရှားခြင်းသည် အကျိုးအမြတ်ရှိသည် ဟုလည်းယုံကြည် ကြသည်။

## ၃။ တမန်တော် ပေါလု၏ ခြုံငုံသုံးသပ်ချက်

အရေးကြီးသော အချက်နှစ်ချက်ကို ပေါလု တွေ့ရှိသည်။ ၎င်းတို့မှာ-

က။ ဘာသာရေး (လုပ်ယူဖန်တီးထားသော) စည်းမျဉ်းဥပဒေသများ၏ဦးတည်ချက်မှာ လက်ရှိလောကအမှုအရာများ ဖြစ်သည်။

ခ။ ဤသွန်သင်ချက်တို့၏ အရင်းအမြစ်သည် ဘုရားသခင်ထံတော်မှ မဟုတ်ဘဲ၊ လူတို့ထံမှ ဖြစ်သည်။

## ၄။ နိဂုံးချုပ်

က။ လက်ရှိလောက အမှုအရာများ

(၁) သူတို့သည် ထာဝရ မတည်မြဲကြ။

(၂) လက်ရှိလောကအမှုအရာများသည် အချိန်အခါအားလျော်စွာ ပျက်စီးပျောက်ကွယ် သွားကြလိမ့်မည်။

ခ။ လူတို့၏ သွန်သင်ချက်များနှင့်မိန့်မှာချက်များ

(၁) ၎င်းတို့၏တန်ဖိုးသည် နည်းပါးသည်။

(၂) ၎င်းတို့သည် ဘုရားသခင်မှ မှုတ်သွင်းထားသော အရာများ မဟုတ်။

(၃) ဘုရားသခင်သည် ဤစည်းမျဉ်းဥပဒေသများကို လိုက်နာစောင့်ရှောက်ရန် တစ်ကြိမ်တစ်ခါမျှ တောင်းဆိုခြင်း၊မိန့်မှာခြင်း မပြု။

(၄) ၎င်းတို့သည် ခရစ်တော်ကိုလက်ခံယုံကြည်သောသူတို့အပေါ်၌ မည်သည့်ဩဇာအာဏာမျှ မရှိ။

(၅) ယုံကြည်သူသည် ဤ (လုပ်ယူဖန်တီးထားသော) ပညတ်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ရန် မည်သည့်တာဝန်ဝတ္တရားမျှ မရှိ။

# 'ပညာရှိယောင်ဆောင်ကြ၏'
# (ကော ၂း၂၃)

**ထိုတရားနုတို့ကို စွဲလမ်းခြင်း**

လူအများစုတို့သည် ထိုလောကီတရားနုတို့ကို စိတ်စွဲလမ်းလျက် ရှိကြသည်။ မဆင်ခြင်တတ်သောသူတို့အတွက် အလွန်ပင် ဆွဲဆောင်မှု ရှိအောင် မိစ္ဆာဆရာတို့သည် သူတို့၏သွန်သင်ချက်များကို ထုတ်ဖော် ပြောကြားသည်။

*ထိုသို့သောပညတ်တို့သည် ကိုယ်အသားကို ဝပြောစွာကျွေးမွေးခြင်းနှင့်မဆိုင်၊ ကိုယ်အလိုအလျောက် ကိုးကွယ်ခြင်း၊ စိတ်နှိမ့်ချခြင်း၊ ကိုယ်ကာယကို နှိပ်စက်ခြင်းနှင့်ဆိုင်၍၊ ပညာရှိယောင်ဆောင်ကြ၏။*
*(ကော ၂း၂၃)*

**၁။ 'ပညာရှိ ယောင်ဆောင်ကြ၏'**

မိစ္ဆာဆရာတို့သည် ဤသို့ သူတို့၏သွန်သင်ချက်များကို ပညာအလား ဖော်ပြပြောဆိုတတ်ကြသည်။

က။ အပေါ်ယံအားဖြင့် ဉာဏ်ပညာ၏ သဘောသဘာဝပုံစံ ရှိသည်။

ခ။ သို့သော် အယောင်ဆောင်ခြင်း မျှသာ ဖြစ်သည်။

ဂ။ အတွင်းကျကျ စိစစ်သုံးသပ်သောအခါ၊ အားနည်းချက်များ၊ အမှားအယွင်းနှင့် အပြစ်အနာဆာများစွာ ထင်ရှားစွာ ပေါ်လာသည်။

**၂။ ထိုစနစ်၏ ရုပ်သဏ္ဌာန်များ**

က။ ကိုယ်အလိုအလျောက် ကိုးကွယ်ခြင်း

ခ။ နှိမ့်ချခြင်း

(၁) မှန်ကန်သော စိတ်နှိမ့်ချခြင်း ဖြစ်၊ မဖြစ် သံသယရှိဖွယ်ဖြစ်သည်။

(၂) ထို့ကြောင့် တချို့သော ကျမ်းစာများ၌ *'မမှန်ကန်သော'* စကားလုံးကို ကွင်းခပ်ပြီး ဖော်ပြကြသည်။ (New King James Version ကို ကြည့်ပါ)။

ဂ။ *'ကိုယ်ကာယကို နှိပ်စက်ခြင်း'*

(၁) ဤအချက်သည် ကိုယ်အလိုအလျောက် ကိုးကွယ်ခြင်း ကိုပို၍ လေးနက်စေသည်။

(၁) အသောက်အစား၊အပျော်အပါးလိုက်စားခြင်းတို့ကို ရှောင်ရှားခြင်းသည် *'ကိုယ်ကာယ ကို နှိပ်စက်ခြင်း'* တစ်မျိုးဖြစ်သည်။

(၂) ပိုပြင်းထန်သော *'ကိုယ်ကာယ နှိပ်စက်ခြင်း'* ကျင့်ရာ၌ တချို့သောသူတို့သည် ကြာရှည်စွာ အစာရှောင်ခြင်းများ ပြုလုပ်ကြသည်။

(၃) ပို၍ပြင်းထန်သော အခြေအနေမျိုး၌ မိမိတို့၏ခန္ဓာကိုယ်ကို ညှဉ်းပန်းနှိပ်စက်ကြသည်။

(၄) သို့သော် ဤအရာတို့ကို တစ်ဦးချင်းတို့၏ အလိုဆန္ဒအတိုင်းသာ ပြုရမည်ဟုသွန်သင်ကြသည်။

(၅) အကြောင်းတစ်ခုခုကြောင့် လွဲချော်မှားယွင်းမှုများရှိခဲ့လျှင်၊မိစ္ဆာဆရာတို့၏ တာဝန် လုံးဝမဟုတ်ချေ။ တစ်ဦးချင်းတို့၌သာတာဝန်ရှိသည်။

**၃။ ဤကျင့်ကြံအားထုတ်မှုများသည် မည်သည့်တန်ဖိုးရှိသနည်း။**

က။ မည်သည့်တန်ဖိုးမျှ မရှိဟု တမန်တော် ပေါလု ယူဆသည်။

ခ။ *'ကိုယ်အသားကို ဝပြောစွာကျွေးမွေးခြင်း'* ကို ဥပမာ အနေဖြင့်ဖော်ပြရမည်ဆိုလျှင် -

(၁) အသောက်အစား ရှောင်ရှားခြင်း၊ အပျော်အပါး ရှောင်ရှားခြင်းသည် အသွေးအသား၏ ဆန္ဒကို အမြဲတမ်း (ဝါ) အလိုအလျောက် အနိုင်မယူ။

(၂)ထိုသို့ရှောင်ရှားခြင်းဖြင့် ခဏတာအောင်မြင်မှု ရကောင်းရနိုင်သည်။

(၃) ထိုသို့ ရှောင်ရှားခြင်းကို ပြုသောသူသည် နောက်ဆုံး၌ ပို၍ပြင်းထန်သော တောင့်တမှုကို လိုက်လျော၍ ပိုမို ဝပြောစွာစားနိုင်ပေသည်။

# အခန်း (၃)

# ခရစ်တော်၏ နှုတ်ကပတ်တရားတော်

## 'ခရစ်တော်နှင့်အတူ ထမြောက်ကြသည်'
## (ကော ၃း၁)

### ခရစ်တော်နှင့်အတူ တစ်စိတ်တစ်ဝမ်းတည်းဖြစ်ခြင်း

ခရစ်ယာန်တို့သည် သခင်ယေရှုခရစ်တော်ကို ယုံကြည်သောသူများ သာ ဖြစ်ကြသည် မဟုတ်။ သမ္မာကျမ်းစာ၏ သွန်သင်ချက်အရ၊ ခရစ်ယာန်တို့သည် သခင်ခရစ်တော်နှင့် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်ကြသည်။ အဘယ်မျှ လောက် ထိုသို့ ခရစ်တော်နှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း ဖြစ်ကြသနည်း။ ကောလောသဲ အသင်းတော်သို့ တမန်တော်ပေါလုရေးသားသော ဩဝါဒစာ၌ ပေါလုကိုယ်တိုင် မီးမောင်းထိုးပြထားသော အချက်အလက်များကို ပြန်လည်လေ့လာကြပါစို့။ အချက်လေးချက်ကို ပေါလုဖော်ပြထားသည်။

၁။ သူ၏အရေဖျားလှီးခြင်းအားဖြင့် ခရစ်တော်နှင့်အတူ အရေဖျားလှီးခြင်းကို ခံကြ ရသည်။ (ကော ၂း၁၁)

၂။ ဗတ္တိဇံ၌ ခရစ်တော်နှင့်အတူ သင်္ဂြိုဟ်ခြင်းကို ခံကြရသည်။ (ကော ၂း၁၂)

၃။ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်နှင့်အတူ ထမြောက်ကြသည်။ (ကော ၂း၁၂)

၄။ ခရစ်တော်နှင့်အတူတကွ ရှင်သန်ခြင်းသို့ ရောက်ကြသည်။ (ကော ၂း၁၃)

### ခရစ်တော်နှင့်အတူ တစ်စိတ်တစ်ဝမ်းတည်းဖြစ်ခြင်း၏ အကျိုးဆက်များ

အောက်ဖော်ပြပါ အကျိုးဆက်များကို ဆင်ခြင်နှလုံးသွင်းကြစို့။

> *အထက်ဆိုခဲ့ပြီးသည်အတိုင်း၊ သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြသည်မှန်လျှင်၊ ဘုရားသခင်၏ လက်ျာတော်ဘက်မှာ ခရစ်တော်သည် ထိုင်နေတော်မူရာ အရပ်၌ရှိသော အထက်အရာတို့ကို ရှာကြလော့။* (ကော ၃း၁)

**၁။ 'သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြသည်မှန်လျှင်'**

က။ အခြေအနေတစ်ခုခုကို အခြေပြုသော ဝါကျဖြစ်သည်။

ခ။ ဤဝါကျသည် ပထမပိုင်းသာ ဖော်ပြသည်။ ၎င်းကို ဂရိသဒ္ဒါအရပရိုတေးစစ် (protasis) ဟုခေါ်သည်။

ဂ။ အဘယ်သို့သော် အခြေအနေပြ ဝါကျ ဖြစ်သနည်း။

(၁) ဤဝါကျ၌ တွေ့ရသော စကားလုံး'လျှင်' သည် အဖြစ်အမှန်တရားကို ဖော်ပြရာ၌ အသုံးပြုသည်။

(၂) ယုံကြည်သူတို့သည် အမှန်ပင် ခရစ်တော်နှင့်အတူ ထမြောက်ပြီး ဖြစ်သော ကြောင့်ဟု ဆိုလိုသည်။

**၂။ 'အထက်အရာတို့ကို ရှာကြလော'**

က။ ဤဝါကျသည် အခြေအနေပြဝါကျ၏ ဒုတိယပိုင်း ဖြစ်သည်။

ခ။ အလိုအလျောက်၊ ယုတ္တိဗေဒနည်းကျကျ သိသာထင်ရှားသောအချက်ဖြစ်သည်။

ဂ။ *'ရှာကြလော့'* ဟူသောစကားလုံးသည် အာဏာ၊ အမိန့်ပြ ကာလဖြင့် ရေးသားသောကြောင့် ဝါကျကို ပို၍လေးနက်စေသည်။

(၁) မရှာဘဲ မနေရ။

(၂) မရပ်မနားဘဲ ဆက်ပြီးရှာနေရမည်။

(၃) ထိုသို့ ရှာခြင်းသည် လုပ်သင့်လုပ်ထိုက်သောအရာဖြစ်သကဲ့သို့ မှန်ကန်သောအရာလည်းဖြစ်သည်။

**၃။ ခရစ်တော်ထိုင်လျက်နေသောနေရာ - ဘုရားသခင်၏လက်ျာဘက်**

ဤအချက်၏ စိန်ခေါ်ချက်ကို မည်သို့မျှ မှားယွင်းစွာ မခံယူသင့်ချေ။

၁။ ယုံကြည်သူတို့သည်လောကအရာများအားစိတ်စွဲလမ်းခြင်းမရှိရ။

၂။ အကျွန်ုပ်တို့သည် သခင်ဘုရားကို အစဉ်နှင့်အမြဲ စောင့်မျှော်နေကြရမည်။

# 'အထက်အရာတို့ကိုသာ စိတ်စွဲလမ်းခြင်းရှိကြလော့'
(ကော ၃း၂)

## အကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို လေးနက်စွာ ခံယူခြင်း

တမန်တော် ပေါလုသည် သူ၏ယုံကြည်ခြင်းကို အမှန်ပင် လေးနက် စွာ ခံယူသည်။ ပေါလုအနေဖြင့် ထိုသို့သခင်ခရစ်တော်၌ တည်သော သူ၏ယုံကြည်ခြင်းကို ပို၍ကြီးထွားသန်မာစေလိုခြင်းမှာ အလိုအလျောက်၊ အကျိုးအကြောင်း ဆက်စပ်မှု ရှိသော အရာဖြစ်သည်။

မြေကြီးပေါ်မှာရှိသော အရာတို့ကို စွဲလမ်းသောစိတ်မရှိကြနှင့်။ အထက် အရာတို့ကိုသာ စိတ်စွဲလမ်းခြင်း ရှိကြလော့။

*အကြောင်းမူကား၊ သင်တို့သည် သေသောသူဖြစ်၍ သင်တို့၏*
*အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ဝှက်ထားလျက်ရှိ၏။*
*(ကော ၃း၂-၃)*

## ၁။ 'စိတ်စွဲလမ်းခြင်း ရှိကြလော့'

က။ အာဏာ၊အမိန့်ပြကာလဖြင့် ရေးသားထားသည်။
ခ။ ဘုရားသခင်သည် အကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အကျွန်ုပ်တို့အား လေးနက်စွာ ခံယူစေလိုသည်။
ဂ။ ထိုသို့ မိမိတို့၏ ယုံကြည်ခြင်းကို လေးနက်စွာ ခံယူရာ၌ အကျွန်ုပ်တို့၏စဉ်းစား ပုံစဉ်းစားနည်း၊ ဆင်ခြင်ပုံ ဆင်ခြင်နည်းတို့လည်း ပါဝင်သည်။

## ၂။ အကျွန်ုပ်တို့ ပြုအပ်သော ရွေးချယ်မှု

က။ အထက်အရာများကို စဉ်းစားဆင်ခြင်ခြင်း၊
ခ။ မြေကြီးပေါ်မှာရှိသောအရာများကို စဉ်းစားဆင်ခြင်ခြင်း၊
ဂ။ ပထမ ဖော်ပြသောအရာ (အထက်အရာများကို စဉ်းစားဆင်ခြင်ခြင်း) ကို သာ ရွေးချယ်ရန် ဖြစ်သည်။

**၃။ 'သင်တို့သည် သေသောသူဖြစ်၍'**

က။ အကျွန်ုပ်တို့၏ ခရစ်တော်နှင့်အတူ တစ်စိတ်တစ်ဝမ်းတည်းဖြစ်ခြင်းကို ရည်ညွှန်းသည်။

ခ။ သင်္ကေတအားဖြင့်ဆိုသော်၊ အကျွန်ုပ်တို့သည် ခရစ်တော်ကို ယုံကြည်ခြင်းမှစ၍ သူနှင့်အတူ သေခဲ့ကြသည်။

**၄။ 'သင်တို့၏အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ဝှက်ထားလျက်ရှိ၏။'**

က။ တစ်ဖန် သင်္ကေတအားဖြင့် ဖော်ပြခြင်းကို တွေ့ရသည်။

ခ။ ခရစ်တော်နှင့်အတူ တစ်စိတ်တစ်ဝမ်းတည်းဖြစ်ရာ၌

(၁) အကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ သေကြသည်။

(၂) အကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြသည်။

(၃) အကျွန်ုပ်တို့၏အသက်တာသည် ခရစ်တော်နှင့်အတူ တစ်လုံးတစ်ဝတည်း ဖြစ်သည်။ အကျွန်ုပ်တို့၏အသက်သည် ခရစ်တော်ကိုစတင်ယုံကြည်ချိန်ကတည်းက သူ၌ ဝှက်ထားလျက်ရှိသည်။

ဂ။ အကျွန်ုပ်တို့အသက်တာ၏ အစွမ်းအစကို အဘယ်သို့သိရှိဖော်ထုတ်နိုင် မည်နည်း။

(၁) အထက်အရာတို့ကိုသာ စိတ်စွဲလမ်းခြင်းရှိရမည်။

(၂) ဘုရားသခင်သည် အကျွန်ုပ်တို့အား အဘယ်သို့ အသက်ရှင်သင့်ကြောင်း သွန်သင်ဖော်ပြလိမ့်မည်။

(၃) အကျွန်ုပ်တို့၏ ယုံကြည်သက်ဝင်မှုကို လေးနက်စွာ ခံယူသောအခါ အကျွန်ုပ်တို့၏ အသက်တာသည် ဘုရားသခင်၏တန်ခိုးတော်ဖြင့် ပြည့်ဝလိမ့်မည်။

(၄) ဤသို့အားဖြင့်၊ တမန်တော် ပေါလုကဲ့သို့ အကျွန်ုပ်တို့သည်လည်း အသီးများစွာသီး၍ ထူးခြားပြောင်မြောက်သောအသက်တာများ ပိုင်ဆိုင်နိုင်ကြမည် ဖြစ်သည်။

## ‘ငါတို့အသက်တည်းဟူသော ခရစ်တော်သည် ထင်ရှားတော်မူသောအခါ . . .’ (ကော ၃း၄)

### အနာဂတ် အဖြစ်အရှိ တရား ( An Eschatological Reality)

တမန်တော်ပေါလုသည် ခရစ်တော်၌တည်သော သူ၏ယုံကြည် သက်ဝင်မှုကိုနက်ရှိုင်းစွာ နားလည်သည်။ ခရစ်တော်၌တည်သော ယုံကြည်ခြင်းသည် အနာဂတ်အဖြစ်အရှိ တရားနှင့်လည်း သက်ဆိုင်သည်။ အနာဂတ်အဖြစ် အရှိ တရားဟုဆိုရာ၌ခရစ်တော်၏ပြန်လည်ကြွလာခြင်းကို ရည်ညွှန်းသည်။ ဤအချက်သည် တမန်တော်ပေါလု အခိုင်အမာ စွဲကိုင်ထားသော ယုံကြည်ခံယူချက်တစ်ခုဖြစ်သည်။

> *ငါတို့အသက်တည်းဟူသော ခရစ်တော်သည် ထင်ရှားတော်မူသောအခါငါတို့သည်လည်း ထိုသခင်နှင့်အတူ ဘုန်းကြီး၍ ထင်ရှားကြလတံ့။ (ကော ၃း၄)*

### ၁။ ခရစ်တော်သည်သာ အဓိက

က။ ခရစ်တော်၏အခန်းကဏ္ဍသည် အချက်အချာကျသော အရာဖြစ်ကြောင်း ပေါလု နားလည်သဘောပေါက်သည်။

(၁) ကယ်တင်ခြင်း၊

(၂) အစွမ်းသတ္တိ၊ခွန်အား၊

(၃) မစခြင်း၊ထောက်မခြင်း၊

(၄) (ဘဝအသက်တာနှင့်အမှုတော်မြတ်၌) အရေးပါခြင်း၊ ထူးခြားပြောင်မြောက်ခြင်း။

### ၂။ ‘ငါတို့အသက်တည်းဟူသော ခရစ်တော်သည်’

က။ သူသည် အသက်ပေးသည်။

ခ။ သူသည် အလင်းပေးသည်။

ဂ။ သူသည် အကယ်စင်စစ် အကျွန်ုပ်တို့၏အသက်ပင် ဖြစ်သည်။

၃။ ခရစ်တော် ထင်ရှားတော်မူသောအခါ

က။ ခရစ်တော် ဒုတိယကြွလာခြင်းကို ရည်ညွှန်းသည်။

ခ။ ခရစ်တော်၏ပြန်လည် ကြွလာခြင်းကို ပေါလု မျှော်လင့်ခဲ့သည်။

ဂ။ ခရစ်တော် ပြန်လည်ကြွလာမည်ဟု ကြီးစွာသော မျှော်လင့်ချက်နှင့် ပေါလု အသက်ရှင်ခဲ့သည်။

ဃ။ နှစ်သက်၍ အသုံးများသောစကားလုံးမှာ *'ထင်ရှားတော်မူခြင်း'* ဖြစ်သည်။

၄။ **'ငါတို့သည်လည်း ထိုသခင်နှင့်အတူ ဘုန်းကြီး၍ ထင်ရှားကြလတ့်'**

က။ ခရစ်တော်ပြန်လည်ကြွလာခြင်းသည် သူ၏သန့်ရှင်းသူများဖြစ်သော အကျွန်ုပ်တို့နှင့် လုံးဝသက်ဆိုင်သည်။

ခ။ ခရစ်တော်သည် ဘုန်းကျက်သရေအပြည့်နှင့် ကြွလာမည်။

ဂ။ အကျွန်ုပ်တို့သည်လည်း သူ၏ဘုန်းကျက်သရေအား မျှဝေရလိမ့်မည်။

ဃ။ ထိုသို့ဖြင့် အကျွန်ုပ်တို့သည် သူနှင့်အတူ ဘုန်းကြီး၍ ထင်ရှားကြလိမ့်မည်။

(၁) သူ၏အပေါင်းအပါ များအဖြစ်၊

(၂) သူ၏ဘုန်းကျက်သရေအား မျှဝေခံစားလျက်၊

(၃) အကျွန်ုပ်တို့သည် ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ၊ ထာဝရဘုရားသခင်၏ဝမ်းမြောက်ခြင်း၌ စံစားကြရမည်။

## 'ထို့ကြောင့်. . . သင်တို့၏ကိုယ်အင်္ဂါတို့ကို သေစေကြလော့' (ကော ၃း၅)

**အတားအဆီးဖြစ်စေသော အရာများ**

ခမည်းတော်ဘုရားသခင်၏လက်ျာဘက် သခင်ယေရှုခရစ်တော် ထိုင်တော်မူသောနေရာရှိ အရာများကို စိတ်စွဲလမ်းတတ်သော စိတ်နှလုံးများ ပိုင်ဆိုင်ကြလျှင် အဘယ်မျှလောက် ကောင်းမည်နည်း။ ဖြစ်ရပ်မှန်မူကား ထာဝရတည်သောအရာ၊ဝိညာဉ်ရေးနှင့်စပ်ဆိုင်သော အရာများကို စွဲလမ်းခြင်းရှိသောသူတို့သည် အလွန်နည်းပါးသည်။ မိမိတို့၏ ဝိညာဉ်ရေးကြီးထွားမှုကို အဟန့်အတားဖြစ်စေသော အရာများနှင့် အဘယ်သို့ ကိုင်တွယ်သင့်ကြောင်းကို ပေါလု ပွင့်ပွင့်လင်းလင်း ရေးသားသည်။

*ထို့ကြောင့် မတရားသောမေထုန်၌မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာပူပန်ခြင်း၊ ဆိုးညစ်သောတပ်မက်ခြင်း၊ ရုပ်တုကိုကိုးကွယ်ခြင်းဖြစ်သော လောဘလွန်ကျူးခြင်းတည်းဟူသော၊ မြေကြီးပေါ်မှာရှိသော သင်တို့၏ကိုယ်အင်္ဂါတို့ကို သေစေကြလော့။ (ကော ၃း၅)*

### ၁။ 'ထို့ကြောင့် . . . သေစေကြလော့'

က။ '*သေစေကြလော့*' ကို အာဏာ၊အမိန့်ကာလပြဖြင့် ဖော်ပြရေးသားသည်။

ခ။ ထိုသို့ ရေးသားရခြင်း၏ ထူးခြားချက်မှာ-

(၁) အဆုံးသတ်စီရင်ခြင်း၊

(၂) အပြစ်ဖြစ်သော လုပ်ဆောင်ချက်များကို အပြီးသတ် အဆုံးသတ်ခြင်း။

ဂ။ *'ကိုယ်အင်္ဂါ'*

(၁) ဉာဏ် (Mind)

(၂) စိတ်နှလုံး (Heart)

(၃) စိတ်ဆန္ဒ (Will)

(၄) အသွေးအသား (ဝါ) ဇာတိပကတိသဘော (The Flesh)

## ၂။ အပြစ်အစုအဖွဲ့ (A Series of Sins)

က။ ဖော်ပြထားသော အပြစ်အစုအဖွဲ့သည် အတူတကွ ပူးတွဲလျက်ရှိနေကြသည်။
ခ။ အပြစ်တစ်မျိုးသည် နောက်တစ်မျိုးထက် ပို၍ မဆိုးဝါးကြောင်း ထင်ဟပ်သည်။
ဂ။ အားလုံးသောအပြစ်များသည် ဆိုးကြသည်။ ကောင်းသောအပြစ်ဟူ၍မရှိ။
ဃ။ ဤသို့ အပြစ်များ အစုလိုက်ဖော်ပြရာ၌ အကုန်အစင် ဖော်ပြနိုင်ခြင်းမရှိ။
င။ ဤအပြစ်များသည် အသွေးအသား(ဇာတိပကတိ)နှင့် သက်ဆိုင်ကြသည်။

## ၃။ 'ဆိုးညစ်သောတပ်မက်ခြင်း'

က။ ဤအပြစ်ကို သီးသန့် ဖော်ထုတ်ထားသည်။
ခ။ ဆိုးညစ်သောတပ်မက်ခြင်း -
(၁) အကျွန်ုပ်တို့၌ မရှိသောအရာများကို လိုချင်ခြင်း၊
(၂) အကျွန်ုပ်တို့၌ များစွာရှိပါလျက်နှင့် ပို၍လိုချင်တပ်မက်ခြင်း၊
ဂ။ ဤအပြစ်သည် လွန်စွာမှ ဆိုးယုတ်သောကြောင့် ရုပ်တုကိုးကွယ်ခြင်းဖြင့် နှိုင်းယှဉ်လျက် ဖော်ပြရခြင်း ဖြစ်သည်။

**'ဘုရားသခင်၏အမျက်တော် . . .'**
**(ကော ၃း၆)**

**ဘုရားသခင်၏အမျက်တော်**

ဘုရားသခင်၏အမျက်တော်သည် အများနှင့် ရင်းနှီးသိကျွမ်းသော ယုံကြည်ခံယူချက်မျိုး မဟုတ်ပေ။ အချို့တို့သည် ဘုရားသခင် အမျက်ထွက်ခြင်းကို လက်မခံချင်ကြ။ ကောင်းမြတ်ပြီး၊ မေတ္တာအားကြီးသော ဘုရားသခင်နှင့် အမျက်ဒေါသ သည် လုံး၀ မလျော်ကန်ဟုလည်း တချို့ခံယူကြသည်။ မည်သို့ပင် ဖြစ်စေကာမူ တမန်တော်ပေါလုသည် ဘုရားသခင်၏အမျက်တော် နှင့်စပ်လျဉ်းပြီး အောက်ပါ အတိုင်း ထုတ်ဖော်လိုက်သည်။

*ထိုအမှုများကြောင့် ဘုရားသခင်၏အမျက်တော်သည် ငြင်းဆန်သော*
*သူတို့အပေါ်၌ သင့်ရောက်ပေ၏။ထိုသူတို့နှင့် သင်တို့သည်လည်း*
*အထက်က ပေါင်းဖော်သောအခါ၊ ထိုအမှုများ၌ ကျင်လည်ကြ၏*
*(ကော ၃း၆-၇)*

**၁။ 'ဘုရားသခင်၏ အမျက်တော်'**

က။ မှန်ကန်သော၊သင့်လျော်သော ယုံကြည်ခံယူချက် ဖြစ်သည်။

ခ။ ဘုရားသခင်၏ အမျက်ဒေါသသည် ဘုရားဖြစ်ခြင်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။

ဂ။ ၎င်းသည် အောက်ပါအချက်များကို ထင်ရှားပေါ်လွင်စေသည်။

(၁) သူ၏ဖြောင့်မတ်ခြင်း၊

(၂) သူ၏တရားမျှတခြင်း၊

(၃) သူ၏သန့်ရှင်းခြင်း စသည်တို့ ဖြစ်သည်။

ဃ။ ရောမဩ၀ါဒစာ၌ ဘုရားသခင်၏အမျက်တော်နှင့်စပ်လျဉ်းပြီး ပေါလုပို၍ ကျယ်ပြန့်စွာ ရေးသားသည်။

**၂။ 'ငြင်းဆန်သောသူတို့'**

က။ အပြစ်ကျူးလွန်နေသောသူများကို ရည်ညွှန်းသည်။

ခ။ ထိုသူတို့သည် ဘုရားသခင်၏လမ်းစဉ်များ (ခရိုးတော်ကို) ငြင်းပယ်ကြသည်။

ဂ။ ၄င်းတို့သည် ဘုရားသခင်အား ငြင်းဆန်ခြင်း၊ မနာခံခြင်း၌ ကျင်လည်ရန် ရွေးချယ်ကြသည်။

ဃ။ သူတို့သည် ဘုရားသခင်နှင့်သူ၏အမျက်တော်ကို အာခံကြသည်။

င။ သူတို့သည် ဘုရားသခင်ကိုယ်တိုင်ကို ငြင်းပယ်ကြသည်။

စ။ ဤအမှုများသည် ဘုရားသခင်၏အမျက်ဒေါသကို ထိုသူတို့အပေါ်သို့ ကျရောက်စေသည်။

**၃။ 'ထိုသူတို့နှင့် သင်တို့သည်လည်း အထက်ကပေါင်းဖော်သောအခါ၊ ထိုအမှုများ၌ ကျင်လည်ကြ၏'**

က။ ကောလောသဲယုံကြည်သူတို့၏ နောက်ခံသမိုင်းကို အကျဉ်းချုပ်အားဖြင့် ဖော်ပြထားသည်။

ခ။ ယခင်က ကောလောသဲယုံကြည်သူတို့သည် အပြစ်ထဲ၌ ကျင်လည်ခဲ့ကြသည်။

ဂ။ ခရစ်တော်ကို ယုံကြည်လာကြသည်နှင့်အမျှ သူတို့၏အသက်တာများသည် ပြောင်းလဲခဲ့ကြသည်။

ဃ။ အပြစ်ထဲ၌ ဆက်လက် ကျင်လည်ခြင်းမပြုရန် သူတို့သည် ခိုင်မာစွာ ဆုံးဖြတ်ကြရမည် ဖြစ်သည်။

င။ သူတို့သည် ဘုန်းကျက်သရေအပြည့်နှင့် ကယ်တင်ရွေးနှုတ်ခြင်း ခံကြရသည်။

စ။ သူတို့ရွေးချယ်သော ဘဝအသက်တာသည် ဘုရားသခင်က ခရစ်တော်၌ သူတို့အားပေးသနားတော်မူသော အသစ်သောအသက်ကို ရုပ်လုံးပေါ်နေရမည် ဖြစ်သည်။

## ‘ပယ်ရှင်းကြလော့’
## (ကော ၃း၈)

**ခရစ်တော်၌ တည်သော အကျွန်ုပ်တို့၏အသက်တာ**

ခရစ်ယာန်အသက်တာသည် များစွာသောစိန်ခေါ်ချက်များနှင့် ပြည့်ဝလျက်ရှိသည်မှာအမှန်ပင်ဖြစ်သည်။ တမန်တော်ပေါလုက အကျွန်ုပ်တို့ လုံးဝပယ်ရှားရမည့် အရာများကိုစာရင်းပြုလျက် အောက်ဖော်ပြပါအတိုင်း ရေးသားဖော်ပြထားသည်။

> *ယခုမူကား၊ ထိုအမှုအလုံးစုံတို့ကိုငှင်း၊ အမျက်ထွက်ခြင်း၊စိတ်ဆိုးခြင်း၊ မနာလိုခြင်း၊ သူ့အသရေပျက်အောင်ပြောဆိုခြင်း၊ ညစ်ညူးသော စကားကို သုံးခြင်းတို့ကိုငှင်း၊ သင်တို့နှုတ်မှ ပယ်ရှင်းကြလော့။*
> *(ကော ၃း၈)*

**၁။ ‘ယခုမူကား’**

- က။ သက်ရောက်သော အဓိပ္ပာယ်ကို ဖော်ဆောင်သည့် အတွေးအမြင်ကို ရည်မှတ်သည်။
- ခ။ ပေါလုရေးသားခဲ့ပြီးသောအရာများကို သေချာဆင်ခြင်သုံးသပ်ပြီးနောက် (နောက်ဆုံးတွေ့ရှိချက်ကို ရည်ညွှန်းသည်)။
- ဂ။ အခြေအနေ၌ လက်တွေ့အကောင်အထည် ဖော်ရမည် ဖြစ်သည်။

**၂။ ‘သင်တို့ ကိုယ်တိုင်က’**

- က။ အကျွန်ုပ်တို့သည် အကျွန်ုပ်တို့အဖို့ လက်တွေ့ဆောင်ရွက်ရမည်ဖြစ်သည်။
- ခ။ အကျွန်ုပ်တို့အပေါ် တစ်စုံတစ်ခုသောအရာများကို အတင်းအဓမ္မ ဖိအား ပေးခိုင်းစေမည့်အစား၊
- ဂ။ အကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင် တာဝန်ယူမှုနှင့်၊ တာဝန်ခံမှု တို့ကိုလေးနက်စွာ ခံယူရမည်ဖြစ်သည်။

၃။ **'ပယ်ရှင်းကြလော့'**

က။ ပယ်ရှင်းရမည့် အပြစ်များကို  အကုန်အစင် ဖော်ပြနိုင်ခြင်း မရှိ။

ခ။ ဤအပြစ်များစာရင်းကို (ကောလောသဲသြဝါဒစာ ၃း၅) ၌ တွေ့ရသော အပြစ်စာရင်းနှင့် နှိုင်းယှဉ်ကြည့်ပါ။

ဂ။ ဤ အပြစ်များအားလုံးကို ခြုံငုံပြီး ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရမည်။

## ကြိမ်ဖန်များစွာ လျစ်လျူရှုလျက်ရှိတတ်သော အပြစ်ပြဿနာများ

(ကောလောသဲ ၃း၈) ၌ ဖော်ပြထားသော အပြစ်ပြဿနာသည် ယေဘုယျအားဖြင့် အများတကာနှင့် မစိမ်းသော အရာများ ဖြစ်နိုင်ချေများသည်။ ၄င်းတို့သည် အလွန်အကျွံ ဆိုးသွမ်းသောပြဿနာများလည်း ဖြစ်ဟန်မတူပါ။ ထို့ကြောင့် ဤ အပြစ်ပြဿနာများကို အလေးထားပြီး မဖြေရှင်းကြခြင်းလည်း ဖြစ်သည်။

၁။ **ယေဘုယျ အပြစ်ပြဿနာများ**

က။ ဤအရာများသည် (အကျွန်ုပ်တို့ နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ) အပြစ်ပြဿနာများ ဖြစ်ကြသည်။

ခ။ သေစေနိုင်သောအပြစ်များကဲ့သို့ ဤအပြစ်ပြဿနာများကိုလည်း အာရုံစိုက်၍ ဖြေရှင်းအပ်ပေသည်။

၂။ **အပြစ်များဖြေရှင်းရာ၌ အကောင်းဆုံးနည်းမှာ-**

| | |
|---|---|
| က။ သေစေခြင်း၊ | (ကော ၃း၅) |
| ခ။ ပယ်ရှင်းခြင်း၊ | (ကော ၃း၈) |
| ဂ။ အထက်အရာတို့ကို ရှာခြင်း၊ | (ကော ၃း၁) |
| ဃ။ အထက်အရာတို့ကို စိတ်စွဲလမ်းခြင်း၊ | (ကော ၃း၂) |
| င။ ခရစ်တော်၏ပြန်လည်ကြွလာခြင်းကို စောင့်မျှော်ခြင်းစသည်တို့ ဖြစ်သည်။ | (ကော ၃း၄) |

## 'လူဟောင်း၏အကျင့်တို့နှင့် လူဟောင်း၏ကိုယ်ကိုချွတ်ပယ်၍'
## (ကော ၃း၉)

**အရေးကြီးသော အခြေခံအကြောင်းရင်း**

အပြစ်၏လမ်းစဉ်ဟောင်းများကို အဆုံးသတ်စီရင်ရန် တမန်တော် ပေါလု အခိုင်အမာ ပြောဆိုရခြင်း၏ အခြေခံအကြောင်းရင်းမှာ အဘယ်နည်း။ အဖြေကို အောက်ပါကျမ်းချက်၌ ဖော်ပြထားသည်။

> *အချင်းချင်း မုသာစကားကို မပြောမသုံးကြနှင့်။ အကြောင်းမူကား၊ သင်တို့သည် လူဟောင်း၏အကျင့်တို့နှင့် လူဟောင်း၏ကိုယ်ကို ချွတ်ပယ်၍၊ (ကော ၃း၉)*

### ၁။ 'အချင်းချင်း မုသာစကားကို မသုံးကြနှင့်'

က။ ဤကျမ်းပိုဒ်ကို (ကော ၃း၅-၈) နှင့်အတူ ဖတ်ရှုခြင်းဖြင့် နားလည်နိုင်သည်။
ခ။ ၎င်းကျမ်းပိုဒ်များသည် အတွေးအမြင်များကို အစုလိုက်ဖော်ပြထားသည်။
ဂ။ မုသာစကားပြောခြင်းသည် ထိုအစုလိုက်ဖော်ပြထားသော အပြစ်များ၏ အဖွဲ့ဝင်တစ်ခုဖြစ်သည်။

### ၂။ 'အကြောင်းမူကား၊ သင်တို့သည် လူဟောင်း၏ အကျင့်တို့နှင့် လူဟောင်း၏ ကိုယ်ကို ချွတ်ပယ်၍'

က။ လူဟောင်းသည် အဘယ်နည်း။
(၁) ဝိညာဉ်တော်အားဖြင့် ပြန်လည်အသစ်တစ်ဖန် မွေးဖွားခြင်းမရှိ သော 'ငါ' ကို ဆိုလိုသည်။
(၂) မပြောင်းလဲသေးသောသူတိုင်းသည် အပြစ်ထဲ၌ လွန်စွာ နှစ်မြုပ်နေ နိုင်သည်။
ခ။ *'လူဟောင်း၏အကျင့်တို့နှင့်အတူ'*
(၁) မပြောင်းလဲသော 'ငါ' နှင့် ဆက်စပ်သော လုပ်ဆောင်ချက်များကို ဆိုလိုသည်။

(၂) ဤအကြောင်းကို (ကော ၃း၅-၉) ၌လည်း လိုရင်းတိုရှင်းဖော်ပြခဲ့ပြီး ဖြစ်သည်။

၃။ **'ပယ်ချွတ်၍'**

က။ 'စွန့်လွှတ်၊ စွန့်ပစ်' သည် ဟုလည်း ဘာသာပြန်ဆိုနိုင်သည်။

ခ။ အဓိက ရည်မှတ်ချက်မှာ-

(၁) ဟောင်းသောဇာတိသဘောနှင့် ၎င်း၏အကျင့်များကို စွန့်ပစ်ရသည်။

(၂) အတိတ်က အပြစ်ဆိုးများမှ ရှင်းလင်းပြတ်သားစွာ ခွာပစ်၍ နေထိုင်ခြင်း ဖြစ်သည်။

၄။ **'အကြောင်းမူကား'**

က။ ခရစ်တော်ကို ယုံကြည်သောကြောင့်၊

ခ။ ခရစ်တော်ကိုယုံကြည်ရခြင်း၏ အဓိပ္ပာယ်ကို ပို၍နားလည်လာသောကြောင့်၊

ဂ။ ခရစ်တော်နှင့်အတူ ကျင်လည်အသက်ရှင်ရန် အခိုင်အမာ ဆက်ကပ်ထားပြီး ဖြစ်သောကြောင့်၊ စစ်မှန်သော ယုံကြည်သက်ဝင်မှု သခင်ယေရှုခရစ်တော်ကို အမှန်အကန် ယုံကြည်ခြင်း ဆိုသည်မှာ အဘယ်နည်း။

(၁) ယုံကြည်သည်ဟု နှုတ်အားဖြင့် ဝန်ခံခြင်းသက်သက် မဟုတ်။

(၂) စစ်မှန်သော ယုံကြည်ခြင်းသည် လူဟောင်းနှင့်လူဟောင်း၏ အကျင့်များကို အကုန်အစင် စွန့်ပစ်ခြင်းအားဖြင့်သာ ပေါ်လွင်ထင်ရှားနိုင်သည်။

## 'လူသစ်ကို ယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏'
## (ကော ၃း၁၀)

**မှန်ကန်ပြီး ခိုင်ခံ့သော အုတ်မြစ်များ**

စစ်မှန်သောအရာ တစ်ခုခုကို တွေ့ရှိခြင်းသည် အစဉ်အမြဲ ဝမ်းသာစရာဖြစ်သည်။ သခင်ယေရှု၏တမန်တော်များသည် မှန်ကန်ခိုင်ခံ့သော အုတ်မြစ်တည်ဆောက်ရန် တာဝန်ပေးခြင်း ခံရကြသည်။ စစ်မှန်သော ယုံကြည်သက်ဝင်မှုသည် လက်တွေ့အသက်ရှင်ခြင်း၌ အကောင်းဆုံး သက်သေထူလျက်ရှိသည်။

*ဖန်ဆင်းတော်မူသောသူ၏ပုံသဏ္ဌာန်နှင့်အညီ၊ မှန်သောပညာ*
*အားဖြင့် အသစ်ပြုပြင်သော လူသစ်ကို ယူတင်ဝတ်ဆောင်သော*
*သူ ဖြစ်ကြ၏* *(ကော ၃း၁၀)*

### ၁။ 'ယူတင်ဝတ်ဆောင်'

က။ အသုံးပြုသော စိတ်ကူးပုံရိပ်မှာ အဝတ်အစား ဝင်ဆင်ခြင်း ဖြစ်သည်။

ခ။ ဘုရားသခင်က ယုံကြည်သူအား ပေးသနားတော်မူသော အသစ်သော သဘောသဘာဝကို ပုံဖော်ရာ၌ ဤပုံရိပ်ကို အသုံးပြုခြင်းဖြစ်သည်။

### ၂။ 'အသစ်ပြုပြင်သော လူသစ်'

က။ (ကော ၃း၉) ၌တွေ့ရသော လူဟောင်းနှင့် ယှဉ်တွဲ၍ နားလည်ရမည်။

ခ။ လူသစ် -

(၁) ဘုရားသခင်ပေးသော အသစ်သော သဘောသဘာဝကို ရည်ညွှန်းသည်။

(၂) ယုံကြည်သူသည် အသစ်ပြုပြင်သော သတ္တဝါ ဖြစ်လာသည်။ (၂ ကော ၅း၁၇)

(၃) လူဟောင်းကို ချွတ်ပယ်၍၊ သူ့နေရာ၌ လူသစ် အစားထိုး၍ ထွက်ပေါ်လာသည်။

**၃။ လူသစ်၏ လက္ခဏာများ**

က။ တိကျသောအရာမှာ အသိပညာ ဖြစ်သည်။

(၁) နက်ရှိုင်းသော အသိပညာ ကို ဆိုလိုသည်။

(၂) လူသစ်သည် ဘုရားသခင်ကို ကောင်းစွာသိကျွမ်းလာ နိုင်သည်။

(၃) အသစ်ပြုပြင်သော လူသစ်သည် ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်း နှင့် ပတ်သက်သောဉာဏ်ပညာ၌ အစဉ်ကြီးထွားလိုသော ဆန္ဒရှိသည်။

ခ။ ပိုလေးနက်သော အချက်မှာ- ဘုရားသခင်၏ ပုံသဏ္ဍာန်

(၁) ဘုရားသခင်သည် လူသားကို သူ၏ ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းသည်။ (ကမ္ဘာ ၁း၂၆-၂၇)

(၂) သို့သော် ထိုပုံသဏ္ဍာန်သည် အပြစ်ကြောင့် ဆိုးဝါးစွာ ပျက်ဆီးခဲ့သည်။

(၃) ခရစ်တော်၏ကယ်တင်ခြင်းအမှုအားဖြင့် ယုံကြည်သူသည် ပြန်လည် အသစ်ဖန်ဆင်းခြင်း ခံရသည်။

(၄) ဘုရားသခင်၏ ပုံသဏ္ဍာန်အတိုင်း ပြန်လည်ဖန်ဆင်းသည်။ ပုံစံသည် အတူတူပင် ဖြစ်သည်။

(၅) ဘုရားသခင်အသုံးပြုသော ပုံစံ (ရုပ်သဏ္ဍာန်) မှာ သခင်ယေရှုခရစ် ကိုယ်တိုင်ပင် ဖြစ်သည်။ (ကော ၁း၁၅)

**၄။ အရေးကြီးသော ဆင်ခြင်မှုများ**

က။ ခရစ်တော်ကို သိကျွမ်းခြင်း၌ အကျွန်ုပ်တို့သည် အဘယ်မျှလောက် ကြီးထွား လာကြ သနည်း။

ခ။ ခရစ်တော်၏ ပုံသဏ္ဍာန်တော်ကို အကျွန်ုပ်တို့၏အသက်တာ၌ အဘယ်မျှ လောက် ပေါ်လွင်ထင်ဟပ်စေကြသနည်း။

## ‘ခရစ်တော်သည် အလုံးစုံတို့၌ အလုံးစုံဖြစ်တော်မူ၏’ (ကော ၃း၁၁)

**အရေးကြီးသော အကျိုးဆက်များ**

သခင်ယေရှုခရစ်တော်ကို ယုံကြည်ခြင်းအမှုသည် တစ်ဦးချင်း၏ အရေးဖြစ်သည်။ သို့သော်၊ ထိုယုံကြည်သက်ဝင်မှုသည် ယုံကြည်ခံယူသူ တစ်ဦးချင်းနှင့်သာ သက်ဆိုင်သည် မဟုတ်။ အမှန်ပင် လေးနက်စွာ ဆင်ခြင်နှလုံးသွင်းအပ်သော ယုံကြည်ခြင်း၏ အကျိုးဆက်များ ရှိနေသည်။

> *ထိုဖန်ဆင်းပြုပြင်တော်မူရာ၌ ဟေလသလူမရှိ၊ ယုဒလူမရှိ၊ အရေဖျားလှီး မင်္ဂလာခံခြင်းမရှိ၊ မခံခြင်းမရှိ၊ လူရိုင်းမရှိ၊သကုသိလူမရှိ၊ကျွန်မရှိ၊ လူလွတ်မရှိ၊ ခရစ်တော်သည် အလုံးစုံတို့၌ အလုံးစုံဖြစ်တော်မူ၏။*
> *(ကော ၃း၁၁)*

**၁။ ယုံကြည်ခြင်းသည် လူမျိုးရေးအတားအဆီးများကို ကျော်လွှားသည်။**

က။ ဟေလသလူ ဟုဆိုရာ၌ တစ်ပါးအမျိုးသားတို့လည်း ပါဝင်သည်။

ခ။ ယုဒလူမျိုးများနှင့် ဟေလသလူမျိုးများသည် တစ်ရာစုခေတ်၌ ခင်မင်ရင်းနှီးစွာ ရောနှော၍ မနေထိုင်ကြ။

**၂။ ယုံကြည်ခြင်းသည် ရှေးရိုးဘာသာရေး အစဉ်လာများကို ကျော်လွန်သည်။**

က။ အရေဖျားလှီးခြင်း မင်္ဂလာမခံမနေရဟု ယုဒလူမျိုးများက ပြင်းထန်စွာ အဆိုပြုကြသည်။

ခ။ တစ်ပါးအမျိုးသားများသည် အရေဖျားလှီးခြင်း မင်္ဂလာခံရမည် ဟူသော အဆိုကို ကန့်ကွက်ပြီး၊ ၎င်းအဆို၏ ဓမ္မသဘောကို စိန်ခေါ်ကြသည်။

**၃။ ယုံကြည်ခြင်းသည် လူမှုရေး အတားအဆီးများကို ကျော်လွှားသည်။**

က။ လူရိုင်းဟူသည် မယဉ်ကျေးသောသူနှင့် ပညာမတတ်သောသူတို့ကို ဆိုလိုသည်။

ခ။ သကုသိလူတို့သည် လူမှုရေးအဆင့်အတန်း၌ လွန်စွာမှ နိမ့်ကျသောသူများဖြစ်ကြသည်။

**၄။ ယုံကြည်ခြင်းသည် လူမှုအသိုင်းအဝိုင်းရှိ အဆင့်အတန်းများ၊ အနိမ့်အမြင့်များကို ကျော်လွန်သည်။**

က။ ကျွန်များသည် လူမှုရေး အဆင့်အတန်း ဖွဲ့စည်းပုံ၌ အနိမ့်ဆုံးအောက် ခြေ၌ရှိကြသည်။

(၁) သူတို့ကို ပြောင်းရွှေ့နိုင်သော ပစ္စည်းများသဖွယ် သတ်မှတ်ကြသည်။

(၂) သူတို့သည် အစေခံကျွန်မျှသာဖြစ်သောကြောင့် လူမှုရေးအသိုင်းအဝိုင်း၌ များစွာအရေးပါခြင်း မရှိကြ။

ခ။ လူလွတ်များ

(၁) အချို့ကျွန်တို့သည်မိမိတို့၏လွတ်မြောက်ခြင်းကို အဖိုးအခများစွာ ပေးဝယ်ကြရသည်။

(၂) ထိုသို့ လွတ်မြောက်ခြင်းကို ဝယ်ယူပြီးပါက သူတို့သည် လူလွတ်များဖြစ်ကြသည်။

(၃) လူလွတ်များနှင့်ကျွန်များတို့သည် လွန်စွာမှ ခြားနားကြသည်။

**၅။ 'ခရစ်တော်သည် အလုံးစုံတို့၌ အလုံးစုံဖြစ်တော်မူ၏'**

က။ ခရစ်တော်သည် လူသားအားလုံးအဖို့ အသေခံတော်မူသည်။

ခ။ ယုံကြည်သူတိုင်းသည် ဘုရားသခင်၏သားသမီးများ ဖြစ်လာကြသည်။

ဂ။ ဘုရားသခင်၏ဝိညာဉ်တော်သည် ယုံကြည်သူတိုင်း၌ ကိန်းဝပ်လျက်ရှိသည်။

ဃ။ အကျွန်ုပ်တို့သည် ခရစ်တော်၌ အမှန်ပင် တစ်လုံးတစ်ဝတည်း ဖြစ်ဖို့ရန်အတွက် နေ့စဉ်မိမိတို့အသက်တာ၌ ယုံကြည်ခြင်းကို မှန်ကန်စွာနားလည်ပြီး အသုံးချတတ်ရန် ဘုရားသခင်၏ ဝိညာဉ်တော်သည် အကျွန်ုပ်တို့အား ကူညီမစလိုသည်။

## 'ဘုရားသခင် ရွေးကောက်သောသူ'
## (ကော ၃း၁၂)

**ဘုရားသခင်ပိုင်သော လူမျိုးတော်အဖြစ်**

ဘုရားသခင်၏လူမျိုးတော်ဖြစ်ရခြင်း၏ အဓိပ္ပာယ်မှာ အဘယ်နည်း။ ဘုရားသခင်၏လူမျိုးတော်ဖြစ်ရခြင်း၌ လူမျိုးနှင့်ဘာသာရေး အစဉ်လာတို့သည် အရေးမပါလျှင် အဘယ်အရာသည် အရေးပါသနည်း။ ပေါလုသည် အောက်ပါ အတွေးအမြင်ကို တင်ပြလိုက်သည်။

> *ထို့ကြောင့် သင်တို့သည် ဘုရားသခင်ရွေးကောက်သောသူ၊ သန့်ရှင်းသောသူ၊ ချစ်အပ်သောသူကဲ့သို့၊ သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ကို ယူတင်ဝတ်ဆောင်ကြလော့။* (ကော ၃း၁၂)

**၁။ ဘုရားသခင်၏လူမျိုးတော်ကို အလွန်မွန်မြတ်စွာ ဖော်ပြထားသည်။**

က။ *'ဘုရားသခင်ရွေးကောက်သောသူ'*

(၁) ဘုရားသခင်က ရွေးချယ်သောသူများ ဖြစ်ကြသည်။

(၂) ဘုရားသခင်က ခေါ်သောသူများ ဖြစ်ကြသည်။

ခ။ *'သန့်ရှင်းသောသူ'*

(၁) သန့်ရှင်းစင်ကြယ်ခြင်းခံပြီးသောသူများ ဖြစ်ကြသည်။

(၂) သီးသန့်ဖယ်ထားခြင်း ခံရသောသူများ ဖြစ်ကြသည်။

ဂ။ *'ချစ်အပ်သောသူ'*

(၁) ဘုရားသခင်မှ လွန်စွာ ချစ်မြတ်နိုးသောသူများ ဖြစ်ကြသည်။

(၂) ဘုရားသခင်ရှေ့တော်၌ မြတ်နိုးဖွယ်သောသူ ဖြစ်ကြသည်။

ဃ။ *'ထို့ကြောင့်'*

(၁) အချို့သော အကျိုးဆက်များကို လုံးဝ ဆင်ခြင်နှလုံးသွင်းရမည်။

(၂) အောက်ပါ အတွေးအခေါ်များသည် '*ဘုရားသခင်၏ရွေးကောက် သောသူများ*'ဖြစ်ရသောကြောင့် ပေါ်ထွက်လာသောအရာများဖြစ်ကြသည်။

**၃။ 'ယူတင်ဝတ်ဆောင်ကြလော့'**

က။ ဤအသုံးအနှုန်းကို အထူးရွေးချယ်ထားသည်။

ခ။ အဝတ်တန်ဆာ ဝတ်ဆင်ရာ၌ အသုံးပြုသော စကားလုံး ဖြစ်သည်။

**၄။ ဘုရားသခင်ရွေးကောက်သောသူတို့ ဝတ်ဆင်သော အဝတ်တန်ဆာ၌ ပါဝင်သောအရာ တချို့မှာ-**

က။ သနားစုံမက်ခြင်း၊

ခ။ ကျေးဇူးပြုခြင်း၊

ဂ။ စိတ်နှိမ့်ချခြင်း၊

ဃ။ နူးညံ့သိမ်မွေ့ခြင်း၊

င။ စိတ်ရှည်ခြင်း စသည်တို့ ဖြစ်ကြသည်။

ဤအကျင့်သီလများသည် အတွင်းနှလုံး၌ ကျေးဇူးတော်၏ပြုပြင်ချက်များကို ပေါ်လွင်စေသည်။

## ‘ခရစ်တော်သည် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့’ (ကော ၃း၁၃)

### ဘ၀ စိန်ခေါ်ချက်များ

ဘ၀၌ စိန်ခေါ်ချက်များစွာရှိသည်။ အကျွန်ုပ်တို့သည် ဘ၀၌ ခက်ခဲမှု ကြုံနိုင်ကြသည်။ ကြောက်စရာကောင်းသော ရောဂါဆိုးများကိုလည်း ရင်ဆိုင်ကြုံ တွေ့နိုင်ကြသည်။ ဤစိန်ခေါ်ချက်များသည် အကျွန်ုပ်တို့ကိုယ်တိုင်အောင်နိုင်သော သဘာ၀တရားများနှင့်ဆိုင်သော အခက်ခဲများများ ဖြစ်ကြသည်။

> *တယောက်၌တယောက် အပြစ်တင်စရာအခွင့်ရှိလျှင်၊ အချင်းချင်း သည်းခံ၍ အပြစ်ကို လွှတ်ကြလော့။ ခရစ်တော်သည် သင်တို့၏ အပြစ်ကို လွှတ်တော်မူသကဲ့သို့၊ ထိုနည်းတူ ပြုကြလော့။*
> *(ကော ၃း၁၃)*

### ၁။ အရိပ်ပြထားသော အခက်ခဲများ

က။ အပြန်အလှန် လူမှုဆက်ဆံရေး နယ်ပယ်ရှိ အခက်ခဲများ ဖြစ်သည်။
ခ။ ကွဲပြားခြားနားချက်များရှိမည်မှာ အသေအချာ ဖြစ်သည်။
ဂ။ အချင်းချင်း အပြစ်တင်ခြင်းမျိုးကိုလည်း ထည့်တွက်စဉ်းစားထားရမည်။

### ၂။ သင့်လျော်သော တုန့်ပြန်ချက်များ

က။ *‘အချင်းချင်းသည်းခံ၍’*
(၁) အကျွန်ုပ်တို့သည် အချင်းချင်း သည်းခံကြရမည်။
(၂) အကျွန်ုပ်တို့သည် သည်းခံချုပ်တည်း တတ်ရမည်။
ခ။ *‘အပြစ်ကို လွှတ်ကြလော့’*
(၁) အကျွန်ုပ်တို့သည် ထိခိုက်နစ်နာမှုကြီးလေးသောအခါ ခွင့်လွှတ်ရန် လုံး၀ မလွယ်ကူပါ။
(၂) သို့သော် ခွင့်လွှတ်ခြင်းသည် ကြိုးစား၍ ကျင့်ကြံအားထုတ်ရမည့် သီလ ဖြစ်သည်။

(၃) ခွင့်လွှတ်ခြင်းသည် ကျေးဇူးတော်ကို အသုံးချခြင်းပင် (ဂရိ-charizomai) ဖြစ်သည်။

**၃။ ခွင့်လွှတ်ရန် လွန်စွာမှ ခက်ခဲသောအချိန်သည်။**

က။ အချင်းချင်း အပြစ်တင်ခြင်းများရှိ နေသောအခါ ဖြစ်သည်။

ခ။ ထိုသို့သော အပြစ်တင်ခြင်းများသည် များစွာသော ဝမ်းနည်းခြင်း နှင့် ကြီးစွာသော အမျက်ဒေါသများ သယ်ဆောင်လာသောအခါ ဖြစ်လေ့ရှိသည်။

**၄။ အကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို လက်တွေ့ဖော်ဆောင်ရန် အချိန်ယူပါ။**

က။ သခင်ယေရှုခရစ်၏ အကျွန်ုပ်တို့အပေါ် ခွင့်လွှတ်သောအရာများကို အောက်မေ့ပါ။

(၁) တစ်သက်လုံး ကျူးလွန်လာသောအပြစ်များနှင့်

(၂) အလွန်ဆိုးဝါးသော အပြစ်များ စသည်တို့ ဖြစ်ကြသည်။

ခ။ ခရစ်တော် ခွင့်လွှတ်သကဲ့သို့ ခွင့်လွှတ်ရန် ရွေးချယ်ဆုံးဖြတ်ပါ။ ဤသို့ဖြင့် ဘဝအသက်တာ၌ စစ်မှန်သော ယုံကြည်ခြင်းကို အကောင်းဆုံး ဖော်ထုတ်နိုင်မည်ဖြစ်သည်။

# 'ချစ်ခြင်းမေတ္တာကိုထပ်၍ ယူတင်ဝတ်ဆောင်ကြလော့' (ကော ၃း၁၄)

**အထင်ရှားဆုံးသော ကြင်အင်လက္ခဏာ**

ဘုရားသခင်၏လူမျိုးတော်များ အနေဖြင့် အမြင့်မားဆုံး၊ အထင်ရှားဆုံးသော ကြင်အင်လက္ခဏာကို ထပ်ပြီး ဆင်ခြင်နှလုံးသွင်းရမည် ဖြစ်သည်။ လွန်စွာမှ အရေးပါသောကြောင့် နောက်ဆုံး၌ ဖော်ပြရန် ပေါလု ရည်ရွယ်ထား ဟန် ရှိသည်။

> *စုံလင်ခြင်းအဖွဲ့အစည်းတည်းဟူသော ချစ်ခြင်းမေတ္တာကို ထပ်၍ ယူတင်ဝတ်ဆောင်ကြလော့။ (ကော ၃း၁၄)*

## ၁။ 'ထပ်၍'

က။ ရှေးက ဖော်ပြပြီးသော အကျင့်သီလများကို အောက်မေ့ရမည်။

ခ။ ထိုအကျင့်သီလများအကြောင်းကို ကော ၃း၁၂-၁၃ ၌ ဖော်ပြထားသည်။

ဂ။ ဘုရားသခင်ရွေးကောက်သောသူသည် အကျင့်သီလကောင်းစွာဖြင့် ဝတ်စား ဆင်ယင်ရမည်ဖြစ်သည်။

## ၂။ 'ယူတင်ဝတ်ဆောင်ကြလော့'

က။ ဤစာကြောင်းသည် မူရင်းကျမ်းချက်၌ မရှိပါ။

ခ။ (ကော ၃း၁၂) မှ အနက်ဖွင့် ရေးသားခြင်း ဖြစ်သည်။

ဂ။ *'ယူတင်ဝတ်ဆောင်ကြလော့'* ဟူသော ဖိတ်ခေါ်ခြင်းသည်(ကော ၃း၁၂-၁၄) ရှိ အချက်များအားလုံးတို့ကို ရည်ညွှန်းသည်။

## ၃။ 'ချစ်ခြင်းမေတ္တာကို ထပ်၍ ယူတင်ဝတ်ဆောင်ကြလော့'

က။ သခင်ခရစ်တော်၏ သွန်သင်ချက်ကို ပြန်လည် သတိရစေသည်။

(၁) အချင်းချင်း ချစ်ကြရန်။ (ယောဟန် ၁၃း၃၄)

(၂) ဤအချက်သည် အတိအလင်းဖော်ပြထားသော ပညတ် ဖြစ်သည်။ (ယောဟန် ၁၃း၃၄)

ခ။ ပေါလုကိုယ်တိုင်လည်း ချစ်ခြင်းမေတ္တာကို ၁ကော ၁၃ ၌ အလေးထား ချီးမြှင့်ထားသည်။
(၁) ချစ်ခြင်းမေတ္တာကို ကျန်သောဝိညာဉ်ဆုကျေးဇူးများနှင့် နှိုင်းယှဉ်ထား သည်။
(၂) ချစ်ခြင်းမေတ္တာသည် အမြင့်မားဆုံးသော ဆုကျေးဇူးဖြစ်သည်။

**၄။ 'အဖွဲ့အစည်း'**

က။ ဤစကားလုံးကို 'အချုပ်အခြာ' ဟု ပြန်ဆိုနိုင်သည်။
ခ။ ချစ်ခြင်းမေတ္တာသည် အကျင့်သီလတို့၏ အချုပ်အခြာ ပင်ဖြစ်သည်။
ဂ။ ချစ်ခြင်းမေတ္တာသည် ဘုရားသခင်ရွေးကောက်သောသူတို့ အချင်းချင်းကို ရင်းနှီးချည်နှောင်ပေးသောအရာလည်း ဖြစ်သည်။

**၅။ 'စုံလင်ခြင်း'**

က။ ပြည့်ဝစုံလင်သော ရင့်ကျက်ခြင်းကို ဆိုလိုသည်။ သို့သော် အပြစ်ကင်းခြင်း ကို မဆိုလိုပါ။
ခ။ ရင့်ကျက်ခြင်း -
(၁) ယုံကြည်သူတို့၏ ရင့်ကျက်ခြင်း၊
(၂) ဘုရားသခင်ရွေးကောက်သောသူတို့၏ ခရစ်ယာန်အသိုင်းအဝိုင်း ရင့် ကျက်ခြင်းတို့ ဖြစ်သည်။

## 'သင်တို့၏စိတ်နှလုံးအထဲ၌ ခရစ်တော်၏ငြိမ်သက်ခြင်း အုပ်စိုးစေ' (ကော ၃း၁၅)

**ခရစ်တော်၏ (ဝါ) ဘုရားသခင်၏ ငြိမ်သက်ခြင်း**

တမန်တော် ပေါလုသည် 'ငြိမ်သက်ခြင်း' စကားလုံးကို သူရေးသားပြုစုသော ဩဝါဒစာများ၌ နည်းမျိုးစုံဖြင့် အသုံးပြုထားသည်။

၁။ ခရစ်တော်၏ကယ်တင်ခြင်းကြောင့် ဖြစ်လာသောဘုရားသခင်၏ ငြိမ်သက်ခြင်း။ (ရောမ ၅း၁)

၂။ အကျွန်ုပ်တို့၏ စိတ်နှလုံးများကို စိုးရိမ်တိုက်ခိုက်မှုအမျိုးမျိုးမှ ကွယ်ကာ ထိန်းသိမ်းပေးသော ဘုရားသခင်၏ ငြိမ်သက်ခြင်း။ (ဖိလိ ၄း၆-၇)

၃။ နှုတ်ခွန်းဆက်သရာ၌ နှုတ်ဆက်စကားအဖြစ် အသုံးပြုသော ဘုရားသခင်၏ ငြိမ်သက်ခြင်း။ (၁ကော ၁း၃၊ ဧဖက် ၁း၂)

**အုပ်စိုးနေသော ဘုရားသခင်၏ (ဝါ) ခရစ်တော်၏ ငြိမ်သက်ခြင်း**

ပေါလုသည် 'ငြိမ်သက်ခြင်း' နှင့်စပ်ဆိုင်သော ရှုထောင့်တစ်ခုကို အောက်ပါကျမ်းချက်၌ ရေးသားထားသည်။

*သင်တို့စိတ်နှလုံးအထဲ၌ ခရစ်တော်၏ငြိမ်သက်ခြင်း အုပ်စိုးစေ။ ထိုသို့အလို့ငှါ သင်တို့သည် တလုံးတကိုယ်တည်း၌ ခေါ်ထားတော်မူခြင်းကို ခံကြသည်ဖြစ်၍၊ ကျေးဇူးတော်ကို သိသောစိတ်ရှိကြလော့။*
*(ကော ၃း၁၅)*

**၁။ ' သင်တို့စိတ်နှလုံးအထဲ၌ ခရစ်တော်၏ငြိမ်သက်ခြင်း အုပ်စိုးစေ'**

က။ *'အုပ်စိုး'* စကားလုံးသည် *'ထိန်းချုပ်ခြင်း'* ကို ဖော်ညွှန်းသော စကားလုံးဖြစ်သည်။

ခ။ အမိန့်အာဏာပြကာလဖြင့် ရေးသားထားသည်။

(၁) ယုံကြည်သူတိုင်းသည် နှိမ့်ချစွာ၊ ကောင်းမွန်စွာ တုံ့ပြန်ရမည် ဖြစ်သည်။

(၂) အသင်းတော် တစ်ခုလုံးသည်လည်း ငြိမ်သက်ခြင်းနှင့်စပ်ဆိုင်သော သွန်သင်တိုက်တွန်းခြင်းကို ကောင်းမွန်၊ မှန်ကန်စွာ တုံ့ပြန်ရမည်ဖြစ်သည်။

## ၂။ **'ထိုသို့အလို့ငှါသင်တို့သည်တလုံးတကိုယ်တည်း၌ ခေါ်ထားတော်မူခြင်းကို ခံကြသည်ဖြစ်၍'**

က။ ဘုရားသခင်မှ အကျွန်ုပ်တို့အား ခေါ်တော်မူရာ၌ များစွာသော ကဏ္ဍရှိသည်။

(၁) ကယ်တင်ခြင်း အဖို့ ခေါ်ခြင်း၊

(၂) အမှုတော်အတွက် ခေါ်ခြင်း၊

(၃) အသင်းတော်၌အချင်းချင်းငြိမ်သက်စွာ နေထိုင်ကြရန် ခေါ်ခြင်းတို့ ဖြစ်သည်။

ခ။ *'တလုံးတကိုယ်တည်း၌'*

(၁) အသင်းတော်ကို ရည်ညွှန်းသည်။

(၂) ခရစ်တော်၏ခန္ဓာကိုယ် ကိုရည်ညွှန်းသည်။

## ၃။ **'ကျေးဇူးတော်ကို သိသောစိတ်ရှိကြလော့'**

က။ ကျေးဇူးသိတတ်ခြင်းသည် အဓိကသော့ချက် ဖြစ်သည်။

ခ။ ကယ်တင်ခြင်းအမှုကြောင့် ဝမ်းသာကြရမည်။

ဂ။ ခရစ်တော်၏ခန္ဓာကိုယ်ဖြစ်သော အသင်းတော်၏အစိတ်အပိုင်းများ ဖြစ်ကြသောကြောင့် ကျေးဇူးတော် ချီးမွမ်းကြရမည်။

ဃ။ ဤသို့ကျေးဇူးသိတတ်ခြင်းသည် အသင်းတော်ရှိ အချင်းချင်းကြား၌ ဘုရားသခင်၏ငြိမ်သက်ခြင်းကို ထိန်းသိမ်းခြင်းအမှု၌ များစွာအထောက်အကူ ဖြစ်လိမ့်မည်။

င။ ဤ ကျေးဇူးသိတတ်ခြင်း အမှုကိုလည်း အမိန့်အာဏာပြကာလဖြင့် ရေးသားသောကြောင့် အကျွန်ုပ်တို့မှ မဖြစ်မနေ အကောင်အထည် ဖော်ကြရမည် ဖြစ်သည်။

# 'ခရစ်တော်၏နှုတ်ကပတ်တရားသည် . . . သင်တို့အထဲ၌ ကြွယ်ဝစွာတည်နေ၍' (ကော ၃း၁၆)

## ဘုရားသခင်၏နှုတ်ကပတ်တော်

ဘုရားသခင်၏နှုတ်ကပတ်တော်သည် ပေါလုအသက်တာ၌ အဓိက ကျသောအရာတစ်ခုဖြစ်သည်။ ပေါလုအနေဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော် ဟု ဆိုရာ၌ အောက်ပါအချက်များ ပါဝင်သည်။

၁။ ဘုရားသခင်၏မှုတ်သွင်းခြင်းအားဖြင့် ဖြစ်သောအရာဖြစ်သည်။ (၂ တိမော ၃း၁၆-၁၇)

၂။ နံနက်သာ ဘုရားသခင်၏ဥာဏ်တော် ဖြစ်သည်။ (၁ကော ၂း၇)

၃။ ဘုရားသခင်၏ဝိညာဉ်တော်မှ ဖော်ပြခြင်းဖြင့်သာ နားလည်နိုင်သောအရာ ဖြစ်သည်။ (၁ ကော ၂း၁၀)

## ခရစ်တော်၏နှုတ်ကပတ်တော်

တမန်တော် ပေါလုအဖို့ သမ္မာကျမ်းစာသည် သင်ယူလေ့လာ၍ ရသော အသိပညာနှင့်ဆိုင်သော အထည်အလိပ်သာ မဟုတ်။ ပညာရှိပြီး သစ္စာရှိသော တမန်တော်ကြီး ပေါလုသည် မိမိအသက်တာ တစ်ခုလုံးကို သမ္မာကျမ်းစာ လေ့လာခြင်း နှင့် နေ့စဉ်ထိုကျမ်းစာနှင့်အညီ ရှင်သန်ခြင်းတို့ အတွက်လုံးလုံးလျားလျား ဆက်ကပ်အပ်နှံထားသည်။

> *ခရစ်တော်၏နှုတ်ကပတ်တရားသည် ပညာအမျိုးမျိုးနှင့် သင်တို့အထဲ၌ ကြွယ်ဝစွာတည်နေ၍၊ သင်တို့သည် ဆာလံသီးချင်းမှစသော ဓမ္မသီချင်းအမျိုးမျိုးအားဖြင့်၊ အချင်းချင်းတို့ကိုဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကိုပြု၍၊ နူးညံ့သောစိတ်နှလုံးနှင့် ဘုရားသခင့်ရှေ့တော်၌ တင့်တယ်လျောက်ပတ်စွာ သီချင်းဆိုကြလော့။ (ကော ၃း၁၆)*

## ၁။ 'ခရစ်တော်၏နူတ်ကပတ်တရားသည်'

က။ တစ်နည်းအားဖြင့် သမ္မာကျမ်းစာကို ဤသို့ *'ခရစ်တော်၏နူတ်ကပတ် တရား'* ဟုလည်း ဖော်ပြနိုင်သည်။

ခ။ ထိုသို့ ဖော်ပြရာ၌ အထူးသဖြင့် ခရစ်တော်၏သွန်သင်ချက်ကို ပေါ်လွင်စေလိုသည်။

(၁) ကောလောသဲအသင်းတော်သို့ ပေါလုစာရေးသောအချိန်ခါ၌ ခရစ်တော်ယေရှု၏နာမသည်အသရေ ဖျက်ပုတ်ခတ်ခြင်း ခံရသည်။

(၂) ပေါလုသည် ခရစ်တော်ဘက်မှ နေလျက် အခိုင်အမာ ခုခံကာကွယ် ခဲ့သည်။ (ကော ၁-၂)

(၃) ပေါလုသည် ခရစ်တော်၏သွန်သင်ချက်များကို ဤကျမ်းချက်အားဖြင့် ခုခံခဲ့သည်။

## ၂။ ' ခရစ်တော်၏နူတ်ကပတ်တရားသည် . . . သင်တို့အထဲ၌ ကြွယ်ဝစွာတည် နေ၍'

က။ ဤကျမ်းချက်သည် အမိန့်အာဏာပြကာလ ဖြင့်ရေးသားသည်။

ခ။ ထိုအမိန့်အာဏာပြ၏ အရေးပါခြင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) အမိန့်ပေးခြင်းသာ စွမ်းဆောင်သည် မဟုတ်။

(၂) မိမိစိတ်ဆန္ဒကို အနိုင်ယူပြီး နာခံဆုံးဖြတ်ရန် တိုက်တွန်းနှိုးဆော်သည်။

ဂ။ ခရစ်တော်၏နူတ်ကပတ်တရားသည် အကျွန်ုပ်တို့ စိတ်နှလုံးထဲ၌ တည်ရှိနေရမည် ဖြစ်သည်။

(၁) ဘုရားသခင်၏နူတ်ကပတ်တော်ကို သာမန်အားဖြင့် (အကြမ်းအားဖြင့်) နားလည်ခြင်းသည် မလုံလောက်ပေ။

(၂) ဘုရားသခင် နူတ်ကပတ်တော်၏ ပြီးပြည့်စုံသော တန်ခိုးသည်မိမိ တို့စိတ်နှလုံးထဲ၌ ထိုနူတ်ကပတ်တော် တည်နေမှသာလျင် ရရှိခံစားနိုင်မည် ဖြစ်သည်။

**အဘယ်သို့ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ရှုမြင်ကြသနည်း။**

နှုတ်အားဖြင့်သာ ဝန်ခံသောသူများ မဖြစ်ကြဘဲ ဤတမန်တော်၏ မိန့်မှာချက်ကို အလေးအနက်ထားပြီး ခံယူကြရမည်။ အကျွန်ုပ်တို့စိတ်နှလုံးထဲ၌ ဘုရားသခင်၏နှုတ်ကပတ်တော် အမှန်အကန်တည်ရှိသောအခါ ထိုနှုတ်ကပတ်တော်၏ တန်ခိုးကို အကျွန်ုပ်တို့ ကိုယ်တိုင် သက်သေထူနိုင်မည် ဖြစ်သည်။

၁။ ခရစ်တော်၏နှုတ်ကပတ်တရားသည် အကျွန်ုပ်တို့အဖို့ အသစ်သော အသက်နှင့် ခွန်အားကို ဆောင်ကြဉ်းပေးသည်။

၂။ ထိုဘုရားသခင်၏နှုတ်ကပတ်တော်သည် အမှုတော်မြတ်ကို တစ်သက်လုံး ထမ်းဆောင်နိုင်ရန်အကျွန်ုပ်တို့အား ခွန်အားပေး၊တန်ခိုးဖြည့်ပေး နေမည်ဖြစ်သည်။

## 'အချင်းချင်းတို့ကိုဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကိုပြု၍'
## (ကော ၃း၁၆)

**ကြီးမားသော ပြုပြင်ခြင်း**

တမန်တော် ပေါလုသည် သူ့၏အသက်တာနှင့်အမှုတော်မြတ်၌ ခရစ်တော်၏နှုတ်ကပတ်တရား၏ အစွမ်းတန်ခိုး၊ ထိုနှုတ်ကပတ်တရား၏ ကြီးမားသော ပြုပြင်ခြင်းအမှုကို ကိုယ်တွေ့သိရှိနားလည်ခဲ့သည်။ မိမိ၏ အတွေ့အကြုံကို အခြေပြုပြီး အောက်ပါကျမ်းချက်ကို ရေးခဲ့သည်။

> *ခရစ်တော်၏နှုတ်ကပတ်တရားသည် ပညာအမျိုးမျိုးနှင့် သင်တို့အထဲ၌ ကြွယ်ဝစွာတည်နေ၍၊ သင်တို့သည် ဆာလံသီချင်းမှစသော ဓမ္မသီချင်းအမျိုးမျိုးအားဖြင့်၊ အချင်းချင်းတို့ကိုဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကိုပြု၍၊ နူးညွတ်သောစိတ်နှလုံးနှင့် ဘုရားသခင့်ရှေ့တော်၌ တင့်တယ်လျောက်ပတ်စွာ သီချင်းဆိုကြလော့။ (ကော ၃း၁၆)*

**၁။ 'ပညာအမျိုးမျိုးနှင့်'**

က။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ပြုပြင်ပြောင်းလဲလိုသော စိတ်နှင့် လေ့လာဖတ်ရှုသူတိုင်းကို မှန်သောအသိပညာ ရရှိစေသည်။

ခ။ ဓမ္မဟောင်းကျမ်းရှိ အဓိကအသိပညာပေးစာပေများမှာ-

(၁) ဆာလံ ၁၁၉၊

(၂) သုတ္တံကျမ်း နှင့်

(၃) ဒေသနာကျမ်း တို့ဖြစ်ကြသည်။

ဂ။ ဓမ္မသစ်ကျမ်းရှိ အသိပညာပေးစာပေများမှာ-

(၁) ခရစ်ဝင်ကျမ်းများ

(၂) ဩဝါဒစာများ စသည်တို့ ဖြစ်ကြသည်။

ကျမ်းစာရှိသမျှတို့သည် လိုအပ်သောအသိပညာအမျိုးမျိုးကို ပေးစွမ်းနိုင်သည်။

**၂။ အချင်းချင်းတို့ကို ဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကိုပြု၍’**

က။ ကျွန်ုပ်တို့သည် အသိပညာနှင့်ဆိုင်သော အရာများစွာတို့၌ သူတစ်ပါးအား သွန်သင်နိုင်မည်ဖြစ်သည်။

ခ။ မိမိတို့အချင်းချင်းသည်လည်း ဘုရားသခင်၏ နှုတ်ထွက်စကားများအားဖြင့် သတိပေးနိုင်ကြမည် ဖြစ်သည်။

**၃။ အချင်းချင်း အားပေးတိုက်တွန်းခြင်းဆိုင်ရာ ဖော်ပြချက်များ**

က။ ဆာလံသီချင်း

ခ။ ဓမ္မသီချင်းအမျိုးမျိုး တို့ဖြစ်ကြသည်။

ဤအချက်များကို ထောက်၍ ချီးမွမ်းခြင်းအမှုတော်မြတ် (Music Minitry) သည် လွန်ခဲ့သော တစ်ရာစုကတည်းကပင် အတည်ပြုပြီး ဖြစ်ကြောင်း ထင်ရှားသည်။

**၄။ ‘နှုးညွတ်သောစိတ်နှလုံးနှင့် ဘုရားသခင့်ရှေ့တော်၌ တင့်တယ်လျောက် ပတ်စွာ သီချင်းဆိုကြလော့’**

က။ တင့်တယ်လျောက်ပတ်ခြင်းသည် ကျေးဇူးသိတတ်ခြင်း၏ အမှတ်အသား ဖြစ်သည်။

ခ။ မိမိတို့စိတ်နှလုံးထဲ၌ ခရစ်တော်၏နှုတ်ကပတ်တရားများကို တည်စေခြင်း ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ကျေးဇူးများ ပိုမိုသိရှိလာပြီး၊ တင့်တယ် လျောက်ပတ်စွာ ပြုမူလာမည် ဖြစ်သည်။

ဂ။ ဘုရားသခင်က ကျွန်ုပ်တို့အား ညအချိန်၌လည်း သီချင်းပေးမည်ဖြစ်သည်။

ဃ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သိရှိနားလည်သောကြောင့်၊ ထိုနှုတ် ကပတ်တော်၏ အကျိုးကို ကိုယ်တိုင်ခံစားရသောကြောင့်၊ ကျွန်ုပ်တို့သည် အဓိပ္ပာယ်ရှိရှိ သီချင်းများ သီဆိုနိုင်ကြမည် ဖြစ်သည်။

င။ အသင်းတော်သည်လည်း အမှန်ပင် ခွန်အားနှင့်ပြည့်စုံလျက် ဝိညာဉ်ရေး၌ ကြီးထွားသော အဖွဲ့အစည်းတစ်ခု ဖြစ်လာမည် ဖြစ်သည်။

## 'စကားပြောသော်၄င်း၊ အမှုဆောင်ရွက်သော်၄င်း၊'
## (ကော ၃း၁၇)

### ယုံကြည်ခြင်းကို လက်တွေ့ပုံဖော်ခြင်း

တမန်တော်ပေါလုသည် ကျောင်းအတန်းပညာကြောင့် အရည်အချင်း ပြည့်လာသော ဓမ္မအတွေးအခေါ်ပညာရှင်ကြီး မဟုတ်ပေ။ နဲနက်သော ဓမ္မအတွေး အမြင်များကို ဆင်ခြင်သုံးသပ်နိုင်သော်လည်း၊ ပေါလုသည် လူများတို့အား ယုံကြည်ကြ သည့်အတိုင်း လက်တွေ့လုပ်ဆောင်ရန် အမြဲတိုက်တွန်းခဲ့သည်။

*စကားပြောသော်၄င်း၊အမှုဆောင်ရွက်သော်၄င်း၊ သခင်ယေရှု၏ နာမတော်ကို ထောက်၍ ခပ်သိမ်းသောအမှုတို့ကို ပြုမူလျက် ကျေးဇူး တော်ကြီးလှပါ၏ဟု ထိုသခင်ကိုအမှီပြု၍ ခမည်းတော်ဘုရားသခင့် ရှေ့၌ ဝန်ခံကြလော့။ (ကော ၃း၁၇)*

**၁။ 'စကားပြောသော်၄င်း၊အမှုဆောင်ရွက်သော်၄င်း'**

က။ စိန်ခေါ်ချက် ပေးပြီးသော်လည်း၊ ထိုစိန်ခေါ်ချက်မှာ မပြည့်စုံဘဲကျန်ရစ် လျက်ရှိသည်။

(၁) စကားပြောသော်၄င်း၊

(၂) အမှုတောင်ရွက်သော်၄င်း၊

ခ။ စိန်ခေါ်ချက်ကို လက်ခံမှသာ ပြီးပြည့်စုံနိုင်မည် ဖြစ်သည်။

**၂။ 'သခင်ယေရှု၏နာမတော်ကို ထောက်၍ ခပ်သိမ်းသောအမှုတို့ကို ပြုမူလျက်'**

က။သခင်ယေရှုခရစ်တော်၏နာမတော်မြတ်ကို အစဉ်သဖြင့်အောက်မေ့ရမည်။

ခ။ သခင်ခရစ်တော်၏နာမတော်ကို စိတ်နှလုံးတွင်း၌အမြဲစွဲလမ်းရမည်။

(၁) သူအား နာခံခြင်းဖြင့်၊

(၂) )သူ့ကို ချီးမွမ်းလိုသော စိတ်ဆန္ဒ၊

(၃) ငါတို့သည် ခရစ်တော်၏သက်သေ များဖြစ်ကြသည်ဟု သက်သေထူရန် စသည်တို့ဖြစ်သည်။

**၃။ 'ကျေးဇူးတော်ကြီးလှပါ၏ဟု ထိုသခင်ကိုအမှီပြု၍ ခမည်းတော် ဘုရားသခင့်ရှေ့၌'**

က။ စိတ်နှလုံးထဲ၌ ကျေးဇူးတော်ချီးမွမ်းခြင်း ရှိရမည်။

ခ။ စိတ်နှလုံးသည် အမြဲကျေးဇူးသိတတ်လျက်ရှိသည်။

(၁) ဘုရားသခင်ထာဝရဘုရားအား'ခမည်းတော်'ဟုခေါ်ရသော အခွင့်၊

(၂) ထာဝရဘုရားသခင်ကို ကျွန်ုပ်တို့က သူ့သားသမီးများအဖြစ် ဆက်ဆံနိုင်ကြသည်။

(၃) ကျွန်ုပ်တို့သည်လည်း သူ့အမှုတော်မြတ်၌ ပါဝင်ဆက်ကပ်ခွင့်ပြုခြင်းခံရသည်။

**၄။ 'သခင်ယေရှု၏နာမတော်ကို ထောက်၍'**

က။ ဤသို့ သူ့နာမကို ထောက်ပြီး ဆုတောင်းနိုင်ရန် သခင်ယေရှုသည် ကယ်တင်ခြင်းအမှုအားဖြင့် ပြုသည်။

ခ။ ခရစ်တော်သည် ကျွန်ုပ်တို့၏ ဘုန်းကြီးသော ဖြန်ဖြေပေးသူနှင့် ယဇ်ပရောဟိတ်မင်း ဖြစ်သည်။

ဂ။ ခရစ်တော်သည်ကျွန်ုပ်တို့၏ကယ်တင်ရှင်နှင့် အသက်သခင် ဖြစ်သည်။

ဃ။ ခရစ်တော်သည် ကျွန်ုပ်တို့၏ ဆရာနှင့်မိတ်ဆွေကြီး ဖြစ်သည်။

## 'သခင်ဘုရား၌'
## (ကော ၃း၁၈)

**မိသားစု ဆက်နွယ်မှုနှင့်ဆက်ဆံရေး**

သခင်ယေရှုခရစ်တော်အား ယုံကြည်သက်ဝင်မှုသည် မိသားစု (အိမ်တွင်း) ဆက်ဆံရေးအပါအဝင်၊ အခြားသော ဘဝအစိတ်အပိုင်း အားလုံး အပေါ် အကျိုးသက်ရောက် လျက်ရှိသည်။

*အချင်းမိန်းမတို့၊ သခင်ဘုရား၌ လျောက်ပတ်သည်အတိုင်း၊ ကိုယ်ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံကြလော့။ အချင်းယောကျ်ားတို့၊ ကိုယ်ဇနီးကို ချစ်ကြလော့။ ကြမ်းတမ်းစွာ မပြုကြနှင့်။ သားသမီးတို့၊ မိဘစကားကို အရာရာ၌ နားထောင်ကြလော့။ မိဘစကားကို နားထောင်ခြင်းအမှုသည် သခင်ဘုရားနှစ်သက်တော်မူသော အမှုဖြစ်သည်။ အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်။ ထိုသို့ပြုလျှင်၊ သူတို့သည် အားလျော့စိတ်ပျက်ခြင်းသို့ ရောက်ကြလိမ့်မည်။*
*(ကော ၃း၁၈-၂၁)*

**၁။ မတူသော အဖွဲ့လေးခု**

က။ မိန်းမတို့၊
ခ။ ယောကျ်ားတို့၊
ဂ။ သားသမီးနှင့်
ဃ။ မိဘတို့ ဖြစ်ကြသည်။

**၂။ အပြန်အလှန် ဆက်နွယ်နေသော အဖွဲ့နှစ်ခု**

က။ မိန်းမများနှင့် ယောကျ်ားများ
ခ။ သားသမီးများနှင့် မိဘများ

### ၃။ တိုက်တွန်းနှိုးဆော်ခြင်း

က။ ဝိညာဉ်ရေး၌

(၁) *'သခင်ဘုရား'* ဟု နှစ်ကြိမ်တိုင်တိုင် ဖော်ပြသည်။

(၂) သခင်ဘုရား၏အခန်းကဏ္ဍကို အသိအမှတ်ပြု၍ ဦးစားပေးရမည်။

ခ။ လက်တွေ့၌

(၁) မိန်းမများသည် *'ဝန်ခံခြင်း'* ကို သင်ယူကြရမည်။

(၂) ယောကျ်ားများသည်လည်း ပိုပြီး ကြင်နာယုယတတ်ရန် နှင့် အပြစ်မယူတတ်ရန် သင်ယူကြရမည်။

(၃) သားသမီးများသည် မိဘစကားကို နားထောင်တတ်အောင် ပို၍ကျင့်ကြံအားထုတ်ကြရမည်။

(၄) သားသမီးများ စိတ်ပျက်အားငယ်စိတ်မရှိဖို့ မိဘများသည်လည်း သားသမီးများအပေါ် ပို၍ နားလည်ပေးတတ်ကြရမည်။

### လက်တွေ့ဆိုင်ရာ အသေးစိတ်များ

ပေါလုသည် မိသားစုဆက်ဆံရေးနှင့် စပ်လျဉ်းပြီး သင်းအုပ် အကြံပေးခြင်းအမှု၌ အသေးစိတ်မဖော်ပြချေ။ မိသားစုတိုင်းသည် အများနှင့် မတူဘဲ၊ ကွဲပြားခြားနားသောကြောင့် ဖြစ်သည်။ မိသားစု၌ မည်သည့် ပြဿနာမျိုး ရှိနေပါစေ၊ ထိုပြဿနာကို သခင်ဘုရား၏နှုတ်ကပတ်တော် နှင့်အညီ၊ ဉာဏ်ပညာနှင့် လည်းကောင်း၊ နှိမ့်ချခြင်းနှင့်လည်းကောင်း၊ ယုံကြည်ခြင်းကို လက်တွေ့ ဖော် ဆောင်ခြင်းဖြင့်လည်းကောင်း ဖြေရှင်းရမည်။

သခင်ဘုရား၏နာမတော်အဖို့အလို့ငှာ၊ မိသားစုတိုင်းသည် ပြဿနာများကို ဂုဏ်ကျက်သရေရှိရှိ၊ သိက္ခာရှိရှိကိုင်တွယ်ဖြေရှင်းကြရမည်။ ယုံကြည်ခြင်း၌ ရင့်ကျက်ခြင်းနှင့် မိသားစုအတွင်း အချင်းချင်း နားလည်ပေးကြခြင်းတို့သည် သခင်ဘုရားအတွက် မိသားစုအလိုက် သက်သေခံရာ၌ များစွာ အထောက်အကူ ပြုမည်ဖြစ်သည်။

## 'အစေခံကျွန်တို့၊. . . အရာရာ၌. . .'
## (ကော ၃း၂၂)

**တစ်ရာစုခေတ်က ဘဝ (လူမှုရေးအဆင့်အတန်း)**

အောက်ဖော်ပြပါ ကျမ်းချက်ကို တစ်ရာစုကာလဘဝအခြေအနေ အဖြစ် နားလည်ထားရမည်။ ရောမအင်ပါယာကြီးသည် ဥရောပတစ်ခုလုံး၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကတိုက်ထိပါ အုပ်ချုပ်ကြီးစိုးခဲ့သည်။ ထိုခေတ်၌ ကျွန်စနစ်သည် လူမှုအသိုင်းအဝိုင်း၌ အတည်ပြုကျင့်သုံးသော စနစ်တစ်ခု ဖြစ်သည်။

> *အစေခံကျွန်တို့၊ သခင်ဘုရားကို ကြောက်ရွံ့လျက် လူတို့၏စိတ်ကို နှုးညွတ်စေသောသူကဲ့သို့၊ မျက်မှောက်၌သာ နားထောင်သည်မဟုတ်၊ စိတ်နှစ်ခွမရှိဘဲ၊ လောကီသခင်၏စကားကို အရာအရာ၌ နားထောင်ကြလော့။ လူ၏အမှုကိုသာ ဆောင်ရွက်သကဲ့သို့မဟုတ်၊ သခင်ဘုရား၏အမှုတော်ကို ဆောင်ရွက်သကဲ့သို့၊ ပြု လေသမျှတို့၌ စေတနာစိတ်နှင့် ပြုကြလော့။သင်တို့သည် သခင်ခရစ်တော်၏အစေကို ခံကြသည်ဖြစ်၍၊ အမွေတော်တည်း ဟူ သောအကျိုးကို၊ ထိုသခင်ဘုရား၏လက်တော်မှ ခံရကြလိမ့် မည်ဟု သိမှတ်ကြလော့။ မတရားသောအမှုကို ပြုသောသူမည်သည်ကား၊ မိမိပြုသောအမှု၏အကျိုးအပြစ်ကို ခံရလိမ့်မည်။ အဘယ်သူ၏မျက်နှာကို မှတ်တော်မမူ။*
>
> *(ကော ၃း၂၂-၂၅)*

**၁။ 'အစေခံကျွန်တို့'**

က။ ဤစကားလုံးသည် ခရစ်ယာန်ကျွန်များကို ရည်ညွှန်းသည်။ အစေခံကျွန် ဟု တိတိကျကျ အဓိပ္ပာယ်ရှိသည်။

ခ။ ခရစ်ယာန်ပီသသော အစေခံကျွန်အဖြစ် ကျင့်ဆောင်ကြရန် တိုက်တွန်းခြင်း ဖြစ်သည်။

## ၂။ အတုယူဖွယ်သော အကျင့်စာရိတ္တ ဖော်ညွှန်းခြင်း

က။ ခရစ်ယာန်အစေခံကျွန်များသည် အောက်ပါအချက်များကို ဖော်ထုတ်ကြရမည်။

(၁) စစ်မှန်သော နာခံခြင်း၊

(၂) ရိုးသားဖြူစင်ခြင်း၊

(၃) ဘုရားသခင်ကို ကြောက်ရွံ့ခြင်း၊

(၄) *'စိတ်နှစ်ခွမရှိခြင်း'* သည် ရိုးသားခြင်းကို ဖော်ပြသည်။

(၅) သခင်ယေရှုခရစ်တော်၏အမှုကို ဆောင်ရွက်သကဲ့သို့ (သခင်တို့၏အစေကိုခံ) ဆောင်ရွက်ကြရမည်။

ခ။ ခရစ်ယာန်အစေခံကျွန်များသည် အောက်ပါတို့ကို ရှောင်ရှားရမည်။

(၁) မျက်မှောက်၌သာ နားထောင်ခြင်း၊

(၂) လူတို့၏စိတ်ကို နှုးညွတ်စေခြင်း (လူကိုသာ ကျေနပ်စေခြင်း) တို့ဖြစ်သည်။

## ၃။ ဆုလာဘ် (အကျိုးကျေးဇူး)

က။ သစ္စာရှိရှိ အစေခံသောသူတိုင်းအတွက် အကျိုးကျေးဇူးတို့သည် စောင့်လျက်နေသည်။

ခ။ သင့်လျော်သော အပြစ်ဒဏ်သည် သစ္စာရှိရှိ အစေမခံနိုင်သောသူတို့အတွက်သာ ဖြစ်သည်။

## ကောင်းမြတ်၍ လက်တွေ့ကျသော အကြံဉာဏ်

ပေါလုသည် သူ့ခေတ်က ကျွန်စနစ်ကို ဖျက်သိမ်းရန် မဆန့်ကျင်၊ မစိန်ခေါ်ခဲ့ပါ။ သူ၏ အလေးထားသောအရာများမှာ ဝိညာဉ်ရေးနှင့် ထာဝရအရေး များဖြစ်ကြသည်။ ရင့်ကျက်သောသူ၏ဘဝအမြင်သည် လေ့လာသင့်သော၊ အတုယူသင့်သော အရာပင် ဖြစ်သည်။ မည်သည့်ဘဝအခြေအနေ၌ မဆို၊ သခင်ဘုရား အဖို့အလို့ငှာ၊ အကောင်းဆုံး သက်ရှင်နိုင်ရန် ကျွန်ုပ်တို့၏ စိတ်နှလုံးသည် အစဉ်စိန်ခေါ်လျက်ရှိနေရမည်ဖြစ်သည်။

# အခန်း (၄)

# ကာလအချိန်ကို ရွေးနှုတ်ခြင်း

## 'သင်တို့၏သခင်သည် ကောင်းကင်ဘုံ၌ရှိတော်မူသည်ကို သိမှတ်၍' (ကော ၄း၁)

### တာဝန်ရှိသော (လောကီ) သခင်များ

တမန်တော် ပေါလုသည် ခရစ်ယာန်အစေခံကျွန်များသာ မဟုတ်ဘဲ၊ ခရစ်ယာန်သခင်များကိုလည်း တိုက်တွန်းကြောင်းတွေ့ရသည်။ ခရစ်ယာန်သခင်များသည်လည်း သူတို့၏အစေခံကျွန်များကို ဆက်ဆံရာ၌ တာဝန်ယူမှု၊ တာဝန်သိမှု ရှိနေရမည်။

*သခင်တို့၊ သင်တို့၏သခင်သည် ကောင်းကင်ဘုံ၌ ရှိတော်မူသည်ကို သိမှတ်၍၊ ဖြောင့်မတ်ခြင်းတရား၊ မျှတခြင်းတရားနှင့်အညီ ကိုယ်ကျွန်တို့ကို ပြုကြလော့။ (ကော ၄း၁)*

### ၁။ 'သခင်တို့'

က။ ကျွန်ပိုင်ရှင်များ ဖြစ်ကြသည်။

ခ။ ဂရိဘာသာအားဖြင့်(Kurios)ဟု ခေါ်ရာ၊ ၎င်း၏အဓိပ္ပာယ်မှာ 'သခင်' ဖြစ်သည်။

ဂ။ အစေခံကျွန်များသည် ၎င်းတို့၏ အရှင်များကို 'သခင်' ဟု ခေါ်လေ့ရှိကြသည်။

### ၂။ များစွာသော အလွဲသုံးစားမှု

က။ များစွာသော လောကီသခင်တို့သည် သူတို့၏ကျွန်များကို အလွဲသုံးစားမှု ပြုကြသည်ဟု ပြောလျှင် မှားမည်မဟုတ်။

ခ။ ကျွန်များသည် အသုံးအဆောင်၊ ကိရိယာတန်ဆာပလာများ ဖြစ်သောကြောင့်၊ လွယ်ကူစွာ စွန့်ပစ်ခြင်းခံကြရသည်။

ဂ။ ကျွန်များသည် မည်သည့်အခွင့်အရေးမျှ အတိအကျ ပိုင်ဆိုင်ခြင်းမရှိ။

**၃။ 'ဖြောင့်မတ်ခြင်း၊ တရားမျှတခြင်းတရားနှင့်အညီ ကိုယ်ကျွန်တို့ကို ပြုကြလော့'**

က။ အစေခံကျွန်များသည် အဖိုးအခ မရဘဲ အလုပ်လုပ်ကြရသည်။

ခ။ သူတို့သည် သူတို့သခင်များ၏ ပိုင်ဆိုင်မှုများသာ ဖြစ်ကြသည်။

ဂ။ ပေါလုသည် ခရစ်ယာန်ကျွန်ပိုင်ရှင်များအား အများနှင့် မတူသောအရာတစ်စုံတစ်ရာ ဆောင်ရွက်ရန် တိုက်တွန်းသည်။

(၁) သူတို့၏ကျွန်များကို မျှတစွာ ဆက်ဆံကြရမည်။ ကျွန်တို့ကို မခွဲခြားဘဲ တန်းတူညီတူ ဆက်ဆံခြင်းကို ဆိုလိုသည်။

(၂) သူတို့၏ကျွန်များကို ဖြောင့်မတ်စွာ ဆက်ဆံကြရမည်။ ကျွန်ပိုင်ရှင်များမှ မိမိတို့၏ တစ်ဖက်သတ် ကောင်းစားရေးသာ မကြည့်ဘဲ၊ နှစ်ဖက်အကျိုးပြုရေးကို ဦးတည်ပြီး ဆက်ဆံကြရမည်။

**၄။ 'သင်တို့၏သခင်သည် ကောင်းကင်ဘုံ၌ရှိတော်မူသည်ကို သိမှတ်၍'**

က။ ပေါလုသည် ခရစ်ယာန်ကျွန်သခင်တို့အား သူတို့မှာလည်း ကောင်းကင်ဘုံ၌ ရှိတော်မူသောသခင်ရှိကြောင်း သတိပေးလိုက်သည်။

ခ။ သခင်ယေရှုသည် ကောင်းကင်ဘုံ၌ရှိတော်မူသော သူတို့၏သခင်ဖြစ်သည်။ ယုံကြည်ခြင်းသည် ကျွန်နှင့်ပ်တို့၏ဘဝအစိတ်အပိုင်းတိုင်း၌ အကျိုးသက်ရောက်မှုရှိရမည်။

ပေါလုက သူ့စာဖတ်ပရိတ်သတ်တို့အား သူတို့၏ယုံကြည်ခြင်းကို အသက်တာ၌ ကျင့်သုံးရန် အားပေးနှိုးဆော်ခဲ့သည်။

၁။ အစေခံကျွန်များသည် မိမိတို့အလုပ်ကို သစ္စာရှိရှိ ကောင်းကောင်းမွန်မွန် ဆောင်ရွက်ရန် တိုက်တွန်းခြင်းခံကြရသည်။

၂။ ကျွန်သခင်များသည်လည်း ထိုနည်းတူစွာ ၎င်းတို့၏ကျွန်များအပေါ် ကြီးမားသောတာဝန်ရှိ ကြသည်။

၃။ အားလုံးသည် (ကျွန်များနှင့်ကျွန်သခင်များ) အောက်ပါအချက်များကို စိတ်စွဲလမ်းနေရမည်။

(၁) သခင်ယေရှုခရစ်တော်၌ တည်သောသူတို့၏ ယုံကြည်သက်ဝင်မှု၊

(၂) သူတို့၏သခင်ဖြစ်တော်မူသောသခင်ယေရှုခရစ်တော် စသည်တို့ဖြစ်ကြသည်။

## ‘ဆုတောင်းပဌနာပြုခြင်းအမှုကို အမြဲပြု၍’
## (ကော ၄း၂)

### များများဆုတောင်းရန် တိုက်တွန်းခြင်း

တမန်တော်ပေါလုသည် ဆုတောင်းခြင်း အလေ့အထ ရှိသောသူ ဖြစ်သည်။ သူရေးသားသောဩဝါဒစာများ၌ ဆုတောင်းခြင်းဆိုင်ရာ အကြောင်း များကို တစ်နည်းတစ်ဖုံအားဖြင့် ရေးသားဖော်ပြလျက်ရှိသည်။ ထိုဆုတောင်းချက် များကို တစ်ခါတစ်ရံ ဩဝါဒစာ၏အစပိုင်း၊ အဆုံးပိုင်း၊ သို့မဟုတ် အစနှင့်အဆုံး နှစ်နေရာ၌လည်းကောင်း ဖော်ပြလေ့ရှိသည်။

*ဆုတောင်းပဌနာပြုခြင်းအမှုကို အမြဲပြု၍၊ ကျေးဇူးတော်ကိုချီးမွမ်းလျက် စောင့်ရှောက်ကြလော့။ (ကော ၄း၂)*

### ၁။ ‘အမြဲပြု၍’

က။ အမိန့်အာဏာပြကာလဖြင့် ရေးသား၍ ပေါလုသည် သူအလေးပေး ပြောလိုသောအရာကို သိသာစွာ အထူးပြုဖော်ပြသည်။

ခ။ အကြံပေးနေခြင်း မဟုတ်ကြောင်း ထင်ရှားစေသည်။

ဂ။ မသိမသာ၊မထင်ရှားသော ဆိုလိုချက်များ

(၁) အချိန်ပေးဆုတောင်းခြင်းပြုရန်၊

(၂) ဆုတောင်းပဌနာပြုခြင်းအမှုကို အစဉ်မပျက်ဆောင်ရွက်ရန်၊

(၃) ဆုတောင်းခြင်းအမှု၌ စိတ်နှလုံးပါလျက် ဆက်ကပ်ခြင်းပြုရန် စသည်တို့ဖြစ်ကြသည်။

### ၂။ ‘စောင့်ရှောက်ကြလော့’

က။ *‘စောင့်ရှောက်ခြင်း’* ၏ ဆိုလိုချက်မှာ -

(၁) အိပ်ငိုက်ခြင်းအား အခွင့်မပေးရန်၊

(၂) အစဉ်သဖြင့် သတိရှိရှိ နိုးနေရန် တို့ဖြစ်သည်။

ခ။ သခင်ယေရှုက သူ့တပည့်တော်တို့အား *‘ဆုတောင်းလျက် စောင့်နေကြလော့’* မိန့်မှာခဲ့သည်။ (မဿဲ ၂၆း၄၁)

(၁) ထိရောက်သော ဆုတောင်းခြင်းအမှုကို အဟန့်အတား ဖြစ်သမျှ သော အရာတို့ကို (ကျွန်ုပ်တို့သည်) တိုက်လှန် ရမည်။

(၂) *'သတိနှင့်စောင့်နေခြင်း'* သည် အထူးတလည် တတ်မြောက် ကျွမ်းကျင် အပ်သော ဝိညာဉ်ရေးစည်းမျဉ်း တစ်ခုဖြစ်သည်။

**၃။ 'ကျေးဇူးတော်ကိုချီးမွမ်းလျက်'**

က။ ကျေးဇူးတော်ချီးမွမ်းလျက် ဆုတောင်းခြင်းသည် ပေါလု၏ သိသာထင်ရှား သော အမှတ်လက္ခဏာ တစ်ခုဖြစ်သည်။

ခ။ ကျေးဇူးတော်ချီးမွမ်းခြင်းကို ဆုတောင်းပတ္ထနာပြုခြင်း၏ တိကျသောအစိတ် အပိုင်း တစ်ခုအဖြစ် ပါဝင်သတ်မှတ်ကြရန် စာဖတ်ပရိသတ်များကို ပေါလုက တိုက်တွန်းခြင်း ဖြစ်သည်။

ဂ။ ဆုတောင်းရာ၌ ကျေးဇူးတော်ချီးမွမ်းခြင်း ပါဝင်ရခြင်းအကြောင်း ရင်းများမှာ-

(၁) ဆုတောင်းခြင်းကို ငြီးငွေ့ဖွယ်ကောင်းသော အမှုအရာအဖြစ်ရှုမြင်ခြင်း မှ ကာကွယ်သည်။

(၂) ဆုတောင်းခြင်း၏ နေရာမှန်ကို မှန်ကန်စွာ ပေါ်လွင်စေသည်။

(၃) ဆုတောင်းခြင်းအမှုသည် ယုံကြည်သူတိုင်းအား ဘုရားသခင် ပေးသနား တော်မူသော အခွင့်အရေးဖြစ်သည်။

(၄) ကျေးဇူးတော်ချီးမွမ်းလျက် ဆုတောင်းခြင်းသည် ဆုတောင်းရန် ကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုကို ပိုပြီးအားတက်စေသည်။

(၅) ထိုသို့ ကျေးဇူးတော်ချီးမွမ်းလျက် ဆုတောင်းခြင်းအမှုသည် သခင်ဘုရား ၌တည်သော ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ပို၍ ထင်ဟပ်စေသည်။

**'ငါတို့အဘို့လည်း ဆုတောင်းကြလော့'**
**(ကော ၄း၄)**

**ဆုတောင်းပေးကြရန် တောင်းဆိုခြင်း**

လူတိုင်းက ဆုတောင်းပေးခြင်းကို တောင်းဆိုကြသည်။ အားကြီး၍ အောင်မြင်နေသော တမန်တော်ပေါလုသည်လည်း သူ့အမှုတော်မြတ်အဖို့ ဆုတောင်းပေးကြရန် အကူအညီတောင်းဆိုခဲ့သည်။

> *ငါသည် ခရစ်တော်၏နက်နဲသောအရာကြောင့် အချည်အနှောင်ခံရသည်ဖြစ်၍၊ ထိုနက်နဲသောအရာကို ဟောပြောခြင်းငှါ၊ ဘုရားသခင်သည် တရားဟောရာတံခါးကို ငါတို့အားဖွင့်တော်မူမည်အကြောင်းကိုငှင်း၊ ထိုနက်နဲသောအရာကို ဟောပြောအပ်သည်နှင့်အညီ ငါဖော်ပြမည်အကြောင်းကိုငှင်း၊ ငါတို့အဘို့လည်း ဆုတောင်းကြလော့။*
> *(ကော ၄း၃-၄)*

**၁။ 'ငါတို့အဘို့လည်း ဆုတောင်းကြလော့'**

က။ တိကျသော ဆုတောင်းချက်ကို တောင်းဆိုသည်။

ခ။ မည်မျှပင်ခွန်အားကြီးသောသူဖြစ်ပါစေ အခြားသူတို့၏ဆုတောင်းပေးခြင်း မလိုအပ်သောသူ ဟူ၍ မရှိပေ။

**၂။ တိကျသော ဆုတောင်းခံချက်များ**

က။ *'ဘုရားသခင်သည် တရားဟောရာ တံခါးကို ဖွင့်ပေးတော်မူမည် အကြောင်း'*-

(၁) အခွင့်အခါကောင်းများ၊ တရားဟောရာတံခါးများကို ဘုရားသခင်ကသာလျှင် ဖွင့်ပေးမည်ဖြစ်သည်။

(၂) ဘုရားသခင်သာလျှင် ပိတ်နေသော တံခါးများကို ဖွင့်နိုင်မည်ဖြစ်သည်။

ခ။ *'တရားဟောရာ တံခါး'*

(၁) ဘုရားသခင်၏နှုတ်ကပတ်တရား အမှုတော်ကို ပေါလု ရည်ညွှန်းနေသည်။

(၂) ပေါလုသည် မိမိအတွက် ဆုတောင်းပေးရန် စဉ်းစားမိခြင်း၊ တောင်းဆိုခြင်း မပြုခဲ့ပေ။

ဂ။ *'ထိုနက်နဲသောအရာကို ဟောပြောခြင်းငှါ'*

(၁) *'နက်နဲသောအရာ'* သည် ဘုရားသခင်မှ တမန်တော်တို့အား ပေးသနားတော်မူသော ဗျာဒိတ်တော် (ဖွင့်ပြချက်များ)ကို ဆိုလိုသည်။

(၂) ဤ နက်နဲသောအရာ၏ အဓိကဦးတည်ချက်မှာ သခင်ယေရှုခရစ်တော်ပင် ဖြစ်သည်။

(၃) ခရစ်တော်၏အကြောင်းကို ဟောပြောရသော အခွင့်ဟူသည့် တံခါးကို ဘုရားသခင် ဖွင့်ပေးတော်မူရန် ဆုတောင်းပေးကြရန် ပေါလုသည် ကောလောသဲယုံကြည်သူတို့ကို တောင်းဆိုသည်။

ဃ။ *'ငါသည် ခရစ်တော်၏နက်နဲသောအရာကြောင့် အချုပ်အနှောင်ခံရသည်ဖြစ်၍'*

(၁) အချုပ်အနှောင်ခံခြင်းဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော် နှင့် ဆိုင်သော အမှုတော်ကို လွန်စွာ အကျိုးပေးသည် မဟုတ်။

(၂) အချုပ်အနှောင် (ထောင်ထဲ၌နေရသော်လည်း) ခံနေရသော်လည်း၊ ခရစ်တော်၏အကြောင်းကို ဟောပြောရသော အခွင့်တည်းဟူသော တံခါး ပွင့်လာရန် ပေါလုဆုတောင်းသည်။

င။ *'ထိုနက်နဲသောအရာကို ဟောပြောအပ်သည်နှင့်အညီ ငါဖော်ပြမည် အကြောင်း'*

(၁) ထိရောက်စွာ တရားဟောနိုင်ခြင်းသည် အလိုအလျောက် ဖြစ်လာသော အရာ မဟုတ်။

(၂) ခရစ်တော်အဖို့ ထိရောက်စွာ တရားဟောပြောနိုင်ရန် ပေါလုက ကောလောသဲယုံကြည်သူတို့အား ဆုတောင်းပေးကြရန် တောင်းဆိုသည်။

(၃) ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဟောပြောသောသူတို့သည် ပေါလုကဲ့သို့ ခရစ်တော်၏အကြောင်းကို ခရစ်တော်ကိုယ်စား ထိရောက်စွာ ဟောပြောလိုကြသည်။

(၄) သခင်ဘုရားက သူ့အစေခံကျွန်များကို ဝိညာဉ်တော်အားဖြင့် တန်ခိုးပေးပြီး မစနေရန် များစွာသော ဆုတောင်းပဌာပြုရမည်ဖြစ်သည်။

# 'ပညာနှင့် ကျင့်ဆောင်'
# (ကော ၄း၅)

## ပညာရှာဖွေခြင်း

လူတို့သည် ပညာကိုရှာ၍ ရရှိနိုင်စေရေးအတွက် သမ္မာကျမ်းစာကို ရေးသားရခြင်း ဖြစ်သည်။ ပညာကို အစွမ်းအစရှိသမျှဖြင့် ရှာဖွေရန်တိုက်တွန်းမှုများကိုလည်း ဓမ္မဟောင်း၊ ဓမ္မသစ်နှစ်မျိုးစလုံး၌ တွေ့ရသည်။

## ပညာ၌ကျင့်ဆောင်ခြင်း

တမန်တော်ပေါလုသည် ထိုပညာရှာဖွေခြင်းကို ပိုမိုလေးနက်စွာ အဓိပ္ပာယ်ဖော်ထုတ်သည်။ စာဖတ်ပရိသတ်များအား သူတို့ရှာဖွေရရှိသော ပညာကို သူတို့၏ ခရစ်ယာန်ကျင့်ဆောင်ခြင်းအဖြစ် ပြောင်းလဲရန် တိုက်တွန်းသည်။

*ပြင်ပလူတို့၏မျက်နှာကို ထောက်လျက်၊ ပညာနှင့်ကျင့်ဆောင်၍*
*ကာလအချိန်ကို ရွေးနှုတ်ကြလော့။ (ကော ၄း၅)*

## ပေါလု ရည်ညွှန်းသော ပညာ

ပေါလုပြောနေသော ပညာသည် လုံးဝတိကျသောအရာဖြစ်သည်။ ၎င်းသည် လောကီပညာ မဟုတ်ပါ။

## ၁။ ခရစ်တော်၌ ဝှက်ထားသောအရာ

က။ ဘုရားသခင်ကို သိကျွမ်းသောပညာသည် ခရစ်တော်အားဖြင့်၊ ခရစ်တော်ထဲ၌သာ ရရှိနိုင်သောအရာ ဖြစ်သည်။ (ကော ၂း၂)

ခ။ ပညာဘဏ္ဍာနှင့် ဉာဏ်ဘဏ္ဍာ ရှိသမျှတို့သည် ခရစ်တော်၌သာရရှိနိုင်မည် ဖြစ်သည်။ (ကော ၂း၃)

**၂။ ခရစ်တော်ကို သိကျွမ်းသော ပညာကိုသွန်သင်ပေးရန် ဆက်ကပ်ခြင်း**

က။ တစ်ဖက်၌

(၁) မှားယွင်းသောပညာကို ဖော်ထုတ်ပြီး၊ ပယ်ဖျက်ရမည် ဖြစ်သည်။ (ကော ၂း၂၃)

(၂) ထိုမိစ္ဆာဒိဋ္ဌိသည် မည်သည့်အကျိုးမျှ မရှိသည်ကို လူတို့သိရမည်။ (ကော ၂း၂၃)

ခ။ ကျန်တစ်ဖက်၌

(၁) ခရစ်တော်အကြောင်း သွန်သင်ရာ၌ ပညာနှင့် ဉာဏ်ကို အသုံးချရမည်။ (ကော ၁း၂၈)

(၁) ထိုသို့ ပညာနှင့်ဉာဏ်ကို အသုံးပြုပြီး သွန်သင်ရခြင်း၏ ရည်ရွယ်ချက်မှာ ယုံကြည်သူများ စုံလင်စွာရင့်ကျက်လာကြရန် ဖြစ်သည်။ (ကော ၁း၂၈)

**ခရစ်ယာန်တို့ ကျင့်ဆောင်ရန် ကျင့်ဝတ်**

ပညာ စုဆောင်းရှာဖွေခြင်းကို အားပေးတိုက်တွန်းသည်။ ပိုပြီး အရေးကြီးသည်မှာ ထိုပညာကို လက်တွေ့ဘဝနှင့် အသက်တာတို့၌ အသုံးပြုရမည် ဖြစ်သည်။

**၁။ 'ပြင်ပလူတို့၏မျက်နှာကို ထောက်လျက်၊ ပညာနှင့်ကျင့်ဆောင်၍'**

က။ ဤနေရာ၌ ပေါလုသည် လောက၌ ကျွန်ုပ်တို့ အဘယ်သို့ အသက်ရှင်ကြသည်ကို အလေးထားသည်။

ခ။ ပညာနှင့်ကျင့်ဆောင်ခြင်းဖြင့်၊ ကျွန်ုပ်တို့သည် လောကလူသားတို့ကို လုံးဝလွှမ်းမိုးနိုင်မည်။

ဂ။ ပညာနှင့်ကျင့်ဆောင်ခြင်းဖြင့်၊ ကျွန်ုပ်တို့သည် မယုံကြည်သူများကို ခရစ်တော်ထံသို့ ခေါ်ဆောင်နိုင်မည်လည်း ဖြစ်သည်။

**၂။ 'ကာလအချိန်ကို ရွေးနှုတ်ကြလော့'**

က။ ပညာ၏သွန်သင်ခြင်းကြောင့် ကျွန်ုပ်တို့သည် အချိန်ကို တန်ဖိုးထား လာသည်။

ခ။ အချည်းနှီးသောအရာများ လိုက်လံရှာဖွေခြင်းအမှုအတွက် အချိန်ကို ပေါ့ပေါ့ တန်တန် မသုံးသင့်ပါ။ သုံးရန် အချိန်လည်း မရှိပေ။

ဂ။ အချိန်ကာလသည် 'ရွေးနှုတ်' ရသည်။ ဆိုလိုသည်မှာ အချိန်ကို တန်ဖိုးရှိရှိနဲ့ လုယူပြီး အသုံးပြုရမည် ဖြစ်သည်။

## 'သင်တို့စကားသည် ဆားအားဖြင့် ငန်သောအရသာနှင့် ပြည့်စုံလျက်. . .'
## (ကော ၄း၆)

### ဆက်ဆံရေး အတတ်ပညာ

ဆက်ဆံရေးသည် အမှန်တကယ် အတတ်ပညာတစ်မျိုးဖြစ်သည်။ ဘာသာစကားသည် အလွန်တန်ခိုးကြီးသော ဆက်ဆံရေး တန်ဆာပလာတစ်ခု ဖြစ်သည်။ ဘာသာစကား အသုံးအနှုန်းတစ်ခုခုကို အလွဲသုံးစား ပြုမိပါက၊ ဆက်ဆံရေး ၌ မလိုလားသောဆိုးကျိုးများစွာ ရှိလာမည် ဖြစ်သည်။ သို့သော်၊ ဘာသာစကားကို မှန်မှန်ကန်ကန်နှင့် ကောင်းမွန်စွာ အသုံးပြုပါက များစွာသော အကျိုးကျေးဇူး ရှိလာမည်ဖြစ်သည်။

*လူအသီးသီးတို့အား အဘယ်သို့ပြန်ပြောရမည်ကို သိနိုင်မည်အကြောင်း၊ သင်တို့စကားသည် ဆားအားဖြင့်ငန်သောအရသာနှင့်ပြည့်စုံလျက်၊ အစဉ်မပြတ် တင့်တယ်လျောက်ပတ်ပါစေ။*
*(ကော ၄း၆)*

### ၁။ 'စကား'

က။ အလေးထား ဖော်ပြလိုသော အရာမှာ 'စကား' ဖြစ်သည်။
ခ။ *'စကား'* ကို မှန်ကန်ပြီး ကောင်းမွန်စွာ အသုံးပြုခြင်းနှင့် ဆိုင်သည့် အမှန်တရားသည် အခြားဆက်ဆံရေး နည်းဖြစ်သော 'စာရေးခြင်း'နှင့်လည်း သက် ဆိုင်သည်။

### ၂။ သတိမထားဘဲ ပြောထွက်သောစကား၏ အန္တရာယ် (ဝါ) ဆိုးကျိုး

က။ တမန်တော် ယာကုပ်သည် နှုတ်မထိန်းနိုင်ခြင်း၏ ဆိုးကျိုးများကို ရေးသားခဲ့သည်။
ခ။ ရှင်ယာကုပ်အခန်းကြီး(၃)သည်အနှုတ်လက္ခဏာဆောင်သော စကား၏ ဆိုးကျိုးကို ဖော်ပြသည်။ (ယာကုပ် ၃း၁-၁၂)

**၃။ ဤအကြံပေးချက်၏ နောက်ခံအခြေအနေ**

က။ လောကီသားတို့အား ကျွန်ုပ်တို့ စကားပြောသောအခါ၊

ခ။ အသင်းတော်ရှိ အသင်းဝင်များအား ကျွန်ုပ်တို့ စကားပြောသောအခါ၊

ဂ။ ဉာဏ်ပညာကို အစဉ်အောက်မေ့ပြီး စိတ်စွဲလမ်းနေရမည်။

**၄။ ကောင်းသော ခရစ်ယာန်စကား၏ လက္ခဏာများ**

ဉာဏ်ပညာ၌ ကျင့်ဆောင်ကြရန် ပေါလုအကြံပေးခြင်းနှင့် ဆက်စပ်သောအရာဖြစ်သည်။ သင့်လျော်လျောက်ပတ်စွာ စကားပြောတတ်ရန် သင်ယူစေလိုသောဆန္ဒနှင့် ပေါလုက ဤခရစ်ယာန်တို့၏စကားပြောဆိုခြင်း ကိုသီးသန့်ဖော်ထုတ်လိုက်ခြင်း ဖြစ်သည်။ ကောင်းသော စကားတို့၏ လက္ခဏာနှစ်ခုကို ဖော်ပြရေးသားလိုက်သည်။

က။ တင့်တယ်လျောက်ပတ်သော စကား၏ လက္ခဏာများမှာ-

(၁) ကြင်နာခြင်း

(၂) နူးညံ့သိမ်မွေ့ခြင်း

(၃) ကရုဏာရှိခြင်း

(၄) သနားခြင်းနှင့် ချစ်ခြင်းမေတ္တာရှိခြင်း စသည်တို့ ဖြစ်သည်။

ခ။ *'ဆားအားဖြင့်ငန်သောအရသာနှင့်ပြည့်စုံလျက်'*

(၁) အနာသက်သာစေခြင်း၊

(၂) သန့်ရှင်းဖြူစင်စေခြင်း၊

(၃) ဆေးကြောစင်ကြယ်ခြင်း စသောအကျိုးကျေးဇူးနှင့် လက္ခဏာများ ဖြစ်ကြသည်။

(၄) လောက၏ဆား ဖြစ်ကြသည်ဟူသော သခင်ယေရှုခရစ်တော်၏ စကားကို ပြန်လည်အောက်မေ့ကြရမည် ဖြစ်သည်။ (မဿဲ ၅း၁၃)

အချင်းချင်း စကားပြောဆိုကြရာ၌ ကျွန်ုပ်တို့၏စကားကို သတိနှင့်ရွေးချယ်ပြီး ပြောဆိုကြရမည်။ ကျွန်ုပ်တို့၏စကားများသည် ဆားအားဖြင့် ငန်သကဲ့သို့ ကျေးဇူးတော်နှင့် ပြည့်ဝပြီး တင့်တယ်လျောက်ပတ်နေ ကြရမည် ဖြစ်ပါသည်။

# ‘ငါချစ်သောညီ တုခိတ် . . .’
# (ကော ၄း၇)

## လက်တွေ့လုပ်ဆောင်ခြင်း

တမန်တော်ပေါလုသည် စကားကို မှန်ကန်ကောင်းမွန်စွာ အသုံးပြုတတ်ရန် သွန်သင်ပြီးနောက် ထိုသွန်သင်ချက်ကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရာ၌ မြန်ဆန်သောဆရာ တစ်ဦးဖြစ်သည်။ သူနှင့်အတူ အမှုတော်ဆောင်ရွက်လျက် ရှိကြသော လုပ်ဖော်ဆောင်ဖက်များ နှင့် စပ်လျဥ်း၍ သူတို့ကို ကောင်းမွန်ကြောင်း ရေးသားရာ၌ ကောင်းမွန်မှန်ကန် သောစကားများ ပေါလုအသုံးပြုသည်ကို တွေ့ရသည်။

## အားပေးထောက်ခံမှုနှင့်စပ်လျဥ်းသော ကောင်းသောစကားများ

အောက်ပါကျမ်းချက်၌ ပေါလုက တုခိတ်၏ကောင်းသည့်ကြောင်းကို ရဲရဲတောက် ချီးမွမ်းဖော်ပြခဲ့သည်။

> *သခင်ဘုရား၌ သစ္စာရှိသောဆရာ၊ ငါတို့ကျွန်ချင်းတည်းဟူသော၊ ငါချစ်သောညီတုခိတ်သည် ငါ၏အကြောင်းအရာရှိသမျှကို သင်တို့အားဘော်ပြလိမ့်မည်။ သူသည်သင်တို့၏ အကြောင်းအရာများကို သိ၍၊ သင်တို့စိတ်နှလုံးကို သက်သာစေခြင်းငှါ၊ ထိုသူကိုငှင်း၊ သင်တို့အထဲကဖြစ်၍ သစ္စာရှိသောငါချစ်သောညီ သြနေသိမ်ကိုငှင်း၊ သင်တို့ဆီသို့ ငါစေလွှတ်၏။ သူတို့သည် ဤမြို့၌ ဖြစ်သမျှသော အကြောင်းအရာကို သင်တို့အား ဖော်ပြကြလိမ့်မည်။*
>
> *(ကော ၄း၇-၉)*

### ၁။ တုခိတ်ကို ဂုဏ်ပြုလေးစားခြင်း

က။ ချစ်သောညီအစ်ကို အနေဖြင့်၊

ခ။ သစ္စာရှိသော အမှုတော်ဆောင်အနေဖြင့်၊

ဂ။ သခင်ဘုရား၌ လုပ်ဖော်ဆောင်ဖက် (ကျွန်ချင်း)အဖြစ် ဂုဏ်ပြုခဲ့သည်။

**၂။ ဤအရာများသည် ယဉ်ကျေးသောစကားလုံးများသာ မဟုတ်**

ကျ။ တုခိတ်ကိုယ်တိုင်သည်လည်း သက်သေထူခဲ့ပြီး ဖြစ်လိမ့်မည်။

ခ။ သူကိုယ်တိုင်သည် ပေါလု၏မြင့်မားသောစံနှုန်းစံညွှန်းများကိုလိုက်မီခဲ့ သောကြောင့် ဖြစ်နိုင်သည်။

ဂ။ ဤစကားလုံးများသည် ပေါလု၏အတွင်းစိတ်နှလုံးမှ ထွက်လာခြင်းဖြစ်သည်။

**၃။ 'သင်တို့ဆီသို့ ငါစေလွှတ်၏'**

က။ တိကျသော ရည်ရွယ်ချက်နှင့်အတူ စေလွှတ်သည်။

(၁) *'သင်တို့၏ အကြောင်းအရာများကို သိ'* ရန်။

(၂) တုခိတ်သည် ပေါလု၏ကိုယ်စားလှယ်အဖြစ် စေလွှတ်ခြင်းခံရသည်။

(၃) တုခိတ်သည် ပေါလုကို ကိုယ်စားပြုပြီး၊ ထိုသူတို့၏အခြေအနေမှန်ကို လေ့လာမည် ဖြစ်သည်။

ခ။ ကောလောသဲယုံကြည်သူများ၌ ထမ်းဆောင်လျက်ရှိသော တုခတ်၏အမှုတော်

က။ တုခိတ်သည် ကောလောသဲယုံကြည်သူတို့အား ပေါလု၏ဘဝနှင့် သူ၏ အမှုတော်မြတ်များကို ပြောပြမည်ဖြစ်သည်။

ခ။ တုခိတ်သည် ကောလောသဲရှိ ယုံကြည်သူတို့၏စိတ်နှလုံးကို နှစ်သိမ့် ခွန်အားပေးမည် ဖြစ်သည်။

ဂ။ ဤအထူးအမှုတော်မြတ်နှင့်စပ်ဆိုင်သော အကြောင်းတရားများ

(၁) ကောလောသဲယုံကြည်သူတို့သည် ပေါလုကို ပုဂ္ဂိုလ်ရေးအရမသိကြသေး။

(၂) တုခိတ်သည် ပေါလု၏ခင်မင်ရင်းနှီးသော လုပ်ဖော်ဆောင်ဖက် တစ်ဦးဖြစ်သောကြောင့် ပေါလုအကြောင်းကို ကောလောသဲယုံကြည်သူတို့အား ထိရောက်စုံလင်စွာ ပြောပြနိုင်မည်ဖြစ်သည်။

အစားအစာတိုင်း၌ ဆားအရသာအသင့်တင့်ရှိဖို့ လိုအပ်သကဲ့သို့ ပေါလုကိုယ်တိုင် ထွက်ဆိုခဲ့သော စကားများသည် ကျေးဇူးတော် လွှမ်းခြုံလျက် ရှိသည်ကို တွေ့ရသည်။ သူသည် ကောင်းမွန်သော စကားပြောခြင်း (ရေးသားခြင်း) ကို ဇကန်အမှန် သက်သေပြ ဦးဆောင်ခဲ့သည်။

## ‘သစ္စာရှိသော ငါချစ်သောညီ သြနေသိမ်...’
## (ကော ၄း၉)

### သစ္စာရှိသော သက်သေ

ထောင်တွင်း၌ရှိနေစဉ်ပင် တမန်တော်ပေါလုသည် သခင်ဘုရားအဖို့ အစဉ်အမြဲ သစ္စာရှိစွာ သက်သေခံခဲ့သည်။ ဖိလိပ္ပိမြို့၌ ပေါလုသည် ထောင်မှူး နှင့် သူ့မိသားစုဝင်များကို ခရစ်တော်အား ယုံကြည်ကြရန် ကူညီခဲ့သည် (တမန် ၁၆း၂၅-၃၄)။ ဖိလိပ္ပိယုံကြည်သူတို့ထံ စာရေးသောအခါ၊ ရောမထောင်မှူးများကို သခင်ဘုရားအကြောင်းနှင့်စပ်လျဉ်းပြီး သက်သေခံခဲ့ကြောင်း ပေါလုဖော်ပြခဲ့သည်။
(ဖိလိ ၁း၁၃)

### ယုံကြည်သူအသစ်

ပေါလုသည် အောက်ပါကျမ်းချက်၌ သြနေသိမ်ဟု ခေါ်သောလူတစ်ဦးကို ချီးမွမ်းပြီး ရေးသားကြောင်းတွေ့ရသည်။ သြနေသိမ်သည် ကောလောသဲမှာသွားသည့် တုခိတ်၏ ခရီးစဉ်၌ အဖော်အဖြစ် လိုက်သွား မည့်သူ ဖြစ်သည်။

> *သင်တို့စိတ်နှလုံးကို သက်သာစေခြင်းငှါ၊ ထိုသူကိုငှင်း၊ သင်တို့အထဲကဖြစ်၍ သစ္စာရှိသောငါချစ်သောညီ သြနေသိမ်ကိုငှင်း၊ သင်တို့ဆီသို့ ငါစေလွှတ်၏။ သူတို့သည် ဤမြို့၌ ဖြစ်သမျှသောအကြောင်းအရာကို သင်တို့အား ဘော်ပြကြလိမ့်မည်။ (ကော ၄း၉)*

### ၁။ သြနေသိမ်သည် အဘယ်သူနည်း။

က။ ပေါလုရေးသားသော ဖိလေမုန်သြဝါဒစာကို ဖတ်သောအခါ သြနေသိမ်အကြောင်း ပို၍စုံလင်စွာသိရသည်။

ခ။ ထိုနူးညံ့သိမ်မွေ့သော ဖိလေမုန်သြဝါဒစာမှ သြနေသိမ်အကြောင်းကို အောက်ပါအတိုင်း အနည်းငယ်မျှ သိခွင့်ရနိုင်သည်။

(၁) သြနေသိမ်သည် ဖိလေမုန်၏ကျွန် ဖြစ်ခဲ့သည်။

(၂) သူသည် သူ့သခင် ဖိလေမုန်ထံမှ ထွက်ပြေးသောသူ ဖြစ်သည်။ ထိုသို့သောထွက်ပြေးခြင်းသည် ဒဏ်ပေးထိုက်သောအမှု ဖြစ်သည်။

(၃) သြနေသိမ်သည် ပေါလုကို ထောင်ထဲ၌ တွေ့ဆုံခဲ့သည်။
(၄) ပေါလု၏ချစ်ခင်ရင်းနှီးသောသူ ဖြစ်လာ၍၊ နောက်ဆုံး၌ ပေါလု၏သား ဖြစ်လာခဲ့သည်။ (ဖိလေမုန် ၁း၁၀)

## ၂။ သြနေသိမ်ကို ပေါ်လွင်ထင်ရှားစွာ ထုတ်ဖော်ခြင်း

က။ သြနေသိမ်ကို သစ္စာရှိသော သူအဖြစ် ဖော်ပြသည်။
ခ။ သူ့ကို ချစ်သောညီ ဟုလည်း ဖော်ပြထားသည်။
(၁) သူသည် ပေါလုအဖို့ သား ဖြစ်သည်။
(၂) သူသည် တခြားသော ယုံကြည်သူများအဖို့ ချစ်သောညီအစ်ကို ဖြစ်သည်။
ဂ။ သြနေသိမ်သည် ကောလောသဲမှ ဖြစ်သည် (*'သင်တို့အထဲက'*)။

## ၃။ ပူးတွဲအမှုတော်မြတ်

က။ ကောလောသဲခရီးစဉ်၌ သြနေသိမ်သည် တုခိတ်၏ အဖော်အဖြစ်လိုက်သွားမည်။
ခ။ ကောလောသဲယုံကြည်သူတို့ထံ ပေါလုရေးသားသောစာကို သူတို့နှစ်ဦး စလုံး (တုခိတ်နှင့် သြနေသိမ်)က သယ်ယူသွားကြသည်။
ဂ။ သူတို့နှစ်ဦးစလုံးက ကောလောသဲယုံကြည်သူတို့အား အကြောင်းကြား၊ ပြောကြားမည့်အရာများမှာ-
(၁) ပေါလုအကြောင်း၊
(၂) ပေါလု၏ အမှုတော်မြတ်၊
(၃) *'ဤမြို့၌ ဖြစ်သမျှသောအကြောင်းအရာ'* များ စသည်တို့ဖြစ်သည်။

# 'ငါ့စိတ်ကို သက်သာစေကြ၏'
# (ကော ၄း၁၁)

**စိန်ခေါ်ချက်များစွာနှင့်ပြည့်သော အသက်တာနှင့်အမှုတော်**

တမန်တော်ပေါလု၌ အလွန်ပင် စိန်ခေါ်ချက်များသော အသက်တာနှင့် အမှုတော်မြတ်ရှိသည်။ အမှုတော်၏ကဏ္ဍမျိုးစုံ၌ ပေါလုသည် သစ္စာရှိစွာ၊ အသီးအပွင့်ကြွယ်ဝစွာနှင့် သခင်ဘုရား၏အမှုကို ထမ်းဆောင်ခဲ့သည်။ သူ၏အဓိကအမှုတော်မှာ တစ်ပါး အမျိုးသားများအတွက် ယုံကြည်ခြင်းကို သွန်သင်သောဆရာနှင့် တမန်တော်ဖြစ်သည် (၁တိမောသေ ၁း၁၁)။ သို့သော်၊ ပေါလုသည် သူ့လူမျိုးဖြစ်သော ယုဒလူမျိုးများကို လည်း ခရစ်တော်အကြောင်း သက်သေခံဝေငှလျက် ရှိသည်။ အောက်ပါကျမ်းချက်၌ ယုဒလူမျိုးများကို ခရစ်တော်သခင်ဘုရားထံ ခေါ်ဆောင်၊ သွေးဆောင်ရာ၌ ပါဝင်ကူညီကြသော လုပ်ဖော်ဆောင်ဖက်တချို့တို့၏ နာမည်များကို တွေ့ရသည်။

> *ငါနှင့်အတူ အကျဉ်းခံရသော အာရိတ္တာခု၊ ဗာနဗ၏တူ မာကု၊ ယုတ္တုဟုခေါ်သော ယေရှုတို့သည် သင်တို့ကို နှုတ်ဆက်ကြ၏။ မာကုအတွက် သင်တို့ကို ငါမှာလိုက်ခဲ့ပြီ။ သူသည် သင်တို့ဆီသို့ရောက်လာလျှင် လက်ခံကြလော့။ အရေဖျားလှီးခြင်းကို ခံသောသူတို့တွင် ဤသူတို့သာ ဘုရားသခင်၏နိုင်ငံတော်အဘို့ ငါနှင့်အတူ အမှုဆောင်သောသူဖြစ်၍၊ ငါ့စိတ်ကို သက်သာစေကြ၏။ (ကော ၄း၁၀-၁၁)*

**၁။ 'အာရိတ္တာခု'**

က။ သူ့အကြောင်းကို အနည်းငယ်သာ သိရသည်။

ခ။ ပေါလုသည် အာရိတ္တာခုကို *'ငါနှင့်အတူ အကျဉ်းခံရသော'* သူ ဟု ဖော်ပြ၍ ဂုဏ်ပြုခဲ့သည်။

ဂ။ အာရိတ္တာခုသည် ကောလောသဲ အသင်းတော်ကို ကိုယ်တိုင်နှုတ်ခွန်း ဆက်သခဲ့သည်။

## ၂။ 'ဗာနဗ၏တူ မာကု'

က။ သူသည် မာကုအမည်ရှိသော ယောဟန် ဖြစ်သည်။ (တမန် ၁၂း၁၂)

ခ။ မာကုသည် ဗာနဗနှင့်ရှောလုတို့၏ အကူအဖြစ် သူတို့နှင့်အတူ သာသနာ ခရီးသွားခဲ့သည်။ (တမန် ၁၃း၅)

ဂ။ မာကုသည် ပေါလုနှင့်ဗာနဗတို့၏ သဘောထားကွဲလွဲခြင်း အကြောင်းရင်း ဖြစ်ခဲ့သည်။

(၁) ဒုတိယ သာသနာခရီးစဉ် သာသနာခရီးသွား အဖွဲ့ဝင်အဖြစ် ပေါလု သည် မာကုကို မပါဝင်စေလို။

(၂) မာကုလည်း သာသနာခရီးသွားအဖွဲ့ဝင်အဖြစ် ပါဝင်သင့်ကြောင်း ဗာနဗ အခိုင်အမာ ပြောဆိုခဲ့သည်။ (တမန် ၁၅း၃၆-၄၁)

(၃) ပထမ သာသနာခရီး၌ မိမိတို့သာသနာခရီးသွားအဖွဲ့ဝင်များကို မာကု က လမ်းတစ်ဝက်၌ ထားရစ်ခဲ့သောအကြောင်းကြောင့် ပေါလုသည် မာကုကို အလွန်အထင်သေးသွားခဲ့ရသည်။ (တမန် ၁၃း၁၃)

ဃ။ ယခုအချိန်၌ ပေါလုသည် မာကုကို ချီးမွမ်းထောက်ခံသည်။

(၁) ပေါလု၏စကားလုံးများသည် ကျေးဇူးတော်ပြည့်ဝ၍၊ ငန်သောအရသာ ရှိသော ဆားကဲ့သို့ ဖြစ်လာသည်။ အမှန်ပင်နှစ်သက်ဖွယ် ဖြစ်သည်။

(၂) ကောလောသဲအသင်းတော်သို့ မာကု ရောက်လာသောအခါ သူ့ကို လက်ခံကြိုဆိုကြရန် ပေါလုရေးသားတောင်းဆိုခဲ့သည်။

## ၃။ 'ယုတ္တုဟုခေါ်သော ယေရှု'

က။ သူ့အကြောင်းကို အနည်းငယ်မျှသာ သိရသည်။

ခ။ သူသည် အရေဖျားလှီးခြင်းကို ခံသောသူတို့တွင် ဘုရားသခင်၏ နိုင်ငံတော် အဖို့ ပေါလုနှင့်အတူ အမှုတော်ဆောင်သော အစေခံ အနည်းစုတွင် ပါဝင် သောသူ ဖြစ်သည်။

**ကျေးဇူးတော်နှင့်ပြည့်ဝသော စကားလုံးများ**

သူ့အဖွဲ့သား တစ်ဦးချင်းတို့သည် အမှုတော်မြတ်၌ စိတ်သက်သာခြင်း ဖြစ်ကြကြောင်း ပေါလု အတိအလင်း ကြေညာလိုက်သည်။ အမှုတော်နှင့် အသက်တာ၌ ခရစ်ယာန်တစ်ဦးအနေဖြင့် သင့်လျော်သော စကားများ ပြောဆိုခြင်း (ရေးသားခြင်း) ကို ခရစ်ယာန်တစ်ဦး အဘယ်သို့ ကျင့်ဆောင်နိုင်ကြောင်း ပေါလု သက်သေထူပြခဲ့ သည်။

## 'ကျွန်ဧပေဖြ . .'
## (ကော ၄း၁၂)

**ထပ်မံ ထောက်ခံချီးမွမ်းသောစကား**

ကောလောသဲအသင်းတော်ကို နှုတ်ခွန်းဆက်သကြသော သူတို့၏အကြောင်းကို ရေးသားရာ၌ ပေါလုသည် အတုယူဖွယ်ဖြစ်သည်။ ဤတစ်ကြိမ်၌ ပေါလုသည် ဧပေဖြအကြောင်း ဖော်ပြရေးသားသည်။

> *သင်တို့အထဲကဖြစ်သော ခရစ်တော်၏ကျွန်ဧပေဖြသည် သင်တို့ကို နှုတ်ဆက်၏။ သင်တို့သည် စုံလင်လျက်၊ ဘုရားသခင်၏အလိုတော်ကို အကုန်အစင် လေ့ကျက်လျက် တည်ကြည်မည်အကြောင်း သူသည် သင်တို့အဖို့ကာလအစဉ် ကြိုးစား၍ ဆုတောင်းတတ်၏။ သင်တို့မှစ၍ လောဒိကိမြို့နှင့် ဟေရပေါလိမြို့၌ ရှိသော သူတို့အဖို့ သူသည် အလွန် စေတနာစိတ်အားကြီးသည်ဟု ငါသည် သူ၏ သက်သေဖြစ်၏။* (ကော ၄း၁၂-၁၃)

**၁။ ဧပေဖြသည် အဘယ်သူနည်း။**

က။ အချို့ပညာတတ်များက ဧပေဖြသည် ဧပေဖြောဒိတ် ဖြစ်သည်ဟု ခံယူကြသည်။ (ဖိလိ ၂း၂၅-၃၀)

ခ။ ဤအဆို၏ အထောက်အထားများမှာ-

(၁) သူသည် ကောင်းမွန်စွာ ချီးမွမ်းခြင်း ခံရသည်။

(၂) ဧပေဖြသည် ဧပေဖြာဒိတ်၏ အတိုကောက် ဖြစ်နိုင်သည်။

ဂ။ ဧဖေဖြသည်အခြားသူတစ်ဦးဦး ဖြစ်သည်ဟူသော အဆို၏ အကြောင်းပြချက်များမှာ-

(၁) ဧပေဖြာဒိတ်သည် ဖိလိပ္ပိအသင်းတော်က စေလွှတ်သောသူဖြစ်သည်။

(၂) ဧပေဖြသည် ကောလောသဲမှ လာသောသူ ဖြစ်သည်။

(၃) ဧပေဖြာဒိတ်ကို ချီးမွမ်းသောစကားနှင့် ဧဖေဖြကို ချီးမွမ်းသော စကားသည် ခြားနားကြသည်။

## ၂။ ဧပေဖြကို ချီးမွမ်းထောက်ခံခြင်း

က။ ခရစ်တော်၏အစေခံကျွန်အဖြစ် နှိမ့်ချစွာ အမှုတော်ထမ်းဆောင်ခဲ့သည်။

ခ။ သူ၏အမှုတော်မြတ်မှာ ထင်ရှားစွာ ဆုတောင်းခြင်းဖြစ်သည်။

(၁) *'ကာလအစဉ်'* ဟူသောစကားလုံးသည် ဧပေဖြ အဘယ်သို့ အထူးဆု တောင်းသည်ကို လေးနက်စွာ ဖော်ပြသည်။

(၂) *'ကြိုးစား၍'* ဟူသောစကားလုံးသည် *'နာကျင်ခြင်းဝေဒနာ ခံစားနေလျက်'* ဟု ဘာသာပြန်ဆိုနိုင်သည်။ ကောလောသဲယုံကြည်သူများ အတွက် ဆုတောင်းခြင်းအမှု၌ ဧပေဖြဝေဒနာခံစားလျက်ရှိသည်ကိုဖော ပြသည်။

ဂ။ ဆုတောင်းခြင်း၏ ရည်ရွယ်ချက်နှစ်မျိုးမှာ-

(၁) *'စုံလင်'* လျက်ရှိကြရန်၊

(၂) *'ဘုရားသခင်၏အလိုတော်ကို အကုန်အစင် လေ့ကျက်လျက် တည်ကြည်'* ခြင်းဟူသောစာသားကို *'ဘုရားသခင်၏ အလိုတော်ကို အကောင် အထည် ဖော်ရာ၌ ပြီးပြည့်စုံ'* ခြင်း ဟု ပြန်ဆိုနိုင်သည်။

## ၃။ ပေါလုကိုယ်တိုင်၏ သက်သေခံချက်

က။ ဧပေဖြသည် သခင်ဘုရားအတွက် ကြီးမားသော စိတ်အားထက်သန်မှုကို ပိုင်ဆိုင်သည်။

ခ။ သူသည် ကောလောသဲမြို့၊ လောဒိကိမြို့နှင့် ဟေရပေါလိမြို့ တို့၌ရှိသော ယုံကြည်သူများအတွက် အလွန်စေတနာစိတ်အားကြီးလျက် ရှိသည်။အကြောင်း ရင်းတစ်ခုမှာ ဖိလိပ္ပိမြို့အား လုံးဝဖော်ပြခြင်းမရှိပေ။

## 'ငါချစ်သော ဆေးသမားလုကာ . .'
## (ကော ၄း၁၄)

**ဆက်ပြီး ချီးမွမ်းထောက်ခံခြင်း**

ကောလောသဲဩဝါဒစာကို နိဂုံးချုပ်နေချိန်၌ ပေါလု၏စိတ်နှလုံးမှာ လွန်စွာကျေနပ်အားရနေမည်ဖြစ်သည်။ ကျေးဇူးတော်များစွာ ခံစားရသည်ဟု ပေါလုယူဆမည်မှာ လုံးဝသေချာသည်။

> *ငါချစ်သော ဆေးသမားလုကာနှင့်ဒေမသည် သင်တို့ကို နှုတ်ဆက်ကြ၏။ လောဒိကိမြို့၌ရှိသော ညီအစ်ကိုတို့ကိုင်း၊ နုံဖမှစ၍ သူ၏ အိမ်၌ရှိသော အသင်းတော်ကိုင်း နှုတ်ဆက်ကြလော့။ (ကော ၄း၁၄-၁၅)*

**၁။ ဆေးသမား လုကာ**

က။ လုကာ သည် ပေါလု ချစ်မြတ်နိုးသောသူ ဖြစ်သည်။

ခ။ သူသည် စာအုပ်နှစ်အုပ်ကို ရေးသားသူ ဖြစ်သည်။

(၁) ရှင်လုကာခရစ်ဝင်ကျမ်းနှင့်

(၂) တမန်တော်ဝတ္ထု တို့ ဖြစ်သည်။

ဂ။ လုကာသည် ပေါလု၏ သာသနာခရီးစဉ်တချို့၌ နောက်လိုက်အဖြစ်လိုက်ပါခဲ့သည်။

ဃ။ တစ်ခါတစ်ရံ လုကာသည် ပေါလု၏ဆေးသမားအဖြစ် ပေါလုကို စောင့်ရှောက်နေခဲ့မည်ဖြစ်သည်။

င။ ပေါလုနှင့်လုကာတို့နှစ်ဦးကြား ခိုင်ခံ့သောခင်မင်ရင်းနှီးမှု တည်ရှိခဲ့ရာ၊ လုကာသည် ပေါလု၏ အလွန်ချစ်မြတ်နိုးသောသူ ဖြစ်လာခဲ့သည်။

**၂။ ဒေမ**

က။ ဤဩဝါဒစာ ရေးနေချိန်၌ ဒေမသည် ပေါလုနှင့်အတူ ရှိနေသည်။

ခ။ ပေါလုသည် ဒေမကိုယ်စား ကောလောသဲအသင်းတော်ကို ကြင်နာစွာ နှုတ်ခွန်းဆက်လိုက်သည်။

ဂ။ နှစ်ပေါင်းအတော်ကြာလာသောအခါ၊ ဒေမသည် ပေါလုကို ထားခဲ့ပြီး လောကီဘက် ပြန်လှည့်သွားခဲ့သည်။ (၂ တိမောသေ ၄း၁၀)

## ၃။ အခြားသောသူများအား နှုတ်ဆက်ခြင်း

က။ လောဒိကိညီအစ်ကိုများ

(၁) ဤအချက်သည် အချို့သောအသင်းတော်များ အချင်းချင်း အကြားမှာ ခင်မင်ရင်းနှီးမှုများရှိသည်ကို ဖော်ပြသည်။

(၂) ၎င်းအသင်းတော်များသည် အချင်းချင်း ကောင်းမွန်သော ဆက်သွယ်မှု ရှိကြသည်။

ခ။ နုံဖ

(၁) သူ့အကြောင်းကို အနည်းငယ်သာ သိရသည်။

(၂) သူ့အိမ်၌ ဝတ်ပြုကိုးကွယ်ခြင်း ကျင်းပခဲ့သည်။

(၃) သူ၌ *'အိမ်ကို အခြေပြုသော အသင်းတော်'* ဟု ယနေ့ခေါ်သော အသင်းတော်မျိုး ရှိသည်။

(၄) ထိုကဲ့သို့သော *'အိမ်-အသင်းတော်'* သည် တစ်ရာစု၌ သာမန်ဖြစ်ရပ် ဖြစ်သည်။

(၅) ကြီးမားသောအသင်းတော် အဆောက်အဦးများသည် ပထမရာစုနှစ်များ၌ မတည်ရှိသေးပေ။ ထိုခေတ်အခါ၌ ခရစ်ယာန်များသည် ပြင်းထန်သောညှင်းပန်းနှိပ်စက်မှုများ ရင်ဆိုင်နေခဲ့ကြရသည်။

## ‘ဤစာကို သင်တို့သည် ဖတ်ပြီးမှ လောဒိကိမြို့ အသင်းတော်ကို ဖတ်စေကြလော့’ (ကော ၄း၁၆)

### ပေါလုထံမှ ပေးစာများကို ဖတ်ရှုခြင်း

အောက်ပါကျမ်းချက်၌ အသင်းတော်များသည် တမန်တော်များမှ ရေးသားပေးပို့သော ဩဝါဒစာများကို မည်သို့အသုံးပြုကြသည်ကို ကျွန်ုပ်တို့ တစေ့တစောင်း တွေ့ရသည်။

> *ဤစာကို သင်တို့သည် ဖတ်ပြီးမှ လောဒိကိမြို့အသင်းတော်ကို ဘတ်စေကြလော့။ ထိုမြို့မှရသော စာကိုလည်း သင်တို့ဖတ်ကြလော့။*
> *(ကော ၄း၁၆)*

### ၁။ ‘ဤစာကို သင်တို့သည် ဘတ်ပြီးမှ’

က။ ပေါလုရေးသားသော ဩဝါဒစာများသည် အသင်းတော်များ၌ ဖတ်ကြားရန် ရည်ရွယ်ထားသည်။

(၁) ဒေသန္တရအသင်းတော်မှ သင်းအုပ်က ပေါလုပေးစာများကိုဖတ်ပေးမည် ဖြစ်သည်။

(၂) အသင်းတော် ဝတ်ပြုကိုးကွယ်ခြင်းမှာ ကဏ္ဍတစ်ခုအဖြစ် ဖတ်မည်ဖြစ်သည်။

(၃) ပို၍လေးနက်သော လေ့လာသင်ယူမှုအတွက် ဖတ်ကြနိုင်သည်။ ယခုခေတ် ကျမ်းစာလေ့ လေ့လာသင်ယူခြင်းမျိုး ဟု သတ်မှတ်နိုင်သည်။

ခ။ *‘လောဒိကိမြို့အသင်းတော်ကို ဖတ်စေကြလော့’*

(၁) ပေါလုပေးစာများသည် ခွန်အားပေးတိုက်တွန်းခြင်းနှင့် ဆိုင်သည်။

(၂) ၄င်းစာများ၌လည်း များစွာသောသွန်သင်ခြင်းများပါသည်။

(၃) ၄င်းတို့သည်အခြားသော အသင်းတော်များအတွက်လည်း အကျိုးသက်ရောက်မှု၊ သင့်လျော်လျောက်ပတ်မှု ရှိကြသည်။

(၄) သူပေးပို့လိုက်သောဩဝါဒစာများကို အသင်းတော်များသည် အချင်းချင်း လဲလှယ်ဖတ်ရှုကြမည်ဟု ပေါလုမျှော်လင့်သည်။

(၅) သူကိုယ်တိုင်ထူထောင်ခဲ့သော အသင်းတော်တိုင်းအား သြဝါဒစာများ ရေးသား ပေးပို့ခြင်းမှာ အလွန်ခက်ခဲသော အရာဖြစ်သည်။
(၆) ဤသြဝါဒစာကို လောဒိကိ အသင်းတော်အား ဖတ်ပေးရန် ကောလောသဲ အသင်းတော်ကို တာဝန်ပေးအပ်ခြင်း ခံရသည်။
(၇) ဤသြဝါဒစာများသည် အသင်းတော်တစ်ပါးပြီးမှ နောက်တစ်ပါး အလှည့်ကျဖတ်ကြရန် ရည်ရွယ်ထားသည်။ အလှည့်ကျဖတ်ရသောပေးစာများ (circular letters) ဟု သတ်မှတ်နိုင်သည်။

## ၂။ 'ထိုမြို့မှရသော စာကိုလည်း သင်တို့ဘတ်ကြလော့'

က။ ဤကျမ်းချက်သည် အသေအချာ အနက်ဖွင့်ရန် ခက်ခဲသောဝါကျဖြစ်သည်။
ခ။ အကြံပြုချက်တချို့မှာ-
(၁) လောဒိကိအသင်းတော်ထံသို့ သီးသန့်ရေးထားသည့် စာရှိခဲ့သော်လည်း၊ ထိုသြဝါဒစာသည် ယခု ပျောက်ဆုံးလျက်ရှိသည်။
(၂) ထိုလောဒိကိအသင်းတော်သို့ ရေးသားသော ပေါလု၏ပေးစာသည် ပေါလု၏အလှည့်ကျ ဖတ်ရသောပေးစာများမှ တစ်ခုဖြစ်သည်။
ဂ။ မည်သို့ပင်ဆိုစေကာမူ ကောလောသဲအသင်းတော်သည် အဆင်ပြေနိုင်မည့် နည်းလမ်းဖြင့် ပေါလုရေးသားသော အခြားပေးစာများကို ဖတ်ရှုလေ့လာရန် တိုက်တွန်းခြင်းခံရသည်။

## သမ္မာကျမ်းစာဖတ်ရှုခြင်း

သူရေးသားပြုစုသော သြဝါဒစာများကို ဖတ်ရှုလေ့လာသော အလေ့အကျင့် ရှိလာကြရန် ပေါလုတိုက်တွန်းသည်။

၁။ ၄င်းသြဝါဒစာများသည် သခင်ဘုရားက ပေါလုအား ဝိညာဉ်တော်အားဖြင့် ဖွင့်ပြချက်များ ဖြစ်ကြသည်။
၂။ ယုံကြည်၍သစ္စာရှိသော သူတို့၏အသက်တာကို ခွန်အားသစ်များနှင့် ခိုင်မာစေမည့် သန့်ရှင်း၍ ရှားပါးသော အမှန်တရားများ ဖြစ်ကြသည်။

## 'သင်တို့၌ ကျေးဇူးတော်ရှိစေသတည်း'
## (ကော ၄း၁၈)

**နောက်ထပ် ခွန်အားပေးတိုက်တွန်းခြင်းဆိုင်ရာ စကား**

ပေါလုသည် သူအားပေးတိုက်တွန်လိုသောသူ နောက်တစ်ဦး၏ နာမည်ကို ကြားညှပ်ဖော်ပြ လိုက်သည်။

*အာခိပ္ပုကိုလည်း၊ သင်သည် သခင်ဘုရား၏လက်တော်မှ ခံရပြီးသော ဓမ္မဆရာ၏အမှုအရာကို ပြည့်စုံခြင်းငှါ သတိပြုပါဟု ပြောကြလော့။ (ကော ၄း၁၇)*

၁။ **'အာခိပ္ပု'**

က။ သူ့အကြောင်းကို အနည်းငယ်သာ သိရသည်။

ခ။ သို့သော်၊ သူသည် သခင်ဘုရားထံတော်မှ အမှုတော် (diakonian) ခံရသောသူဖြစ်သည်။

(၁) ဤအမှုတော်သည် မည်သို့သောအမှုတော်ဖြစ်သည်ကို ကျွန်ုပ်တို့ မသိရ။

(၂) ဤနေရာ၌ အသုံးပြုသော စကားလုံး ဂရိ- diakonian သည် ယေဘုယျအားဖြင့် သူလုပ်ဆောင်နေသောလုပ်ငန်များကိုဖော်ပြရာ၌ ပေါလုအသုံးပြုသော စကားလုံးဖြစ်သည်။

(၃) ဤစကားလုံး၏ တိုက်ရိုက်အဓိပ္ပာယ်မှာ 'အမှုတော်' ဖြစ်သည်။

ဂ။ အရေးကြီးသောအချက်

(၁) သခင်ဘုရားပေးသနားတော်မူသော အမှုတော်ကို ပြည့်စုံစေခြင်း၊

(၂) အာခိပ္ပုကို ကောလောသဲအသင်းတော်မှ အားပေးတိုက်တွန်းခြင်း၊

(၃) ပေါလုကိုယ်တိုင်ပြောသော ဤအားပေးတိုက်တွန်းခြင်း စကားသည် အာခိပ္ပု၏ စိတ်နှလုံးအား တိုးထိ၍ အကျိုးပြုသွားမည် ဖြစ်သည်။

**နောက်ဆုံးသော စကား**

ပေါလုသည် ကောလောသဲအသင်းတော်သို့ ရေးသားသော ဤဩဝါဒစာကို အောက်ပါစကားများနှင့် အဆုံးသတ်လိုက်သည်။

*ငါပေါလုသည် သင်တို့အား နှုတ်ဆက်သောအချက်ကို ကိုယ်လက်ဖြင့် ရေးထား၏။ ငါခံရသောချည်နှောင်ခြင်းကို အောက်မေ့ကြလော့။ သင်တို့၌ ကျေးဇူးတော်ရှိစေသတည်း။ အာမင်။ (ကော ၄း၁၈)*

**၁။ 'သင်တို့အား နှုတ်ဆက်သောအချက်ကို ကိုယ်လက်ဖြင့် ရေးထား၏'**

က။ ဤသို့ပြောဆိုခြင်းသည် သူကိုယ်တိုင်ရေးသားသောစာ ဖြစ်ကြောင်း သက်သေထူခြင်းဖြစ်သည်။

ခ။ ပေါလု လက်မှတ်ရေးထိုးလိုက်ခြင်း ပင်ဖြစ်သည်။

(၁) သူခေါ်ပေး၍ လက်ရေးအကူ (amanuensis) တစ်ဦးဦးက ရေးသားခြင်း ဖြစ်နိုင်သည်။

(၂) နောက်ဆုံး စာကြောင်းသည် ပေါလု၏လက်မှတ်ရေးထိုးခြင်း (ဝါ) 'ပေါလု' ဟု ရေးလိုက်ခြင်းဖြစ်သည်။

**၂။ ' ငါခံရသောချည်နှောင်ခြင်းကို အောက်မေ့ကြလော့'**

က။ ဤစာရေးသားချိန်၌ ပေါလုသည် ထောင်ထဲ၌ ရှိနေသည်။

ခ။ ကောလောသဲဩဝါဒစာကို တစ်ခါတစ်ရံ *'အကျဉ်းထောင်မှ ပေးပို့သောစာ'* (a prison letter) ဟု ခေါ်ကြသည်။

ဂ။ ပေါလုသည် သူခံနေရသောချည်နှောင်ခြင်းကို ဆုတောင်းခြင်းအားဖြင့် သတိရအောက်မေ့ ကြဖို့လည်း ကောလောသဲ အသင်းတော်ကို နူးညံ့သိမ်မွေ့စွာ တောင်းဆိုခဲ့သည်။

## ၃။ 'သင်တို့၌ ကျေးဇူးတော်ရှိစေသတည်း။ အာမင်'

ဤနောက်ဆုံးစကားသည် ကောင်းချီးပေးခြင်းကဲ့သို့ ပင်ဖြစ်သည်။ သခင်ဘုရား၏ ကျေးဇူးတော်သည် စာဖတ်ပရိသတ်များအပေါ်၌ သက်ရောက်ပါစေ။ *'ကျေးဇူးတော်'* ဟူသောစကားလုံးသည် ပေါလု အသက်တာ၌ အလွန် တန်ဖိုးကြီးသော စကားလုံးဖြစ်သည်။ ထို့ကြောင့် ပေါလုသည် မိမိစာဖတ်ပရိသတ်များအား သူတို့အပေါ်၌ သခင်ဘုရား၏ ကျေးဇူးတော် တည်စေသတည်းဟု ဆုတောင်း မေတ္တာပေးပို့လျက် သူရေးသောစာကို အဆုံးသတ်လိုက်ခြင်းသည် အလွန်သင့်မြတ်လှပေသည်။

ဗေသနိမြန်မာစာပေ